# မဟာမင်္ဂလာဝိပဿနာ

၁၉၈၂၅

# ဗုဒ္ဓဘာသာမဟာသေ့း
# ဆရာဦးမြတ်သိန်းထွန်း



မဟာဓမ္မကထိက - ပိဋကတ္တယပါရဂူ

# ရှင်မြတ်သိန်းထွန်း တပည့်၊

# မဂ္ဂသမ္ဘာရ - အဖွဲ့ဥက္ကဋ္ဌ



မဟာ၊မင်္ဂလာ၊ဝိပဿနာ၊ဓမ္မကထိက

## ဆရာ ဦးဘရွှေ

ဆရာကြီး – ဦးမြတ်သိန်းထွန်းရေး

# မဟာမင်္ဂလာဝိပဿနာ

အဖိုး – ၄ ါး

( း ၊ ဒုတိယအကြိမ် )

(၁၉၇၃ - ခုနှစ်)
ဒုတိယအကြိမ်
ဧပြီလ၊

အုပ်ရေ..................... ၃၀၀၀
ပန်းချီ ..................... မောင်သိန်းထွန်း
ဘလောက်..................... လွင်

မျက်နှာဖုံးရိုက်..................... ဝင်းအောင်ပုံနှိပ်တိုက်

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်-အမှတ် (၆၂၇၀)

ထုတ်ဝေသူ။ ။ဦးအောင်ငွေး၊ ဓါတ်စာပေ (မြဲ - ၀၃၀၆)
၇၈၊၇၉။ အရှေ့စီရုံ၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်။
ပုံနှိပ်သူ။ ။ဦးစိန်ဝင်းအောင်၊ ဝင်းအောင်ပုံနှိပ်တိုက်။
(မြဲ - ၀၁၆၄၅) ၁၃၂ - အေ၊ ၄၇ - လမ်း၊
ရန်ကုန်မြို့။

(ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀၀)
(၁၉၅၃ - ဧပြီလ ၂၅ ရက်)

ပြည်လုံးကျွတ်ဖြန့်ချိသူ
ဦးထိန်ဝင်း - ဒေါ်တင်လှိုင်
အမှတ် (၅၂) အနောက်အုတ်ကျင်း၊
ဂုံနီစက်ရုံလမ်း၊ သမိုင်းစာတိုက်၊
ရန်ကုန်မြို့။

# ဆရာကြီး - ဦးမြတ်သိန်းထွန်း

ရေးသားသော

ဝိပဿနာ ကျမ်းစာအုပ်များ

လစဉ်ဆက်တိုက် ထွက်လာပါမည်။

## ဒု - အာလောက ဒီပနီကျမ်း

မကြာမီထွက်ပါမည်။

မှာကြားရန်၊

ဦးထိန်ဝင်း - ဒေါ်တင်လှိုင်၊

အမှတ် (၃၂) အနောက်အုပ်ကျင်း

ဂုံနီစက်ရုံလမ်း၊ သမိုင်းစာတိုက်၊ ရန်ကုန်မြို့။

# မဟာမင်္ဂလာဝိပဿနာ၊

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## အကြောင်းပြတိုက်တွန်းချက်။

(ဗုဒ္ဓဘာသာလူမျိုးတို့ထုံးစံမွေတာမှာ) မိဘတို့၏ ဝတ္တရား အတိုင်း မိမိတို့၏သားသမီးများကို စာရေးစာဘတ် ဘတ်မြောက်စေခြင်း။ လောကဥ္စ နေရေး စားရေး ရောင်းရေး ဝယ်မှု အစုစုတို့မှ စ၍ လိမ္မာယဥ်ကျေးခြင်းကို ဖြစ်စေခြင်းငှါ၊ မေတ္တာ ဂရုဏာ ဘာသာဓလေ့ ဖြင့် မိမိတို့၏ ကိုးကွယ်မှုခို အာ ထားကြည်ညို ဆည်းကပ်ခြင်း၊ ရိုသေခြင်း၊ ပူဇော်ခြင်း၊ မိရိုးဖလာ ရှေးအခါ်အလာ ဖြစ်ခဲ့သောဘုန်းတော်ကြီးကျောင်း၊ လူကျောင်းများတို့၌၊ ပညာ သင်ကြားရန် အပ်နှံလျက် ထားကြ၏၊ ကလေးသူငယ်တို့အား နမောဗုဒ္ဓါကစ၍၊ တနည်း အ, အာ, ဣ, ဤ, ကစ၍၊ တနည်း ၁ - ၂ - ၃ - ၄ ကစ၍၊ တနည်း ကကြီး - ခခွေး ကစ၍၊ သင်ပုန်းကြီးစာအုပ် သင်ရိုးသင်စဉ်အတိုင်း ဆရာများက သင်ကြားဆုံးမကြ၏၊ စာရေးစာဘတ်ဘတ်မြောက်ခဲ့သော်....

"မဟာမင်္ဂလသုတ် ပါဠိတော်နိသျ"

ကို သင်တန်းစာအခြေပြုပြီး၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာသွေချိုင့်၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီးအထိ ဆုံးမစာ အထွေထွေတို့နှင့်တကွ၊ ရှေ့သို့ဆက်လက် သင်ကြားနိုင်ပါက၊ ဇာတ်တော် - နိပါတ်တော်၊ သို့မဟုတ် - သဒ္ဒါနဲ့ သင်္ဂြိုဟ် အောက်တန်းခံလျက်၊ ပိဋကတ်တော်သုံးပုံအထိ သင်ကြားရ၏။ တတ်မြောက်သည့်ပြင်၊ အငယ်၊ အလတ်၊ အကြီး၊ စာချတန်း၊ အကျော်၊ အစိုးရ အောင်လက်မှတ်တို့ကို ဆိုင်ရာဆိုင်ရာ ဂုဏ်ထူးဆောင်အမျိုးမျိုးရရှိကြပြန်၏။ တိုက်အုပ် - တိုက်ကြပ်ဆရာတော် ပါရဂူ – အဂ္ဂမဟာပဏ္ဍိတ စသည်ဖြင့် သာသနာပိုင်အထိ ပရိယတ် ဂုဏ်မျိုးစုံ အထွေထွေရှိကြလေကုန်၏။

## မင်္ဂလသုတ်သည်

ပုထုဇဉ်တို့ အလေ့အမှတ်မှာ၊ ငါတို့သူတို့ သင်ကြားဘူးသော မင်္ဂလသုတ်သည်၊ ကလေးတုံးက ငယ်စဉ်အခါက သင်ပုံးကြီးကုန်လျှင် သင်ခဲ့ရတဲ့စာကလေးဘဲ၊ မင့်လူက မင်္ဂလသုတ်တန်းဘဲ၊ ဒါက တော့သင်္ဂြိုဟ်အထိ သဒ္ဒါအထိ ပိဋကတ်သုံးပုံအထိ သင်ရိုးကျွတ် ခဲ့ဘူးတာဘဲ စသည်တို့ဖြင့်....

## မင်္ဂလသုတ်ကို

အောက်တန်းစား စာငယ် စာသေးကလေးအနေမျိုး ထင်မှတ်ကြသူကား (ကိုယ်တိုင်စံဦးစားကြ) ဗုဒ္ဓဘာသာ မြန်မာပုထုဇဉ်

တို့၏၊ များသောအယူအလေ့ပေတည်း ဒီလိုမထင်ကြနဲ့ အထင်မသေးကြနဲ့။

သက္ကရာဇ် ၁၃၁၄ ခုနှစ်၊တော်သလင်းလမှစ၍၊ဋင်းစာအုပ်ကို ဘတ်ရှုသူတိုင်း၊ နောင်လာမည့် အနာဂတ်သာသနာ မကွယ်မပျောက်မခြင်းရေးသား၍ မှာခဲ့မည် ရှင်းရှင်းကြီးလင်းလင်းကြီး ရေးသားခဲ့မည်။လူပြိန်း ဉာဏ်ငယ်သူတို့သိဘို့ ဉာဏ်အလတ်စားတွေသိဘို့၊ ဉာဏ်အကြီးစားတွေသိဘို့၊ ပုထုဇဉ်တွေသရုပ်ကွဲဘို့၊ ယောဂီ အရိယာလောင်းတွေထိုးထွင်းဘို့၊ရဟန်း၊သူဌေးမင်း၊မိဘတွေ၊ဆရာတွေ၊ရွာတွေ၊မြို့တွေ၊ အပြည်ပြည်တွေ၊ တသက်လုံးမှတ်ဘို့၊လူ့ပြည်တပြည်လုံးလိုက်နာဘို့၊ နတ်ပြည်ဗြဟ္မာပြည်ရှိ၊ နတ်ဗြဟ္မာအပေါင်းတို့က ကောင်းချီးသာခု ခေါ်စေဘို့ရေးသာစီရင်ခဲ့မည်။

## မင်္ဂလသုတ်ကျမ်းငယ်ကလေးကို

တကယ်အဓိပ္ပါယ်အမှန်ကျသိနားလည်လျှင်
ယခုလောကတွင်၊ ကောင်းကျိုးမျိုးစုံတန်ခိုး
ဂုဏ်တို့ရှိကြရမည်မှတ်။ သေလျှင်အပါယ်
တံခါးပိတ်ရမည်မှတ်။ မသေခင် - ကလျာဏ
ပုထုဇဉ်ဖြစ်နိုင်တယ်မှတ်။ အရိယာ အစစ်
ဖြစ်နိုင်တယ်မှတ်။သောတာပန်၊သကဒါဂါမ်
အနာဂါမ်၊ ရဟန္တာအထိ ဖြစ်နိုင်တယ်လို့
တထစ်ချမှတ်။
ပိဋကတ်သုံးပုံအထိမသင်ကြားရပေမဲ့ဝမ်းမနဲနဲ့။

ဒီမင်္ဂလသုတ် မှာပင်၊ပိဋကတ်သုံးပုံအလုံးစုံအဓိပ္ပါယ်သဘော အနှစ်ပါဝင်၏။ ဘုရားရှင်ဆုံးမသော စကား အစုစုတို့ဟာ ဒီမင်္ဂလသုတ်ထဲမှာ၊အကုန် အန္တောဂဓဖြစ်၏။

(မသိတဲ့အန္ဓပုထုဇဉ်) တို့မှာ၊မင်္ဂလသုတ်ကို သင်ရိုးသင်တန်း ကလေးသူငယ်ဘန်း ဟူ၍ဂုဏ်ငယ်သောစာကလေး ဟူ၍၊ဗုဒ္ဓဘာ သာဝေါ် မြတ်စွာဘုရား၏ ဆုံးမသြဝါဒကို နားမလည်ကြသော အန္ဓပုထုဇဉ်တို့သာ အထင်သေး အမြင်သေး စာငယ် ကျမ်းငယ် က လေ ဟူ၍ ယူတတ်ကြသော မိစ္ဆာဒိဋ္ဌိအယူမှားကိုပယ်ဖျောက်ကြ စေခြင်းငှာ မဟာမင်္ဂလာ ဝိပဿနာတရားတော်ကို မြတ်စွာဘုရား ၏ တရားအနှစ်အသားပေါ်အောင် ဟောကျော်း -မိန်းမ၊ ကလေး သူငယ်ဟူသမျှတို့မိမိတို့၏ အဘ ဘုရား ဆုံးမတော်မူသော ဒေသ နာသည်၊ ဒီစာအုပ်ကျမ်းငယ်ကလေးနှင့်ပင် နိဗ္ဗာန်ရောက် တရား၊ လမ်းဆုံးတရားအသိလမ်းစဉ်ပြည့်စုံပြီ ပါကလားလို့ သိကြရမည်။ အိမ်ထောင်ပုထုမှု၊ မပြုချင်နေ မင်္ဂလသုတ်အခြေခံကို အဓိပ္ပါယ် ကျကျနန လူပြိန်းသိလောက်သော အလိမ္မာရှိကြပါက ထိုမဟာ မင်္ဂလာ ဝိပဿနာတရားထက် အဘိုးတန်သော တရား ဘယ်မှာမှ အထူးမရှိဘော့ပြီ။

ပိဋကတ်တော်သုံးပုံအကုန်ပါဝင်တယ်။

မသိသူကျော်သွား-သိသူဖေါ်စား။
မျက်စိမမြင်လျှင်-အဝေးရေ ။
မျက်စိမြင်လျှင်-မဝေးအနီး။

ဆုတောင်းပြီးဆုတောင်းဆဲ၊ ဆုတောင်းလတ္တံ့သော နိဗ္ဗာန်ဆိုဒါလဲ လူဝတ် ရှင်ဝတ် မရွေးဘဲ၊ အိမ်ထောင်ရှိ မရှိ မခွဲးဘဲ တောဘောင်ဂူချောင်သို့ စိတ်ပုတီ ဆောင်၍ မသွားဘဲ၊ အလိုဆန္ဒပြည့်ဝနိုင်သော ဆုအထွေထွေ တို့ကား....

## မင်္ဂလသုတ်ကိုသာအားထုတ်ကြ။

အင်္ဂုတ္တရနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ ဒီဃနိကာယ်၊ ခုဒ္ဒကနိကာယ်ဟူ၍ နိကာယ်ငါးရပ်တို့တွင် ခုဒ္ဒကနိကာယ် အရ ဟောကြားတော်မူသောမဟာမင်္ဂလာဝိပဿနာတရားတော်သည်၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတို့တွင်၊ သုတ္တန်ဒေသနာတော် ဖြစ်သည်။ သုတ္တန်ဒေသနာတော်သည်၊ ဝိနည်း၊ အဘိဓမ္မာ သုံးဖြာသောဒေသနာတို့ ပါဝင်သည့်ဖြစ်သောကြောင့်၊ သူတော်ကောင်းတရား အလုံးစုံပါဝင်သည်မှတ်။

## ရှေးအရိယာသူတော်ကောင်းများတို့၏ ဥာဏ်မျက်စိ။

လူ့ဘဝ - လူ့ဘုံ၌ဖြစ်လာကြသော လူအပေါင်းတို့သည် အပါယ်လေးပါးတို့မှ လွတ်မြောက်၍ ရခဲ ကြုံခဲသောလူ့ဘဝကိုရကြသည်။ သာသနာတော်နဲ့လဲ ကြုံတွေ့ကြသည်။ ထိုအခိုက်၌ မြတ်စွာဘုရား၏ဒေသနာတော်ခေါ် တရားတော်ခေါ် သာသနာခေါ် ဆုံးမချက်ကို ရှေးဦးစွာ နားလည်စေရန် - အောက်တန်း မကျစေရန်၊ လူဖြစ်ကျိုးမရှုံးစေရန်ကို ရည်ရွယ်ချက်သည်ဘာလဲ

မိဘတို့ဝတ္တရားဖြစ်သည်။ မိမိတို့မွေးဘွားသော ကလေးများကို ၄-နှစ် ၅-နှစ်သားကစ၍ စကားပြီ၊ နားကြားပြီ ဖြစ်ကြသော အရွယ်ကပင် စာဘတ်တတ်ခြင်းပဌမဦးစွာ (၁)နံပါတ်။

မဟာမင်္ဂလာဝိပဿနာ တရားတော်ကြီးကို သုတမယဉာဏ် အနေဖြင့်၊ သင်ကြဘို့ - သိကြဘို့ ဗုဒ္ဓဘာသာအစစ်ဖြစ်ဘို့၊ သာကီဝင်ဘုရားမျိုးဖြစ်ဘို့၊ တသက်လုံး အလိမ္မာဆုံးယောကျ်ားမြတ် မိန်းမမြတ်၊ လူမြတ်၊ ရှင်မြတ်ဖြစ်ဘို့ကို ရည်ရွယ်၍ ပိဋကတ်သုံးပုံ တို့၏ အချုပ်လိုရင်းအနှစ်သာရတရားကို သင်ကြားကြမှသာ လူဖြစ်ကျိုးနပ်ကြမည်ကို သိမြင်မျှော်လင့်ပြီး လူတိုင်း - မိဘတိုင်း ဆရာတိုင်း - ရွာတိုင်း၊ မြို့တိုင်း - ပြည်တိုင်း နှိုးဆော်တိုက်တွန်းခဲ့ သည်။ ဆရာရေးတဲ့ကျမ်းတိုင်းမှာလဲ (မင်္ဂလဆုတ် - အားထုတ် ဘို့ရာ) တိုက်တွန်းချက်ပါသည်။

## ဘာကြောင့်

မင်္ဂလာတရားမသိလျှင် လူဖြစ်ကျိုးမနပ်။
မင်္ဂလာတရားမသိလျှင် အားလုံးလူမိုက်။
မင်္ဂလာတရားနားမလည်လျှင် သေလျှင်အပါယ်ကျ။
မင်္ဂလာတရားကိုမသိမြင်လျှင် နိဗ္ဗာန်မရ။
မင်္ဂလာတရားကိုမသင်မကြားဘူးလျှင် ဘုရားကိုမသိ။
မင်္ဂလာတရားကိုမသိမပိုင်လျှင် တရားကိုအရှင်းမသိ၊
မင်္ဂလာတရားကို အဓိပ္ပါယ် အမှန်ကျမသိလျှင် သံဃာကို မသိ။

## မင်္ဂလာတရား ကိုဂရုမပြုလျှင်

ရတနာသုံးပါးမတွေ့၊ဆရာမတွေ့၊မိဘမတွေ့မှတ်၊လူမိုက်လူဆိုး မရွေးတတ်၊ ဘေးမျိုးစုံ တွေ့ကြရမည့်ပြင်၊ဘယ်ခါမှ ကိုယ်စိတ်နှစ် ဖြာချမ်းသာနိုင်တဲ့ အကျိုးကို မပေးဘူးမှတ်ကြ။

မဟာမင်္ဂလာဝိပဿနာ တရားမသိလျှင်၊ တိရိစ္ဆာန်နဲ့ အတူတူ၊ သို့အတွက် ရွာတိုင်း၊ မြို့တိုင်း၊ပြည်တိုင်း၊လူတိုင်း၊မိဘတိုင်း၊ကလေး တိုင်း ဆရာတိုင်းအား ယခု ၁၃၁၄ ခုနှစ် တော်သလင်းလမှစ၍ ရှေးက အရိယာ ပညာရှိကြီးများသတိပေးဆုံးမခဲ့သော....

## နံပါတ် (၁) မဟာမင်္ဂလာသုတ်

တရားတော်မြတ်ကို၊ နောင်လာမည့် သာသနာအတွက် တိုးတက် ထွန်းကားစေရန်၊ ပုထုဇဉ်မှန်သမျှတို့အား ၎င်းစာအုပ်ကို ရသည့်၊ ဘတ်သည့်နေ့ကစ၍ သင်ပြသောဆရာနှင့်တကွ တပည့်အပေါင်း တို့ကိုပါ၊ မင်္ဂလာသုတ်ကို သင်ကြားရင်း၊ ကလေးများပင် ဖြစ်စေ ကာမူ၊ ပေါ်လွင်ထင်ရှားသော ခေတ်အလျောက် နားလည်လွယ် သော ဘာသာတရား မြန်မာစကားတို့နှင့် ချက်ခြင်းအသိဉာဏ်ရ ဂုဏ်ခံလောက်သော အဓိပ္ပါယ်ကို သိကြဘို့ ဝမ်းမြောက်ဘို့ လေး လေးစားစားကျိုးပန်းကြစေရန်၊ ဆရာကြီး ဦးမြတ်သိန်းထွန်း က၊ မဟာမေတ္တာဖြင့် သတိပေးထပ်မံ၍ တိုက်တွန်း နှိုးဆော်လိုက် သည်.... (တိုင်းပြည်ဘို့။)

....+....

# မဟာ မင်္ဂလာ ဝိပဿနာ

## ပဏာမ။

### မင်္ဂ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ။

မင်္ဂ ပါပံ အကုသိုလ်အစုစု မကောင်းမှုဒုစရိုက် ၁၀ ပါးလုံးကို လုနာတိ-ဆိန္ဒတိ — ပယ်ဖြတ်တတ်၏။ ဣတိတသ္မာ — ထိုခကြောင့် မင်္ဂလံ - မင်္ဂလာမည်၏။ (မင်္ဂဓါတ် - အလပစ္စည်း)

မင်္ဂဓါတ်အရ၊ ၃၈ ပါးသောမင်္ဂလာတရားတော်ကိုကောက်။ အလပစ္စည်း အရကား၊ ထိုမင်္ဂလာတရားတော် အသိဉာဏ် ရှိသော ပညဝန္တပုဂ္ဂိုလ်၏ ဒြဗ်သဏ္ဌာန်ကိုကောက်။ (ဒါသဒ္ဒါနည်းမှတ်)

တာကြောင့်မင်္ဂလာခေါ်ပါသလဲ။ မကောင်းမှုအကုသိုလ် တရားအပေါင်းတို့ကို ပယ်သတ် ဖျက်ဆီးနိုင်သော လက်နက်ကို မင်္ဂလာခေါ်သည်။ ပုဒ်ပြတ်မှတ် - တိုင်ပင်။

စဉ်စား။ ။သောတာပန်ပုဂ္ဂိုလ်သည်၊ အပါယ်လေးပါးသို့ ကျရောက်နိုင်သောဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄လုံးနဲ့ ဝိစိကိစ္ဆာ ၁လုံး ပေါင်း ၅ လုံးကို ပယ်သတ်သဖြင့်၊ အပါယ်တခါးပိတ်၏။ အကုသိုလ်ဖြစ်တဲ့စိတ် ၇ လုံးကျန်တယ်၊ ပရိယတ္တိသာသနာအရမှတ်။

တနည်း။ ။ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာ သံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ် ၃ပါးကိုသာပယ်၏။ ကျန်သံယောဇဉ် ၇ ပါးရှိတယ်မှတ်။ (ပဋိပတ္တိ သာသနာအရ သုံးရှီးသုံးစဉ်မှာ၊

သောတာပန်သည် ဒိဋ္ဌိဝိစိကိစ္ဆာစေတသိတ် ၂ လုံးကိုသာပယ်၏)
တနည်း - အတိုချုပ်ခေါ်ပုံမှာ.... ဒိဋ္ဌိကိုပယ်၏။ တနည်း မိစ္ဆာဒိဋ္ဌိ
ဟူသမျှကိုပယ်၏။ တနည်း - အတ္တဒိဋ္ဌိကိုပယ်၏။ တနည်း - သက္ကာ
ယဒိဋ္ဌိကိုပယ်၏။

(အသုံးအမျိုးမျိုး သိစေဘို့ ရှင်းလိုက်သည်)
**မင်္ဂလသုတ်တော်၏ တန်ခိုးလက်နက်။**

**အကုသိုလ်စိတ်** ၁၂ လုံးပယ်နိုင်တယ်။ သံယောဇဉ် ၁၀ ပါး
လုံးပယ်နိုင်တယ်။ တဏှာ - မာန - ဒိဋ္ဌိ ခေါ်၊ ပပဉ္စတရားသုံးပါး
လုံးကို ပယ်သတ်နိုင်တယ်ဟု ဗုဒ္ဓသြဝါဒအတိုင်း ယုံကြည်ကြရ
မည်၊ ပေါ့ပေါ့မပြောနဲ့၊ မလေးမစားမယူနဲ့။ မင်္ဂလာတရား
၃၈ ပါးလုံး အသိဉာဏ်ရင်တွင်းသို့မရောက်ပါက၊ အကုသိုလ်
ဒုစရိုက် ၁၀ ပါးလုံး မပြုမှာ်မှတ်လေ။

**အပါယ်လေးပါးသို့၊ တနည်း - သံသရာလယ်ဘို့**
**ပယ်သတ်နိုင်လို့ မင်္ဂလာမှတ်။**

မြတ်စွာဘုရားနဲ့တကွ အကုသိုလ်ကို ပယ်သတ်နိုင်သော မင်္ဂ
လာ တရားတော်မြတ်ကြီးကို၊ ၎င်းမင်္ဂလာ တရားတော်မြတ်နှင့်
ပြည့်စုံကြသော သံဃာတော်အပေါင်းတို့ကို ဘုရားတပည့်တော်
ကျမ်းမရေးမှီ၊ ရေးဆဲ - ရေးပြီး ဘာသုံးစုတိမတိုင်မခြင်း၊ မပြတ်
မလပ် ရှိခိုးကန်တော့ပါ၏ဘုရား။ သိကြွားမင်းနှင့်တကွ၊ နတ်
ဗြဟ္မာ အပေါင်း၊ သာသနာတော်ကြီးပွားဘို့ရာ ကူညီစောင့်
ရှောက်ကြစေကုန်သတည်း။

## မင်္ဂလာဝိပဿနာ ဒီပနီ မင်္ဂလသုတ်ပဏာမ။

၁။ ယံမင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ၊
သောတ္ထာနံ နာဓိဂစ္ဆန္တိ - အဋ္ဌတိံသဉ္စမင်္ဂလံ။
၂။ ဒေသိတံ ဒေဝဒေဝေန - သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ - မင်္ဂလံ တံဘဏာမဟေ။

သဒေဝကာ၊ နတ်နှင့်တကွသော လူအပေါင်းတို့သည်။ ယံမင်္ဂလံ၊ အကြင်မင်္ဂလာတရားတော်ကို။ ဒွါဒသဟိ၊ တဆဲ့နှစ်နှစ်တို့ကာလပတ်လုံး။ စိန္တယိံသု၊ ကြံကြကုန်၏။ သောတ္ထာနံ၊ စီးပွားချမ်းသာခြင်း၏အကြောင်းဖြစ်သော။ အဋ္ဌတိံသံ၊ ၃၈-ပါးအပြားရှိသော။ တံမင်္ဂလံ၊ ထိုမင်္ဂလာတရားတော်ကို။ နာဓိဂစ္ဆန္တိ-နအဓိဂစ္ဆန္တိ၊ မသိနိုင်ကြကုန်သည်သာတည်း။

ဒေဝဒေဝေန၊ နတ်တကာတို့ထက်မြတ်သော ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော ဘုရားသခင်သည်။ သဗ္ဗလောက ဟိတတ္ထာယ၊ အလုံးစုံသော သတ္တလောက၏ အစီးအပွားအလို့ငှာ။ ဒေသိတံ၊ ဟောတော်မူအပ်သော။ သဗ္ဗပါပဝိနာသနံ၊ အလုံးစုံသော မကောင်းမှုတို့ကို ပယ်ဖျောက်ပေတတ်ထသော။ တံမင်္ဂလံ၊ ထိုမင်္ဂလာတရားတော်ကို၊ ဟော - သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

### ရွတ်ဆိုရုံမထင်နဲ့။

ဂုဏ်းပါဠိ၏ - အနက်အဓိပ္ပါယ်.... လူမြိန်းသိဘို့မှာ လူတွေ-နတ်တွေ ကြံစီကြတယ်၊ မင်္ဂလာတရားဆိုတာ ဘာကိုခေါ်ပါလိမ့်ဟု၊ ၁၂ - နှစ်တိုင်တိုင် စဉ်းစားကြ၏၊ ဝေဘန်ကြ၏၊ ဘယ်သိုပင်ကြံ

စီကြသော်လဲ - မသိမမြင်နိုင်ဘူးလို့၊ နံပါတ် ၁ - ပါဠိဂါထာ၏ အဓိပ္ပါယ်မှတ်။

နတ်အပေါင်းတို့ အဓိပတိ ဝိသုဒ္ဓိနတ်ခေါ် ဂေါတမမြတ်စွာဘုရားသည်၊ လူ နတ်ပြဟ္မာ သတ္တဝါ ခပ်သိမ်းတို့အား၊ ကောင်းကျိုးချမ်းသာရစေခြင်းငှာ၊ ပစ္စက္ခခေါ် ယခုမသေခင်မှာပင်၊ ကိုယ်စိတ် ၂ ဖြာ ချမ်းသာဘို့၊ ရွှေငွေရတနာစသော၊ လောကစီးပွားပြည့်စုံကြဘို့ - အကုသိုလ်စိတ်တို့ မဖြစ်မပေါ်ကြဘို့၊ တိုင်းပြည်ငြိမ်းဘို့ ဟောကြားဘော်မူသော မင်္ဂလာတရားဘော်ကို၊ အသင်တို့ ကျွန်ုပ်တို့ ရွတ်ဆိုကြကုန်အံ့ ရွတ်ရမယ်၊ ဘတ်ရမယ်၊ တွေးရမယ်၊ ဆွေးနွေးရမယ်၊ ပြည့်စုံအောင်အားထုတ် သင်ကြားကြရမယ်ဟု၊ အဓိပ္ပါယ်လာသည်၊ မည်သည့်ပါဠိဘော်မဆို ရွတ်ယုံမထင်နဲ့ အဓိပ္ပါယ်ကို တိကျ ပြတ်သားစွာ သိကြဘို့ ဘုရားဟောသည်မှတ်၊ အဓိပ္ပါယ်နားမလည်ဘဲ လိုပတ်မပြည့်ဘူး၊ တရားမရဘူးမှတ်၊ လူဘိုင်းကို အတုမခိုးနဲ့။

## ဘဏာမ ရွတ်ဆိုကြကုန်အံ့၌။

မြို့တိုင်း-ရွာတိုင်း-ရှင်တိုင်း- လူတိုင်း -သဘိဘ်သွတ်တိုင်းရှင်ပြုပဠွင်းခံပရိတ်ကမ္မဝါအန္တရာယ်ကင်းစသည်တို့၌ ၎င်းမင်္ဂလာသုတ်ကိုရွတ်ဆိုကြရိုး ထုံးစံပြုကြကုန်၏၊ ထုံးစံ ရွတ်ဆိုကြသည်မှာ.... ပါဠိသက်သက် မျှသာ အနက်ကိုရွတ်ဘတ်ရိုးထုံးစံမရှိ၊ နားကြားသူတွေ နားလည်ဘို့ခက်တယ်၊ ၁၀၀ မှာ တယောက် နားလည်ဘို့ရှားလှ၏။ ပရိတ်ဝိုင်းတိုင်း များသောအားဖြင့် လူဝတ်ကြောင်တွေ ရွတ်ဆိုသော အလေ့ကား အချို့မြို့ရွာများမှာ ရှိတယ်

မြို့တိုင်း ရွာတိုင်းရပ်ကွက် ဘိုင်း ရှင်ဘတ်လေ့မရှိ ပဋ္ဌာန်သက်သက် ရွတ်ဘတ်ကြသော ကြီးတိုင်ပင် ၁၀၀ မှာ တယောက် အဓိပ္ပါယ်ကို သိခဲလှ၏၊ ခက်ထာဘဲ။

ကြားနာသူ ဘွေဖတ်ရွတ်ဆိုသူနားမလည်တာခက်တယ်၊ နားလည်သော်လဲ မင်္ဂလာနဲ့ မညီဒါက ခုဘာဖြစ်နေကြသလဲ။

ကြားနာသူတွေဖယ် - သင်ကြားဟောသူတွေ မင်္ဂလာမရှိ ဘာအခက်ဆုံး။ သိရမည့်အတိုချုပ်မှာ - အကုသိုလ်နဲ့ပါးဘို့ ပပျောက်ဘို့ ရွတ်ကြရမည်၊ အဓိပ္ပါယ်ကိုလဲ ခလေး သူငယ် လူရွယ် လူလပ် မှစ၍ လူကြီးအထိ သိပိုင်ကြရမည်၊ ဘုရားဟောဒါက - ရွတ်ဆိုယုံမျှကို ရည်ရွယ်၍မဟော။

မင်္ဂလာဘုရားကို အဓိပ္ပါယ် အချိုးကျ နားမလည်ပါက အကုသိုလ်စိတ်တွေ မျိုးစုံဖြစ်ရမည်မှတ်၊ ကိုယ်စိတ် ၂ ဖြာ မချမ်းသာသောအကျိုးပေးမည်မှတ်၊ တရွာလုံး၊ တမြို့လုံ၊ တပြည်လုံး လူမိုက်ပေါမည်မှတ်။

ဓါးလက်နက်စသော - သတ္တန္တရကပ်ဆိုက်ခြင်း။
ဘေးမျိုးစုံတွေ့ရတဲ့ - ရောဂန္တရကပ်ဆိုက်ခြင်း။
ငတ်မွတ်ခြင်းဖြစ်တဲ့ - ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ခြင်း။

သေလျှင်အပါယ်လေးပါးသို့ ကျရောက်တတ်ခြင်း မှတ်လေ၊ အထက်တန်းစားပညာရှိတို့နဲ့ - အစိုးရမင်း ဘုရားထူးခံတို့ အထူးသတိပြုဘို့ တာဝန်ဖြစ်သည်။

ယခုကျမ်းရေးတဲ့ဆရာနဲ့ ဘောင်းပန်သူ ဘူကြီးဘရွှေက ပဌမဦးစွာ မင်္ဂလာရှိအောင်လုပ်ပါ။

ဧဝံမေသုတံ ဧကံသမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ

ဇေတဝနေ အနာထ ပိဏ္ဍိကဿအာရာမေ၊ အထခေါ
အညတြာဒေဝတာ အဘိက္ကန္တာယရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ။

ယေနဘဂဝါ တေနုပသင်္ကမိ ဥပသင်္ကမိတွာ ဘဂဝန္တံ
အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ ဧကမန္တံ ဌိတာခေါ သာ
ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

ဘန္တေကဿပ၊ အရှင်မဟာကဿပ။ ဣဒံသုတ္တံ၊ ဤမဟာ
မင်္ဂလသုတ်တော်ကို။ မေမယာ အနန္တ ထေရေန၊ အကျွန်ုပ်အာ
နန္ဒာမထေရ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမုခါ၊ မျက်
မှောက်တော်မှ။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။ ဥပလက္ခိ
တံ၊ မှတ်လိုက်ရ၏။ ဥပဓါရိတံ၊ ဆောင်လိုက်ရ၏။ ဧကံ၊ တပါး
သော။ သမယံ၊ အခါ၌၊

ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။
အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊ နှစ်လုံး
မွေ့လျော် ပျော်ဘွယ်ရာဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်
ကျောင်းတော်၌။ ဝိဟာရတိ၊ နေတော်မူ၏။ အထခေါ၊ ထိုသို့နေ
တော်မူသောအခါ၌။ အညတြာ၊ အမျိုးအမည်အားဖြင့် မထင်
ရှားသော။ ဒေဝတာ၊ နတ်သားသည်။ အဘိက္ကန္တာယ၊ ညဉ့်ဦးယံ
လွန်ပြီးသော။ ရတ္တိယာ၊ သန်းခေါင်အခါ၌။

အဘိက္ကန္တဝဏ္ဏာ၊ အလွန်နှစ်လိုဘွယ်သော အဆင်းရှိသည်ဖြစ်
၍။ ကေဝလကပ္ပံ၊ အလုံးစုံသော။ ဇေတဝနံ၊ ဇေတဝန်ကျောင်း
တော်ကို။ ဩဘာသေတွာ၊ ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်း

စေဦး၍။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုဘုရားရှိတော်မူရာ အရပ်သို့။ ဉပသင်္ကမိ၊ ကပ်လေ၏။

ဉပသင်္ကမိတွာ၊ ကပ်လေပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အလွန်ရိုသေစွာရှိခိုးဦး၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ အဋ္ဌာသိ၊ ရပ်လေ၏။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သောအရပ်၌။ ဌိတာခေါ၊ ရပ်ပြီးသော။ သာဒေဝတာ၊ ထိုနတ်သားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈဘာသိ၊ ဤသို့နားတော်လျှောက်၏။

မြန်မာပြန်အဓိပ္ပါယ်မှာ။ ဘုရားပရိနိဗ္ဗာန်စံပြီးနောက်၊ သင်္ဂါယနာပွဲတော်၌၊ အရှင်မဟာကဿပ မထေရ်ကြီးကမေးတော်မူရာ ညီတော်အာနန္ဒာက ဖြေဆိုလျှောက်ထားပုံ။ အရှင်ဘုရား တပည့်တော်ကိုယ်တိုင် မြတ်စွာဘုရား၏ ရှေ့တော်မျက်စိအောက်တွင်၊ ဤကဲ့သို့ ကြားသိုက်ပါသည်။ မှတ်သားလိုက်ရပါသည်၊ တပည့်တော်၏ အသိဉာဏ်မှာလဲ အမြဲတန်းဆောင်၍ထားပါတယ်ဘုရား မင်္ဂလာတရားတော်ကို၊ မြတ်စွာဘုရား၏ မျက်မှောက်တော်မှာဘဲ ကြားရ, မှတ်ရ, ဆောင်ရပုံကို လျှောက်ထားဖြေဆိုလေသည်မှတ်ကြ။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌၊ ပျော်စံထင်ရှား မြတ်ဘုရား၏ အထံတော်၌၊ မထင်မရှား ဘယ်နတ် ဟုအမှတ်မထားသိကြားမင်းသည် လူတို့၏ ပြည်၌၊ တရားသတင်းနှင့် အများငြင်းကြသော မင်္ဂလာတရားတော်ကို၊ အသားပေါ်အောင် လျှောက်ထားသာသည်။ (ငြင်းပုံမှာ) အချို့လူအများက ယနေ့

နံနက် မိုးလင်းစအခါ၌၊ ကောင်းသောလက္ခဏာကို၊ မျက်စိက မြင်လျှင်၊ ယနေ့ကော့ဲ လာဘ်သာဘ တိုးတက်ရမည်၊ အကြံအစီ အောင်မြင်ရမည်၊ ဒီလိုအယူရှိတာကို (ဒိဋ္ဌမင်္ဂလာ) ခေါ်တယ်။

အချို့လူများက၊ ယနေ့နံနက် မိုးလင်းလျှင် – လင်းခြင်း၊ မိမိတို့၏နား၌၊ ကောင်းသောသတင်းစကား၊ ကောင်းသောတိရိစ္ဆာန်တို့၏၊ သာယာသော အသံစသည်တို့ကို၊ ပဌမဦးစွာကြားရလျှင် ယနေ့တော့ငါ့မှာ အကျိုးစီးပွား၊ လာဘ်လာဘ များရမဲ့နေ့ဖြစ်တယ်၊ ဒီလိုစွဲယူ မှတ်သားထားတာ (သုတမင်္ဂလာ)ခေါ်တယ်။

အချို့သော လူအများတို့က ၊ မိမိတို့၏ ကိုယ်ခန္ဓာကာယ ပသာဒနဲ့ ပတ်သက်၍နံနက်စောစောအိပ်ယာထလာသောအခါ၌ နူးနူးညံ့ညံ့ စသော ဝတ္ထုပစ္စည်းတို့ကို နှင်းမိသည် ၊ ကိုင်မိသည်၊ ထိတွေ့မိသည့် ရှိသော် ယနေ့အောန် အကြံမြောက်မှာဘဲလို့ ဒီလိုယူဒါက (မုတမင်္ဂလာ) ခေါ်တယ်။

## လောကဓေါဝါဟာရမင်္ဂလာရှင်တန်း။

ဒိဋ္ဌမင်္ဂလာ ၁။ မျက်မြင်ဣဋ္ဌာရုံကို မြင်လျှင်ကောင်ကျိုး အနိဋ္ဌာရုံ မြင်လျှင်မကောင်းကျိုး။

သုတမင်္ဂလာ ၂၊ နားကြားဣဋ္ဌာရုံကို ကြားက-ကောင်း အနိဋ္ဌာရုံ ကြားက - မကောင်း။

မုတမင်္ဂလာ ၃၊ ကိုယ်တွေ့ဣဋ္ဌာရုံ၌ကောင်းကျိုး ၊ အနိဋ္ဌာရုံ၌မကောင်းကျိုး။

မြတ်စွာဘုရား၏ တရားတော်ကို ၊ မနာကြားဘူး ၊ ဘုရားပွင့်တော်မူတာကိုလည်း အရှင်းမသိကြသော၊ အန္ဓပုထုဇဉ်လူမိုက်အ

ပေါင်းတို့၌၊ ထိုအခါကအယူဝါဒ အမျိုးမျိုးကွဲပြားကြ၏။ သူ့ဝါဒကမှန်သည်ငါ့ဝါဒမှန်တယ်၊ ဆိုင်ရာဆိုင်ရာ နားဝင်သဘောကျရာ အဖွဲ့အသင်းတွေမျိုးစုံ ငြင်းခုံလျက် စိတ်ပင်ပန်း - ကိုယ်ပင်ပန်းကြလျက် ခိုက်ရန်ဖြစ်ပွားကြ၏။ အလုပ်အကိုင်ပျက်၍ စီးပွားလာဘ်လာဘချွတ်ယွင်းကြ၏။ ငါ့စကားနွားရ တယူသန်ဝါဒတို့ဖြင့်၊ တမြို့လုံး - တပြည်လုံး အုံးအုံးကြွက်ကြွက် ငြင်းခုံသံတွေဆူပွက်ကြသည်။

၁။ အချို့က အပြင်ဘက် အမြင်နိမိတ်။

၂။ အချို့က အပြင်ဘက် အကြားနိမိတ်။

၃။ အချို့က ကိုယ်တွေ့နိမိတ်။

ဤကဲ့သို့အမြင်ကို မင်္ဂလာ၊ အကြားကို မင်္ဂလာ၊ ကိုယ်တွေ့ကို မင်္ဂလာဟူ၍ အချင်းချင်း ကွဲပြားလျက်၊ မိဘမှန်း သားသမီးမှန်း ဆွေမျိုးမှန်း ကြီးသူဂုဏ်ရှိသူ၊ ရိုသေထိုက်သူမရှိ အရေးမလုပ်၊ အယူဝါဒတူရာကိုသာ ပေါင်းသင်းဆက်ဆံကြလျက် ဝတ်မွတ်ခေါင်းပါးသောဘေး၊ ရောဂါမျိုးစုံဘေး၊ ဒုတ်ဒါးစသော လက်နက်ဘေး၊ ကပ်သုံးပါးတို့မပျက်နှိပ်စက်လျက် တိုင်းပြည်လုံးဆူပွက်ကြလေသည်။ ခုကောဘာဖြစ် ဘာခေတ်လဲ၊ အသိသားနဲ့ မသိချင်ယောင်မဆောင်ကြနဲ့။

အချို့သော လူကြီးလူကောင်းများလဲ ဒီမင်္ဂလာဟာ၊ ဘယ်လိုဟာကိုခေါ်ပါလိမ့်၊ ဘယ်အယူ မှန်ပါလိမ့်၊ စသည်ဖြင့်၊ ၁၂ နှစ်တိုင်တိုင် ကြံစည်၍မရနိုင်၊ လူ့ပြည်မှတဆင့် အယူဝါဒကွဲပြားကြသောအသံတွေက နတ်ပြည်ကကြားသဖြင့်၊ နတ်ပြည်တပြည်လုံးထိုကဲ့သို့ငြင်းခုံ၍ တလောကလုံးဝိဝါဒဖြစ်ကြသဖြင့်-

သိကြားမင်းကိုယ်တိုင် မြတ်စွာဘုရားထံပါး၌
လာ၍လျှောက်ထားကြောင်းကို ညီတော်
အာနန္ဒာက ကြားရမှတ်ရ
မမေ့အောင် ဆောင်ထားလိုက်ရပုံ။

**အခါတပါး၊** သန်းခေါင်းယံအချိန်၊ နတ်တို့၏တန်ခိုးအရှိန်နှင့်၊ စေဝမုနိ မြတ်ဘုရားထံ၊ မှတ်သားရန် မင်္ဂလာတရားမြတ်ကို၊ အပါးကပ်ခါ သိကြားနတ်လာ၍ လျှောက်ထား၏။

လျှောက်ထားပုံ အောက်ပါဂါထာ။

ဗဟူဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တယျုံ။
အာကင်္ခမာနာ သောတ္ထာနံ၊၊ ဗြူဟိမင်္ဂလမုတ္တမံ။

**ဘန္တေဘဂဝါ၊** ဘုန်းတော်ကြီးသောအရှင်ဘုရား။ ဗဟူ၊ များစွာကုန်သော။ ဒေဝါစ၊နတ်တို့သည်၎င်း။မနုဿာစ၊ လူတို့သည်၎င်း။ သောတ္ထာနံ၊ စင်ကြယ်စွာသော။ နိဗ္ဗာန်နံ၊ နိဗ္ဗာန်ချမ်းသာကို။အာခင်္ခမာနာ၊ လိုချင် တောင့်တ ကုန်သည်ဖြစ်၍ မင်္ဂလာနိ၊ စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်ကုန်သော မင်္ဂလာတရားတော်တို့ကို။ ဒွါဒသဟိ၊ တဆဲ့နှစ်နှစ်တို့ ကာလပတ်လုံး။အစိန္တယျုံ၊ကြံကြကုန်၏။စိန္တယန္တာပိ၊ကြံကြကုန်သော်လည်း။ နာဓိဂစ္ဆန္တိ၊ မသိနိုင်ကြလေကုန်၊ တံ၊ထိုမင်္ဂလာတရားတော်မြတ်ကို။ တွံ၊အရှင်ဘုရားသည်။ ဗြူဟိ၊ ဟောတော်မူပါလော။

ဘုန်းတော်ကြီးလှ - မြတ်ဗုဒ္ဓ - မနုဿဒေဝါ၊ များစွာလူနတ် ဝါဒစုံ အပူပယ်သဖြင့်၊ ယူဘတ်ဘိုအလေ့၊မိမိတို့ထင်ရာ၊ မင်္ဂလာ အမှန်ကိုကြံစီလို့မရ ဒွါဒသဖြင့်၊ ကောဋ္ဌာဟာလ ဆူညံအောင်၊ လူ့ထံနှင့်နတ်ရပ်၊ အထပ်ထပ် ငြင်းခုံ၊ ဘေးဒုက္ခ မျိုးစုံတို့မှ၊ လွတ်မြောက်ရာဝါဒ၊ ဥတ္တမ-မင်္ဂလာ ချမ်းသာစစ်-အမတာကို၊ လွန်မင်းစွာ လိုချင်လှ၍၊ လျှောက်ထားရန် လာရပါသည်၊ အတုလရှစ်ချစ်၊ ဟောမိန့်လှစ် ဒေသနာကို၊ ကရုဏာရှေ့ထား၍ မြွက်ကြားတော်မူပါဘုရားဟု လျှောက်ထား တောင်းပန် လေသည်။

နတ် ၃ စား၊

၁။ လူ့ပြည်ကရှင်ဘုရင်ကို-လောကသမုတိနတ်မှတ်။
၂။ နတ်ပြည်ကနတ်တို့၏ဘုရင်ကို ဥပပတ္တိနတ်မှတ်။
၃။ ရဟန်းတကာတို့၏ဘုရင်-ဘုရားကို-ဝိသုဒ္ဓိနတ်မှတ်။
၁။ လူအပေါင်းတို့က မှည့်ခေါ်သမုတ်သည်ကို လောကသမုတိ။
၂။ ကံကုသိုလ်တန်ခိုးထူးသဖြင့်၊ ထင်ရှားစွာ ခန္ဓာကိုယ်ဖြစ်လာရခြင်း-ဥပပတ္တိ။
၃။ တဏှာကိလေသာမှ အထူးသဖြင့်စင်ကြယ်လို့ ဝိသုဒ္ဓိ။

နတ်ဆိုသည်ကား။ လောက - ဝေါဟာရ စကား အသုံးမှာ— ကြီးကဲသူကို-ခေါ်သည်။

## ဒီဂါထာကစပြီး မင်္ဂလာတရားကို ဟောပြီ။

အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာစ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

ဘောဒေဝပုတ္တ၊ အိုနတ်သား။ ဗာလနံ၊ လူမိုက်တို့ကို။ ယာ-အသေဝနာစ၊ အကြင်မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်း ကောင်း- ပဏ္ဍိတာနံ၊ ပညာရှိသောသူတို့ကို။ ယာ-သေဝနာစ၊ အကြင်မှီဝဲဆည်းကပ်ရခြင်းသည်လည်းကောင်း၊ ပူဇာနေယျာနံ၊ ပူဇော်ထိုက်သောသူတို့ကို၊ ယာပူဇာစ၊အကြင်ပူဇော်ရခြင်းသည် လည်းကောင်း။အတ္တိရှိ၏။ဧတံ၊ဤသုံးပါးသောတရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလာ မင်္ဂလာမည်၏ဟူ၍။ တွံ၊သင် နတ်သားသည်။ဂဏှာဟိ၊မှတ်လေလော။

### အသင်နတ်သား တသက်လုံးမှတ်သွား မင်္ဂလာ ၃ ပါး။

၁။ လူမိုက်ကို မမှီဝဲနဲ့ မပေါင်းနဲ့။
၂။ ပညာရှိကိုသာမှီဝဲပါ၊ ပေါင်းသင်းဆက်ဆံပါ။
၃။ ပူဇော်ထိုက်သူကိုသာ ပူဇော်ပါ။

### ရှင်းမယ်။

ဘာလဲလူမိုက်။ ။သတ်ခြင်း၊ ခိုးခြင်းစသော မကောင်းမှု ဒုစရိုက် ၁၀ ပါးကို၊တပါးဘဲပြုပြု၊နှစ်ပါးသုံးပါးဘဲပြုပြု လူမိုက်မှတ်။ (ဗာလ-ပဏ္ဍိတစကား)

ပညာရှိဆိုဒါဘာလဲ။ ။ဒုစရိုက် ၁၀ ပါးကို အရှင်းမပြု သောသူကို လူပညာရှိမှတ်။

ကာယကံသုံးပါးဆိုတာ။ ။သတ်ခြင်း၊ ခိုးခြင်း၊ သူ၏သား သူ၏မယားတို့ကို မေးထုန်ဖြင့်ကြူးလွန်ဖြစ်မှားခြင်းမှတ်။ ။ ဝစီကံ လေးပါးဆိုတာ၊လိမ်ဝါ၍ ပြောဆိုခြင်း၊ သူများ၏ ချစ်ခြင်းကိုခွဲခြင်း၊ကြမ်းတမ်းသောဆဲဆိုခြင်း၊ ပွဲသဘင်အပျော်အရွှင်စသော သူတော်ကောင်းတို့ အလေ့မဟုတ်သော အကျိုးမရှိသော စကားမျိုးစုံတို့ကိုပြောဆိုခြင်းမှတ်။ ။မနောကံသုံးပါးဆိုတာ၊သူတပါးတို့၏စည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်ဘို့ကြံစီခြင်း၊ သူတပါးတို့၏ အသက်ကို အသေသတ်သို့ကြံစီခြင်း၊ မှားသော အယူဝါဒဟူသမျှတို့ကို ကြံစီခြင်း၊ တွေးတောခြင်း အယူရှိခြင်းမှတ်။

၁ ကိုယ်ကာယနဲ့ပြုလုပ်မှု-ကာယကံ
၂ နှုတ်ပစပ်နဲ့ပြောဆိုမှု-ဝစီကံ
၃ စိတ်ထဲကယူမှု ကြံစီမှု-မနောကံ

ပေါင်းဒုစရိုက် ၁၀ ပါးမှတ်။

တနည်း။ ။မြတ်စွာဘုရား၏ စကားကို အရှင်းနားမဝင်၊ နားမထောင်၊ထင်ရာ ကိုပြုလုပ် ပြောဆိုကြံစီနေသူကို-ဗာလမှတ် အမင်္ဂလာမှတ်။

တနည်း။ ။ပညာအရှင်းမရှိဘဲ၊ မိမိကိုယ်ကို ငါပညာရှိဘဲ လို့ ထင်သူ့ယူသူသည်၊ ဒုစရိုက် ၁၀-ပါးလုံးကို နေ့စဉ်ပြုလုပ်သော ဗာလထက်မိုက်သော အတိဗာလမှတ်၊ ဗာလမှတ္တကမှတ်။

ပစ္စက္ခဉ်ရှင်း၊ တမလွန်ဉ်ရှင်း၊ အကြောင်းနဲ့ အကျိုးကို ခွဲခြမ်း၍ မသိခြင်းကြောင့်၊ အန္ဓမှတ်၊ အတိအန္ဓမှတ်။

**ရှင်းတန်း။**

ဒုစရိုက်ပြုသော ဗာလကို ဘုရားနဲ့ တွေ့က၊ တရားဟောလျှင် အကျွတ်တရားကို ရနိုင်၏၊ ရနိုင်တယ်၊ ရကြတဲ့ထုံးစံတွေရှိတယ်၊ ဘုရား-တရား ဟောရဒါ အန္ဓဗာလတို့ကို ဟောရဒါချည်းဘဲမှတ်၊ ငါ ပညာရှိ အစစ်ထင်လုံးရှိနေတဲ့၊ အတိမာန ဗလဝ တဏှာလူမိုက်ကို၊ ဘုရားစသော အရိယာ အစစ်တို့က၊ တရားဟောလို့ မရနိုင်၊ မရတဲ့ထုံးစံတွေ ရှိ၏။ အဲဒါ ဗာလ အသေဝနမှတ်။

ပညာရှိ။ ။မင်္ဂလာတရားကိုရသူ၊ အဓိပ္ပါယ်သိသူ ပြည့်စုံသူကို ပညာရှိ-မင်္ဂလာရှိ (ပဏ္ဍိတ-ပါဠိစကား) ကိုယ်စိတ်နှလုံး သုံးပါး ဖြူစင်ဖြောင့်မတ်သောသူကို၊ ပဏ္ဍိတမှတ် ပုထုဇဉ်ပညာရှိသည်၊ ဒုစရိုက် ၁၀-ပါးကို သီလနှင့်သမာဓိ ၂ ပါးကိုထိန်းသိမ်းစောင့်ရှောက်သော ခဏ-ကာလ-ရက်-လ-နှစ်-အကျိုးအပြစ်ကို သိလို့ မပြု၊ တဒင်္ဂခေါ် ခေတ္တမျှဖြစ်တတ်၏၊ အနုသယကိလေသာ အမြစ်မပြတ် ဉာဏ်ရှိသူဆိုသော်လဲ၊ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ် ရတဲ့ ပညာရှိခေါ် ထိုက်၏၊ မှတ်ထိုက်၏။

အရိယာပညာရှိကား၊ သောတာပန်စသော အရိယာ လေးယောက်တို့နှင့် မြတ်စွာဘုရားကို သိရမည်၊ ယူရမည်၊ ပညာအမြဲ၊ မင်္ဂလာအမြဲတည်ကြ၏။ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ရတဲ့ ပညာရှိခေါ် ပညာရှိမှတ်။ ရှားတယ်။

၃၈-ပါး မင်္ဂလာတရားပြည့်စုံလျှင်၊ အထက်တန်းပညာမှတ်။ ဗာလကိုခုမတွဲနဲ့၊ ပညာရှိကိုမှီဝဲ။ ဗာလကိုတွဲလျှင်-အမင်္ဂလာမှတ်။ ပညာရှိကိုမှီဝဲမှသာ မင်္ဂလာ၊ ဥတ္တမမင်္ဂလာမှတ်။ ပုဒ်ပြတ်။

....×....

## ပူဇော်ထိုက်သူကိုသာပူဇော်။

လူမိုက်ကိုပူဇော်လျှင် အကျိုးမဲ့မှတ်၊ အချို့ပြောသံ ကြားဘူးတယ်၊ လူမိုက်ပေမဲ့ ပေါင်းထိုက်တဲ့နေရာ ရှိသေးတယ်၊ ပေါင်းရအုံးမယ်၊ အသုံးကျတဲ့နေရာ ရှိသေးတယ်ဆိုဒါ၊ ဒီလိုပြောတဲ့ ယူတဲ့လူဟာ လူမိုက်ထက် ပို၍မိုက်၏၊ ဘာ့ကြောင့် အမင်္ဂလာ ဖြစ်လို့ ဘုရား၏ရန်သူ အဗုဒ္ဓဘာသာမှတ်။ ပဏ္ဍိတကိုသာပူဇော် ရမည်။ သို့မှ မင်္ဂလာဖြစ်နိုင်မည်။

ပဋိရူပ ဒေသဝါသောစ၊ ပုဗ္ဗေစ ကတပုညတာ။

အတ္တသမ္မာပဏိဓိစ၊ ဧတံ မင်္ဂလ မုတ္တမံ။

ဘောဒေဝပုတ္တ၊ အိုနတ်သား။ ပဋိရူပဒေသဝါသောစ၊ တင့်အပ် လျောက်ပတ်သော အရပ်၌ နေရခြင်းသည် လည်း ကောင်း။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ကတပုညတာစ၊ မိမိပြုခဲ့ဘူးသော ကောင်းမှုရှိသောသူ၏ အဖြစ်သည်လည်းကောင်း။ အတ္တသမ္မာ ပဏိဓိစ၊ မိမိကိုယ်ကိုကောင်းစွာဆောက်တည်ရခြင်းသည်လည်း ကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသုံးပါးသောတရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော၊ မင်္ဂလာ၊ မင်္ဂလာမည်၏ဟူ၍ တွ°၊ သင် နတ်သားသည်၊ ဂဏှာဟိ၊ မှတ်လေလော။

၁။ ရတနာသုံးပါး ပြည့်စုံသောအရပ်၌နေရမည်။
၂။ ရှေးကုသိုလ်ကံကြောင့် ဖြစ်လာရတယ် - သိသို့ - သိဘပ်ပြု - တိုက်တွန်း။
၃။ မိမိကိုယ်ကို သတိ - သမာဓိရှိ၍ ဖြောင့်မှန်သောတရားကို လိုက်နာရမည်။

## ထပ်ပြီး လူပြိန်းသိဘို့ရှင်းမယ်။

ရှေးကဖေါ်ပြသော အနက်သဘောတို့သည်၊ ယခုခေတ်၌ အသုံးစကားခြင်း ကွဲကြသဖြင့် တရားကိုသိဘို့ဖယ်၊ စကားကိုပင် နားလည်ဘို့ခဲယဉ်းဘယ်မှတ်၊ နားလည်မှ မင်္ဂလာပြည့်စုံမည်။

၁။ တင့်အပ် လျောက်ပတ်သောနေရာ၌ နေရမည်ဆိုတာ အရေးအကြီးဆုံးမှာ၊ ပဏ္ဍိတရှိသောနေရာ ဌာနကိုမှတ်၊တနည်း-ရတနာသုံးပါးစသော မိဘဆရာတို့နှင့် ပြည့်စုံသော ရပ်ရွာ၊ မြို့ရွာကို နေရမည်မှတ်၊ ၎င်းနေရာဌာနမျိုး၌နေလျှင် လောကီစီးပွား ချမ်းသာ လောကုတ္တရာခေါ် မင်္ဂလာစီးပွားပြည့်စုံနိုင်သည်.... မင်္ဂလာတပါး။

၂။ ရှေးဘဝ၌ ပြုခဲ့ဘူးသော ကောင်းမှုရှိသောသူဆိုဒါ၊ ငါ ယခုလူ့ဘဝသို့ ရောက်လာရဒါ - ဒုလ္လဘခေါ်တယ်၊ ရခဲတဲ့ ဘဝသို့ ရလာခြင်းအကြောင်းရင်းကား၊ ရှေးဘဝက ကောင်းမှုကုသိုလ်ထူးရှိလို့ "စိုင်ကောဲလို့ချုပေါ်ရောက်" ဆိုဘာလို ပြုခဲ့သောကံကောင်းကို သတိရစေရမည်။ ဒီလိုလူဖြစ်ခိုက်မှာ ရတနာ သုံးပါးရှိတဲ့ သာသနာတော်တည်ရာဌာန၌ ဒါန, သီလ, ၂-ပါး တို့နှင့်မရ မကြုံ မသိရသေးသော တရားစစ် တရားမှန်ကို ပဏ္ဍိတ

ထံမှာ ဆည်းကပ်ကိုးကွယ်၍အားထုတ်မယ်လို့ သိမှုမင်္ဂလာတပါး။

၃။ မိမိကိုယ်ကို ကောင်းစွာဆောက်တည်ဆိုဒ္ဒါ။ ။

ထင်ရှားအောင်ရေးပြီ၊ မြှုခဲ့ဘူးသော ကောင်းမှုကုသိုလ်ကြောင့် အပါယ်လေးပါးကလွတ်လို့ သာသနာတော်တွင်း၌ လူဖြစ်လာရ၏၊ လူဖြစ်ပေမဲ့ အိုနာသေ မလွတ်သေး လွတ်မြောက်ဘို့ သီလသမာဓိနဲ့ ပြည့်စုံအောင် ဆောက်တည် ကျင့်သုံးရမည်မှတ်။ သီလသမာဓိမှတဆင့်၊ ပဏ္ဍိတထံ၌ ဝိပဿနာ ပညာစခမ်း အထိ သင်ကြား၍ အရိယာဖြစ်အောင်ကြိုးစားမှုသာ ဘုရားဟောတော်မူသော ကြက်သရေမင်္ဂလာ အမြတ်ဆုံးနဲ့ ပြည့်စုံကြမည်မှတ်။ မင်္ဂလာတပါး။ (ပေါင်း ၃ - ပါး)

....+....

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော။

သုဘာသိတာစ ယာဝါစာ၊ ဧတံမင်္ဂလမုတ္တမံ။

ဗောဓေဝပုတ္တ၊ အိုနတ်သား။ ဗာဟုသစ္စဉ္စ၊ အကြားအမြင်များသောသူ၏ အဖြစ်သည်လည်းကောင်း။ သိပ္ပဉ္စ၊ အပြစ်မရှိသော အဘတ်ပညာတို့ကို တတ်ရခြင်း သည်လည်းကောင်း။ သုသိက္ခိတော၊ ကောင်းစွာသင်အပ်သော။ ဝိနယောစ၊ ဝိနည်းတရားသည်လည်းကောင်း။ သုဘာသိတာ၊ ကောင်းစွာဆိုအပ်သော။ ယာဝါစာစ၊ အကြင်စကားသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသောတရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော၊ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော။

၁။ အကြားအမြင် များရမည်။
၂။ အပြစ်မရှိ - အတတ်ပညာသင်ရမည်။
၃။ ဝိနည်းတရားကိုကောင်းစွာသင်ကြားရမည်။
၄။ စကားကောင်းကိုပြောဆိုတတ်ရမည်။

....*....

ရှင်းပြီ။

၁။ ဘယ်လိုအကြားအမြင် များရမလဲ။ ။ပဏ္ဍိတ, က ဆိုဆုံးမသော လောက၌ နေရေး စားရေး စသော လိမ္မာမှု၊ အပါယ်လေးပါးသို့ ပြန်၍မကျစေသော လိမ္မာမှု မင်္ဂလာတရားကို ဆိုသည်မှတ်။ မင်္ဂလာတပါး။

၂။ ဘာလဲ အပြစ်မရှိသောအတတ်။ ။အကုသိုလ်ဖြစ်တဲ့ အတတ်ပညာကို မသင်ရမှတ်၊ သမ္မာအာဇီဝခေါ် ကောင်းသော အသက်မွေးမှု စင်ကြယ်သော အတတ်ပညာတို့ကိုသာ ပညာရှိ၏ စကားကို နားထောင်၍ သင်ကြားရမည်မှတ်။ မင်္ဂလာတပါး။

၃။ ဝိနည်းတရားကို ကောင်းစွာသင်ဆိုတာ။ ။နားလည် စမ်းပါ။ လူဝတ်ကြောင်များအဘို့ - ငါးပါးသီလ ကျင့်သုံးရ မည်၊ တခါတရံ၌၊ စွမ်းနိုင်သလောက် ရှစ်ပါးသီလခေါ် ဉပုသ် သီလ တမျိုး။ ရှစ်ပါးသီလခေါ် အာဇီဝဌမက - သီလတမျိုး။ ဆယ်ပါးသီလ တမျိုးတို့ကို လေ့လာကျင့်သုံးရမည်မှတ်။ သင်္ကန်း ဝတ် ရှင်ရဟန်းတို့၌ ဝိနည်းငါးကျမ်း အာဏာဒေသနာတော် အရ သင်ကြားကျင့်သုံးခြင်းကို မင်္ဂလာခေါ်သည်မှတ်။ ဂန္ထဓုရ

ဝိပဿနာရှုရ ၂ - ပါးကို ကျင့်သုံးရမည်၊ အားထုတ်ရမည်။ အချို့ အယူမှာ လူဝတ်နဲ့ ဝိနည်းငါးကျမ်းသင်ရမည်။ သို့မှ ရဟန်းတွေ၏ အပြစ်ကို သိရမည် ပြောသံကို ဆရာကိုယ်တိုင်ကြားဘူးတယ်၊ ဒီလိုအပြစ်ရှာဘို့သင်လျှင် အမင်္ဂလာမှတ်။ နိဗ္ဗာန်ကိုရဘို့သင်ကြားလိုပါက ပိဋကတ်သုံးပုံကို မည်သူမဆို အခေါက်ခေါက် သင်ကြားနိုင်သည် ပုဒ်ပြဘ်မှတ်။ မင်္ဂလာတပါး။

၄။ ကောင်းသောစကားကို ပြောဆိုရမယ်။ ။ဘာကိုလဲ မိမိ၏ပဏ္ဍိတ ဆိုဆုံးမဘူး၊ ပြောဆိုဘူးသော နိသျှည်းကို မှီး၍ သူတပါးတို့နှင့် ပြောဆိုရာ၌ သာယာနာပျော်ဘွယ်သော အပြစ်လွတ်ကင်းသော စကားကိုသာ ဆိုရမည်။ လိုရင်းမှာ ဝစီဒုစရိုက်မဖြစ်စေရန်ပြောဆိုခြင်းကို ကောင်းသော သမ္မာဝါစာ ဟုသိ၊ မင်္ဂလာတပါး။

....×....

မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿသင်္ဂဟော။
အနာကုလာစ ကမ္မန္တာ၊ ဧတံမင်္ဂလမုတ္တမံ။

ဘာဒေဝပုတ္တ၊ အိုနတ်သား။ မာတာပိတု၊ အမိအဘတို့ကို။ ဥပဋ္ဌာနဥ၊ လုပ်ကျွေးမွေးမြူရခြင်းသည်လည်းကောင်း။ ပုတ္တဒါရဿ၊ သားမယားတို့အား။ သင်္ဂဟောစ၊ သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်၎င်း။ အနာကုလာ၊ အနှောက်အယှက် မရှိကုန်သော။ ကမ္မန္တာစ၊ အမှုတို့ကိုပြုရခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသုံးပါးသော တရားသည်လျှင် ဥတ္တမံ၊ မြတ်စွာသော၊ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော။

၁။ မိဘ - ၂ ပါးကို လုပ်ကျွေးမွေးမြူရမည်။
၂။ သားမယားတို့အား ဝတ္တရားကြေစွာ ဆောင်ရွက်ကျွေးမွေးရမည်။
၃။ မင်းစိုးရာဇာတို့ အပြစ်ကင်းလွတ်သော ပြုလုပ်မှုတို့ကိုသာ လုပ်ကိုင်စားသောက်ရမည်။

....+....

## ထပ်ရှင်းလိုက်မည်။

တသက်လုံးမဆင်းရဲ။ ။ပင့်သခွေ့ လွယ်၍ မွေးဖွားပြီးနောက် - မျက်စိအမြင်ကြသားဘဲ၊ သိဘတ်တဲ့အရွယ်ကျလျှင် သိကြစမ်းပါ၊ ခုဘဲသိပါ၊ ခုဘဲပြုစုပါ၊ အမိနဲ့ အဘကို ခုမမေ့နဲ့ ခုချက်ခြင်း တတ်နိုင်သလောက် ငွေဖြစ်စေ၊ အထည် အဝတ်ဖြစ်စေ၊ ခုသွားပေး၊ ခုဘဲလက်ငင်းပစ္စည်း တိုးတက်မည်။ ဒါဘဲ သောတ္တာနံမှတ်။ ။သောတ္တာနံ၊ စီးပွား ချမ်းသာခြင်း၏ အကြောင်းဆိုတာ သင်ဘူးရုံမဟုတ်ဘူး၊ ရွတ်ဘတ်ရုံမဟုတ်ဘူး၊ ခုကျွေးဇူးဆပ်၊ ခုမင်္ဂလာမှတ်။ ဒါမှဗုဒ္ဓဘာသာမှတ်။ တွေးစမ်း၊ တိုင်ပင်စမ်း၊ ပရိသတ်ပညာရှိ ဗိုလ်တွေကို ဘိတ်ကြားပြီး။

ခုမင်္ဂလာဆွေးနွေးပိုင်းလုပ်စမ်းပါ
မင်းတွေ - သူဌေးတွေ - ကျောင်းဆရာတွေ
ရှင်ရဟန်းတွေ - ခုမင်္ဂလာ အဖွဲ့တွေ
စည်းဝေးတိုင်ပင်၍ ဟောပြောကြစမ်းပါ။
သာသနာပြုတယ် - သာသနာအဖွဲ့ ဖွဲ့တယ်ဆိုတာ
ဒါသာသနာမှတ် - ဒါဗုဒ္ဓေါဝါဒအစစ်မှတ်။

(မိဘကျေးဇူးမသိလျှင် — မင်္ဂဖိုလ် နိဗ္ဗာန်ကို ဘယ်ခါမှမရ ပုဒ်မြတ်မှတ်)

## မာတာပိတု ဥပဋ္ဌာနံ - မင်္ဂလာ၃၅

ဆရာ၏ အသိဉာဏ်အမြင်မြတ်မျှ ရေးမယ်။ ပဋိသန္ဓေ ကိုယ်တိုင် လွယ်ကြရတယ်၊ သူများလွယ်ဒါ မြင်ဘူးတယ် မဟုတ်လား။ အမိ၏ဒုက္ခ၊ ခုကိုယ်ချင်းစာ။ စာဘတ်တဲ့ယောဂီဟာ၊ ဘုရားတကာလား၊ ကျောင်းတကာလား၊ သီလသယ်လား၊ ဝိပဿနာယောဂီလား၊ မင်းလား၊ သူဌေးလား၊ ဆင်းရဲသားလား၊ ဗုဒ္ဓဘာသာလား၊ လူလယ်၊ လူနုပ်-လူပါးလား၊ လူပညာရှိလား၊ နိုင်ငံကျော်ခမ္မကထိကလား၊ ကိုရင်သာမဏေလား၊ မင်္ဂလာအဖွဲ့ဝင်တွေလား၊ မင်္ဂလာသင်တဲ့ဆရာသား၊ မင်္ဂလာကျမ်းပြုဆရာလား၊ ရွာကျောင်းနေရဟန်းလား အရည်ဝါသီ - တောမိုတဲ့ရသေ့လား၊ ရဟန်းလား၊ အရိယာ သောတာပန်ထင်တဲ့လူလား၊ ပထမကျော်အောင်တဲ့လူလား၊ ပိဋကတ်သုံးပုံသင်ဘူးတဲ့လူလား။

အမိ၏ဒုက္ခခံရပုံကို၊ ကိုယ်တိုင်မသိလျှင် မြင်ဘူးတာတွေနဲ့ ပြန်ဟပ် အကြောင်းပြန်တွေးစဉ်းစား၊ ဒါပစ္စယ ပရိဂ္ဂဟဉာဏ်မှတ် (ခက်တယ်) မွေးဖွားပြီးနောက် - လူလားမမြောက်မခြင်း ကျင်ကြီး ကျင်ငယ်မှစ၍ - ကောင်းကောင်းမအိပ်ရ၊ မစားရ၊ လောကစီးပွားကို ကောင်းကောင်းမရှာနိုင်၊ လေးဘဘက်နဲ့ ချက်ပြုတ်မှု အလုပ် လုပ်ရမှု (မိခင်ကိုရေးသလောက် ဖခင်ကိုလဲ အတူတူမှတ်။)

## စာဘတ်တဲ့ယောဂီ-အသင်ဗုဒ္ဓဘာသာဖြစ်လျှင် အဇာတသတ်ဝတ္ထုကို-ကြားဘူးရမည်။

မိဘကိုသတ်ဘယ်၊ သူ့သားလေးကိုတော့ ပွေ့ဘက်မြူးတူး လျက် ကြည်ဖြူလျက် နမ်းရှုပ်ပြီး မြူနေဆဲ။ ။

**မေးပုံ။** ။မယ်တော် ကျွန်တော့် ဘခင် ဒီလိုများ ချစ်ကဲ့ လား။ မယ်တော်က အမောင်ချစ်သား-ငါ့သားငယ်စဉ်က လက် ညှိုး၌ သွေးကူနာပေါက်တယ်၊ ငါ့သားအိပ်ပျော်လျှင် လက်နာ၌ သွေးပြည်ကိုက်ပြီး နိုးမှာစိုးလို့ ငါ့သားအိပ်ရေးဝအောင် အိပ် စေဘို့၊ မောင့်ဘခင် အရိယာရှင် ဘုရင်ချစ်ပုံ-လက်ညှိုးကို ပါးစပ်နဲ့ ငုံပြီး ငါ့သား၏လက်ညှိုးက မပြတ်ထွက်နေတဲ့ သွေးပြည်ပုတ် တွေကို-

## ငါ့သားမောင် မငိုရအောင် မင့်ဘခင် မျိုချတယ်။

အဇာတသတ်က ဩော်ဒီလိုသား၊ ဒါဖြင့် ဘခင် ထောင်က လွှတ်စေ-အမိန့်လဲပေးပြီး၊ ထောင်တွင်းက ဘခင်ရင်းလဲ သေပြီ ဆိုတဲ့ သတင်းလဲ ကြားရဘယ်၊ ဒီဘခါမှ-ငါမှားလေခြင်းဆိုပြီး ရှိုက်ကြီးတငင် ငိုပွဲကြီးဆင်။ ဘုရားထံ၌ ဘယ်လိုဘဲကြည်ညို၊ ဘယ်လိုဘဲတရားနာ၊ သေလျှင်-ငရဲကျ၊ ယခုလောဟကုမ္ဘီငရဲမှာ အနှစ် "၆၀၀၀၀" ခံနေရပြီယောဂီတို့မင်္ဂလာအဖွဲ့တို့ဒါ တဲ့တဲ့ ရှင်းရှင်း လိုရင်းကိုဘဲရေ လိုက်ဘယ်။

( ၃၊ ဒုတိယအကြိမ် )

## မွေးမိခင် မေတ္တာ သမုဒ္ဒရာ။

ကလေး ၅ ယောက်ရှိမိခင်။ ။မိမိ၏ဘခင်က နောက်မိန်းမယူသည်ဖြစ်စေ၊စွန့်ပြစ်၍သွားသည်ဖြစ်စေ၊ဒီကလေး ၅ ယောက်ကို ဘယ်လိုပင်ဆင်းရဲပေမဲ့ မငတ်အောင် လူချင်းတူအောင် မွေးနိုင်တယ်မှတ်။ ၁၀-ယောက်မက ဘယ်သူမှမငတ်ရဘူး-ပုဒ်ပြတ်မှတ်။လူဗာလ လူအန္ဓ-တွေးခဲ့လေစွ။သိခဲ့လေစွ၊ရိုးကမေးရင် ဗုဒ္ဓဘာသာပြောမယ်။ မင်္ဂလာကိုရေးနေတယ်၊ပြန့်ဘတ်၊နွေးနွေးဘတ်၊ မိမိ၏ ဂုဏ်ကျေးဇူးကိုမသိလျှင်၊ ကျေးဇူးကိုမဆင်လျှင်၊ မိဘကင်းမဲ့သော ဗာလမှတ်၊ဒီဗာလဟာ ခုဘေးမျိုးစုံတွေ့ရမယ်၊ နောင်ကို ဖယ်ပါဉာဏ်သွားစမ်းပါ၊ အပိ၏မဟာမေတ္တာမှာ၊ သားသမီးက-ပြန်ဆဲ၊ပြန်ရိုက်၊ ခေတ္တဘဲစိတ်ဆိုးတယ်မှတ်၊ သားသမီး အသက် ၄၀-ရှိ၊ ကုဋ္ဌနူနာဖြစ်စေ၊ ကလေးနာဖြစ်စေ၊ ကြည့်ရဲကြယ်ရဲ ပြုစုခဲ့တယ်မှတ်။ ငါ၏ရင်သွေး ငါကမွေးတယ်လို့ဆိုတာ သေပြန်လျှင်လဲ ဘယ်ခါမှမမေ့ဘူး။

(ကိုယ်ချင်းစာဘတ်၊ဇာတသတ်၊ခုဆပ်ကျေးဇူးဂုဏ်)

## ဘယ်လိုလုပ်ကျွေး—မွေးမြူရမှာလဲ၊

မိဘကလုပ်ကျွေးသလို - မွေးမြူသလိုမှတ်၊ ရေးပြို၊ ကြွေးဟောင်းကို ပြန်ဆပ်ကြရမည်၊ ချမ်းသာပြည့်စုံသလောက် အိမ်-တိုက်-ပြဿာဒ်-ဘုံ-နန်း-စသည်ဖြင့် ရွှေချမှုန်စီလျက် ဗိမာန်နဲ့ ထားရမည်၊ အချိုအချဉ်စသော အရသာမျိုးစုံတို့ကို အသက်အရွယ်နှင့် သင့်လျော်အောင် ကျွေးမွေးရမည်။ မိမိတို့ကိုယ်တိုင်နင်းနှိပ်ခြင်း၊ အညစ်အကြေးကို စင်ကြယ်အောင် ရေနွေး ရေဧ

စသည်တို့ဖြင့် ဆေးကျောသုတ်သင်လျက် မွေးမြူရမည်။ အမွေး အကြိုင်တို့ဖြင့် ကိုယ်တိုင်လိမ်းကျံရမည်၊ ဒါကိုဘဲ မွေးမြူခေါ်တယ်မှတ်။ မိမိကိုမွေးဘိသကဲ့သို့ ကျေးဇူးဆပ်ပြန်မွေးယူရမည်၊ လောကဝတ် ကျေပြွန်ရမယ်၊ ကိုယ်တိုင် အကြောင်းမညီညွတ်က အစေခံလားရှိကြည့်ရှုရမည်၊ တရားတော်များကို အားထုတ်နိုင်စေရန် အလိုကိုလိုက်၍၊ ရိုသေကြည်ဖြူရမည်၊ တနေ့အနဲဆုံး ၂ ကြိမ်ဦးချရှိခိုးရမည်၊ မိမိကာဘုရားတော်ကိုနားလည်းသလောက် သတိပေးဟောပြရမည်၊ ဒါ "မာတာပိတု ဥပဋ္ဌာနံ မင်္ဂလာ" မှတ်။

....X....

## သားမယ ားကို သင်းဂြိုဟ်ထောက်ပန့်
## လင်ယောကျ်ားကိုလဲ သင်းဂြိုဟ်ထောက်ပန့်

သင်္ဂြိုဟ်ထောက်ပန့်ဆိုတာ ရှေးစကားမှတ်။ ။သမ္မာအာဇီဝခေါ် အကုသိုလ်အဖြစ် ကင်းလွတ်သော အလုပ်အကိုင်မျိုးဖြင့်၊ ပြုစုကျွေးမွေးခြင်းကို မှတ်ပါ။ (ဂုဏ္ဍိဒွေ) အခြားမိန်းမတို့နှင့် ပျော်ပါးလိုက်စား ကြူးလွန်းခြင်း။ (သုရာဒွေ) မူးရစ်သော အရက်၊ ဘိန်း စသည် တို့ကို သောက်စား ကြူးလွန်းခြင်း။ (ဒ ကွ ိဒွေ) ကျဲတိုက်ပွဲ၊ နွားတိုက်ပွဲ၊ လှေပွဲ၊ လဲပွဲ၊ မြင်းပွဲ၊ ဖဲပွဲ၊ လောင်းကစား၊ အမျိုးမျိုးတို့ကို ပျော်ပါးလိုက်စား ကြူးလွန်းခြင်း လွှတ်ကင်း၍၊ ကုန်ရောင်းကုန်ဝယ်-ကုန်သည်အလုပ်စသော ပညာရှိတို့ဆုံးမသည့်အတိုင်း သမ္မာအာဇီဝခေါ်ကောင်းသော

အသက်မွေးမှုဖြင့် ရှာဘွေလုပ်ကိုင်၍ ရသောပစ္စည်းဥစ္စာတို့နှင့် သာ သားမယားတို့ကို ကျွေးမွေးထောက်ပန့်ရမည်မှတ် သား မယားဆိုသဖြင့် လင်နှဲ့သားသမီးကိုလဲ ၎င်းနည်းအတိုင်း ဝတ္တရား ငါးပါးစီ ကျေရမည် သို့မှ မင်္ဂလာဖြစ်မည်မှတ်။

## အနှောက်အယှက်မရှိသောအမှုပြုရမည်။

ဘယ်လိုအနှောက်အယှက်လဲ၊ မိဘ ၂-ပါးကို၎င်း၊ လင် သား မယား သားသမီးတို့ကို၎င်း၊ မင်္ဂလာနဲ့ညီစွာ လုပ်ကိုင် ပြုစုသော အရာခပ်သိမ်းတို့၌ မင်းစိုးရာဇာတို့၏ မကြိုက်မနှစ်သက်မှု၊ အခြား သူတို့အား စိတ်၏ညှိုငြင်ဆင်းရဲမှုကို မထိခိုက်အောင် ပြုလုပ်မှုကို ဆိုလိုသည်မှတ်။

....×....

ဒါနဉ္စ ဓမ္မစရိယာ၊ ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။

ဘောဒေဝပုတ္တ၊ အိုနတ်သား။ ဒါနဉ္စ၊ အလှူပေးရခြင်း သည်၎င်း၊ ဓမ္မစရိယာစ၊ မြတ်သောအကျင့်ကို ကျင့်ရခြင်း သည်၎င်း၊ ဉာတကာနံ၊ အဆွေအမျိုးတို့အား။ သင်္ဂဟောစ၊ သင်္ဂြိုဟ် ထောက်ပန့်ရခြင်းသည်၎င်း၊ အနဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ ကမ္မာနိစ၊ အမှုတို့ကိုပြုရခြင်းသည်၎င်း၊ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤ လေးပါးသောတရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍၊ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ် လေလော့။

၁ အလှူဒါနပြုရမည်။
၂ နိဗ္ဗာန်ရောက်တရားကိုကျင့်။
၃ ဆွေမျိုးတို့အား ပေးကမ်းထောက်ပန့်ရမည်။
၄ အပြစ်မရှိသောအမှုကို ပြုကြရမည်။

## ဒါန၁၀ အစီပွါယ်
## မင်္ဂလာအလှူ ဘယ်လိုလှူမလဲ မူလပဏ္ဏတခေါ်
## ပညာရှိ၏ နိသျှည်း

၁ အကုသိုလ်လွတ်ကင်းရှာဖွေ၍ရသော၀တ္ထုငွေ။
၂ မိမိစိတ်စေဘနာပြုစင်စေရမည်။
၃ ပဋိသန္ဓေ နေခြင်းမရှိသော နိဗ္ဗာန်ကို ရစေခြင်းငှါ။
၄ တရားအမှန်ကို ကျင့်သုံးသောပညာရှိ အလှူခံဖြစ်စေရမည်။
၅ တံတွေးပေါက်ကိုပြန်မထည့်၊ ပြန်မကြည့်ဘိ သကဲ့သို့၊ ရက်စက်စွာ စွန့်ရမည်။
၆ အလှူပေးဆဲ၌ သီလထူးစောင့်ရှောက်ရမည်။
၇ ပဂ္ဂိုလ်မြတ်တို့ကို အမှူးထား၍ ပုဂ္ဂိုလ်မရွေး ပေးလှူရမည်။
၈ မိမိခန္ဓာကိုယ်ကို မမြဲသော သဘောဟုသိပြီး လှူရမည်။
၉ အလှူခံတို့၏ ခန္ဓာကိုယ်လဲ မမြဲသော သဘောဟုသိပြီး လှူရမည်။
၁၀ အလှူဝတ္ထုပစ္စည်းတွေလဲ မမြဲသော သဘောဟု သိပြီး လှူရမည်။

၁၁ လောကီဂုဏ်သူများ၏အလိုကို မလိုက်ရ၊ အတုမခိုးရ။
၁၂ ပညာရှိ၏လူနည်းကိုသာ မှတ်သားရမည်။

ယောဂီဒါနအချက်အရေးကြီးဘယ်၊ စဉ်းစားဘတ်၊ အချို့ အယူရှိ၏၊ ဒါနသည် နိဗ္ဗာန်မရဘူးလို့ ဟောကြ၏၊ ပြောကြ၏၊ မလှူဘဲနေကြ၏၊ ဒီအယူ-မင်္ဂလာမရှိ။ ။ပဏ္ဍိတသေဝနာဆိုဒါ နိဗ္ဗာန်လမ်းပြ ပုဂ္ဂိုလ်ကို ခေါ်သည်မှတ်။ ထိုဆရာမြတ်၏ အမိန့်တော်အတိုင်း ပေးလှူပါက နိဗ္ဗာန်ရတယ်မှတ်။ လောကဥ္စ အလှူ ပေးတိုင်း ပွဲသဘင်တွေနဲ့ ဝက်ဘဲ-ကြက်တွေ-နွားတွေ-ငါးတွေ သတ်ရ၍၊ ဂုဏ်ရှိသူတွေကို နေရာကောင်းပေး၊ ဂုဏ်ယုတ်နိမ့်သူ တွေကို အရေးမလုပ်ခြင်း၊ ထိုကဲ့သို့ စသည်ဖြင့် သူဌေးစည်းစိမ် မင်းစည်းစိမ်တွေဆုတောင်းပြီး လှူကြခြင်းတို့သည် နိဗ္ဗာန်မရဒါ မှန်၏၊ ဒါနမပါယ်ရ၊

**နိဗ္ဗာန်ရဘို့ အလုပ်မှာ ပညာရှိ နိသျှည်း**
**လောကအလုပ်မှာ ပညာရှိနိသျှည်း။**

....+....

## ဒါနပြုလုပ်ခြင်း

ငွေ-၁ဝဝိ၊ ၁ဝဝဝိ၊ ၁ဝ၁ဝဝိ၊ ၁ဝဝဝ၁ဝိ၊ စသည်တို့ကို ပေးလှူနိုင်မှ ဒါနပြုလုပ်နိုင်သူဟူ၍ပုထုဇဉ်တို့အယူရှိကြကုန်၏။ ။ မိမိတို့မှာ ရှိသောအဝတ်အဆည် လယ်ယာကိုင်းကျွန်း ဥယျာဉ် အိမ် ကျောင်းစသော မည်သည့်ဝတ္ထုပစ္စည်း မဆို ပေးကမ်း စွန့်ကြဲခြင်းဘို့လဲဒါနမှဘ်။ ပိုက်ဆံ တပြား နှစ်ပြားစသည်ဖြင့်

ဘယ်လိုဘဲနဲ့နဲ့ ဒါနမှတ်။ ပန်းသစ်သီး သစ်ရွက်တို့ကို ပေးလှူခြင်းကိုလဲ ဒါနမှတ်။ တိုင်းပြည် မြို့ရွာ ထီးနန်း စည်းစိမ်တို့ကို လှူနိုင်ခြင်းကိုလဲ ဒါနမှတ်။ သားမယား မျက်စိ၊ နှားစသော ကိုယ်ခန္ဓာအသက်တို့ကို ပေးလှူခြင်းလဲ ဒါနမှတ်။

ရှင်ပြုလျှင် ပိုက်ဆံကုန်မှ ရှင်ဖြစ်တယ်မထင်နဲ့
လောကီဂုဏ်ကိုသာ လို၍ပြုကြသော ဒါနဟူသမျှ တွေ့။
ပဏ္ဍိတာ ပညာ မင်္ဂလာနဲ့ မညီပါက နိဗ္ဗာန်ကိုဝေးစွ
လူနတ်တို့၏ စည်းစိမ်ကိုပင် မရ အပါယ်လေးပါးသို့
ရောက်တတ်သည့် (ဒါနဥ္စကိုသတိပြုကြ)

**သာသနာပြုမင်း။** ။သီရိဓမ္မာ သောက မင်းကြီး သည် ရဟန္တာ မောဂ္ဂလိပုတ္တ မထေရ်၏ဒါယကာ (မဟိန္ဒမင်းသားနဲ့ သင်္ဃမိတ္တာ) မောင်နှမ၊ ရဟန္တာတို့၏ ဘခင် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ အလွန်ထင်ရှား၏၊ အထက်ကောင်းကင်သို့ အမြင့် တယူဇနာ၊ အောက်မြေတွင်း၌ တယူဇနာ စိုးပိုင်၏၊ နတ်နဂါး ကျေးငှက် စသည်တို့ပင် မင်းကြီးအားသာ၍ အခွန်ဆက်သကြရ၏။

စေတီပေါင်း ၈၄၀၀၀

ကျောင်းပေါင်း ၈၄၀၀၀

ဇမ္ဗူဒိပ်ကျွန်း၌ အလှူကြီးပေးလှူ၏ ဘုရားဒါယကာကြီး- ကျောင်းတကာကြီးဖြစ်သည်မှတ်။ ယခု မြန်မာပြည်တပြည်လုံး အလှူရှင်များစွာတို့ လှူကြသောဒါနတွေကို စုပေါင်း၍ရေတွက်၊ ထိုမင်းကြီး တယောက်၏ ဒါနကို မှီဘို့ခဲယဉ်းပါတယ်၊ အတုသဲခိုး၊ ချွတ်ယွင်းချက်ကိုလဲ သတိထားကြ။

သိရှိခမ္မာ သောဇာမင်းကြီး
စပါးကြီးမြေပြိုတ္တာ ဖြစ်တာ
ဘာကြောင့်ဖြစ်ပါလိမ့်မယ်။
သေခါနီး ဘာကို ဇောစောလို့ပါလိမ့်
ဒီဒါနဟာ နိဗ္ဗာန်မရသော် လူ့ပြည်
နတ်ပြည်မှာ ဖြစ်ဘို့ကောင်းတယ်၊
ဒီမင်းကြီးဟာ နိဗ္ဗာန်ကို ဘယ်တော့မှ ရမှာလဲ
ဒီမင်းကြီး အန္ဓလား ကလျာဏလား
စုဋ္ဌသောတာပန်လားသားနဲ့ သိမ်းကတော့ ရဟန္တာ။

## ဝိုင်းဖွဲ့ စည်းဝေး တိုင်ပင် ဆွေးနွေး။

တယောက်ထဲသဲ သဓာဘာပေါ်အောင်တွေးကြ။ ယောဂီပါးနပ်ရင် သူမျှားမြောက်တိုင်းမလုပ်နဲ့ မွဲတတ်တယ်၊မင်္ဂလာနဲ့ ညီအောင်လုပ်။

## ကျွမ်းဂန် ဥပဒေမှာ ပါတယ်။

ကျောင်းပေါင်း သိန်းများစွာ စေတီပေါင်း သိန်းများစွာ ပေးလှူသော အာမိသဒါနခေါ် ပစ္စယဒါနသည် သာသနာတော်ကို ပြုစုဆောင်ရွက်ရာ မမည်။ သာသနာ အဓွန့်ရှည်စွာ တည်စေခြင်းငှါမဟုတ်၊ မြန်မာပြန် နားလည်ဘို့ရာ-နိဗ္ဗာန်ရဘို့ စေတနာထားပြီး ကျောင်းဘုရားစေတီ စသည်တို့ကို ပေးလှူရင်ကော စာဒကဝင်လျှင် ပဏ္ဍိယထံက နိသျှည်းရလျှင် စာဒကဝင်နေစရာမလို၊ ပုဒ်ပြတ်။

ပဏ္ဍိတ ဘာလဲ ပညာရှိမှတ်
ပညာရှိက ဘာပညာလဲမေး
မင်္ဂလာကို အပြည့်အစုံ နားလည်
သိ-ပိုင်-ကျင့်သုံး ညီညွတ်သော
ပုဂ္ဂိုလ်ကိုမှတ် တနည်း
မြတ်စွာဘုရားကြီး၏ဩဝါဒကို
အစ-အလယ်-အဆုံး အသိ နားလည်
နားထောင်သော-မဂ္ဂင်ပိုင်သူကိုမှတ်။

....+....

## ဓမ္မစရိယအဓိပ္ပါယ်။

နိဗ္ဗာန်ရဘို့ တရားကိုကျင့်ရဘယ် ဆိုဒါ ဘာတရားလဲ ရှင်းရှင်း မှတ်လိုက်၊ သီလ,သမာဓိ,ပညာ ၃ စားကိုမှတ်ရမည်။ ထို့ပြင် မရှိဘူး၊စာဘတ်တွဲ ယောဂီ အထူးသတိပြုပါ၊မင်္ဂလာကိုကွဲခဲ့တယ်။ ပညာရှိတွေထံသို့ပြောပြပါ။ ရင်းစာအုပ်ကို ဘတ်ပြပါ။ဟုတ်ချင် ခုအားထုတ် ကိုယ်ဘို့မှတ်ပါ။ အတိုချုပ်မှာ သီလ,သမာဓိ, နှစ်မျိုးပြည့်စုံက ဒုစရိုက် တဒင် ငြိမ်းမည်၊ အလွန်ဆုံး တဘဝ ငြိမ်းနိုင်မည်၊ ပုထုဇဥ်သူတော်ကောင်းမှတ်။ အမြစ်မပြတ်ဘူး ပညာရှိထံကပ်လို့ ပညာရှိဖြစ်မှ နောက်ထပ် ဒုစရိုက်တို့ မပေါ် မလာမှတ်။ ပါဠိလို ပညာမှသာ အနုသယခေါ် ကိန်းအောင်း၍ နေသော မိစ္ဆာဒိဋ္ဌိ-သက္ကာယဒိဋ္ဌိ-အတ္တဒိဋ္ဌိ ကင်းပြတ်မည် မှတ် လေ။

## ပညာဆိုတာ ဘာလဲ-ဝိပဿနာတရားအစစ်မှတ်
## ဒေါက်တာ-သိန်းငုံ့အိုး

....×....

### ဥာတကာနညွှသင်္ဂဟောအဓိပ္ပါယ်

ညီအစ်ကို မောင်နှမ သားချင်း တော်စပ်သူတို့ကို ဆွေမျိုးမှတ်။ စားမှု နေမှု အစုစုမှာ၍ ပေးကမ်း ချီးမြှင့်ဘို့ ဝတ္တရားကို သိရမည်။ တတ်စွမ်း နိုင် သလောက် ကြည့်ရှုထောက်ပန့်ရမည်၊ ကူညီဆောင်ရွက် လုပ်ကိုင်ရမည်မှတ်။ လျစ်လျူရှု၍ မနေရ။ သို့မဟုတ်က မင်္ဂလာတပါး ပျက်သည်။ လက်ငင်း အကျိုးမှာ ကိုယ်ချင်းမစာပါက မိမိနဲ့ကြုံတွေ့သော ဒုက္ခဖြစ်ခိုက်မှာ ဆွေမျိုးများက လျစ်လျူရှုနေတတ်သည်။ စိတ်ဆင်းရဲရမည်။ ကေန်မှတ်။ မမေ့ကြနဲ့ ခုဘဲပေးကမ်းဆောင်ရွက်ကူညီ လုပ်ကိုင် ချစ်ခင်ရင်းနှီးစွာနေကြရမည်၊

မြတ်စွာဘုရားပွင့်ရဒါ - လောကမှာ
လက်ငင်း သတ္တဝါတွေ ချမ်းသာဘို့
သဗ္ဗလောက ဟိတတ္တာယ - အချီးစကားမှာ
ပါခဲ့ပြီ၊ ဘုရားမြွက်တာ တရားမင်္ဂလာမှာ
အလုံးစုံမကောင်းမှု အကုသိုလ်တို့ကို
မဖြစ်စေဘို့မှတ်။ သဗ္ဗပါပ ဝိနာသနံ တဲ့
ရှေ့ကရေးခဲ့ပြီ။ ပြန်ဘတ်။ စာကြည့်မပေါ့နဲ့
ပွဲကြည့်တဲ့အခါ အာရုံစိုက်ဘိသကဲ့သို့

ကျမ်းစာ အဘိုးတန် ကြည့်တဲ့အခါ
နည်းတူ အာရုံပြုပါ မင်္ဂလာ

စဉ်းစားသော် ခု တွေးမိပါတယ်။ ။ပုထုဇဉ်တို့၏ ဓမ္မတာ အလေ့ လှူဒါန်းကြပုံ၊ မိမိတို့၏အပိုင်း ရပ်ကွက် - ရွာ - မြို့— နယ်စသည်တို့ကို ပင့်ဘိတ်၍ မည်သည့်ဒါနမျိုးမဆို ပြုလုပ်ကြလျှင် လာတဲ့ပရိသတ်တွေကို ကျွေး၏။ ပေး၏။ စွန့်ကြဲ၏။ နွေးနွေးဘတ်ပါ။ တရား၊ တဆောင်၊ တသောင်း စသည်ဖြင့် ချမ်းသာသလောက် ပြုလုပ်လှူဒါန်းကြသော ဓမ္မတာ အလေ့ရှိ၏။ ကုန်ကုန်ခမ်းခမ်း ထမင်းရည်ချောင်းစီးအောင် ၇ - ရက်၊ ၇ - လီ ကျွေးကြ၏။ လှူရေးယ် - လှူကြတော့။ စောဘနာ ကောင်းလို့ ရှိက နိဗ္ဗာန်ရကြောင်းဟုတ်သည်။

ဒီလို သဘောကဝင်ပြီး မေးလျှင်
မေးထိုက် မမေးထိုက် ခုစဉ်းစားစမ်း ။

ဆရာက-ဆရာ၏မိဘများကို မေးပြီး။ ငွေ- ၁၀၀၀၀ဝိ- ကုန် အလှူပေးမည် ကြံစီနေတဲ့ဆရာ၏ မိဘများကို ဒီလိုမေးလျှင် မိခင် ဘခင်တို့ ယခု ၁၀၀၀၀ဝိ - ကုန် အလှူပေးမှာ ကျွန်တော်တို့ ညီအင်ကို မောင်နှမ တွေကို ပေးမှာလား။ တနည်း - တဝမ်းကွဲ စသော အမိဘက်ဆွေမျိုးကုန် အဘဘက်က ဆွေမျိုးအစုံတွေကို စုဝေါင်းပင့်ဘိတ်၍ ဒီငွေ ၁၀၀၀၀ဝိ- ကိုဖြစ်စေ။ ငွေ ၁၀၀၀၀ဝိ ကုန် အစား အသောက် အဝတ် အထည်ဖြစ်စေ၊ ကိုယ်စီကိုယ်ငှ ဝေခြမ်း မျှတ၍ ပေးမှာလား - မေးတယ်။ ။မိဘက ဟာ.... ကပ်သီး ကပ်သဏ် ထွင့်ထွင့် ညှပ်ညှပ် မစပ်မဖါ ဓမ္မတာမဟုတ်

တို့ကား ဘယ်မျှင် ဆင်းရဲစေကာမူ ပိုက်ဆံရှိက တထောင်ကုန်, တသောင်းကုန် ငွေကို အကုန်ခံလျက် အများကိုသာ ပေးလှူရမယ် မှတ်ကြဒါမျှား၏ အကြောင်းထူးရှိတော့ သား သမီးတွေက ရှေ့က အသေခံရ မည်မှတ်။

(ပုတ္တဒါရဿ သင်္ဂဟောနဲ့ - ဥာတကာနဥ္စ သင်္ဂဟောကို မင်္ဂလာဖြစ်ဘို့သတိပေးသည်။)

## အနဝဇ္ဇာနိ-ကမ္မာနိ အခိပ္ပါယ်။

အပြစ်မရှိတဲ့အမှု ပြုရမည်ဆိုတာ ဘယ်လို အမှုမျိုးတွေလဲ စဉ်းစားကြပါ ဝေဘာန်ကြပါ အကုသိုလ်ခေါ် ဒုစရိုက်ခေါ် သီလ ချွတ်ယွင်းသောပြုမှုခေါ် ဒီလိုအမှုတွေကိုမပြုရ။ ရှင်းပြီ။ ။ ဒါနပြုလုပ်လျှင် နိဗ္ဗာန်ရဘို့ ရှေးကပြခဲ့သော နည်းအတိုင်းပြုလုပ် ဒါနပြုလုပ်ရင်း အပြစ်မျိုးစုံပါတတ်ဘယ် အန္တရာယ်ဘို့ ပြုကြဘဲ့ ဒါနအပြင်စုံပါတယ်။

## လှူမိုက်အလှူ၊ပေးပါမူ၊ရှယ်ခြူဖိုလ်မင်္ဂ၊မပါ ရက်၊မှားဘက်ကိုသာ၊ကြဉ်လည်ရာတည်း။

သီလဆိုဒါ-ငါးပါး-ရှစ်ပါး စောင့်ကြရှိး၊စောင့်လျှင် အဆင်း လှဘို့။ အသက်ရှေဘို့။ ဘယ်ကသူဟောဟော-ဘယ်သူကဆုပေး ပေး-နားမထောင်ရ။ သမတောင်းရ နောက်ဘဝ၌ ဘာကောင် ဖြစ်ပါစေသား။,ဘယ်လိုကြီးကျယ်တဲ့စည် စိမ်ကြီးကို ခံစားရပါ စေသား နိဗ္ဗာန်မရခင် စပ်ကြား ဒါတွေနားမထောင်နဲ့. ဒါတွေ ပါလျှင် ဘုရားဟောသော ဝိဝဋ္ဋဒါန ဝိဝဋ္ဋသီလမဟုတ်မှတ်။

# (ရှုတ်လို့ ရှင်းမယ်)

အနာကုလာစကမ္မန္တာက=လောကအပြစ်
အနဝဇ္ဇာနိကမ္မာနိက=တမလွန်အပြစ်
ဒီလိုမှ မင်္ဂလာကိုနားလည်မည်
အချို့ရေးကြဟောကြတယ် ဒီ ၂ ပုဒ်မျိုးတူနေတယ်
ဒီလိုတူလျှင်မင်္ဂလာ ၃၇ ပါးဖြစ်နေမှာပေါ့ခဉ်းစား။

....X....

အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာစ သံယမော၊
အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။ ။

ဘောဒေငပုတ္တာ၊ အိုနတ်သား။ ပါပါ၊ မကောင်းမှုမှ အာရတိ၊ ဝေးစွာရှောင်ကြဉ်ရခြင်း သည်၎င်း။ ဝိရတိစ၊ အထူး သဖြင့် ရှောင်ကြဉ်ရခြင်းသည်၎င်း။ မဇ္ဇပါနာ၊ သေရည်သေရက်ကို သောက်စားခြင်းမှ။ သံယမောစ၊ ကောင်းစွာရှောင်ကြဉ် ရခြင်း သည်၎င်း၊ ဓမ္မေသု၊ ကုသိုလ်ကောင်းမှုတို့၌။ အပ္ပမာဒေါ၊ မမေ့မလျော့ရခြင်းသည်၎င်း။ အတ္တိရှိ၏၊ ဧတံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တွ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော။

၁ မကောင်းမှုကို အဝေးကရှောင်ခြင်း။
၂ အတွေ့မှာရှောင်ခြင်း။
၃ မူးရစ်စေတတ်သောအရက်စသည် ကိုရှောင်ခြင်း။
၄ နိဗ္ဗာန်ရဘို့-ကုသိုဘ်ပြုမှုကိုမမေ့ခြင်း။

လိုရင်းမှာ။ ။အကုသိုလ်ဒုစရိုက် မဖြစ်အောင် သီလ ခံယူခြင်း။ မခံယူပေမဲ့ အမြဲ စောင့်ရှောက် ထားခြင်းကို သီလ အာရတိမှတ်။ သတ်မှု-ခိုးမှု-စသည်တို့နှင့် ကိုယ်တွေ့ရင်ဆိုင် ကြုံကြိုက်၍၊ မသတ်ဘဲ-မခိုးဘဲ-ရှောင်ကြဉ်ခြင်းကို၊ သီလဝိရတိမှတ်။ ရတနာသုံးပါးကိုမေ့ခြင်း၊ မိဘများကိုမေ့ခြင်း။ သော မူးရစ်သော အရက်စသည်တို့ကို မသောက်ရ မစားရ။

## အချို့စောဒကတက်ကြတယ်။

အကုသိုလ်ကို အဝေးကရှောင်ကြဉ်ပါက — အာရတိသီလ၊ ကိုယ်တွေ့မျက်မြင် အနီးကပ်လျက် လက်တွေ့ရှောင်ကြဉ်လျှင် ဝိရတိ သီလဖြစ်သော်လဲ၊ ငါးပါးသီလထဲမှာ အရက်ရှောင်ပြီး ပါကလား.... ဘာကြောင့် သေရည်သေရက်ကို ကောင်းစွာရှောင်ကြဉ်ပါလို့ ဘုရားပညတ်ရသလဲမေးလျှင်....

ဒီလိုဖြေပါ။ ။ဒုစရိုက် ၁၀ ပါးထဲမှာ သုရာမေရယ သိက္ခာပုဒ်မပါလို့။ ။တနည်း။ ။ငါးပါးသီလထဲမှာ သုရာမေရယ ပါ၏။ ဒီသုရာမေရယ မဇ္ဇ ပမာဒဋ္ဌာနာ သိက္ခာပုဒ်ကို နောက်ဆုံးထား၍ ပညတ်တော်မူသည်မှာ....

ဌာနာပုဒ် အချုပ်ကိုဝေဘန်ရမည်။ အရက်ဘိန်း စသည်တို့ကို သောက်စားပျော်ပါး မူးရစ်သောသူတို့သည်၊ သူ၏ အသက်ကို သတ်ဘို့- ခိုးဘို့- သူပိုင်သားမယားကိုပြစ်မှားဘို့- လိမ်လည်လှည့်ဖျား ပြောဆိုဘို့ရာလွယ်၏။ ၎င်းလေးပါးကို ပြုလွယ်နိုင်တဲ့သတ္တိရှိ၏။ အရှက်အကြောက် အလုံးစုံကင်း၏၊ သို့အတွက် ငါးပါး

သီလထဲမှာ ဧငိးသိက္ခာပုဒ်က သာ၍အပြစ်ကြီးကြောင်းကို ဘုရားဟောတော်မူသည်မှတ်။

အကုသိုလ်ကောင်းမှု၌ မမေ့ရဆိုဒါ။ ။အကျဉ်းချုပ် ဘုရားဆည်းကပ်မှု - တရားတော်မမေ့မှု - သံဃာတော်တို့ကို ပူဇော်မှုမှတ်လိုက်။

တနည်း။ ။၁ ဒါနအလှူပေးပါ။
၂ သီလ အကုသိုလ်ရှောင်ပါ။
၃ ဘာဝနာ သမထဝိပဿနာအားထုတ်ပါ။
၄ အပစာယန ရိုသေထိုက်သူရိုသေ။
၅ ဝေယျာဝစ္စ ကူညီဆောင်ရွက်ပါ။
၆ ပတ္တိဒါန မိမိ၏ကုသိုလ်ပြောပြပါ။
၇ ပတ္တာနုမောဒန သူတပါးတို့၏ ကုသိုလ်မှု ဝမ်းမြောက်ပါ။
၈ ဓမ္မသာဝန တရားအစစ်အမှန်ကိုသာနာယူပါ။
၉ ဓမ္မဒေသနာ မိမိက တရားအမှန်ကိုသာ ဟောပြပါ။
၁၀ ဒိဋ္ဌိဇုကမ္မ အယူဖြောင့်စွာပြုလုပ်ပါ။

လူ့ဘဝ ပဒေသာပင် သာသနာဝင် ဖြစ်ခိုက်မှာ၊ ဒီလိုမင်္ဂလာတွေကိုမမေ့ပါနဲ့၊ ဆရာပြုလုပ်သူတို့က တပည့် တကာ- တကာမ- တို့အား အမြဲတန်းဆုံးမပါ။ ဒါနပြုတိုင်း၊ ဥပုသ်သီလစောင့်တိုင်း၊ ဒီမင်္ဂလာဝိပဿနာကိုဟောပြပါ။ သာသနာ ပြုတယ်ဆိုဒါ

ဒီမင်္ဂလာကိုနားမလည်ကြလျှင်၊ သာသနာဘယ်ခါမှ ပြုလို့ မဖြစ်ဘူးမှတ်ကြ။ မင်္ဂလာတရားပျက်လျှင် ကပ်သုံးပါးဆိုက်မည်မှတ်။ တိုင်းပြည်၊ မြို့ရွာ ပျက်စီးကြရမည်မှတ်၊ ပျက်စီးနေတယ်—ခုဝိုင်းဖွဲ့စဉ်းစား။

ဆုံးမသူကား။ ။လူကြီး - မိဘ ဆရာ၊ အစိုးရမင်းတို့တာဝန်မှတ်။ ဒီလူကြီး၊ မိဘ၊ ဆရာ၊ အစိုးရ တို့က မင်္ဂလာမရှိလျှင် လူငယ်တွေ၊ သားသမီးတွေ၊ ဆင်းရဲသားတွေ ခုဆင်းရဲ သေလျှင် ငရဲကျမည်မှတ်။

မင်္ဂလာ သုတ်ကို နားမလည်တာက နိဗ္ဗာန် မရမှတ် ပုဒ်ဖြတ်။

....×....

ဂါရဝေါစ နိဝါတောစ သန္တုဋ္ဌီစ၊ကတညုတာ၊

ကာလေန ဓမ္မဿဝနံ၊ ဧတံမင်္ဂလမုတ္တမံ။ ။

အဘာဒေဝပုတ္တာအိုနတ်သား။ ဂါရဝေါစ၊ ရိုသေထိုက်သောသူကို ရိုသေရခြင်းသည်၎င်း။ နိဝါတောစ။ မိမိကိုယ်ကို နှိမ့်ချရခြင်းသည်၎င်း။ သန္တုဋ္ဌီစ၊ ရောင့်ရဲလွယ်ရခြင်းသည်၎င်း၊ ကတညုတာစ၊ သူပြုဘူးသော ကျေးဇူးကိုသိရခြင်းသည်၎င်း၊ ကာလေန၊ သင့်တင့်လျောက်ပတ်သောအခါ၌။ ဓမ္မဿဝနဉ္စ၊ သူတော်ကောင်းတရားကိုနာရခြင်းသည်၎င်း။ အတ္တိ၊ ရှိ၏။ဧတံ၊ ဤငါးပါးသောတရားသည်လျှင်၊ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော။

၁ ရှိသေထိုက်သူကို ရှိသေပါ။
၂ မာနစိတ်ကို အမြဲ တန်း လျှော့ပါ။
၃ ဖြစ်သလို ကြုံတွေ့သမျှနဲ့ နေပါ။
၄ သူများ၏ ကျေးဇူးမမေ့နဲ့ ပြန်ဆပ်ပါ။
၅ တရားအမှန်ကို ကြားလျှင် ခုနာပါ။

၁။ ။ရှေးခေါ်ရေကာ အနက်အတိုင်း နားလည်သူကား တသိန်းမှာ တယောက် ရှိခဲလှ၏။ မင်္ဂလာကို အဓိပ္ပါယ် နားမလည်လို့ မင်္ဂလာ ပျက်ကြတယ်မှတ်။

ဘုရား-ဘုရား-သံဃာ-မိဘ-အစ်ကို-အစ်မ-လူကြီး- လူကောင်း တရားစစ်ကို ကျင့်ကြံအားထုတ်သူ တရားနဲ့ ညီသော မင်း အပေါင်းတို့ကို ရှိသေပါ၊ ကိုင်းရှိုင်းပါ။ ဗုဒ္ဓဘာသာလူမျိုးတို့ မိရိုးဖလာထုံစံမှာ ကန်တော့ဝိုင်းဖူးမျှော် မာန်လျှော့ဟု ဆိုကြ ရ၏၊ ၎င်းဆိုရိုးသည် ရှေးအရိယာ ပညာရှိကြီးတို့၏ မင်္ဂလာ နည်းစနစ်ဟု သိထားပါ။

၂။ ။မာနရှိသူသည် အများမုန်း၏၊ လက်ငင်းမကောင်း ကျိုးပေးတတ်၏၊ သေလျှင် အပါယ်လေးပါးသို့ ကျရမည်၊ ခက်တယ်၊ သောတာပန် များတောင် မာနရှိသေးသည့်အတွက် ဇာတိ ပဋိသန္ဓေ ဒုက္ခမှ မလွတ်ရ။ ကြောက်ဘို့ကောင်းသည်မှတ်။ ခုရှော့။

စိတ်ကြီးဝင်ခြင်း သေွးမြင့်ခြင်း။
မောက်မာခြင်း မော်ကြွားခြင်း။
ငါသာတရားဟော ကောင်းတယ်။

ငါသာ ကျမ်းရေးတတ်တယ် ထင်လုံးကို
မာနလို့ ပါ၍ခေါ်မှတ်လိုက်။

၃။ ။သန္တုဋ္ဌိ-ရောင့်ရဲလွယ်၊ ရေးသုံး။ ။ကိုင်း ခုကာလ နောက်လူတွေမေးပြီ။ ဒီလိုဟောပြပါ၊ ဖြေပါ၊ သင်ကြားပါ။ စားမှုဝတ်မှုစသောလူ၏ဒုက္ခ ဝတ္ထုရားမျိုးစုံနဲ့ တွေ့ရတဲ့ဘဝ စီးပွါးရှာမှုမပြတ်၊ရလိုက်၊ ကုန်လိုက်၊ရှာလိုက် ဂုဏ်ပြိုင်လျှုလိုက် ဂုဏ်မြှိုင်ဝတ်တယ်၊ စားတယ်၊ အိမ်၊ တိုက်၊ လှေ၊ လှည်းကျွဲနွား၊ ရွှေ၊ငွေ၊ စိန်၊ ကျောက်၊ လယ်၊ ယာ၊ ဥယျာဉ်၊ ... ဘောဂကား၊ သဘော၊စသည်တို့ကိုသဲ သူထက်ငါ အပြိုင် အဆိုင် ပြုလုပ်ကြရ တယ်၊ ရှာလို့မလောက် ပြည့်စုံပေတဲ့ တင်းမတိမ်ဘူး၊ဒါ ဗာလ မှတ်။မာနမရှိ ပဏ္ဍိတ၏ဘဝပည့်ကား မိမိ၏ခုရမှုနဲ့ တိုင်းထွာ၍ အသုံးနဲ့ အဖိုးကိုနားလည်၍ အရနဲ့ အကုန်၊ အစုံနဲ့ အဆန်၊ နားလည်၍ အိုနာ ဒုက္ခစုံတွေကိုမြင်သိ၍၊ ကိုယ့်ဂုဏ်နဲ့ ကိုယ် လိုက်၍၊သူများကိုလုံးဝ အတုမခိုးမူ၍၊ မင်္ဂလာနဲ့ညီက စီးပွား ချမ်းသာခြင်းအကြောင်းဆိုဒါကို....

မင်္ဂလာကျောင်းမှာနေခဲ့ဘူး၍
မင်္ဂလာဘာသာ မင်္ဂလာဝါဒအတိုင်း
မင်္ဂလာတိုင်းပြည် မင်္ဂလာမြို့ရွာ
မင်္ဂလာဘုရား၏သြဝါဒ သန္တုဋ္ဌိမင်္ဂလာအရ

သင့်သလိုစား-သင့်သလိုဝတ် သင့်သလောက်နေအိမ်ဆောက် မောက်မှုမော်ကြွား လူမိုက်စကားမယုံဘဲ၊ ပညာရှိဂုဏ် အတုခိုး၊ ကိုယ့်ကိုယ်ကိုအားကိုး၊ အစားမျိုးဆိုဒါ စားသလောက်မစင်

မှတ်။ ဝတ်သလောက် အသုတ တုံးတန်ဆာလို့သိ၊ ကိုယ်မှာမရှိတော့ မျက်နှာငယ်၊စားစရာမရှိမှို့ရှာလယ်ရတယ် ယောဂီတို့ရဲ့။ ဖြစ်သလိုနဲ့ဝတ်၊ ရသမျှနဲ့စား၊ ရှိသမျှနေပါလို့ ဆိုဒါကို အဖြောင့်မလွဲရအောင်၊ရှောင့်ရဲခေါ် သန္တုဋ္ဌိကို၊ သမ္ဗုဒ်အမည် ဘုရားဂေါတမကလျှောက်ထားသောသိကြား၊ဟောပြတရားကို သောတနားသိဂ်ိဳရတနာ၌၊ မသေခင်အချိန်မှီစွာ သတိပြုကြတော့။

သန္တုဋ္ဌိဘာလဲ-ဖြစ်သလိုပေါ့
ဒီလိုမင်္ဂလာနားလယ်ရင်-ခုဝန်ပေါ့တယ်

၄။ ခြောဲ င့ါမှာသူကပြုထားတဲ့ ကျေးဇူးရှိပါပေတယ်လို့ စိတ်ဆိုးပြေလျှင်တွေးမိကြရိုး၊ ဒီလိုသိပါ။ သိရုံနဲ့မနေနဲ့ ခုပြန်၍ ကျေးဇူးဆပ်ပါ၊ စောင့်ရှောက်ပါ၊ ကူညီလိုက်ပါ၊ တတ်နိုင် သလောက် ပိုက်ဆံ အဝတ် အထည် ထောက်ပင့်လိုက်ပါ။

ဒီအချက် မိဘမှတပါး အများကျေးဇူးတွေကောင်းပါ။

မိဘအတွက်က ရှေ့ကရေးခဲ့ပြီ၊ တွေးမနေနဲ့-မရှုပ်နဲ့။

၅။ ဓမ္မဿဝနံပုဒ်။ ။ဒီမင်္ဂလာ အရေးကြီးတယ်။ ပေါ့ပေါ့မယူကြနဲ့။သင့်တင့်လျှောက်ပတ်သောအခါ၌၊တရားတော်ကို နာရမယ်ဆိုဒါ၊ မြန်မာပြန်ရေးပြီ။ တယောက်နဲ့ တယောက် တိုင်ပင်၊ ကိုယ့်အိမ်သားကိုခုဟောပြပါ။

ဗုဒ္ဓဘာသာလူမျိုးဆိုလျှင်
နိဗ္ဗာန်ကိုအမြန်ရလိုလျှင်
ပိဋကတ်သုံးပုံတတ်တယ်ဆိုလျှင်

မသာမကျော်အောင်တယ်ဆိုလျှင်
နိုင်ငံကျော်ဓမ္မကထိကဆိုလျှင်
ကျမ်းပြုဆရာကြီးထင်လုံးရှိပါက
မင်္ဂလာအဖွဲ့အသင်းလူကြီး ခေါင်းဆောင်လုပ်လိုပါက
မင်္ဂလာတရားကို ပြန့်ပွားစေလိုပါက
ဗုဒ္ဓရာဇာမင်းစစ်လိုပါက
သာသနာဘဝက် မင်းကောင်းအဆက်ဆက်တွေ့လိုပါက

မိမိတို့၏အောက်သူငယ်သားတို့ကိုမဆုံးမမှီ၊ ကိုယ်တိုင်တို့က ဒီကျမ်းကိုရေးတဲ့ဆရာနဲ့တကွ ခုစဉ်းစား ခုဘိုင်ပင် ခုအစည်း အဝေးပြု၊ ခုခဆွးနွေး၊ ခုတိဘ်ခေါ်၊ ခုသတင်းစာထဲမှာထည့်၊ ခုအသံလွှင့်၊ ခုဘဲဘာမြို့တရွာတနယ်ဘို့သို့၊ အရပ်တိုင်း အိမ်တိုင်း၊ တို့သို့ပြောပါဟောပါနှိုးဆော်ပါ စာရွက် စာတန်းဒေတွေဝေပါ၊ ဗုဒ္ဓဘာသာ သင်ခဏ်းစာဥ်ခုသုံးပါ၊ ကျောင်းတိုင်း အိမ်တိုင်း၌ နေ့စဉ် ညစဉ်ရွတ်ပါ။

မင်္ဂလာတရားကိုအချုံးကျမေးပါဖြေပါ။

ကာလေန ဓမ္မသဝနံ ကာလေန သင့်တင့်လျောက်ပတ်သော
အခါ ဘယ်အခါလဲ။

၁ သာသနာတွင်း အခါမှတ်။
၂ သပ္ပုရိသ ဆရာအစစ်နဲ့ တွေ့ဆဲမှတ်။
၃ ဝိပဿနာတရားသန့်သန့် ဟောဆဲမှတ်။
၄ နာမ်ရုပ်ခန္ဓာအာယဲတနခတ်ဟောခဆဲမှတ်။

၅ မိမိကိုယ်ခန္ဓာ၌သစ္စာ ၄ ပါးကို ဟောပြဆဲမှတ်။
၆ အနဲဆုံးဒီခန္ဓာ ဒုက္ခကို ပေါ်ပြဆဲမှတ်။
၇ သက္ကာယဒိဋ္ဌိကွာဘို့ ဟောဆဲမှတ်။
၈ မနုံသတ္တဒုလ္လဘာ လူဖြစ်ဆဲမှတ်။
၉ မအိုခင် မနာခင် မသေခင် ကျန်းမာဆဲမှတ်။
၁၀ လသာတုံး ဘိုင်းငင့် မိုဃ်းရွာတုံး ရေခံ။

အခါပေါင်း (၁၀) ချက်မှတ်။

အဘိဓမ္မာတရားကိုသာ နာပါ၊ အနိစ္စ ဒုက္ခ အနတ္တကို သဘော ပေါက်အောင် နာပါ၊ အပါယ်လွတ်ဘို့၊ ဇာတိပဋိသန္ဓေပြန်ပြီး မနေရဘို့၊ တကယ်အာရုံပြုပြီးနာပါ။

....×....

ခန္တီစ သောဝစဿတာ၊ သမဏာနဉ္စဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံမင်္ဂလမုတ္တမံ။ ။

ဘောဒေဝပုတ္တ၊အိုနတ်သား။ခန္တီစ၊သည်းခံခြင်းသည်၎င်း သောဝစဿတာစ၊ သူတော်ကောင်းတို့ ဆိုဆုံးမသောစကားကို နားလွယ်သော သူ၏ အဖြစ်သည်၎င်း။သမဏာနံ၊ ရဟန်းပုဏ္ဏား တို့အား။ဒဿနဉ္စ၊ဖူးမြင်ရခြင်းသည်၎င်း။ ကာလေန၊ သင့်တင့် လျောက်ပတ်သော ခါ၌။ ဓမ္မသာကစ္ဆာစ၊ တရားဘော်ကို ဆွေးနွေး မေးမြန်းရခြင်းသည်၎င်း။အတ္ထိ၊ ရှိ၏ ဧတံ၊ဤ ၃ ပါး သောတရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊မင်္ဂလာ မည်၏ဟူ၍၊ တွံ၊သင်နတ်သားသည် ဂဏှာဟိ၊ မှတ်လေလော့။

အညစ်အကြေးစင်ကြယ်ပြီးဖြစ်လို့၊မြူစင်ပြီးဖြစ်လို့ ပုဏ္ဏားဘို့၏ အဝတ်ဖြူနဲ့ စိတ်ဖြူစင်ပုံတူသဖြင့် ဖြပ္ပဏာသဒ္ဒါ၌၊ ရဟန်း ရဟန္တာ - ပုဏ္ဏားဟူ၍ ခေါ်ဆိုကြသည်မှတ်။

သီလဝန္တ ပုထုဇဉ်ကို သမဏမှတ်။

သောဘာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာကို သမဏမှတ်။

ရဟန္တာ ရဟန်းကို ဖြပ္ပဏာမှတ်။

ရဟန်းတို့ကို ဖူးမြင်ရမယ် ဆိုဒါ ရှင်းရှင်းရေးမည်။

အရှိအသေပြုရမည်။

သဒ္ဒါကြည်ညိုစိတ် ထားရမည်။

ရှိခိုးဖူးမြော်ရမည်။

ဖူးမြင်တိုင်း သီလ သမာဓိ ပညာဂုဏ်တို့ကို ချီးမွမ်းရမည်-ဝမ်းသာရမည်။

မိမိလဲ ရဟန်းဖြင်မှုကို ကျိုးစားရမည်မှတ်။

မဟူဒါကို မကြည့်နဲ့၊ သီလ သမာဓိ အဝတ်ပရိက္ခရာ တူတာကို ကြည့်ကြ။

၄။ ကာလေနဓမ္မသာကစ္ဆာ။ ။အခွင့်အခါကောင်းကို ရှာ၍ တရား ဆွေးနွေးတိုင်ပင်ရမည်မှာ အခွင့်အခါဆိုဒါ နေ့အခါ စီးပွားရှာ ညမအိပ်မှီ အိပ်ချိန်မတိုင်မှီ။ အခွင့်ကောင်းမှတ်။

တလလျှင် ၄ - ကြိမ်၊ ၂ - ကြိမ်၊ ၁ ကြိမ်၊ သို့မဟုတ် ညစဉ်။ ။တနည်း။ ။နေ့အခါတို့၌ ၂-ယောက်ဖြစ် စေ၊ အများသဘောတူရာ ပညာရှိ သူတော်ကောင်း

တို့နဲ့ ဖြစ်စေ၊ ။ဆွေးနွေးမေးမြန်း စုံစမ်းဝေဘန် ဆင်ခြင်
ရမည်၊ ခုလုပ်ပါ။

သီသကိုမေးဖြေ။ သမာဓိကို မေး-ဖြေ၊ သံသရာဝဋ်ဒုက္ခ ကြောက်လည်ပုံကို သံဝေဂဖြစ်အောင် မေး-ဖြေ။ ၃၁ ဘုံတို့၏ ဒုက္ခ လက္ခဏာတို့ကို မေး-ဖြေ၊ ခန္ဓာကို ဒုက္ခကို ပဋိသန္ဓေကလလ ရေကြည်ကစ၍ ယခုတိုင်ဒုက္ခမျိုးစုံတို့ကို ပေါ်လွင်အောင်မေး-ဖြေ။ ထွက်မြောက် ဘို့ရာ သမာဓိဝိပဿနာတွဲဘက်၊ ဘာဝနာဘာရားကို မေး-ဖြေ၊ သက္ကာယဒိဋ္ဌိ ကွာဘို့ မေး ဖြေ။ ဒုက္ခခပ်သိမ်း ငြိမ်းသော နိဗ္ဗာန်ချမ်းသာ၏ အကျိုးကျေးဇူးကို မေး-ဖြေ။

ဘုရားဟော တရား အစစ်တွေ ကိုသာ မိမိ ယခု သိဘို့
ယခု အပိုင် လက်ငင်းရဘို့ကိုသာ မေး-ဖြေ ဝိုင်းပြုလုပ်
ကြရမည်၊ ခုသ - သနာ ကြီးပွါးမည်မှတ်။

သုတ္တံ ဒေသနာတော်၌ နမူနာထားခဲ့သော အရိယာ ဖြစ်ကြတဲ့ ဇာတ်ထုပ်တွေကို မေးရမည် ဖြေရမည်။ မိမိအရိယာဖြစ်ဘို့ ထားခဲ့တယ်လို့ ခု ပါးနပ်ပါ။ ခု လိမ္မာပါ။

### သေရက်နီးပြီ အထူးသတိပြုကြ။

သုတ္တံ ဇာတ်လမ်းဘွေ အရိယာ ဖြစ်ဘို့တွေ။ ။ဘနည်း သံဝေဂရဘို့တွေ၊ ဘုရားဆုံးမခဲ့သည်မှတ်၊ အသံကောင်းနဲ့ ဟန်ကောင်းနဲ့၊ အလွမ်းအဆွေးနဲ့၊ အရှူရှိုက်နဲ့၊ ဘယ်လိုဘဲ အဟောကောင်းကောင်း၊ မိမိတို့ကိုယ်ဘိုင်၊ သမ္မာဒိဋ္ဌိဉာဏ်ကို ရဘို့အရေးကြီးစွာဆွေးနွေးဝိုင်း၊ သင့်တော်သလိုအချိန်ထား၍ ကြိုးစားကြရမည်၊ ဗုဒ္ဓဘာသာ မင်္ဂလာလူမျိုးအပေါင်းတို့၊

မင်္ဂလာကို ယခုလိုနားလည်က ဘယ်လိုဝါဒမျိုးမှ မိမိ
စိတ်ကို လှဲ့စားလို့မရမှတ်၊ ပုဒ်ပြတ်။

....x....

တပေါစ ဗြဟ္မစရိယဥ္စ၊ အရိယသစ္စာန ဒဿနံ၊
နိဗ္ဗာန သစ္ဆိကိရိယာ၊ ဧတံမင်္ဂလမုတ္တမံ။ ။

ဘောဒေဝပုတ္တ၊ အိုနတ်သား။ တပေါစ၊ ခြိုးခြံစွာကျင့်ရ
ခြင်းသည်ရင်း။ ဗြဟ္မစရိယဥ္စ၊ မြတ်သောအကျင့်ကိုကျင့်ရခြင်း
သည်ရင်း။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ ဒဿနဥ္စ၊ သိမြင်
ရခြင်းသည်ရင်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာကို။ သစ္ဆိကိရိယာစ၊
မျက်မှောက်ပြုရခြင်းသည်ရင်း။ ဧတ္တံ၊ ရှိ၏။ ဧတံ၊ ဤလေးပါး
သောတရားသည်သျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာ
မည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော။

၁။ အရိုးအရေ သွေးသားကုန်ခမ်းစေ နှလုံးပြု၍ကျင့်ပါ။
၂။ အရိယာများသိသော အကျင့်အလစ် ပဋိပတ်ကိုအားထုတ်ပါ။
၃။ အရိယာသစ္စာလေးပါးကိုသိပါ၊ တကယ်ဉာဏ်နှင့်မြင်ပါ။
၄။ ဘေးမရှိချမ်းသာစစ်နိဗ္ဗာန်ကိုမှချမျက်မှောက်ခံစားရမည်မှတ်။

၁။ တပေါစ-ခြိုးခြံစွာ အကျင့်ဘယ်လိုလဲ။ ။တရားဟော
လျှင်အများနားလည်မှ၊ ဓမ္မကထိကများ သတိထားဘို့။ ခြိုးခြံကို
ခု ၁၅ — နှစ်သားမေးမါ၊ လူကြီးတိုင်းလဲ မသိပါဘူး၊ တရား
ဟောလျှင်၊ သူများနားလည်အောင်ဟောပါ။ မေးလျှောက်လျှင်
သည်းခံပါ။ မာနမခက်ထန်ပါနဲ့၊ မိမိတတ်တိုင်း ပါဠိများများ

ကြီး မရှုတ်ပါနဲ့။ တရားအသားမရောက်မီ၊ စကားတွေမြောချင်တိုင်း မပြောပါနဲ့၊ ဥာဏ်ငယ် - ဥာဏ်လတ် - ဥာဏ်ကြီး - ဥာဏ် ၃ မျိုးအထူးသတိပြုဘို့၊ တရားကို အစ - အဆုံး ဟောပြတတ်ဘို့ အရေးကြီးသည်။

တရားဟောတိုင်း ဓမ္မကထိက ဟုတ်ခဲတယ်။

၁။ ခြိုးခြံစွာကျင့်ရမည်။ သမထ ကမ္မဋ္ဌာန်းကိုမှတ်ပါ၊ ရဟန်းတော်များမှာ၊ ဗလိဗေါဓ ၁၀ ပါးကို ပယ်ခွါ၍ ကျင့်ကြရမည်၊ လူဝတ်ကြောင်များမှာ ဥပနိဿျ ပဏ္ဍိတထံ၌ ရယူမှတ်သား၍ အားထုတ်ရမည်မှတ်။ သမထ ၄၀ တို့တွင်၊ အာနာပါန ခေါ် ထွက်သက် ဝင်သက်ကို အာရုံတည်ကြည်စွာ စိတ်ထား၍ နှစ်လုံးသွင်းရမည်မှတ်။ အစားအသောက်တို့ကို မိမိနေအိမ်ကဲ့သို့ စားချင်တိုင်း မစားမူ၍၊ သင့်တင့်သလောက် စားသောက်နေထိုင်၊ အဝတ်ကိုနည်းတူ၊ ရှေးသုံးစကား ခြိုးခြံစွာကျင့် ခေါ်သည်မှတ်ကြ။

ကာယဂတာသတိ - ကမ္မဋ္ဌာန်း၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း တို့ကို ကျမ်းဂန်ဥပဒေ စီးကမ်းနဲ့ညီစွာ၊ မကောင်းစိတ်တို့ကို ပပျောက်စေဘို့ အကျိုးကို မြှော်လင့်ရမည်၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကို အာရုံပြုရမည်။ ကိုယ်စိတ်ပင်ပန်းအောင်ကျင့်တာကို တပေါစ မဟုတ်ဘူး၊ ခက်တယ်။ ကျမ်းဂန်မှာပါတဲ့ သမထ နည်းမှန်ကို ပဏ္ဍိတအစစ်ထံ၌ အားထုတ်ပါ၊ သို့မဟုတ်က စိတ်လေတတ်၏။ ရူးတတ်၏၊ လက်ငင်းဒုက္ခဖြစ်တတ်၏။

ကျမ်းဂန်ကို တကာယ်မတတ်မူ၍၊ သမထပေးသော-ကမ္မဋ္ဌာန်း

ဆရာနဲ့ တပည့်တို့သည်၊ အယူမှားသော်၊ မိစ္ဆာဒိဋ္ဌိဖြစ်တတ်၏။ အပါယ်သို့ ကျရောက်ရမည်မှတ်။

သူများယောင်တိုင်းမယောင်နဲ့။
လေသံကြားတိုင်း တရားမထင်နဲ့။
ယခုခေတ်သည် အရှုပ်ဆုံးခေတ်မှတ်။
ပါးသူ နပ်သူ သိဘတ် သူလဲပေါများတဲ့ခေတ်မှတ်။
ဝါဒတွေ ဘာသာတွေရှုပ်တဲ့ခေတ်မှတ်။
လောကီပညာ လောကုတ္တရာ ပညာတတ်များတဲ့ ခေတ်မှတ်။
သံဝေဂခေါ် ကြောက်လန့်စရာတွေ ကိုယ်တွေ့ဖြစ်တဲ့ခေတ်။
တကယ်ပါရမီရှိကြတဲ့ အရိယာအလောင်းတွေ အရိယာဖြစ်တဲ့ခေတ်။
အဝတ်အထည်ရွေးဝယ်၊ တရားလဲရွေးနာ၊ တရားကိုသာ၍-ရွေးထိုက်တယ်၊ မရွေးတတ်လျှင် အပါယ်၊ တရားတိုင်း အတူတူဆိုတာ ဟုတ်ချင်မှဟုတ်မယ်၊ တပေါစ၊ ဘာလဲ၊ သီလသမာဓိကိုကောက်။

၂။ ဗြဟ္မစရိယခေါ်၊ မြတ်သောအကျင့်မှာ၊ ဝိပဿနာကိုမှတ်လိုက်၊ အကျင့်ခေါ်တိုင်း တင်ပလ္လင်ခွေရမယ်၊ မျက်စိမှိတ်ရမယ်၊ မလှုပ်မရှားရဘူး၊ ဆိတ်ဆိတ်နေရမယ်၊ စိတ်ပုတီးဆောင်ရမယ်၊ စကားမပြောရဘူး၊ ဒီလိုချည်းမထင်ကြနဲ့ ယောဂီတို့။

ပုဒ်ဆုံးအောင်မေးပါ၊ လျှောက်ပါ၊ မာနချပါ၊ စုံစမ်းပါ၊ အလေ့အကျင့်ကို ဗြဟ္မစရိယခေါ် သိက္ခာလဲ ခေါ်တယ်မှတ်

လိုက်၊ ပညာသိက္ခာ အသိဉာဏ်အလေ့အကျင့်မှတ်။ အသိဉာဏ်ရဘို့ကလဲ အရိယာသူတော်ကောင်းတို့၏ တရားမြတ်ကို လေ့ကျင့်ရမည်၊သင်ကြားရမည် ဟူ၍ သိပါ၊ဝိပဿနာဆိုဒါ ပါဠိဘာသာမှတ်၊အထူးသဖြင့်သိရသောတရားတော်ကို ဝိပဿနာခေါ်သည်၊ အရိယာပုဂ္ဂိုလ်ခေါ် မြတ်သောသူတို့၏ အသိဉာဏ်မြတ်ကိုမှတ်၊ ဘာကိုလေ့ကျင့်မှာလဲ၊ ခန္ဓာကိုယ်ကို ပညတ်နှဲ့-ပရမတ်ကို သရုပ်ကွဲရမည်။

အတိုချုပ်မှာ။ ။လောကဒ္ဓ ခေါ်ဆိုမှုတွေဟူသမျှ ပညတ်ဟုသိ၊ ကိုယ်တွေ့မျက်မြင် ရှာဖွေစမ်းသတ်လို့ မရမှတ်၊ဗြဟ္မစရိယမင်္ဂလာကိုရေးပြီ၊မိမိ၏နာမည် မောင်ဖြူခေါ်ဆိုကြ၏။ တကယ်မရှိဘူး၊မောင်ဖြူတကယ်ရှိတယ်မယူနဲ့၊ ရှိတယ်ထင်လျှင် လက်တွေ့စမ်းသပ်ရှာ၊ မျက်စိနဲ့ကြည့်ရှာပါ၊ ရှိဒါ ပရမတ်မှတ်။ မျက်စိနဲ့မြင်ဒါ ဝဏ္ဏအဆင်း ရုပ်ပရမတ် မှတ်ရမည်၊ လက်ဖြင့်ထိတဲ့အလုံးလဲ ရုပ်ပရမတ်မှတ်လိုက်၊ယောကျ်ား-မိန်းမ-ပုဂ္ဂိုလ် သတ္တဝါခေါ်ဆိုသမျှ အမည်တွေကို နာမပညတ်ဟုသိထား၊ ရှာလျှင်မတွေ့၊ မတွေ့လျှင် တကယ်မရှိဘူး။

ရှိဒါဘာလဲ=ခန္ဓာကိုယ်တကိုယ်လုံးရုပ်မှတ်။
ရင်တွင်းကစိတ်ကို-နာမ်တရားမှတ်။

ရုပ်လဲပရမတ်တရားအစု-နာမ်လဲပရမတ်တရားအစု။

ဒီလိုရုပ်နဲ့ နာမ်ကိုပိုင်းခြားသိမှ ဗြဟ္မစရိယာမင်္ဂလာ ဖြစ်မည်မှတ်၊ မင်္ဂလာခေါ် ရုပ်ပရမတ် နာမ်ပရမတ်တို့ကို တဒင်္ဂမိတခဏမျှ သိရလျှင် လူဖြစ်ကျိုးနပ်ပြီမှတ်၊ သာသနာဝင်မှတ်၊

ဗုဒ္ဓဘာသာအစစ်မှတ်၊ အနဲဆုံးကလျာဏမှတ်၊ ဗြဟ္မစရိယမသိလျှင် အန္ဓမှတ်။

မိမိ၏ခန္ဓာကိုယ်ရုပ်တုံးကြီးဟာ မခိုင်မာဘူး အမြဲတန်းမပြတ်ပျက်နေတယ်၊ချွတ်ယွင်းဘောက်ပြန်နေတယ်၊တမျိုးစီပြောင်းလဲနေတယ်လို့ အမြဲနှလုံးသွင်းပါ၊ ဆင်ခြင်ပါ၊ ဒီလိုဆင်ခြင်တတ်သော အသိဉာဏ်ရှိလျှင် ရုပ်အနိစ္စ ဝိပဿနာမှတ်၊ ဗြဟ္မစရိယမင်္ဂလာမှတ်။

## မင်္ဂလာသုတ်ကို နားလည်လျှင် အရိယာဖြစ်မည်။

## ဗြဟ္မစရိယ မင်္ဂလာဝိပဿနာ

လမ်းပြမှူးဆရာတာဝန်၊ ဆင်ခြင်မှုက စာဘတ်သူ၏တာဝန်မှတ်၊ ဝိပဿနာကို ဆင်ခြင်တယ်ဆိုဒါ ခန္ဓာကိုယ်ကို ထွေးလုံးမှတ်၊ နေရာမရွေး၊ အချိန်မရွေး၊ ဘယ်အခါမဆို တွေးရမည်၊ သူတပါးအပြစ်ကိုမရှုရ၊ သူတပါး၏ခန္ဓာကိုယ်မတွေးရ။

## စည်းပြင်ဘက်မထွက်နဲ့၊ မင်္ဂလာဆိုဒါ ရင်တွင်းမှာ

စိတ်ကို နာမ်မှတ်၊ ဘာပြုလို့ နာမ်ခေါ်သလဲ၊ အာရုံဟူသ၍ကို ကြံတတ်တယ်၊ သိဘတ်တယ်၊ ညွတ်တတ်တယ်၊ မိမိရုပ်ကိုလဲပြန်ညွတ်တတ်လို့ နာမ်မှတ်။ ညွတ်ဆိုတာ၊ အာရုံပြုတာ၊ အာရုံလိုက်တာမှတ်။ အာရုံဟာ ဘာခေါ်သလဲ၊ လောကစကားအရ၊ သွားအာရုံ၊မယားအာရုံ၊လင်အာရုံ၊ စီးပွားအာရုံ၊ အလုံးစုံတို့ကိုမှတ်။ (နာမ်သည် အာရုံကိုမညွတ်ဘဲမနေနိုင်) အာရုံနဲ့ ကင်း၍

မဖြစ်၊ အာရုံဆိုဒါပါဠိစကားနဲ့ပြောလျှင်၊ရူပါရုံ-သဒ္ဒါရုံ-ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ-ဓမ္မာရုံ လို့ အာရုံ ၆ ပါးမှတ်။

နာမ်အညွတ်ခံရတဲ့ရုပ်တုံးကြီးက အရှင်းမသိကြဘူး၊ အသေတုံးကြီးမှတ်၊ ရုပ်တုံးကြီးက မသိဘဲနဲ့ ညွတ်တဲ့ကြိုက်တဲ့စိတ် နာမ် အကြောင်းကိုသိလျှင် ရှက်ဘို့ကောင်း၏၊ ဒီလိုရှက်ဘတ်လျှင် ဒိဋ္ဌိကွာဘို့နီးပြီမှတ်။

၁ ရူပါရုံ—အဆင်းဟူသမျှ။

၂ သဒ္ဒါရုံ—အသံဟူသမျှ။

၃ ဂန္ဓာရုံ—အနံ့ဟူသမျှ။

၄ ရသာရုံ—စားမှုဟူသမျှ။

၅ ဖောဋ္ဌဗ္ဗာရုံ—ထိတွေ့ဟူသမျှ။

၆ ဓမ္မာရုံ—ကုသိုလ် အကုသိုလ်ဟူသမျှ။

ဓမ္မာရုံကိုဖယ်၊ကာမဂုဏ်ငါးပါးမှတ်၊ စိတ် နာမ်ဟာ ဒီအာရုံတွေကိုလိုက်စား၍၊ ဖြစ်လိုက် ပျက်လိုက်နေ၏၊စိတ်သည် တစိတ်ပြီးမှ တစိတ်ပေါ်၏၊ ချစ်တုံးမှာ မုန်းစိတ်မပေါ်၊ မုန်းစိတ်ပျောက်က ချစ်စိတ်ပေါ်၊ ကုသိုလ်စိတ်ဖြစ်ဆဲမှာ အကုသိုလ်စိတ်မဖြစ်။ ဒီစိတ်နာမ်ကို ပရမတ်သဘောလို့ သိပါ၊အနိစ္စလို့ သိပါ၊ ဝိပဿနာ အရာမှာ စိတ်ကိုနာမ်ဟုသိပါပြီး၊ တွေးလုံးမှာ၊ စိတ်ဟာရှိတယ်၊ ရှိဒါပရမတ်၊ စိတ်ဟာ အလုံး အပြား မဟုတ်၊ အဖြူ အနီ စသော အရောင်အဆင်းမရှိ။ ယောကျာ်း၊ မိန်းမ မဟုတ်၊ ပုဂ္ဂိုလ်-သတ္တဝါ-အသက် အရှင် မဟုတ်၊ မဟုတ်ဘာလဲ၊ နာမ်ပရမတ်သဘောအစစ်ဟုမှတ်၊ ငါသူလုံးဝမဟုတ်။

( ၅၊ ဒုတိယအကြိမ် )

ရုပ်ကိုထပ်ရေးပြီ၊ ရုပ်ကိုတွေးလျှင် နာမ်ပါကိစ္စပြီး၏၊ လိုရင်း မင်္ဂလာကိုသာမှတ်၊ အရှေ့မလိုက်နဲ့၊ ဆံဖျားကစ ခြေသည်းတိုင် အောင်တကိုယ်လုံး အတွင်းအပြင် ရုပ်ပရမတ်မှတ်။ အနိဋ္ဌ သဘောစု၊ ဒုက္ခသဘောစု၊ အနတ္တသဘောစုမှတ်။ မြန်မာပြန်မှာ ပျက်စု၊ ဆင်းရဲစု၊ ဓါတ်သဘောစုဟု အမြဲတန်းတွေး သဘောဟူ သူနဲ့ ဆွေးနွေး၊ အလွယ်ဆုံးမှာ ဒီအတုံးကြီးဟာ ကျမ်းပြုဆရာ ဓမ္မကထိကဟု လောကပညတ်မှာ သုံး၏။ ဝိပဿနာဉာဏ်မှာ အသုဘထုံး မဝင့်တယ်သော မသာတုံးမှတ်၊ ရွံစရာအတုံးမှတ်၊ အပုတ်တုံးကြီးမှတ်၊ အသုဘသည် သမထ အသုဘ၊ ဝိပဿနာမှာ သိပိုင်တဲ့ အသုဘ ဟူ၍ ၂-မျိုးမှတ်။

ဝိပဿနာပြဟ္မစရိယဉာဏ်အသိမှာ၊ ယခုစာရေးနေရင်း၊ စာ ဘတ်နေရင်း၊ သွေးစု၊ အပုတ်စု၊ အသုဘစုဟု သိတယ်မှတ်။ သေမှ အသုဘခွန်းသိဒါက လူပြိန်းသိ၊ အန္ဓပုထုဇဉ်အသိ။ တရား အားထုတ်တဲ့ယောဂီများလဲ သေမှဘဲ အသုဘသိလျှင် အောက် တန်းအသိမှတ်။ ခုဘဲအသေတုံး အသေကောင်ဟုသိလိုက်၊ ခုသိ လျှင် ပြဟ္မစရိယ မင်္ဂလာမှတ်။ မြတ်သောအလေ့ အကျင့်ခေါ် တယ်၊ လေ့ပေး - ကျင့်ပေး - သိပေး - တွေးပေး၊ ကလျာဏ မင်္ဂလာ - စူဠသောတာပန် မင်္ဂလာ ဖြစ်ပြီ၊ ပြည့်စုံပြီလို့ သိလိုက်၊ သေလျှင်အပါယ်မကျတော့ဘူးမှတ်။ မြတ်စွာဘုရား အမိန့်အရ သာသနာတော်၌ ထောက်တည် မှီခိုရာ ရပြီမှတ်။ ရှစ်ပါးသီလနဲ့ ထွေးမနေနဲ့ ပြဟ္မစရိယ တော်လောက်ပြီ။

## ၃။ အရိယာ သစ္စာန ဒဿနံ မင်္ဂလာ
## ဘုရားအလိုတော်ကျကို

ပုထုဇဉ်ခေါ် လူပြိန်းသိဘို
ခေတ်စကားနဲ့ ရေးပြီ လေးလေးဘတ်။

အရိယာ။ ပုဂ္ဂိုလ်မြတ်၊ သစ္စာ၊ အမှန်၊ ဒဿနံ၊ ဉာဏ်မှာမြင်ခြင်းကဲ့အောင်မှတ်။ ပညာရှိဆိုဒါ အရိယာသစ္စာကို သိရမည်။ ပညာရှိဆည်းကပ်ထာ မိမိသည် ပညာရှိဖြစ်ဘို့မှတ်။ တပေါနဲ့ ဗြဟ္မစရိယ ၂ မျိုးလုံးပြည့်စုံမှ ပညာရှိမှတ်။

၁။ ဒုက္ခသစ္စာ - အမိဝမ်းတွင်း၌ ဖြစ်ပေါ်လာသည်က စ၍ ဆင်းရဲစုမှတ်။

၂။ သမုဒယသစ္စာ - မိမိစိတ်က အာရုံကို ကြိုက်တဲ့တဏှာ မှတ်။

၃။ နိရောဓသစ္စာ - တဏှာမရှိလို့ ဆင်းရဲမရှိ နိဗ္ဗာန်မှတ်။

၄။ မဂ္ဂသစ္စာ - ခန္ဓာကိုယ်၏ အကြောင်းအကျိုးကို အမှန်သိမှတ်။

သစ္စာခေါ် အမှန်တရားသိဒါ အမှန်ကိုယူဒါ သမ္မာဒိဋ္ဌိမှတ်။ သို့မဟုတ် မိစ္ဆာဒိဋ္ဌိ၊ သစ္စာလေးပါးကို မသိလျှင် အန္ဓမှတ်။ အန္ဓဆိုဒါပညာရှိကိုမမြင်- ပညာရှိ၏ တရားစကားကို နား၍မကြားနိုင်၊ မကြားနိုင်သောသူကိုမှတ်၊ သေလျှင် အပါယ်ကျရမည်။ မသေခင်လပူပန်ဆင်းရဲရမည်။ အန္ဓနဲ့ ဗာလ သဘောတူမှတ်။

အဓိပ္ပါယ်မှာ။ ။နံပါတ် ၂ - သမုဒယဟာသဲ ချစ်ကြိုက်မှု ဒီချစ်ကြိုက်မှု မိမိကိုယ်စိတ်မှာ ရှိကြလို့၊ ဒီအဆင်းရဲစု ခန္ဓာတုံးကြီးဖြစ်ပေါ်လာရတယ်မှတ်။

ဒီခန္ဓာဒုက္ခနဲ့ ရင်းနှီးသမျှ- လင်မယား၊ သားသမီး၊ မြေးမြစ်စသော သတ္တဝါအစု ခန္ဓာဒုက္ခနဲ့ ပတ်သက်၍ နေ့စဉ်ရှာဘွေ

လုံးပန်းရတဲ့-အာဟာရပရိယေသနခေါ် စားသောက်မှု ဒုက္ခတို့ဖြစ်ပေါ်ကြရသည်ဟု ကိုယ့်ကိုယ်ကို တွေးဒါ သမုဒယကြောင့် ဒုက္ခဖြစ်တယ်မှတ်၊ နံပါတ် ၂ ကြောင့် - နံပါတ် ၁ ဖြစ်ပုံ ရှင်းအောင်ရေးပြီ၊ သမုဒယခေါ် ချစ်နှစ်သက်တဲ့စိတ် မရှိသော် ဒုက္ခမဖြစ်၊ ဒီလို-သမုဒယနဲ့ ဒုက္ခချုပ်ငြိမ်းလျှင်- နိရောဓသစ္စာမှတ်၊ နိဗ္ဗာန်ရတယ်မှတ်။

## နိဗ္ဗာန်ဆိုဒါ-နေရာဌာန မြို့ကြီးလိုလို
## တိုင်းပြည်ကြီးလိုလိုမဟုတ်ဘူး။

မဂ္ဂသစ္စာဘာလဲ။ ။လမ်းကြောင်းလမ်းမှန် တရားမှန်ကိုသိရဒါကို မဂ္ဂသစ္စာခေါ်တယ်၊ ဒုက္ခမဖြစ်ဘို့ကို သိတယ် ဘယ်လိုသိရမလဲ၊ မိမိကိုယ်ကို လူမဟုတ်၊ ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်၊ မဟုတ်လျှင်ဘာလဲ၊ ရေးပြခဲ့သော ဗြဟ္မစရိယအာဓိပ္ပါယ်အတိုင်းမှတ်၊ ခုလဲထပ်ရေးမည်၊ နာမ်နှင့် ရုပ်ပရမတ် သဘောဟူ၍ရင်း၊ အနိစ္စသဘော - ဒုက္ခသဘော - အနတ္တသဘောဟူ၍ ၎င်း၊ တကယ်သိပိုင်ကြရမည်။

## ယောဂီများ အထူးတိုင်ပင်စဉ်းစား။

မြတ်စွာဘုရားလက်ထက်က အကျွတ်တရားကို ရကြတာ၊ အတိုနည်း ဝိပဿနာဥာဏ်ဖြင့် တရားရကြဒါများသည်မှတ်၊ ယခုကာလကဲ့သို့ စာပေပရိယတ်များများတတ်မှ၊ ပိဋကတ်သုံးပုံတတ်မှ၊ ပထမကျော်အောင်မြင်မှ၊ အရိယာဖြစ်တယ်မတင်ကြနဲ့၊

အရင်းမဟုတ်ဘူး၊ ပရိယတ်ကိုသင်ကြားလျှင်၊ ပရိယတ်တတ်တယ်၊ ပဋိပတ်ကိုအားထုတ်လျှင် ပဋိပတ်ကိုနားလည်မည်မှတ်။

## ခုရေးနေဒါ ပဋိပတ်မှတ်။

**ပဿဝီ** — အာပေါစသော ရုပ်တွေ၏ တရားစကား၊ စိတ် စေတသိတ် စသော နာမ်တရားစကား၊ ဖဿဝေဒနာ စသော နာမ်တရားစကားတို့ကို၊ အကျယ်လိုက်၍ မမှတ်ကြနဲ့၊ ဒါတွေကို လိုက်ပြီးမှတ်နေပါက၊ ပဋိပတ်အလုပ်မှာ ခရီးဖင့်တတ်သည်၊ သပ္ပုရိသ ဆရာလိုရင်း။

## မဂ္ဂသစ္စာကို အမြန်သိလိုပါက။

ဒီခန္ဓာတကိုယ်လုံးကြီးကို ရုပ်ပျက် - ပျက်ရုပ်မှတ် အနိစ္စပြီးပြီ။
ဒီခန္ဓာတကိုယ်လုံးကြီးကို ရုပ်ဘေး - ဘေးရုပ်မှတ် ဒုက္ခပြီးပြီ၊
ဒီခန္ဓာတကိုယ်လုံးကြီးကို ရုပ်သဘော သဘောရုပ်မှတ်အနတ္တပြီးပြီ။

## မပြတ်ဆင်ခြင်မှုမှာ စာဘတ်သူ၏တာဝန်မှတ်။

ရုပ်ပျက်-ရုပ်ဘေး-ရုပ်သဘော မှန်ကို ကိုယ်ပိုင်ဉာဏ်ရလာခဲ့ လျှင်၊ မိန်းမ မဟုတ်-ယောကျ်ားမဟုတ်- ပုဂ္ဂိုလ်မဟုတ်- သတ္တဝါ မဟုတ်- အသက်မဟုတ်- အကောင်အထည်မဟုတ်- ဓါတ်သဘာဝ အစစ်ဟု သိလာလိမ့်မည်၊ ဒါမဂ္ဂသစ္စာမှတ်၊ မဂ္ဂသစ္စာခေါ် တရားအမှန်ကိုသိလျှင် နိဗ္ဗာန်ဆိုဒါကို ဘာလဲမမေးနဲ့၊ ဘယ်မှာ လဲ မတွေးနဲ့၊ အလိုလိုမြင်လာ၊ ထင်လာ၊ သိလာမည်၊

၁ ဒုက္ခသစ္စာ—အချိန်မရွေးဆင်းရဲဒါအမှန်။
၂ သမုဒယသစ္စာ—ချစ်နှစ်သက်ထာအမှန်။
၃ နိရောဓသစ္စာ ချစ် ဆင်းရဲမရှိဒါအမှန်။
၄ မဂ္ဂသစ္စာ ရုပ်နာမ် ပရမတ် ခေတ်သဘာဝသိဒါအမှန်။

....x....

## နိဗ္ဗာနသစ္စာ ဝိကရိယာ။

နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုဒါ၊ မျက်စိအောက်မှာ ရောက်နေတယ်ဆိုတဲ့ အဓိပ္ပါယ်၊ မြင်နေပြီဆိုတဲ့သဘောပါဘဲ၊ ရနေပြီ-ရောက်နေပြီ-သိနေပြီ နေပြီဆိုနိုင်၏။ နိဗ္ဗာန်ရတာ တောပေါ့၊ အသုံးစကားကို ရှင်းမယ်။ ကာမဂုဏ် ချမ်းသာကို ခံစားသလို နေနဲ့ ဇိမ်ခံနေတာမျိုး မဟုတ်မှတ်၊ ဘာလဲ လူထင်လို့ အပူပင်တယ်၊ လူထင်လို့ အပူဝင်တယ်၊ လူမထင်လျှင် အပူအပင်မရှိ၊ လူမထင်လို့ အပူမဝင်၊ အပူမရှိဘူးမှတ်၊ အပူမရှိလျှင်ငြိမ်းလို့ သုံးကြ၏၊ ဟောကြရေးကြ၏။

မြန်မာပြန်မှာ။ ။နိဗ္ဗာန်ဆိုဒါ၊ သွားပူ- သွီးပူ၊ စီးပွားပူ လင်မယားပူ တိုင်းပြည်ပူ သေပူ နေပူ အပူမရှိ၊ ဘာကြောင့် မရှိသလဲ၊ ရုပ်နာမ်သဘောစုတွေမှန်းပိုင်ပိုင်သိလို့မှတ်၊ ဥပမာ ငွေ စက္ကူဟာ ငွေအစစ်မဟုတ်၊ စက္ကူအစစ်ဘဲလို့ သိတယ်မှတ်။

## စိတ်–စေတသိက် ရုပ်–နိဗ္ဗာန်။

ဘုရားစသော အရိယာပညာရှိတို့သည်၊ ၎င်းပရမတ္ထ တရားလေးပါးတို့ကို သိပိုင်အောင် အားထုတ်ကြလို့၊ ပရမတ္ထပုဂ္ဂိုလ်

ခေါ်၏၊ ဝိပဿနာ ပညာစခမ်းကို ဆရာကောင်းထံ၌ မှီဝဲမှသိ၏၊ အရိယာထံ၌ ဆည်းဘူးရှာဘွေ ရှိသေစွာ နာယူပါမှ အရိယာဖြစ်မည်၊ အရိယာဖြစ်မှ သစ္စာလေးပါးအမှန်တရားကို သိရမည် မြင်ရမည် နိဗ္ဗာန်ကို မျက်မှောက်ပြုရမည်မှတ်။

ပုထုဇဉ်တို့က နိဗ္ဗာန်ကိုတွေးတယ်မေးဘယ်၊
တွေးထိုက်မေးထိုက်၏၊ သို့ပေမဲ့ အရိယာဖြစ်မှ၊

နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်၊ ဝိပဿနာဉာဏ်ကိုရဘို့ ချက်ခြင်းဂရုစိုက်ပါ၊ ငွေကုန်ရခြင်း လူသေရခြင်းတူလျှင် တရားစစ်ရဘို့ငွေကို ခုအကုန်ခံပါ၊ သေရမဲ့အတူတူ အသက်ခန္ဓာကို စွန့်လှူ၍၊ ခု-တရားရှာပါ၊ ဒါမှ မင်္ဂလာသုတ်နဲ့ ညီမည်မှတ်။

မင်္ဂလာသုတ်ဟာ စာငယ်ကလေးမဟုတ်။
သိတဲ့လူအဘို့မှာ ပိဋကတ်သုံးပုံအချုပ်။
မသိသူကျော်သွား သိသူမှာ မင်္ဂလာတရားသာ အလုပ်။
မင်္ဂလာခေါ်တိုင်း မင်္ဂလာ အမင်္ဂလာခွဲထား။

....×....

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။ ။

ဘောဒေဝပုတ္တ၊ အိုနတ်သား၊ လောကဓမ္မေဟိ။ လောကဓံတရားရှစ်ပါးတို့နှင့်၊ ဖုဋ္ဌဿ၊ တွေ့ထသော၊ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နကမ္ပတိ၊ မတုန်မလှုပ်၊ အသောကံ၊စိုးရိမ်ခြင်းမရှိ၊ ဝိရဇံ၊ ရမ္မက်ဟူသောမြူလည်းမရှိ။ ခေမံ၊ဘေးလည်းမရှိ။အတ္တိ၊ရှိ၏။ဧတံ၊ ဤလေးပါးသော တရား

သည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော၊မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တ္ခ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော။

မင်္ဂလသုတ် ရှေးမူနိသျှကို လူပြိန်းသိလောက်အောင်
မင်္ဂလာတရား ကြီးပွားအောင် မင်္ဂလာရွာ - မင်္ဂလာမြို့
မင်္ဂလာပြည်-မင်္ဂလာနိုင်ငံ - မင်္ဂလာကျောင်း- မင်္ဂလာအိမ်
မင်္ဂလာအသိဉာဏ်ကို ကြီးငယ်-အလတ် သုံးရပ်မခြား
နောက်သား နောင်လာတို့ သိစေခြင်းငှါ မင်္ဂလာစည်
ကြီးကို မြည်အောင် တီးလိုက်သည်၊လူရော နတ်ပါ ဖြဟ္မာ
သိကြား အားလုံးကုန် ကြားကြပါစေသား။

## ရဟန္တာ၏စိတ်။

၁ လောကဓံတရားတို့နဲ့ တွေ့သော် မတုံလှုပ်။
၂ စိုးရိမ်ခြင်း စိတ်မချခြင်းမရှိ။
၃ ရမ္မက်ခေါ် အာရုံကို လိုက်စားစိတ်မရှိ။
၄ ကုသိုလ်-အကုသိုလ်ပြုမှု ဘေးမရှိ။

ရဟန္တာပုဂ္ဂိုလ်၏စိတ်၌ တုံလှုပ်ရွေ့ရှားခြင်းမရှိဘူးဆိုဒါ၊ ပရမတ္ထသဘာဝတွေဘဲလို့၊မိမိ၏ခန္ဓာကိုယ်နှင့်တကွ၊ တလောကလုံးရှိ သဝိညာဏကခေါ်၊ သက်ရှိခန္ဓာ၊ အဝိညာဏကခေါ် သက်မဲ့ရုပ်သက်သက်တို့၌ သိပိုင်ပြီးပြီ။

## (ပရမတ္ထနည်းဖြင့် ဆင်ခြင်ပုံ)

ခေတ်သဘောတွေကို၊ ယောကျ်ား မိန်းမ ခေါ်နေကြဒါဘဲ။

ခေတ်သဘောတွေကို၊ သူဋ္ဌေး ဆင်းရဲသား သမုတ်နေကြ ပါကလား။

ခေတ်သဘောတွေကို၊ ဆင်းရဲသား ရှင်ဘုရင်ထင်မှတ်ပြီး ရှူးနေကြပါကလား။

ခေတ်သဘောတွေကို၊ သူ့စည်းစိမ် ငါ့စည်းစိမ် ဘုခွေးကောင် ငြင်းတဆွဲနေကြပါကလား။

ခေတ်သဘောတွေကို၊ ကောင်းတယ် ဆိုးတယ်လို့ ဒေါသ မာနတွေ ပွားနေကြဒါဘဲ။

ခေတ်သဘောတွေကို၊ လူကောင်-နတ်ကောင်-ဗြဟ္မာကောင် အပါယ်ကောင် ယူမှားနေကြပြီ။

ခေတ်သဘောတွေကို ရေ မြေ သမုဒ္ဒရာ တော တောင် ကောင်းကင် ထင်လုံးမှားကြဒါဘဲ။

ခေတ်သဘောကို၊ ငါခင်မင်တယ် ငါချစ်တယ် ငါစွဲဘယ်လို့ မိုက်တွင်းနက်လှချည့်လား။

ခေတ်သဘောတွေကို၊ ငါပိုင်သူပိုင် ငါနိုင်သူနိုင် ပြိုင်၍ ပြေး နေကြပါကလား။

ခေတ်သဘောတွေကို၊ မြင်မှုကြားမှု၌ ငါ့မျက်စိမှာ မြင်တယ် ငါ့နားမှာကြားတယ်ထင်ပြီး လောဘမီး ဒေါသမီး မောဟမီး မီးလောင်နေကြတာကနေ့။

ခေတ်သဘောကို၊ အထီးဘဲ — အမဘဲ — ပျိုအိုဘဲ မုတ်ဆိုးဖို-မ-ဘဲ — တခုလပ် - တလင်ကွာဘဲဟု၊ သက္ကာယဒိဋ္ဌိ မီးတွေ သတ္တဝါတို့၏ ထင်လုံး အဝိဇ္ဇာစိတ်ကြောင့်၊ ဥက္ကောင်းမှာ လောင်မြိုက်နေဒါကို ကမ္ဘာပြုမိုးယံ ရှာချလို့ မနိုင်ပါကလား။

## ဒါရဟတ္တာဉာဏ်ပိုင်ကို ရေးနေတယ်။

(တနည်း သုတ္တံနည်းဖြင့် ဆင်ခြင်ပုံ)

ဥပမာ။ ။မန္တလေးမြို့ ဈေးချိုတော်၌ နံက်မိုးလင်းကစ၍၊ ၁၂ - နာရီအချိန်ထိ၊ ရန်ကုန်မြို့ သိမ်ကြီးဈေး၌ နံက်မိုးလင်းကစ၍၊ တနေ့လုံး မိုးရွာနေပုမရှောင် လူအများဆုံးတို့ကို နာရီစင်ကြီးပေါ်ကနေပြီး လက်ပိုက်ပြီးကြည့်ပုံ။

မြင်းပွဲ- ဘိုင်စကုတ်ပွဲ- ဇာတ်ပွဲ- ရုပ်သေးပွဲ- အသံကောင်း ဟန်ကောင်း- တရားပွဲ- လူများများ စည်ကားသော နေရာဌာနတို့၌ ဉာဏ်ထဲကတွေးနေပုံ။

မီးကြီးတွင်း၌အမြဲခံနေရသော ငရဲသားတွေဘဲ။
အိမ်သာထဲ၌ မစင်လူကြတဲ့ လောက်ကောင်တွေဘဲ။
လှောင်အိမ် ပိတ်လှောင်၍ အချုပ်မိသော ငှက်တွေကေန်။
အပုတ်သက်သက်ကို ကြိုက်သော ငှင်းတမျိုးတွေ အမှန်သွေးတော – ပြည်တော = တစ္ဆေတော – သူရဲတော– သုသာန်တောကြီးပါကလား။
ခြေထိပ် လက်ထိပ် ခတ်လျက် ထောင်တွင်း၌နေကြတဲ့ အကျဉ်းသမားတွေ ကေန်။
အပုတ်မှာဖြစ် အပုတ်မှာနေ- အပုတ်မှာပျော်- အပုတ်မှာ ကြိုက်- အပုတ်ကိုစွဲ- အပုတ်နိမိတ်ထင်-အပုတ်ကိုဇောစော အပုတ်ကိုထိမခံ အပုတ်ကိုသောက်စား အပုတ်ဘွား အပုတ်မွေး-အပုတ်သေ- အပုတ်မျိုးတွေလို့ မြတ်စွာဘုရားဟော

တော်မူဒါ-မြင်တော်မူဒါ ဟုတ်တာဘဲလို့ သားတော်အကြီးဆုံး ဖြစ်သော၊ ဘဝပြတ် တရားမြတ် မင်္ဂလာကိုရသော၊ ဘဝဆုံး မရဏာ အသိဉာဏ်ကိုရသော ရဟန္တာအရှင်ယောနိသော မင်္ဂလာ မြင်ပုံ။

ခုရေးဒါပြန်ဘတ် - ရဟန္တာ၏လက္ခဏာ အမြွက်မှတ်။

၁။ လာဘ .... ရွှေ-ငွေအစ-ပစ္စည်းမျိုးစုံရခြင်း။
၂။ အလာဘ .... မရခြင်း။
၃။ ယသ .... အခြွေအရံလူပေါင်းများခြင်း။
၄။ အယသ .... မရှိခြင်း။
၅။ နိန္ဒ .... မကောင်းပြောသံခံရခြင်း။
၆။ ပသံသ .... ချီးမွမ်းသံခံရခြင်း။
၇။ သုခ .... စိတ်ချမ်းသာခြင်း။
၈။ ဒုက္ခ .... စိတ်ဆင်းရဲခြင်း။

ရဟန္တာပုဂ္ဂိုလ်၏ စိတ်၌၊ လောကဓံတရားရှစ်ပါးတို့နဲ့ တွေ့ ကြုံထိခိုက်သော် — မတုန်လှုပ်။ စိတ်သမာဓိတရား ခိုင်မာခြင်း လက္ခဏာရှိသည်ဟု ယုံကြည်၊ ဒါမင်္ဂလာတပါး။

အတိုချုပ်ရှင်းလန်းရေးမယ်။

သတ္တဝါတိုင်း - ယောဂီတိုင်း – ရဟန္တာဉာဏ်မရသမျှ၊ သေ့း ဗိုက်၌ ပဋိသန္ဓေနေခြင်းမလွတ်၊ ဒုက္ခမျိုးစုံမလွတ်၊ သေခြင်းအရှင်း မလွတ်၊ စိုးရိမ်မှု စိတ်မချရမှု မလွတ်မှတ်ကြ။

လောကဓံဘာလဲ၊ ။လောက - ဓမ္မ၊ လောက၌ ဓမ္မတာ

ထုံးစံတရား။ လောက - လူအပေါင်း၊ လောဘ - ဖြစ်မှုပျက်မှု၊ ဓမ္မ - တရား။ ဘာတရားလဲ၊ နိဗ္ဗာန်ရောက်တရားမဟုတ်၊ ဓမ္မ နိယာမခေါ်ပါ၊ ကုသိုလ်တရား - အကုသိုလ်တရား ၂ ပါးမှတ်လိုက်။

## ကုသိုလ်ကံကြောင့် လူနတ်ဗြဟ္မာဖြစ်ရတဲ့အကျိုး။ အကုသိုလ်ကံကြောင့် ခွေး—ကျွဲ=နွားစသော အပါယ်သတ္တဝါဖြစ်ရတဲ့အကျိုး။

ဒီ ၂ မျိုးကို အရိယာရဟန္တာတို့ စွန့်ပါယ်ပြီးပြီ၊ မျှော်လင့်ချက်မရှိ၊ ဒါကြောင့်မတုန်လှုပ်။ မင်္ဂလာမရှိသော အန္ဓဗာလ တို့ကား၊ အကုသိုလ်ကိုပွါးရ၏။ မမျှော်လင့်မလိုချင်သော်လဲ၊ အပါယ်လေးပါး အကျိုး အစစ်မှတ်။ ကုသိုလ်ကံကိုပွါးရ၏။ မျှော်လင့်လိုချင်တိုင်း လူ - နတ် - ဗြဟ္မာ မဖြစ်။ အလှည့်အပတ် သင့်ခဲ့လျှင် ဖြစ်ပေမဲ့၊ ထင်တိုင်းမပေါက်၊ တထစ်ချ မယူရ။ အကုသိုလ်ဖြစ်တာ မောဟ အဝိဇ္ဇာကြောင့်မှတ်။ ကုသိုလ် ဖြစ်တာ လောဘတဏှာကြောင့်မှတ်။

| | |
|---|---|
| အကုသိုလ် | ကုသိုလ်။ |
| မကောင်းကျိုး | ကောင်းကျိုး။ |
| အပါယ်ကျ | သံသရာလယ်။ |
| တဏှာ မာန ဒိဋ္ဌိ | တဏှာ မာန ဒိဋ္ဌိ၊ |
| မွေးသေ | မွေးသေ။ |
| အနိဋ္ဌာရုံ | ဣဋ္ဌာရုံ။ |
| အလိုမရှိ | အလိုရှိ။ |

| | |
|---|---|
| အသာဘ | လာဘ။ |
| အယသ | ယသ |
| နိန္ဒ | ပသံသ။ |
| ဒုက္ခ | သုခ။ |
| စိတ်ဆင်းရဲ | စိတ်ချမ်းသာ။ |

၎င်းက ၂ ပါးကြောင့်၊ ဖြစ်ချင်တိုင်း ဖြစ်လှည့်ကြုံတိုင်း ဖြစ်နေကြသော သတ္တဝါတို့ကား၊ ဝိနိပါတ ဘေးကြီးသင့်နေတယ်ဟု ဟောတော်မူသည်မှတ်။

လောကဓံတရား ရှစ်ပါးကို လူပြိန်းသိဘို့မှာ၊ မုန်းခြင်း၊ ချစ်ခြင်း ၂ ပါးပါဘဲ၊ မုန်းဘယ် = မကြိုက်၊ အကုသိုလ်ဖြစ်။ ချစ်တယ် = ကြိုက်၊ ကုသိုလ်ဖြစ်။ မကြိုက်—ဒေါသမှတ်။ ကြိုက် လောဘမှတ်။ ထို ၂ ပါး၏ အကြောင်း အကျိုးမသိဒါ မောဟ မှတ်လိုက်။ ရဟန္တာများ၌ မုန်းတယ်— ချစ်တယ်၊ ဘာသူကပြော ပြော အရေးမလုပ်သော အနတ္တဉာဏ်ကြီးကိုရပြီးဖြစ်လို့၊ စိတ်၏ ဘောက်ပြန်မှု တုန်လှုပ်မှု မရှိဘူးမှတ်၊ စိတ်မချခြင်း စိတ်၌ အနှောက်အယှက်ဖြစ်ခြင်း၊ တစောစောနေခြင်း၊ တောင့်တမှု။ ကြောင့်ကြရဲ စိုးရိမ်သောက မရှိဘူးမှတ်။

ဝရဇံ ရမ္မက် ဘာလဲ။ ။အာရုံ ကာမဂုဏ်မှတ်၊ အာရုံ ကာမဂုဏ်ကို မက်မောသောတဏှာမရှိ ကိလေသာလဲမရှိမှတ်။ တဏှာနဲ့ကိလေသာအဘူတူ (မြန်မာပြန်ပူပန်မှု) ခေမံ ဘေးမရှိ။ အိုမှု နာမှု သေမှု စသောဘေးအစုစု ပူပန်မှုအစုစုကစ၍ ရဟန္တာ၌ လွတ်ခြင်း ကင်းခြင်းကို ဘေးမရှိ မင်္ဂလာဟု သိရမည်မှတ်။

....+....

## မင်္ဂလာနိဂုံးသတ်။

ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ၊
သဗ္ဗတ္ထသောတ္ထိံ ဂစ္ဆန္တိ တံ တေ သံမင်္ဂလ မုတ္တမံ။

ဘောဒေဝပုတ္တ၊အိုနတ်သား၊ ဧတာဒိသာနိ၊ ဤသို့သဘော ရှိကုန်သော။ အဋ္ဌတိံသမင်္ဂလာနိ၊ ၃၈ ပါးသောမင်္ဂလာတို့ကို ကတွာန၊ ပြုကျင့်ရသောကြောင့်၊ သဗ္ဗတ္ထ၊အလုံးစုံသော အရပ် တို့၌။အပရာဇိတာ၊ ရန်သူတို့သည် မအောင်အပ်ကုန်သည်ဖြစ်၍၊ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်တို့၌။ သောတ္ထိံ၊ ချမ်းသာခြင်းသို့ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏။ တံ၊ ထို ၃၈ ပါးသော တရားသည် လျှင်။ တေသံ၊ထိုလူနတ်တို့အား၊ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ မင်္ဂလာမည်၏ဟူ၍။တွံ၊သင်နတ်သားသည်၊ ဂဏှာဟိ၊ မှတ်လေ လော့။

## မြတ်စွာဘုရား၏အဆုံးသတ် အမိန့်တော်ပြန်။

ငါဘုရား၏ ထံပါး၌သာ ညဥ့်အခါ၌ မင်္ဂလာတရား ဝိဝါဒ စကားကို ကွဲပြားစိမ့်ငှါ လျှောက်ထားလာတဲ့ အညကြွံနတ်သား သင်သိကြား။ လူ့ပြည် လောက နတ်လောကနှင့် ကောဋ္ဌာဟလ ငြင်းခုံကြသည်၊ မင်္ဂလာတရား သိသာအောင် ငါဟောကြား ပြီးပြီ။

အလီလီမှတ်၊လူနှင့်နတ်မှတ်၊ ထက်ရပ်ဗြဟ္မာ၊ မင်္ဂလာခေါ် သာသနာတော်ကို၊ ထုတ်ဖေါ်ကာ ဟောကြား၊ အဘင်နတ် သိကြား။

စီးပွါးချမ်းသာ စိတ်ချမ်းသာနှင့်၊နိဗ္ဗာန်ချမ်းသာ၊မင်္ဂလာစစ် ၃၈ ကို၊အမြစ်ကျကျ၊ပဌမဂါထာ၊ အသေဝနာတဲ့ လူဗာလကို မကြည့်နဲ့၊ပညာရှိကိုသာပေါင်း၊ အသင်တရားကောင်းရမည်။ နေရာတိုင်းရန်အောင်မည်။ရွှေပြည်နိဗ္ဗာန် ရောက်ရန်မှန်လှ။ မြတ် ဒါနနဲ့၊ သီလ သမာ၊ ပညာမြင်သိ၊ ဘာနုမိကို၊ လွန်ကြည်ညို၍၊ မြင့်မိုရ်ကျေးဇူး၊စိတ်မှာ ဘူးလျက်၊ အထူးမမေ့၊လူ့ဘွေ့တိုင်းပြော နှတ်တွေ့လျှင် သင်ဟောဘော့၊ ဂါရဝေါ နိဝါ ဟာပေါစ ခန္တီ အာရတီ ပါပ ဝိရတီ ကျင့်ကြံသုံးကြပါမှ၊ ဥတ္တမံ၊ မင်္ဂလာ၊သင် မှတ်၍ သွားသေပါ။ ကမ္ဘာလောက၊ ဖြစ်သမျှသတ္တဝါ၊ လေး သစ္စာမှန်ဓမ္မ၊ အလုံးစုံမသိကြလျှင်၊ လောဘ ဒေါသ မောဟ များထူ၊ စိတ်မျိုးစုံပူရမယ်။သူ့ဝါဒငါ့ဝါဒ၊ ဝါဒစုံ မမှတ်နှင့်၊ လောကဓာတ်စကြာ၊ အမင်္ဂလာစကား၊ဘုရားပွင့်လာမှ မင်္ဂလာ တရား၊ သင်မြဲစွာမှတ်သားပြီး၊ ငါဘုရား သာသနာ၊ ခွန့်ရှည်စွာ တည်ကြောင်း၊ မင်္ဂလာစည်တော်မောင်းဖြင့်၊ သောင်းလောက ဗြဟ္မာ၊ သတ္တဝါ ဝေနေတို့အား၊ အရိယာသစ္စာ ၄ ပါးဖြင့်၊ ဝေဘန်ပိုင်းခြား၊ ဗြဟ္မာစရိယဉာဏ်သွား၍ ရှစ်ပါးသော လောကဓံ၊ တွေ့ထိတိုင်းရန်မရှိ၊ ပကထိဣန္ဒြေ၊ စိတ်အနေ ကျောက်စာ တိုင်ကဲ့သို့၊ ခိုင်ခိုင်မတ်မတ်။ လေးရပ်တောင် မြောက်၊ရှေ့နောက် လေပြင်း၊ တိုက်ခတ်ညှင်းသော်လဲ၊ ယိမ်းယိုင်ခြင်းမရှိ၊ ပကတိ မတုန်လှုပ်၊ မင်္ဂလာဂုဏ်ပုဒ်မှာ ရဟန္တာမှတ်။ သွားလေတော့ အသင်သိကြားနတ်၊ ကျေးဇူးရှင် မြတ်စွာဘုရားအား ရှိခိုး ကန်တော့ပြီးလျှင် သိကြားမင်း နတ်ပြည်သို့ပြန်လေ၏။ ၎င်းမင်္ဂလာ တရားပွဲ၌ နတ်ဗြဟ္မာများစွာ အရိယာဖြစ်ကြသည်။

**လောကစိပ္ပါး ဓမ္မစီးပွါး ၂ ပါးလုံး ချမ်းသာကြလေ**
**သည်၊ ကျမ်းငယ် စာငယ် တရားငယ် မထင်ကြနှင့်။**

....x....

**နံနက်မိုးသောတ်**

မြတ်စွာဘုရားသည် ညီတော် အာနန္ဒာကိုခေါ်၍ သိကြား မင်း လျှောက်ထားပုံ၊ အလုံးစုံ ဟောကြားပုံ၊ ၃၈ ပါး မင်္ဂလာ တရားကို မိန့်ဟပြန်ကြားတော်မူ၏။ ။အာနန္ဒာ ထိုမင်္ဂလာ တရား အလုံးစုံကို ဇေတဝန်ကျောင်းတော်ရှိ ရဟန်းအပေါင်း တို့အား သင်ကြားဟောပြရမည်ဟု အမိန့်တော်ရှိ၏။

မြတ်စွာဘုရား အမိန့်တော်အရ အရှင်အာနန္ဒာသည် ရဟန်း တော်များကို နေ့စဉ် သင်ကြားပို့ချရ၏။ ညီတော် အာနန္ဒာနှင့် တကွ ရဟန်းတော်များသည် သာဝတ္ထိပြည်မှစ၍ ဇေသမ္ဘာဝိ ရာဇဂြိုဟ် သဂ္ဂတိုင်း ဘဂ္ဂတိုင်း စသည်တို့၌ လောကခေါ် ယခု ပစ္စက္ခဘဝ၌ ရတနာရွှေငွေ စသော ပစ္စည်းချမ်းသာမှု လောကမှ လွန်မြောက်သော ဓမ္မစီးပွားခေါ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ခေါ် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်ကြစေရန်=

**မင်္ဂလာတရားတော်ကို ပြုကြကုန်၏။**
**သတိရှိကြစေကုန် အလုံးစုံ၊**

ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ဒုတိယာဂါကို၌ ဟောတော်မူ သည်ဟူ ယုံကြည်ကြကုန် သင်္ဂါယနာဝင်သော ကျမ်းဖြစ်သည် မှတ်။

## ယခုလက်တွေ့ မျက်မြင်ခေတ်ဆိုးကြီး။

ဗုဒ္ဓဘာသာကို အလွန်ကြည်ညို ယုံကြည်အားကိုးကြသော သူတော်ကောင်းမှန်သမျှတို့သည် ညီတော်အာနန္ဒာက ရဟန်းတော်များကို မင်္ဂလာတရားကို သင်ကြားခြင်း,ပို့ချခြင်း,တိုင်းပြည် မြို့ရွာရှိ သတ္တဝါ အပေါင်းတို့အား သာသနာပြုကြဘိ သကဲ့သို့ မင်းဟူသမျှ၊ ရဟန်းဟူသမျှ၊လူဝတ်ကြောင် ဟူသမျှ တို့သည် မိမိကိုယ်တိုင်နဲ့ မိမိတို့အိမ်သားကို အယူမမှားကြစေရန်—

ဒီမင်္ဂလာ တရားမှန်ကို အမြန်ဆုံး
သင်ကြား တိုက်တွန်း ကြစေကုန်သတည်း။
မင်္ဂလာတရားကို ဘုရားဟောတဲ့အတိုင်း
ရှင်ရဟန်းတွေ - လူတွေ - လိုက်နာကျင့်သုံး
အမြန်ဆုံး အားထုတ်ကြပါက ချက်ခြင်း
တရားအမှန် ထွန်းကား၍ သာသနာ ကြီးပွားမည်။

### ပုဒ်မြွက်မှတ်။

မင်္ဂလာတရား ရှိကုန်ငြား - အများချမ်းသာမည်။
မင်္ဂလာကင်း ဝါဒငြင်း - ပြည်တွင်းဆူရမည်။
မင်္ဂလာတန်ဆောင် ဆီမီးရောင် အမှောင်ပျောက်ရမည်။
ဦးမြတ်သိန်းထွန်း မင်္ဂလာညွှန်း မှော်ကွန်းတွင်ရမည်။
( ၆၊ ဒုတိယအကြိမ် )

# မဟာမင်္ဂလာကျမ်းနိဂုံးသတ်

## မိမိတို့ မလုပ်နိုင်သောအလုပ်ကို လုပ်မည်ကြံလျှင် စောစောကကြိုတင်သိကြစမ်းပါ။

သဗ္ဗလောကဟိတတ္ထာယ၊ အလုံးစုံသော လူနတ်ဗြဟ္မာတို့၏ အကျိုးစီးပွား ဖြစ်စေခြင်းငှာ၊ မဟာမင်္ဂလာ တရားတော်ကို ဟောတော်မူသော မြတ်စွာဘုရားသည်။

ယခုမျက်မှောက်ဘဝမှာပင်
လောကချမ်းသာ - ဓမ္မချမ်းသာ
မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အထိ
ပဏ္ဍိတ သေဝန ကစ၍

ဖုဋ္ဌဿအထိ ဆိုးမခဲ့သည်ကို ရိပ်မိကြစေ
အထွေထွေတရား နားမျက်စိမယောင်ဝါးကြနဲ့။

အပ္ပမာဒေါစ ဓမ္မေသု
ပရိနိဗ္ဗာန်ပြုခါနီးအထိ
မှာပုံတော်အဆုံးသတ်ပစ္ဆိမဗုဒ္ဓဝစန
ကိုလဲကြည့် သတိမလစ်ကြနဲ့ ယောဂီတို့။

ကျမ်းပြုဆရာနဲ့ တကွ တောင်းပန်သူ အဘိယာစက တပည့် သူကြီး - ဦးဘရွှေ၊ သူကြီးကတော် - ဒေါ်စန်းငွေ နှင့် အိမ်သား များ ယခုစာဘတ်သူပါ လူ့ပြည်မှာလာ၍ ဖြစ်ရတယ်ဆိုတာ အန္ဓပုထုဇဉ်တို့၏ အယူ အမှတ်မှာ အသက် ၅၀ - ၁၀၀လူ့ပြည်

မှာရှည်တယ်ယူ၏၊ နတ်ပြည်မှာ-နတ်သား နတ်သမီးဖြစ်ကြဒါကို အသက်ပေါင်း သိန်း သန်း ကုဋေ ရှည်ကြတယ် ယူ၏၊ ဗြဟ္မာပြည်မှာ ကမ္ဘာချီ၍ နေကြရတယ်ယူ၏၊ ဒီအယူဟာ - သက္ကာယဒိဋ္ဌိ အယူမှတ်ကြ။

သက္ကာယဒိဋ္ဌိ-မရှိ၊ အရိယာ အထက်တန်းဉာဏ် အမြင်မှာ တခဏကလေးမှတ်-ခက်တယ်။ သရက်သီး မကြွေသေးသော်လဲ ကြွေကျဘို့အချက် အညှာသာတသက်မှတ်၊ ဉာဏ်စာရင်းတွက်ပုံ။

ဝိပ ... နာဉာဏ်တကယ်ပိုင်ပိုင်ရလျှင်
တနှစ်သားရယ်။ ၁၀-နှစ်သားရယ်။
နှစ်ပေါင်း ၅၀-အသက်ရှည်တဲ့သားရယ်။
နတ်ရယ်-ဗြဟ္မာရယ်-အသက်ရှည်ကြတယ်ဆိုတာ
အတူတူမှတ် အဘိဓမ္မာဉာဏ်ခက်တယ်
တခဏချင်းအတူတူ အသက်ရှည်သည်မှတ်
ဘယ်သူက အသက်တိုတယ်-သီလနဲလို့
ဘယ်သူက အသက်ရှည်တယ် - သီလများလို့
သုံးကြသိကြဒါ ဝိပဿနာပညာသိ လုံးဝမဟုတ်မှတ်
တကယ်သိလိုက မာနချပြီးလာကြ
သတ္တဝါခပ်သိမ်းတို့၏ အသက်စိတ္တက္ခဏဘချက်မှတ်
ဥပါဒ်-ဌီ-ဘင် ခဏငယ်သုံးချက်ဟုမှတ်။

ကုသိုလ်ကံ - အကုသိုလ်ကံ စီမံသမျှ သင်္ခါရ ဓမ္မဟူသမျှသည် ဖြစ်လျှင်ပျက်မြဲမလွဲသောဓမ္မတာလို့ ခုသိပါ။ ဖြစ်ပြီးလျှင်ချုပ်ပျောက် ကုန်ခမ်းကြသည်ဟု သိမြင်ကြသော အရိယာတို့၏ ဉာဏ်မှာ အပျက်ကို ကြို့တင်၍ သိထားသဖြင့် သောကမီးပူမရှိ

မှတ်။ ဖြစ်ပျက် ၂ - တန်ချုပ်ငြိမ်းရာမှန်သော နိဗ္ဗာန်တရားမှသာ သုခ အစစ်မှတ်ကြ။

ငါပိုင်အတ္တစွဲရှိသူတို့မှာ- ငါ့လင် ငါ့မယား - ငါ့သမီး-ငါ့သား အဘိုးတန် အမျိုးမှန် ယူကြဒါချည်းဘဲ သူဌေး၊ မင်း၊ ရှင်ဘုရင် ဘယ်မျှဘဲ အဘိုးတန်ထင်သော်လဲ သွေးစု သွေးခဲ အပုတ်ခဲ အပုတ်တုံး အသုဘ ခန္ဓာချင်း အတူတူမှတ်၊ ဘယ်လိုဘဲချစ်ချစ် ခွဲရမယ်၊ ကွဲရမယ်၊ သေရမယ်၊ ငိုရမယ်အစစ်၊ တထစ်ကျ။

ခန္ဓာကိုယ်ချင်း မနှိုင်းယှဉ်နိုင်သော
ဂေါတမမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်
ဝင်စံရသေးသည် ငါတို့မှာဆိုဘွယ်ရာမရှိဟုသိ။

....×....

လူ - နတ် - ဗြဟ္မာ ရဟန်းများစွာတို့အလယ်
ကောင်းကင်ကနေ၍ ပရိနိဗ္ဗာန် စံဝင်ပြီးစဉ်မှ
မင်္ဂလာတရားကို-

လျှောက်ထားလာသောသိကြားမင်းက
နိဗ္ဗိန္ဒ သံဝေဂဖြင့် ဥဒါန်းကျူးသောဂါထာ
(သုတ်မဟာဝါ)

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။

ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ပေါ်သမျှအမှန် - ပျက်ပျောက်ရမည်ကေန်လောကဓံမှုချ ဓမ္မတာ သဘောတရားတွေ ဖြစ်ကြရ

ကုန်သော။ သင်္ခါရကို-စိတ်-ဥ-ဟာလေးဖြာကြောင်းစုတဲ့ဘက်ခါ ပေါင်းဆုံမှုတွေကြောင့်၊ ငါ-သူ ဟုထင်လာ မျက်စိမှာမြင်ရှာကြ အလုံးစုံသော သင်္ခါရ တရားတို့သည်။ ဝါ၊ ငါသူတပါး ယောကျ်ားမိန်းမ ဒေဝ ဗြဟ္မာ သမုတ်ခါ ခေါ်ဆိုကြ ဥာဏ်ပိုင်မှာ ရှာတွေ့ခါမပြနိုင်တဲ့ ရုပ်နဲ့ နာမ် သင်္ခါရ တရားတို့သည်။ အနိစ္စာဝတာ၊သူတဲ ငါတဲ သက်ဇီဝိန်ဒိဋ္ဌိ စွဲသော်လဲ၊ ဪ-မမြဲဒါ မှန်လေစွတကား။ သင်္ခါရာ၊ ကမ္မသကာ ကံဆောင်ရာဖြစ်လာကြ ခပ်သိမ်းသော ရုပ်နာမ် ဟူသမျှတို့သည်။ ဥပ္ပဇ္ဇိတွာ၊ အခွင့်အခါ ကြုံကြိုက်ရာ ဆုံပြီး ဖြစ်ချင်သလို ဖြစ်ကုန်ကြပြီး၍။ နိရုဇ္ဈန္တိ၊ မည်သူမည်ဝါ စီမံခါမပြုလုပ်ဘဲ ဥပမာရေမြှုတ်အလားကဲ့သို့ ဪ- သူ့သာသာသူ ချုပ်ပျောက်ကြလေကုန်တော့သတည်း။ တေသံ၊ သင်္ခါရကံ စီမံဖွဲ့လုပ် ထိုအဝိဇ္ဇာနာမ်ရုပ်တို့၏။ ဝူပသမော၊ မဖြစ်ဘို့ရာ မပေါ်ဘို့ရာ ချုပ်ငြိမ်းဘို့ရာ ဝိပဿနာ မဟာမင်္ဂလာ တရားမြတ်သည်။ သုခေါ၊ ချမ်းသာလှပါပေ၏။ သုခေါ၊ လူ့ စည်းစိမ်လဲမမှိနိုင်၊ နတ်ဗြဟ္မာစည်းစိမ်တို့ကလဲမပြိုင်နိုင်၊ စည်းစိမ် တကာတို့၏ခရိုင် ဒုက္ခစုံမဝင်နိုင်၍ အရိယာ စည်းစိမ်ကသာ အနိုင် ယူပြီး ဪ- ချမ်းသာရာ အစစ်ဖြစ်ကြရလေတော့သတည်း။

....x....

မတုံ့ လှုပ်ဘူးဆိုဒါ အထက်တန်း ရဟန္တာ

# အရိယာမင်္ဂလာ ဥဒါန်း။

ဖုဋ္ဌဿလောကဓမ္မေဟိ၊ စိတ္တံယဿနကမ္ပတိ၊
အသောကံ ဝိရဇံခေမံ၊ ဧတံမင်္ဂလမုတ္တမံ။ ။

ဘောဒေဝပုတ္တာ၊ ရှုပ်သမျှမင်္ဂလာတရားအတွက်၊ သန်းခေါင်ချိန် ကိုယ်ရောင်ကိုယ်ဝါ အသွင်မခြားဘဲ အမည်နာမ မထင်ရှားတဲ့၊ အို — အညတြနတ်သိကြား။ လောကခေမ္မဟိ၊ အတော်ဆုံး အမော်ဆုံး အကျော်ဆုံး မြောက်ပြန်တမိုးအောက် တယောက်၊ အံ့ဩသလောက်ချီးမြှောက်သံ၊ နားဝမှာကြားသမျှ၊ အားရခါ ပသံသံနှင့် အတန်တန်ဖြုတ်ချ မဲ့ခါ ရွံ့ခါရှုပ်ချ၊ မဟုတ်သမျှ သမုတ်ကြလျက် မျက်စောင်းထိုး အရပ်သတင်း ပါးစပ်သဘင်း စာသတင်းပေါင်းစုံ မနကောင်းပုံ အပြစ်မျိုးတွေနဲ့ ကိုယ်တိုင်ရင်ဆိုင် စစ်ထိုးခါမတဲ့ ကဲ့ရဲ့ဘို့အချိန်တန် နိန္ဒာဆိုဒါက ပြောသမျှ ဓမ္မတာစကား လောကဓံတရားရှစ်ပါးအပေါင်းတို့နှင့်.... တွေ့ပြီ တွေ့ရမယ်။

ဖုဋ္ဌဿ၊ ရင်ဆိုင်လက်ထိ ဘုံခလေ့ငယ် ကြုံတွေ့ကြရသည် ရှိသော်။ ဝါ= တခါတလေ၊ ရတနာ ရွှေ ငွေတွေကပေါမျှား၊ တခါတရံ ဓမ္မတာမှန်လို့ ပျက်ပြား၊ ဝန်းဝိုင်းခြံရံ အခြွေအရံ တွေက များလာတလှဲ့ နဲ့ဒါကတဖုံ။

ဣဋ္ဌာရုံအလိုပြည့် ကိုယ်တွေ့တဲ့သုခအနိဋ္ဌာရုံစိတ်ကြိုက်မှာ အာရုံမပြည့်ဝ ကြီးလှတဲ့ဒုက္ခ ဒုက္ခမှတ်ကြ ဖုဋ္ဌဿ အဟုတ်တကယ် တွေ့သမျှထိကြ တိုက်ခိုက်လာကြသည်ရှိသော်။ ယဿ အရဟော အရဟန္တဿ၊ ကိုယ်စိတ်နှစ်ဖြာ မပင်ပန်းပါဘဲ ရှင်လမ်းသာယာ ကြတဲ့ အကြင်ရဟန္တာမြတ်၏၊ စိတ္တံ၊ မီးစုံငြိမ်းသတ် ပူပင်စရာမရှိ ပညိန္ဒြေ အညတာဝိန္ဒြေ သမာဓိန္ဒြေ အစဉ်ကပ်တဲ့ စိတ် နာမ် ဓာတ်သည်။ နကမ္ပတိ၊ ရေပြည့်အိုး အမြတ်မို့ ဘောက်ဘက်မခပ်။ ဝါ။ ဘယ်ခါမှ မတုံလှုပ်။ ဝါ၊ကြောက်သည် လန့်သည် ရှက်သည်

ခက်ပြီ အငိုအရီနဲ့ ထိုထို ဤဤမရှိ ပကတိကျောက်စာတိုင်ကဲ့သို့ ခိုင်ခိုင်မြဲဘိ မှန်မြတ်သောသမာဓိ ရှိတော့လေပြီ။

အသောကံ။မရှိမပူ ရှိမဆူဘဲ သူ့ကြောင့်၊ ငါ့ကြောင့်လို့ ကြောင့်ကြလွတ်ကင်း စိုးရိမ်ခြင်းမရှိတော့ပေ။

ဝိရဇံ ဝိဂတ ရဇော။ကာမဂုဏ်ငါးသွယ်ဥာဏ်မှာပါယ်လျက် ရောဂါသည်ဒုက္ခ ခန္ဓာကိုယ် ဝိပါကဘ္ဘ၊ ခံစားသမျှ ကိလေသာ ရှင်းရှင်းကြီး ကင်းကွာရလေပြီ (မိုအောင်လိုက်) ဉာဏ်နော် ဉာဏ်။

ခေမံ၊ အတွင်းအပ ၂ ဌာနရှင်းဘေးမျိုးစုံ တကယ် ကင်းပ သဖြင့် ချက်ခြင်း လက်ငင်း ဘဝတကျော ပြဘ်ခါ၊ စိတ်ချမ်းသာ လျက် ကျမ်းသာသည့်အတိုင်း ဝမ်းသာခါ ပျော်စံရလေပြီ။

ဇတံမင်္ဂလံ၊ နောင်တဖန်ပြန်မငြိ ဇာတိကင်းကွာ ခုဘဝဍှိ ရဟန္တာဖြစ်ရခြင်းသည်။ ဥတ္တမံ။ အလွန်အကြူး အထူးမြတ်တဲ့ မင်္ဂလာဟူ၍။ တွံ။ အသွင်မသင်ရှား အသင် နတ်သားသည်။ ဂဏှာဟိ။မှတ်၍ သွားပေတော့။ဥတ္တမံဥတ္တမော မင်္ဂလာဆိုဒါ လောကီကိုဖြတ် ယောဂီတို့အမှတ် ကာမဂုဏ် အငွေ့ကိုကြည့် အာရုံအတွေ့အထိ၊ အရှန်းတကျော မဖြစ်ပါမှ ရဟန္တာအစစ် ဂေါတမဂုဏ်ပုဒ်ကဲ့သို့သတိထား။လောကဍှိ မတုံမလှုပ် အမြင့်မှာ စင်စစ်စစ်ကြတော့ ဩော် မင်္ဂလာ - ဖြစ်အောင် မှန်မြတ်လှလေ ဇ တော့သတည်း။

# နိဗ္ဗာန္ဒလောကဓံ ဥဒါန်း။

အဟောဝတ သုခံ ဒုက္ခံ၊ လောကေမ္မလောဘဋ္ဌာနံ။
ဝိပ္ပလ္လာသ ပုထုဇ္ဇနံ၊ အနတ္တာ ဗုဒ္ဓသာသနံ။ ။

လောကဓမ္မ လောဘဋ္ဌာနံ၊ လောကဓံရှစ်ပါး လောဘတဏှာ တွေ့ အမြစ်သွားရာ ဖြစ်ကြပါပေသော၊ ဝါ၊ ငါကယောကျ်ား သူကား မိန်းမ၊ ၂ ကိန်းချလျက် ထိန်းမရအောင် ကျွလူ့ဘောင် ဒုက္ခ၊ ရှေ့ပြေးလမ်းပြ ဘယ်ခါတုံးကခေါ်မူ၊ ဘယ်ဆီက အစပြုလို့ ပညတ်ကိုလက်စွဲ။ မခွဲနိုင်တဲ့အာရုံ ကာမဂုဏ် ၂ ပြာသမျှအသံ လောကဓံတရားကရှစ်ပါး၊ နာရီစဉ် အမြစ်သွားရာ ဖြစ်ကြပါ သော။

ဝိပ္ပလ္လာသ ပုထုဇ္ဇနံ၊ စိတ်ဘီလူး စိတ်ရူး စိတ်ကြူးစိတ်မိုက်၊ စရိုက်ဘောက်ပြန် ပုထုဇနဲ့တို့၏ ထင်လုံး၊ သေဘေးမမြင်၊ နေ့ရေး ရှင် အစဉ်သုံးကျလျက် တဆဲ့တပါးသော မီးအတွင်း ခရီးပြင်း သွားလေ့ ရှိကြပါသော။

သုခံဒုက္ခံ၊ အလိုကြိုက် တွေ့ပြန်တော့ သုခ၊ အပိုလိုက်ရှိမွေ့ ရမ္မ ချမ်းသာသည်၊ အလိုကြိုက် မတွေ့ပြန်တော့ဒုက္ခ၊ အပိုလိုက်လျက် မမွေ့ရပါက ဆင်းရဲသည်။ နှစ်သင်းကွဲတဲ့အမည် ပုထုဇန်အယူက၊ ငွေချမ်းသာရင် သုခ၊ အဘိဓမ္မာဘရားရတဲ့ အရိယာမျှား ဆိုချင် ဒါက ဒုက္ခကြီး၊ ဂေါတမဟောသမျှ၊ တရားအနှစ်ရှိ၊ သားစစ် သမီးစစ်တွေသိဒါက၊ ရလဲ လောဘမီး၊ မရလဲ ဒေါသမီး။

ဝါ-ဣင္ဒြ-အနိဋ္ဌ ၂ အာရုံ ကာမဂုဏ်စဉ်ထကျော၊မင်္ဂလာဆောင် မျက်မြင်ပြ၊ ဇာတိမမ္မအန္ဓတို့မမြင် သေဘေးညွတ်ကွင်း ဇွတ်အတင်းတိုးတဲ့ တောသမင် ပျော်ပျော်ရွှင်ရွှင်၊ လူရှုး-နတ်ရှုး ဗြဟ္မာရှုးကြ ဆရာဦးမြတ်သိန်းထွန်း၏ ၇ ရက်စဉ် မနာဘူးသမျှ ကမ္ဘာဦးကဘကျောရှုးဥမတ္တကလို့ ကျွန်ဂရက်တွင်၊ ဝါ၊ အဝိဇ္ဇာ ဘီလူး ထီးတကျောဘီလူးမဘို့၏ သားသမီး လောဘဒေါသ ၂ ပါး မီးနဲ့ စိတ်ထင်ရာ ကာမဂုဏ်မောဟ ရထားကြီး အစီးလွယ်ကြတဲ့ သံသရာခရီးသည် ပုထုဇန် ကလေးသူငယ်ဟူသမျှတို့ကို။

ကျွေ့ဥဒပါဒိ၊ ဉာဏ်မြင်သမျှ မျက်မြင်ဟ လက်အစဉ်ပြုပြီး အမြန်ဆုံးဉာဏ်အသုံး ဟောဒီလို ပုဂ်တလုံးနဲ့ ကျွန်စခမ်း ပြုတ် အောင် ခုန္ဒစ်ခဏ်းသရှပ်ထွင်ကာ တကျောခရီး မသွားဘို့၊ ငါ့သမီး ငါ့သားများတို့ မြန်မာလို့ သမီးသားအရင်းတမျှ၊ ခန္ဓာကိုယ် မီးရထားကဆင်းကြ မီးပါတဲ့ရထားက ဆင်းကြလို့၊ သမီးသား အရင်းတမျှ ငါဘခင်တကျော်ကျော် အေးရာကိုခေါ်ရပါလျက်။

အနတ္တဗုဒ္ဓသာသနံ အနတ္တလက္ခဏာဆိုတဲ့၊ ဘုရားဟောနဲ့ဖြင့် လွဲကြပြီ။ ဘာ့ကြောင့် ငါနဲ့သူပေါင်းချင်ကောင်းချင် ဒါက မိန်းမမှာ ယောကျ်ားရှိ၊ယောကျ်ားမှာမိန်းမရှိ၊ အနတ္တဉာဏ်အရ ကတော့ နပုရိသော နဣတ္ထိ။

လူကောင်မြင်၍ အသက်ရှည်ရှည်နေချင်ဒါက ပုဂ္ဂလဇီဝ တရားသဘော ဘုရားအဟောက နပုဂ္ဂလော နဇီဝေါ အဲဒါ ကြောင့် ဂေါတမအဘိဓမ္မာသံ အရိယာဉာဏ်မှာဖြင့် ဇာတိ အစ အာဒိနဝအပြစ်တွေ တွေးတွေးပြီး အချစ်အနေဝေးပြီးတဲ့ ဘုရားသားစစ်မို့၊ အဟံ၊ ကလေးတွေ တမျှ ကြွင်နာမွေးသဘခင်

ဝါဆရာသည်၊ မင်းတို့အပေါ် တဏှာဘေးကလွတ်အောင် ငါပေးတဲ့ ဆေးချက်၊ ငါမွေးတဲ့ အသက်ရှိတယ် တပည့်ရဲ့၊ဝါ၊ ငါ ထင်သလိုပြောရ သဘောမကျ နားမခံနိုင်မဟုတ်ထာတွေမှာ အရေးတကြီး ခွေးထီး-ခွေးမ ဝက်ထီး-ဝက်မ၊ အထက်ကျကျ အရှက်ကိုပြပြီး မင်္ဂဖို့ရအောင်၊ ငါကတော့အမှန် ကယ်တဲ့တရား၊ သူတို့မြေခွက် နားမှာဖြင့် ခါးလှတဲ့အန္တရာယ် ၁၀ ပါးအလွတ် မသွားနိုင်၊ မီးကင်းရာ နင်တို့အကြိုက် ပေးစရာ ငွေမရှိ ပြေးစရာ မြေမရှိတဲ့ ငါဆရာသည်။

အဟောဝတ၊ ဥာဏ်ရသလောက် ပြန်မပြောနိုင်လို့၊ ရင်ကြပ် ခါ အံ့သြလေစွ။ အဟောဝတ၊ ဘာကိုဘဲလုပ်လုပ် ဘာကိုဘဲ ကြံကြံ ဗလာသုည အစစ်ဟု ပိုင်းခြားကာ သိရသော်လဲ ကာမဂုဏ် မှိုင်း အသွားမိခဲ့တဲ့ မီးပုံးပျံ ဥပမာ ယခုခန္ဓာ မျက်မြင်မပျောက်၊ မင်္ဂအစဉ်ရောက်သမျှ အမှန်လောကစံကြောင့်၊ သြော် အံ့သြစွာ အချိန်ကုန်ရလေတော့သတည်း။

ခန္ဓာကိုယ်မှာ ဝိပဿနာရှုပါ၊ဝိပဿနာဆိုဒါ အထူးသိဥာဏ် ကိုမှတ်၊ ဆံဖျားက ခြေဖျားထိ အခေါက်ခေါက်ရှာကြည့်၊ဆံပင် ဟာ ငါလား သူလားမေး၊ လက်သီးဟာ ငါလား သူလားမေး၊ အသားတုံးကိုမေး၊ ဒီခန္ဓာကိုယ်ကြီးကဘဲ ငါမဟုတ် သူမဟုတ် ဆိုဒါ အဖြေပေးလိမ့်မယ်။

နဖူးသားကို လက်နဲ့ထိမေး၊ မှန်ထဲမှာကြည့်မေး၊ ယောကျ်ား လား- မိန်းမလားမေးစမ်း၊ ဘယ်နေရာကိုဘဲမေးမေး၊ ဝမ်းထဲက အူတွေ အသဲတွေကို မေးလိုက်၊ အပျိုလား အအိုလား မေးစမ်း၊ မုဆိုးဖို မုဆိုးမ ဟုတ် မဟုတ် ရှာလိုက်စမ်း၊ သူဌေးလား ဆင်းရဲ

သွားလားလို့ စစ်ပါ၊ ကျွန်သဘောက်လား မင်းလား ဒီအသွား တုံးကြီးကို အတုံးလိုက်ဘဲ မေးမေး အစိပ်စိပ်အမွှာမွှာ ပြုလုပ်ပြီး မှဘဲ မေးမေး အရိုးသပ်သပ်မေး အသွားတွေကို စုပုံပြီးမေးပါ ရှာပါ၊ တွေးပါ၊ ပြန်၍ဟုတ်မဟုတ် ဖြေမှဘဲ၊ ဒီရုပ်ခန္ဓာကြီးကို မေးတတ်လေ အဖြေပေးလေမှတ်။

အဖြေမရလျှင်၊ အတ္တ ငါ-သူ-အထီး အမ အသက်ဇီဝ မှတ်လိုက်၊ သက္ကာယဒိဋ္ဌိ အဖြေမှန်ကိုရလျှင် အနတ္တ ငါသူမရှိ၊ အထီး အမ လုံးဝမဟုတ် အသက်ဇီဝ အရှင်းမရှိ၊ ဘာလဲ ရုပ်ဓာတ် သက်သက်မှတ် အနိစ္စ ဒုက္ခတပါထဲပါပြီ။

အပါယ်လွှတ်ချင်က ဒီဥဒါန်းတပုဒ်ထဲနဲ့ဘဲ။
လွှင်တယ်မှတ် ဘုရား၏သားစစ် သမီးစစ်မှတ်။
အိမ်ထောင်ရှိရင်လဲ အာဂါရိမုနိ ရဟန်းမှတ်။
အိမ်ထောင်မရှိရင်လဲ အနာဂါရိမုနိ ရဟန်းမှတ်။

ရှုတ်ဆိုတိုင်း ဘတ်တိုင်း, တွေးတိုင်း, ပြောတိုင်း, စဉ်းစားတိုင်း၊ ၎င်းဥဒါန်းက သက်သေခံမယ်၊ ဥဒါန်းကိုအကြောင်းပြု၍၊ တလောကလုံးက သက်သေခံမယ်၊မိမိခန္ဓာရုပ် အပုတ်တုံးကြီးက သက်သေခံမယ်၊ ခုဒိဋ္ဌိကွာ ခုအပူငြိမ်း၊ ဒါဝိပဿနာ ဘာဝနာဘဲ မှတ်လိုက်။

# မင်္ဂလာသုတ် အမေး-အဖြေ

**မိမိတို့မလှဲနိုင်သော အလုပ်ကို လုပ်မည်ကြံလျှင်**
**စောစောက ကြိုတင်သိစမ်းပါ။**

မေး။ ။မင်္ဂလာခေါ်ခြင်း အဓိပ္ပါယ်ကို နားလည်အောင် ဖြေပါ။

ဖြေ။ ။မိမိတို့၏ စိတ်မကောင်းခြင်းကို ပယ်ဖြောက်တတ်လို့ မင်္ဂလာခေါ်ပါသည်။

မေး။ ။ဒီမင်္ဂလာကို ဘယ်ပုဂ္ဂိုလ်ဟောပါသလဲ။

ဖြေ။ ။ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား ဟောတော်မူပါသည်။

မေး။ ။ဘယ်သူကို အကြောင်းပြု၍ ဟောတော်မူပါသလဲ။

ဖြေ။ ။သိကြားမင်း ကိုယ်တိုင် လျှောက်ထားသည်ကို အကြောင်းပြု၍ ဟောတော်မူပါသည်။

မေး။ ။မင်္ဂလာတရားပေါင်း အဘယ်မည်မျှရှိပါသလဲ။

ဖြေ။ ။မင်္ဂလာတရားပေါင်း ၃၈ ပါးရှိပါသည်။

မေး။ ။မင်္ဂလာတရားကို နားလည်အောင် အားထုတ်ပါလျှင် အကျိုးကျေးဇူး ဘယ်မျှရှိပါသလဲ။

ဖြေ။ ။ယခုချက်ခြင်း စီးပွားတိုးတက်၍ သူတော်ကောင်းပညာရှိ ဖြစ်နိုင်ကြပါသည်။

မေး။ ။မင်္ဂလာတရားတော်၌ ဂါထာပေါင်း ဘယ်မျှ ဘုရားဟောပါသလဲ။

ဖြေ။ ။ဂါထာပေါင်း ဆယ်ဂါထာတို့ဖြင့် ဟောထား ပါသည်။

၁ မေး။ ပဌမဂါထာ၌ မင်္ဂလာ အဓိပ္ပါယ်ကို နားလည်အောင် ဖြေဆိုပါ။

ဖြေ။ လူမိုက်ကိုမပေါင်းရ၊ ပညာရှိကိုသာပေါင်း၊ ပူဇော်ထိုက်

သူကိုသာ ပူဇော်ရမည်၊ ဤသုံးလီမင်္ဂလာဖြင့် ဖြေဆို ပါသည်။

၂ မေး။ ဒုတိယဂါထာ၏သဘောကို မြန်မာပြန်ဆိုပါ။

ဖြေ။ သူတော်ကောင်းများသော နေရပ်၌ နေရခြင်း ကုသိုလ်ကောင်းမှု ပြုရခြင်း နိဗ္ဗာန်သို့ တရားစိတ် ထားရခြင်း မင်္ဂလာသုံးပါးဖြင့် ဖြေဆိုပါသည်။

၃ မေး။ တတိယဂါထာ၌ ဘယ်လိုဟောပါသလဲ။

ဖြေ။ ကောင်းသောတရားတို့၌ အကြားအမြင် များဘို့တပါး ဒုစရိုက်ကင်းသော အဘတ်ပညာကို သင်ကြားဘို့တပါး ငါးပါးသီလ မြဲရခြင်းတပါး၊ လိမ္မာယဉ်ကျေးသော စကားကို ပြောဆိုတတ်ဘို့တပါး၊ ၎င်းလေပါးဖြင့် ဆုံးမပါသည်။

၄ မေး။ ။စတုတ္ထဂါထာအရ လူပြိန်းသိအောင်ရှင်းပြပါ။

ဖြေ။ အမိနဲ့ အဘကို အမြဲတန်း ပြုစုလုပ်ကျွေးရမည်တချက်၊ သားမယားရှိပါက ဝတ္တရားကြေစွာ ဆောင်ရွက် ကျွေးမွေးရမည် တချက်၊ လောက၌ ပညာရှိတို့က အပြစ်မတင်သောအသက်မွေးမှု အလုပ်အကိုင်ရှိရခြင်းတချက်၊ ထိုသုံးချက်ဖြင့် သိရကျင့်သုံးရမည် ဖြစ်ပါသည်။

၅ မေး ပဉ္စမဂါထာမင်္ဂလာမှာ ဘာသာပြန်၍ဖြေဆိုပါ။

ဖြေ။ ပဏ္ဍိတထံနီသျှည်းခံယူ နိဗ္ဗာန်ရောက်အလှူမြတ်ကိုပေးလှူရခြင်း တပါး၊ သီလ သမာဓိ ပညာ မြတ်သော သိက္ခာသုံးပါးကို ကျင့်သုံးရခြင်းဘပါး၊ သားချင်းနဲ့ ဓာတ္တဆွေမျိုးအပေါင်းတို့အား ပိုက်ဆံကြေးငွေ စသည်တို့ဖြင့်

ကြည့်ရှု ထောက်ပံ့ခြင်းတပါး၊ အပါယ်လေးပါးသို့ မကျသော ကာယကံ ဝစီကံတို့ဖြင့် ရှာကြံ၍ အသက်မွေးရခြင်း တပါး၊ ပေါင်းလေးပါးဖြင့် ဟောကြားထားပါသည်။

၆ မေး။ ဆဌမင်္ဂလာ သဘောပေါက်အောင် အဓိပ္ပါယ်ပြောပြပါ။

ဖြေ။ သတ်ခြင်း ခိုးခြင်းစသော အကုသိုလ်ကို မဖြစ်စေရန် နေ့စဉ် ငါးပါးသီလဆောက်တည်ခြင်း တမျိုး၊ သတ်စရာ ခိုးစရာ ဝတ္ထုတို့နဲ့ ရင်ဆိုင်တွေ့ပါက တကယ် ရှောင်ကြဉ်ရမည်ဘမျိုး၊ မူးယစ်စေတတ်တဲ့ အရက် ဘိန်း စသော အစာ အဟာရတို့ကို အမြဲတန်းမသောက်မစားဘို့တမျိုး သေခြင်းတရားကို အစဉ်ဘေးမိဘို့ဘမျိုး၊ ဤလေးမျိုးဖြင့် အချုံးကြ ဖြေလိုက်ပါတယ်။

၇ မေး။ သတ္တမင်္ဂလာ၏ သဘော ဘုရားဟောတဲ့အတိုင်း အမှန်ဖြေစမ်းပါ။

ဖြေ။ ရိုသေထိုက်သူကို ရိုသေရမည်။ တနည်း၊ မောက်မော် မြင့်တက်သော သွေးကြီးဝင်သော ငါတလူထင်မှု မာနစိတ်ကို အမြဲတန်း ပယ်ဖျောက်ကြဘို့၊ တနည်း၊ စားမှု ဝတ်မှု နေမှုတို့၌၊ ဝန်နဲ့အား မျှားနဲ့လေးဥပမာ သက်သာရာရစေဘို့ ရသမျှ ရှိသမျှ တွေ့သမျှတို့နှင့်၊ အာရုံပြေဘို့ တင်းတိမ်ဘို့၊ တနည်း၊ သူတထူး ကျေးဇူးပြုဘူးသည်ကို ဘယ်ခါမှ မမေ့မူ၍ ဝတ်ကျေစွာ တတ်နိုင် သလောက် ပြန်၍ဆပ်ပေးရခြင်း။ တနည်း၊ သာသနာ

တွင်း၌ နေရက် - သေရက် ကိုအမှန်မသိရ လူ့ဘဝရလာ ဆဲမှာ အရိယာ သူတော်ကောင်းတို့၏၊ သိမြင်ထား သော နိဗ္ဗာန်ရေးကာ ဝိပဿနာ တရားတော်မြတ်ကို ကြားနာမှတ်သားရမည်။ တနည်း၊ ၄င်းငါးနည်းဖြင့် ဘုရားကြီးကိုယ်တိုင် ဟောပြခဲ့ပါသည်။

၈ မေး။ အဋ္ဌမဂါထာ ဒေသနာအရ မင်္ဂလာကိုရှင်းပြပါ။
ဖြေ။ ဒေါသပြေငြိမ်းအောင် သည်းခံမှု တအင်္ဂါ၊ ပညာရှိသူ တော်ကောင်းများက ဆုံးမသော တရားစကားကို အ မြန်နာယူလွယ်ဘို့ တအင်္ဂါ၊ သမဏရဟန်း ပရမတ္ထရဟန်း တို့ကိုတွေ့မြင်က ကြည်ညို ရမည် တအင်္ဂါ။ မအိုခင် မ နာခင် မသေခင် ကျန်းမာဆဲ၌၊ တရားထူးမြတ် သံသယ ကင်းစေရန် ဆွေးနွေးတိုင်ပင်ရမည် တအင်္ဂါပေါင်းအင်္ဂါ လေးပါးမင်္ဂလာတရား ဖြစ်ပါသည်။

၉ မေး။ နဝမဂါထာ ဘယ်မင်္ဂလာကို ပညတ်ခဲ့ပါသလဲ။
ဖြေ။ သီလနဲ့ ပြည့်စုံပြီးနောက် သမာဓိ သမထတရားအား ထုတ်ရန်တလမ်း၊ ဝိပဿနာပညာစခမ်း ကြိုးပန်းဘို့တ လမ်း၊ အရိယာတို့သိမြင်သော သစ္စာလေးပါးကို ကိုယ် တိုင်သိမြင်ရမည်တလမ်း၊ ယခုဘဝမှာပင် အပူခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ကိုယ် တိုင်သိမြင်ကြေနပ်စွာ မျက်မှောက်ပြုရခြင်း တလမ်း၊ ထိုလေးလမ်းမင်္ဂလာကို ထင်ရှားစွာ ပညတ်၍ မိန့်တော် မူခဲ့ပါသည်။

၁၀ မေး။ ဒသမဂါထာဝယ် အဘယ်မင်္ဂလာဖြင့် အဆုံးသတ်ဟောခဲ့ပါသလဲ။

ဖြေ။ သောတပန် သကဒါဂမ် အနာဂမ် ခေါ်သော အရိယာသုံးယောက်တို့ထက် မြတ်သော အရဟတ္တမဂ်ဉာဏ်ခေါ် သံသရာအဆက် ခန္ဓာအဆက်ပြတ်ခေါ် ရဟန္တာ၏ဉာဏ်ကိုရသောသူ၏စိတ်၌ရွှေငွေလာဘ်လာဘရမှုမရမှုတို့၌ တုန်လှုပ်မှုမရှိပကတိ စိတ်ထားမင်္ဂလာတပါး၊ ကာမဂုဏ်ငါးပါးကိုလိုက်စားမိုက်မှားသောကိလေသာခေါ် တဏှာမြူစိတ် ကင်းလွတ်ခြင်း မင်္ဂလာတပါး၊ ၊အိုဘေး နာဘေး၊ သေဘေး၊ ပဋိသန္ဓေတဖန်ပြန်၍ နေရမဲ့ဘေး၊ ပူပန်မှုဘေးမျိုးစုံ အပါယ်ဘေး - သံသရာဘေး - အကုသိုလ်ဘေးကြီး၊ ကုသိုလ်ဘေးကြီးတို့မှာ ကွင်းလုံးကျွတ်လွတ်၍၊ နိဗ္ဗာန်မဏ္ဍိုင် စံနိုင်သောဉာဏ်ကိုသိ ဘေးမျိုးစုံမရှိခြင်း မင်္ဂလာတပါး၊ ဤလေးပါးသော ဥတ္တမမင်္ဂလာတရားတို့ဖြင့် ဗုဒ္ဓအရှင် ဆရာဘုရားက ထင်ထင်ရှားရှား နတ်ဘုရင် သိကြားမင်းကိုဟောပြပါသည်။

မေး။ မင်္ဂလသုတ်ဂါထာပေါင်းဘယ်မျှရှိပါသလဲ။

ဖြေ။ အချီးပဏာမ လေးဂါထာ၊ တရားသား ဆယ်ဂါထာ နိဂုံးသတ် ၁ ဂါထာ၊ ပေါင်း ဆယ်ငါးဂါထာရှိပါသည်။

## နိဂုံးသတ်အမေး သတိထားစမ်းပါ။

မေး။ မင်္ဂလာတရားတော်ကို ဘယ်မှာဟောပါသလဲ။

ဖြေ။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သိကြားမင်း၊

**ကို** အကြောင်းပြု၍ ဟောကြားပါသည်၊ မြတ်စွာဘုရား က ညီတော် အာနန္ဒာကို ပြန်၍ဟောကြားပါသည်၊ ညီတော်အာနန္ဒာက ကျောင်းတော်ရှိ ရဟန်းတော်များ ကို သင်ကြားပို့ချ၍ နေ့စဉ် ဩဝါဒပေးပါသည် ရဟန်းတော်များက တိုင်းပြည်မြို့ရွာတို့၌၊ ၎င်းမင်္ဂလာ တရားကို ပြန့်ပွားအောင် သာသနာပြုကြပါသည်။

မေး။ မင်္ဂလာ တရားတော်၌ ဘုရား၏အလိုတော်ကျ အလုံး စုံပါဝင်ရဲ့လား။

ဖြေ။ လူ့နတ်ဗြဟ္မာ အပေါင်းတို့အားယခုပစ္စက္ခ မျက်မှောက် ဘဝ၌ လောကစီးပွား ပြည့်စုံကြွယ်ဝခြင်း ဓမ္မစီးပွား၌ ရဟန္တာအထိ ဖြစ်စေရန် နိဗ္ဗာန်သို့ လက်ငင်းမျက်မှောက် ၌ ခံစားကြဘို့ရာ အရိယာ သစ္စာ ၄ - ပါးအထိ သိမြင် အောင် ဟောကြားထားပါသဖြင့်....

သုတ် ၃ - ကျမ်း၊ ဝိနည်း ၅ ကျမ်း၊ အဘိဓမ္မာ ၇ - ကျမ်း ဟုဆိုအပ်သော ပိဋကတ်သုံးပုံ ဒေသနာဘော်ကို အကျဉ်းချုံး လျှင်၊ သီလ—သမာ— ပညာ — သုံးပါးလုံးပါဝင်သော မင်္ဂလာ တရား ၃၈ ပါး- သည်၊ လောကဓမ္မ ၂ -ဌာန အကျိုးထူးကို ရှေးဦး ပဌမလူဘဝ- လူဖြစ်စကလေးသူငယ်တို့ကပင် သမ္မာဒိဋ္ဌိဉာဏ်မြင် သက်ဝင်စေချင်းငှာ အရိယာဖြစ်ဘို့ တရားထူးမင်္ဂလာမှ အဦး အစဖြစ်၍ သာသနာမူလ အခြေခံမှန်လှသဖြင့် မြတ်စွာဘုရား၏ အလိုတော်ကျ ဤမင်္ဂလာတရားတော်နှင့်ပင် တရားကိစ္စပြီးဆုံးနိုင်

( ၇၊ ဒုတိယအကြိမ်)

သဖြင့်၊ မင်္ဂလာတရားဘော်မှာပါ၊ အတိုးအန်မရှိ၊ ဥတ္တမ မင်္ဂလာ တရားသာ အမြတ်ဆုံး အချုပ်ဖြစ်ပါသည်။

....x....

## အားလုံးဘို့ အလွယ်မှတ်ရန် သံပေါက်။

၁ ဒုစရိုက်ပြု၊ လူမိုက်စု၊ ယခုမပေါင်းရ။
မင်္ဂလာသိ၊ ပညာရှိ၊ ခိုဘို့ဆည်းကပ်ကြ။
ပူဇော်ထိုက်သူ၊ ရှင်နဲ့လူ၊ ကြည်ဖြူပူဇော်ကြ။
၂ ပညာရှိနေ၊ မြို့ရွာတွေ၊ ပြောင်းလေနေကုန်ကြ။
ရှေးကစိမံ၊ လူဖြစ်ပြန်၊ မြတ်ဥာဏ်ကြိုးကုတ်ကြ။
သီလသမာ၊ ကျင့်သိက္ခာ၊ မြဲစွာဘည်ကုန်ကြ။
၃ အသင်အကြား၊ အမြင်များ၊ တရားသိကုန်ကြ။
အပြစ်ကင်းစွာ၊ တတ်ပညာ၊ မြန်စွာသင်လိုက်ကြ။
ငါးပါးသီလ၊ ဝိနယ၊ နေ့ညကျင့်သုံးကြ။
နှုတ်ချိုပြုံးဌား၊ ပြောစကား၊ မှတ်သားမမေ့ရ။
၄ မိဘအရှင်၊ ဦးထိပ်တင်၊ နေ့စဉ်လုပ်ကျွေးကြ။
လင်မယားသား၊ အိမ်ထောင်ငြား၊ ဝတ်ချားကျေမြွန်ကြ။
မင်းပြစ်ဘေးဒဏ်၊ လွတ်ကင်းမှန်၊ စားရန်ရှာဖွေကြ။
၅ နိဗ္ဗာန်ရမှု၊ မြတ်အလှူ၊ ကြည်ဖြူပေးကမ်းကြ။
ဝိပဿနာ၊ မြတ်ပညာ၊ လျှင်စွာကြားနာကြ။
သားချင်းဆွေမျိုး၊ ထောက်ပင့်ရိုး၊ အကျိုးဆောင်ရွက်ကြ။

အပါယ်လွှတ်ကင်း၊ ပြုလုပ်ခြင်း၊ဉာဏ်သွင်းမှတ်ကုန်ကြ။
၆ သားသတ်ခိုးခြင်း၊ ဝေးရှောင်ကွင်း၊ စောင့်ခြင်းသိကုန်
ကြ။
ကိုယ်တွေ့ရှောင်မည်၊ ဝိရတီ၊ ယောဂီမှတ်ကုန်ကြ။
မူးယစ်သေစာ၊ မြဲရှောင်ခွာ၊ ထူးစွာပါယ်လိုက်ကြ။
သေခြင်းတရား၊ မမေ့ငြား၊ အများသိကုန်ကြ။
၇ ဂုဏ်ကြက်သရေ၊ ရှိသူတွေ့၊ ရိုသေစိတ်ညွှတ်ကြ။
မြင့်တက် ကြွမောက်၊ စိတ်ငယ်ဖျောက်၊ စောင့်ရှောက်
သည်းခံကြ။
တွေ့သမျှမှန်၊ တင်းဘိမ်ရန်၊ သည်းခံရောင့်ရဲကြ။
သူ၏ကျေးဇူး၊ မမေ့ဘူး၊ ကြည်နူးပြန်ဆပ်ကြ။
အခွင့်သာလပ်၊ တရားမြတ်၊ မပြတ်နာကုန်ကြ။
၈ သည်းခံခြင်းသာ၊ ဒေါသကွာ၊ စိတ်မှာချမ်းရ။
သူတော်စကား၊ နားထောင်ငြား၊ အမှားမရှိရ။
ရဟန်းကိုမြင်၊ ဖူးမျှော်မြင်၊ စိတ်ရွှင်ဦးနှိမ်ချ။
အခွင့်ခါကြုံ၊ တရားဂုဏ်၊ သိပုံဆွေးနွေးကြ။
၉ သီလမြဲရှိ၊ သမာဓိ၊ ကျင့်သိမှတ်ကုန်ကြ။
မင်္ဂလာသိ၊ ပညာရှိ၊ ရောက်၏နိဗ္ဗာန။
အရိယာမှန်၊ သစ္စာဉာဏ်၊ မြင်ရန်အားထုတ်ကြ။
မျက်မှောက်ပြုရ၊ နိဗ္ဗာန်န၊ မုချရောက်ကုန်ကြ။
၁၀ ရဟန္တာမှန်၊ လောကဓံ၊ ဘောက်ပြန်မရှိရ။
မရှိတောင့်တ၊ ရှိကြောင့်ကြ၊ သောကမရှိရ။

ကာမဂုဏ်ငါး၊ ကိလေသွား၊ မြူများကင်းစင်ပ။
အိုဘေး၊ နာဘေး၊ ဇာတိဘေး၊ ကင်းဝေးလွတ်ဉာဏ်ရ။

....+....

## သိကြားမင်းသာသနာ အရကျက်စမ်းပါ။
## (အောက်တန်းမကျတဲ့မင်္ဂလာလင်္ကာ။)

ကိုင်းသူ့ဝါဒ-ငါ့ဝါဒ ဘယ်သူ၏ဝါဒကိုမှ မလိုက်ဘူးမှတ် လောကခေတ်ဇမ္ဗူပြည် တောမသတ်အယူတွေ၊ ပြောတတ်တိုင်းမှုအထွေထွေနဲ့၊ အပူတွေပွား အယူတပြည်လုံးမှားပြီး လူဘော်မှားသမျှ သိကြားကမနေနိုင်၊ ကိုယ်ဘိုင်မျက်ရှု၊ မြကျောက်ဖြာ ပဏ္ဍု တင်းမာမှုနိမိတ်ပြ၊ စိတ်ဟာဒယ မရွှင်ကြောင်းနဲ့ ဇေ တဝန်ကျောင်း ဘုရားထံ သန်းခေါင်းယံ ရဉ်အလာမမှားရအောင် ယောဂီတို့ရေ = မင်္ဂလာတရား၏ ဝိဝါဒကို သိသာရအောင် လျှောက်ထားသတဲ့။

အများမှတ်စရာ တရားမြတ် ရတနာ သာသနာ တကွက်စစ် မဇ္ဈိမဗဟိုခေတ်တဝက်မှာ ၄ နှစ် သက္ကရာဇ်လို မျိုးလူဗိုလ်တို့မှာ သိကြားကူဘို့အချိန် ရောက်နေပါကလား၊ ဘုရားဘဂဝါ ကလဲမရှိ၊ တရားရှာကြသော်လဲ ဘိတ်မသိ၊ (သိကြားသာသနာ ဆိုဒါလဲ့မရိပ်မိ)စိတ်ရှိတိုင်း ထင်သလိုယူ-ထင်သလိုလုပ်-ထင်သလို ဟော၊ ထင်သလို ပြောသူက ပြောကြပြီး၊ ဘာ့ကြောင့် ထင်ရာ ပြောကြသလဲ၊ မင်္ဂလာသဘောမသိလို့မှတ်၊ ဘာ့ကြောင့် ထင်ရာ ဟောကြသလဲ၊ မင်္ဂလာသဘောမသိလို့မှတ်၊ ဘာ့ကြောင့် ထင်ရာ

ယူကြသလဲ၊ မင်္ဂလာမှုကိုပြန်မကြည့်ကြလို့ မာန်ရှိတိုင်း မှားကြပြီ၊ ဘာ့ကြောင့် ထင်ရာလုပ်ကြသလဲ မင်္ဂလာသချပ်ကို ရှင်ရော-လူရော - မင်းစိုးရော- ဂရုမပြု၊ ပြုပါရဲ့ အရမကျက် ကျက်ပါရဲ့ အနက်မသိ၊ သိသော်လဲမကျင့်၊ ကျင့်ပေမဲ့ ခရီးမရောက်၊ ကိုင်းယခုတော့ ကပ်သုံးပါး ဆိုက်လို့ မီးတောက်ကုန်ပြီ၊ဘာကို အားကိုးကြမှာလဲ သိကြားမင်းလျှောက်ချက် ဘုရား၏နှုတ်တော်ထွက် မင်္ဂလာဓမ္မစက်ကို ဝိဝါဒ ပါယ်ဖျက်နိုင်တဲ့ လက်နက်ကောင်း-လက်နက်မှန် အဘိုးထိုက်အဘိုးတန် ကောန်ပင် မသိကြလို့ အစစဖြစ်ကိန်း ဘေးရန်စုံမငြိမ်းကြပါကလား၊ တရားမှာယထာဘူတ၊ အများမှာ မှတ်စရာမူလ၊ဟိုရှေးအခါ အရှင်ဘဂဝါ ရှိစဉ်ကထဲက မင်္ဂလာ၏ အသိအမြင်မြဲဘို့ ညီတော်အာနန္ဒာကို အသိသက်သေထားပြီး ရဟန်းအများနဲ့ လူအများကို အယူမမှားစေရန် ပဌမအခြေခံလျက် ကမ္ဘာတွင်စရာ မဟာမင်္ဂလာ သုတ်တော်ဓမ္မကို ဘုရားကိုယ်တိုင် ထုတ်ဖော်ပြီး ဆုံးမတော်မူခဲ့ပါပကော။

ကြည့်စမ်း အချို့က ငါ့သားက ပရိတ်ကြီး၊ သူ့သားက သင်္ဂြိုဟ်၊ ငါ့သားကသဒ္ဒါကျမ်း၊သူ့သားက သင်ရိုးကျွတ် ငါ့သားမှ ပထမကျော်၊သူ့သားက ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို အာဂုံရသတဲ့၊ ငါ့သားကတော့ ပိဋကတ္တယပါရဂူဘဲသို့ စာတတ်ခြင်းဂုဏ်ပြိုင်၊ ယုံနိုင်ပေါင် ကျမ်းတတ် ကမ်းတဘက် ခပ်ကြ ကြည့်စမ်း သူ့သားက ခုမှ မင်္ဂလသုတ် ရှိသေးတယ်၊ ဒါသင်ပုန်းကြီး ၂ စောင်တဲ့ သင်ပုံးကြီး တန်း ခလေးတန်း ရှိသေးဘာဘဲလို့ ထင်ကြ ပြောကြ

လောကထုံးစံ ဒီအယူတွေ့ ခုဖျက် ဒီမာနတွေ ခုမဘက်
ကြနဲ့။

....X....

မဟာမင်္ဂလသုတ်တော်မှ အဘိုးတန်စမ္ဗုစကား

ပဌမရှေးဦး၊ အထူးသတိ၊ အားလုံးကုန် သိစေဘို့ အက္ခရာစာလုံး ပိဋကတ်မှာ သုံးနိုင်တဲ့ အဆုံး မတိုင်ခင်သိမှတ်၊ စာဘတ်တတ်လျှင် မင်္ဂလာကို သင်စေဘို့ တင်ကြို၍ ထားပေမဲ့ အလကား အရေးမလုပ်၊မင်္ဂသုတ်ကိုတော့ အရေးမစိုက်၊ကြည့်စမ်း ခလေးအမိုက်တွေကိုတော့ သင်စေခိုင်း၊ စိတ်ထင်တိုင်း အကြွားမာနနဲ့၊ တရားရှာကြ၊ စာဝါဒနဲ့ သီလတဲ့၊ သမထ သမာဓိဝိပဿနာတဲ့၊ တရားလိုက်ကြသတဲ့၊တရားက ကိုယ့်ပြန်လိုက်ထာ မသိ-ခက်တာဘဲ၊ ပရိယတ်မာန ပဋိပတ်မာန ပကာသနခေတ်၊ တဏှာပါပ အညစ်ထင်ရာလုမ်းကြပေမဲ့။

ကိုင်း-မင်္ဂလာစခမ်းနဲ့ ညှိစမ်း၊ တိုင်ပင်စမ်း ဝေဘန်စမ်း။
အထက်တန်းနဲ့ မင်္ဂစခမ်းပညာလိုက်၊မင်္ဂလာ မကိုက်လျှင်
သူတော်စဉ်မရှိ။ ပညာရှိမဆို ထိုထိုဝါဒ လာသမျှကို
ဗာလနဲ့ ပဏ္ဍိတ ရွေးချယ်ဘို့ခေတ်သမယ အမြစ်ပဌမ
အခြေခံ ပြန်မလိုက်လျှင် ကောန် မိုက်ရမဲ့ခေတ်။

မူလစာပဌမ မင်္ဂလာမလိုက်လျှင်၊ သူကငါက ထင်ရာ လိုက်ကြတဲ့ခေတ်။ဗာလတို့ လက်နက် စွမ်းသမျှပဏ္ဍိတ တခွန်းဟရုံနှင့် အလိုလို ပပျောက်နိုင်သည်မှတ်။ ။ဒါကြောင့် ဘယ်စာကို ရောက်ရောက်၊ ဘယ်ကျမ်းကိုတတ်တတ်၊ ဘာတရားတွေကိုဘဲ

ဟောဟော၊ ဘယ်ဘုံကျမ်းတွေကိုဘဲရေးရေး၊ တပြေလုံး တကာမ္ဘာလုံးထင်ရာနဲ့ စခမ်းသွားကြသော်လဲ၊ စဉ်အလာ လမ်းမမှားမရွှတ်ဘို့၊ မင်္ဂလာ ကျမ်းဘုရားကိုသာ အားထုတ်၊ မြင်သမျှမရွှတ်နဲ့ မင်္ဂလသုတ်မှာသာတရားရှာ။

ကိုင်းဒါဘဲ၊ သိကြားမင်း သာသာနာ။

## ပျို့ကဗျာ ၃၈ · ဖြာ မင်္ဂလာ၊

## ( ခုအရကျက်စမ်းပါ–ဝိုင်းထဲမှာရွတ်ပြ )

လူမိုက်ပယ်သိ၊ ပညာရှိထံ၊ အမြန်ဆည်းကပ်၊ ပုဂ္ဂိုလ်မြတ်ကို ပူဇော်ဘတ်မှု၊ သင့်အပ်ရပ်နေ၊ ရှေးပုဗ္ဗေကာ၊ ပြုကမ္မကြောင့်၊ ဘဝလူထံ၊ ဖြစ်ပြန်ကောင်းမှု၊ ထပ်ခါပြုလော၊ တည်မှုသဘော၊ စိတ်မနောမှာ ပြုစင်စွာဘည့်၊ များစွာမြင်ကြား၊ ပြစ်မှားမပါ၊ တတ်သင်ရာဖြင့်၊ ငါးဖြာသီလ၊ ပိယဝါစာ၊ မြွေကြားပါတော့၊ မာတာပိတာ၊ ယုယလုပ်ကျွေး၊ အိမ်ထောင်ရေး၌၊ မျော်တွေးကိုယ့်တွက်၊ ဝတ်မပျက်နဲ့၊ နှောက်ယှက်မခု၊ ပြစ်မှုကင်းငြ၊ အလုပ်မြင့်ဘို့၊ ပေးလျှင်ဒါန၊ စွန့်ကြဲမှုလျှင်၊ ဓမ္မစရိယ၊ ကျင့်မြဲဟ်လှ၏၊ သဟာရပြု၊ ဆွေမျိုးစုကို၊ ပေးမှုကမ်းမှု၊ ထောက်ပင့်ပြုလော့၊ အကုလွတ်ကင်း၊ ရှာဘော့ခြင်းတည့်၊ ရှောင်ကွင်းပါပ၊ အဇ္ဈေကျလျှင်၊ ထူးရှောင်ကြဉ်ဘို့၊ သောက်ခြင်းသေရက်၊ ကြူးလွန်ချက်ကို၊ ရက်ဆက်စောင့်ဆည်း၊ သတိကြီးကြ၊ မရောကရေး၊ သေမဲ့ဘေးကို ဘေး၍နေ့စဉ်၊ မြဲဆင်ခြင်လော၊ ကျင့်စဉ်မြင်သိ၊ ပညာရှိကို လွန်ကြည်ညို၍ရှိသေပြုကြ၊ မမှားရတည့်၊ ထိုမှတပါး၊ စိတ်ကြွားမာန။ မဟောက်ကြွ

နှင့်၊ ရသမျှဆိုင်၊ တင်းတိမ်နိုင်မှု၊ စိတ်ခိုင်ပြုဘူး၊ သူ့ကျေးဇူးကို၊ အထူးပြန်ဆပ် လျှောက်ပတ်ခွင့်ခါ၊တရားနာကြ၊များစွာပြစ်ဆို၊ ဘေးဒဏ်မျိုးကိုရန်ညိုးမပြန်၊ မြဲသည်းခံလော့၊ နာရန်မှတ်သား၊ မြတ်စကားနှင့်၊ တရားကျင့်ဘတ်၊ ရဟန်းမြတ်ရှင်၊ ပုဂ္ဂိုလ်စင်ကို၊ ဖူးမြင်ခယ၊ ကန်တော့ကြလော့၊ ဓမ္မာကျင့်ရေး၊ တိုင်ပင်ရေးနှင့် ဆွေးနွေးခွင့်သာ ပြုလုပ်ပါမှု၊သမာတာသမ်း၊တဆင့်လှမ်း၍၊မင်္ဂလမ်း ပညာ၊ဝိပဿနာနှင့် အရိယာဉာဏ်၊သစ္စာမှန်ကို၊ မြင်ပြန်ကိုယ်ပိုင် နိဗ္ဗာန်တိုင်ရောက်၊ ကိုယ့်မျက်မှောက်တည့်၊ ရောက်သိရဟန္တာ၊ စိတ်မှာခိုင်ခြင်း၊ ငြိုးရိမ်ခြင်းပယ်၊ ငြိတွယ်မြူကင်း၊ ဘေးရှင်းချမ်း သာ၊ မင်္ဂလာဟု၊ စဉ်လာနောက်သား၊ ဝေနေယျများတို့မှတ်သား ဆောင်လွယ်၊ လင်္ကာချယ်သည်။ ။သုံးဆယ့်ရှစ်ပါး တရား တည်း။

....X....

## ဒါဘဲသာသနာတဝက်
## သိကြားမင်းလက်နက်မှတ်။

တရားအချုပ်ကမဟာမင်္ဂလသုတ် အခြေခံအရင်း၊
ဝရဇိန်လက်နက်နဲ့ သိကြားမင်း၊
အနုတ္တ ရတနာကလောကဓာတ်ကို လင်းတဲ့နေမင်း၊
အရိယာဖြစ်ကြတို့ သာသနာငါးထောင်အတွင်း။
မိမိတို့မလွဲနိုင်သောအလုပ်ကို လုပ်မည်ကြံလျှင်
စောစောက ကြိုတင်သိစမ်းပါ။

# မင်္ဂလာအတိုချုပ် ကောက်နှုတ်ချက်

ကျမ်းမာခိုက်။

အကြောင်းဟေတု ပစ္စည်းဖြင့် အကျိုးဟေတုပစ္စယုပ္ပန်ကို ကျေးဇူးပြုကြသည်။

ဘာလဲ။ ။အကြောင်းမခံဘဲ အကျိုးတရားအစုစုမပေါ်။

သံသရာမှာ ဒုက္ခအမျိုးစုံ အရင်းခံမူလတည်၍၊ အကျိုးဒုက္ခ ပေါင်းစုံတို့ကို မရေတွက်နိုင်အောင် ခံစားခဲ့ရပြီ-ဟု၊မိမိကိုယ်-မိမိ ဟေတုပစ္စယော ဆိုတဲ့ ပဋ္ဌာန်းဒေသနာတော်အရ ပညာရှိမှန်က သိထိုက်လှပေသတည်း။

ဝေဘန်လျှင် သံသရာက ထွက်လိုသော ယောဂီ ရှင်လူ အပေါင်းတို့လဲ၊ ၎င်း-ဟေတုပစ္စည်း ခေါ် ခန္ဓာဒုက္ခအရင်းမတယ် သမျှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ အမြတ်ကျေးဇူး ဘယ်ခါမျှ မခံစံရသည်ကို အထူးသတိချပ်သင့်ပေသတည်း။

ဒုက္ခနဲ့ရင်းမှ သုခရမည်ဟု လောက၌ အမြဲသုံးကြသည်မှာ၊ လင်တွက်၊ မယားတွက်၊ သားသမီးတွက် အသက်ခန္ဓာကိုစွန့်၍ စီးပွား ရှာဖွေမှုကိုသာ သုံးကြသည်၊ သုံးပါတော့-နိဗ္ဗာန်ရဘို့မှာ ထိုကဲ့သို့သိလျှင် အရိယာအစစ်မှတ်။

| | | | |
|---|---|---|---|
| ယံမင်္ဂလံ | | အသေဝနာ | ဂါရဝေါ |
| ဒေသိတံ | | ပဋိရူပ | ခန္တိ |
| ဧဝံ | အချီး | ဗာဟု | တပေါ |
| ယေန | | မာတာ | ဖုဋ္ဌဿ |
| ဗဟု | | ဒါနဉ္စ | တောဒိ |
| | | အာရတိ | |

၁ အသေဝနာစဗာလနံ လူမိုက်ကိုအရှင်းမမှီဝဲနဲ့၊
ပဏ္ဍိတာနဉ္စသေဝနာ ပညာရှိကို မှီဝဲဆည်းကပ်ပါ၊
ပူဇာစ ပူဇနေယျာနံ ပူဇော်ထိုက်သူကိုပူဇော်။

၃ ပါး။

၂ ဗာဟုသစ္စဉ္စ တရားကောင်း၌ အကြားအမြင် များခြင်း
သိပ္ပဉ္စ အပြစ်လွတ်တဲ့ အတတ်ပညာတတ်ခြင်း
ဝိနယောစသုသိက္ခိတော ဝိနည်းကျမ်းဂန်သင်ရခြင်း
သုဘာသိတာစယာဝါစာ တရားပါသော စကား ပြော ဆိုခြင်း။

၄ ပါး

၃ ပဋိရူပ ဒေသဝါသောစ သူတော်ကောင်းများတဲ့ အရပ် မှာနေ။
ပုဗ္ဗေစကတပုညတာ ကုသိုလ်ရေးကိုဆည်းဘူးရမယ်
အတ္တသမာပဏိဓိစ မိမိကိုယ်ကို စိတ်ကောင်းထား၊

၃ ပါး။

၄ မာတာပိတုဉပဋ္ဌာနံ အမိအဘ ကျွေးမွေးရမယ်။
ပုတ္တဒါရဿသင်္ဂဟော သားမယား ထောက်ပံ့ စောင့် ရှောက်။
အနာကုလာစကမ္မန္တာ အပြစ်မရှိတဲ့ အလုပ်လုပ်-ယခု၊

၃ ပါး။

၅ ဒါနဉ္စ အလှူဒါနပေးကမ်းစွန့်ကြဲရမည်၊
ဓမ္မစရိယာ တရားထူးကို ပင်ပန်းခံကျင့်ယူသိ၊
ဉာတကာနဉ္စသင်္ဂဟော သားချင်းဆွေမျိုးတို့ကိုထောက်ပံ့

အနုဝိဇ္ဇာနိကမ္မာနိ အပြစ်ကင်းတာလုပ်ပါ နှောင်၊

၄ ပါး။

၆ အာရတိ မကောင်းမှုဒုစရိုက် အဝေးကရှောင်
ဝိရတီပါပါ အတွေ့မှာလဲရှောင်။
မဇ္ဇပါနာစ သံယမော အရက်မူးရစ်သောအစာ မသောက်
စားနဲ့။

အပ္ပမာဒေါစဓမ္မေသု သေခြင်းတရားမမေ့နဲ့၊

၄ ပါး။

၇ ဂါရဝေါစ ရိုသေထိုက်သူ ရိုသေ၊
နိဝါတောစ စိတ်မာန်ကို နှိမ်ချ၊
သန္တုဋ္ဌီစ၊ ရသမျှရောင့်ရဲဘင်းတိမ်၊
ကတညုတာ သူ၏ကျေးဇူးကိုပြန်ဆပ်၊
ကာလေနဓမ္မဿဝနံ အခွင့်ရခိုက် တရားနာပါ။

၅ ပါး။

၈ ခန္တီစ သည်းခံနိုင်ရင် အမြတ်ဆုံး၊
သောဝစဿတာ သူတော်ကောင်းပညာရှိ ဆုံးမရင်နာယူ
နိုင်ခြင်း။

သမဏာနဥ္စဒဿနံ ရဟန်းပုဏ္ဏားတို့ကို အတုခိုးကြည့်ပါ။
ကာလေနဓမ္မသာကစ္ဆာ အခွင့်သာဆဲ တရားတိုင်ပင်။

၄ ပါး

၉ တပေါစ.... သီလ, သမာဓိ ၂ ပါးရှိစေ။
ဗြဟ္မစရိယဉ္စ.... ဝိပဿနာပညာအထိလိုက်စား။

**အရိယသစ္စာနုဒဿနံ....** အရိယာတို့သိတဲ့ သစ္စာလေးပါး မြင်မယ်။
**နိဗ္ဗာနသစ္ဆိကရိယာစ....** နိဗ္ဗာန်မျက်စိအောက် ရောက်လာမယ်။

၄ - ပါး။

၁၀ ဖုဋ္ဌဿလောကမမ္မေဟိ.... လောကကြီးက ချီးမွမ်းဒါနဲ့ ကဲ့ရဲ့ဒါ။
စိတ္တံယဿနကမ္ပတိ.... ၁-ရဟန္တာ၏စိတ်မှာအရေးမလုပ်
**အသောကံ....** ၂-ဘာတွက်ကမျှ မစိုးရိမ်
ဝိရဇံ.... ၃-ပူပန်မှုမီးမရှိ။
**ခေမံ....** ၄-ပဋိသန္ဓေဘေးအစုစု လွတ်ပြီ။

၄ - ပါး။

ပေါင်းမင်္ဂလာတရား ၃၈ - ပါး။

....+....

အရကျက်စမ်း - ခိုင်းမှာဂုဏ်ရှိရမည်။

ဒိဋ္ဌိ၊ မာန၊ တဏှာ၊ ဓမ္မတာ ဇွတ်မိနေကြတဲ့ လောကကမ္ဘာ တလွှား ကြည့်စမ်း-သာဝတ္ထိပြည်မှာ – ဂေါတမဘုရား ရတနာ အထွဋ် အဓိပတိဟောပြမဲ့ ဓမ္မာမကြားရခင် အစဉ်အလာမှားပြီး မင်္ဂလာတရား သူငါကစ၊ အယူဝါဒလွဲပြီး တရားမှား၊ စကား များသို့ ရှင်းမရ။ ငြင်းကြလာ သက္ကရာဇ်ရှာလိုက်တော့။ ။အ

လို ၁၂ နှစ်တောင်ကြာ။ ဥာဏ်မပိုင်သူ့ အယူမှန်တယ်၊ ငါ့အယူမှန်တယ်၊ မခံနိုင်ပြဟွာအထိ ညစ်နွမ်းသဖြင့် —

မကြံနိုင် နာဓိဂစ္ဆန္တိလို့ ပါဠိစစ်တမ်းကိုကြည့်။

ဒီအခါက ဘာကိုမင်္ဂလာ ကောက်ကြသလဲ။ နက်ဖြန်မိုးသောက်၊ အလင်းသို့ရောက်ခဲ့သော် မျက်စိကမကောင်းတဲ့ အနိဋ္ဌာရုံတွေမြင်လျှင်၊ ယနေ့မကောင်းကျိုးပေးရမယ်၊ ဒါမှ (ဒိဋ္ဌမင်္ဂလာ) တဲ့။ ကောက်ကြ ယူကြ အယူဝါဒတမျိုးဘဲ။

အချို့ကတော့ - နားက မကောင်းကြားရရင်၊ မကောင်းကျိုးသာယာသောလူသံ - ငှက်သံတွေ ကြားရရင်၊ ကောင်းကျိုးပေးရမတဲ့ - ဒါကတော့ (သုတမင်္ဂလာ) တဲ့

အချို့ဆရာနဲ့ အချို့ဝါဒတွေက၊ မျက်မြင်နားကြားမှတပါး၊ ကိုယ်ကာယက နံနက်မိုးလင်းလို့ မကောင်းတာကိုနင်းမိ ထိမိ၊ တိုက်မိ၊ ခိုက်မိ၊ နိုက်မိပါက၊ ယနေ့အတွေ့မကောင်းဖြစ်ရမယ်။ ကောင်းတဲ့ဆန္ဒရှိတဲ့ ဣဋ္ဌာရုံကို နင်းမိ၊ ထိမိ၊ တိုက်မိ၊ ခိုက်မိ၊ နိုက်မိလျှင် ကောင်းကျိုးမင်္ဂလာ အစစ်ဘဲလို့ ဒီလိုဝါဒမျိုးကတော့ (မုတမင်္ဂလာ) တဲ့။

မြင်ဒါ - ကောင်း မကောင်း မှတ်တာက - ဒိဋ္ဌမင်္ဂလာ။ ကြားဒါ - ကောင်း မကောင်း မှတ်တာက - သုတမင်္ဂလာ။ ကိုယ်တွေ့လက်တွေ့ ကောင်း မကောင်း မှတ်တာက - မုတမင်္ဂလာ။ အဲဒါလို ဝါဒတွေအမျိုးမျိုး လူ့ပြည်တွင်မက၊ နတ်ပြည်တောင် အုပ်စိုးပြီး လူမချမ်းသာတော့ နတ်တွေပါ ဘရမ်း ဘတာ ဖြစ်တာပေါ့။ ဒီလိုအများငြင်းပြီးနေကြတာကို သိကြားမင်းကနားသွင်း၍ ဝေဘန်ရှာသတဲ့။ ကေန်အပြာဖြာစိတ်ရောကိုယ်ပါ မချမ်းသာကြတဲ့

လူ့ နတ်ပြဟ္မာ တော့မှာ၊ အယူဝါဒထပ်ခါပေ့ပြီး၊ စီးပွားချမ်းသာ လာဘ်ရတနာချို့တဲ့၊ မတဲ့ရန်ညိုး၊ အမျိုးမျိုးညင်းပုံ၊ အလင်းကုန်အောင်၊ ယုံစရာတကယ်ရှိမှဖြစ်မယ်။

ခုံသမာဓိဆိုဘာ၊ တရားနဲ့ပါတ်သက်၊ ဘုရားကိုဖက်မှု၊ စက်ဓမ္မဒေသနာ၊ သေအချာ မှန်ရာကိုရမှာဘဲလို့၊ ညအခါဘဲ သန်းခေါင်ယံ၊ ဇေတဝန်-နန်းဗိမာန်၊ ဘုရားထံညွတ်တွား၊ ဇောအဖြာဖြာညွတ်သဒ္ဓါနဲ့ ဩဘာသေတ္တာ ကိုယ်ရောင်ပြလျက်လျှောက်ထား၊ မထင်ရှားသောနက်အသွင်နဲ့၊ ဝိဝါဒအကြောင်းစကား၊ မြတ်ဘုရား - ရှေနားဘော်လျှောက်သတဲ့။

လောကသုံးခွင်မှာ၊ အရာခပ်သိမ်း – အစနဲ့အဆုံး မြင်နိုင်တဲ့၊ ဝိသုဒ္ဓိနတ်ဘုရင်က၊ လောကမှာ အထွေထွေရှုပ်ကြ၊ ဟောပြခါရှေနတ်ဟ၊ ဘောဒေဝပုတ္တ၊ အိုနတ်သား။ လူတိုင်းနတ်တိုင်း လူတကိုယ်ထင်ဇာလုံး၊ နတ်တကိုယ် ထင်မဆုံး၊ ဘောဒေဝပုတ္တ၊ အိုနတ်သား။ လောက၌ ထိုအမှာ်ထားကြဒါ ဓမ္မတာ၊ အရေးရှိအရာပေါ်၊ ဘေးထိတော့ ဆရာခေါ်၊ ခလုပ်ထိ အမိဘာ၊ ရောဂါရှိရင် ဆေးကိုစား၊ တရားတော်အမှန်ရဘို့ ဘုရားမှတပါး ခွဲခြားအောင် ဟောနိုင်သူ မရှိဘူးမှတ်ရမည်။

သူငါကစ အယူဝါဒ ကွဲပြားပါက၊ အုပ်ကွဲလျှင် ကျားကိုက်၊ လေတိုက်လျှင် အသိုက်ပျက်၊ အရှက်ရရင် အသက်သေတတ်သတဲ့။ မှန်လှပါဘုရား၊ နတ်သိကြွားက၊ ရှိသေစွာ လူ့မြည်က၊ နတ်-ပြဟ္မာ မကျန်။

သူ့ဝါဒအမှန်၊ ငါ့ဝါဒကေန်လို့၊ ဝေဘန်ကာ အသိမဆုံးဘဲ၊ ၁၂ နှစ်တိုင်မကြုံနိုင်တဲ့ အာဓိဂ ရုက်းကို၊ ငြိမ်းရှင်းလင်းဘွင်း

ဘွင်းကြီးမြင်ပါကြဘို၊ မင်္ဂလာဓမ္မကို၊ အခြေကအမှတ် မကျန်ရ အောင်၊ (ကေဝလကပ္ပ) ဟောကြားတော်မူရန် တောင်းပန်သောအခါ....

လူ့အန္ဓ လူ့ဗာလ လူ့ဥမ္မတ္တကကို အဝေးကရှောင်၊ မမြင်အောင်သွား၊ သူပြောသံကြား နားထဲမသွင်းနဲ့၊ အလင်းမြင်တဲ့ ပညာရှင် ရှိသေစွာယှဉ်တွဲ၊ အတည်မြဲ၊ မှိုဝဲကာကောင်းစရိုက် ကြိုးစားကာလိုက်။ ပူဇော်ထိုက်သူ ပူဇော်၊။ ထိုသုံးချက် မင်္ဂလာခေါ်တယ် အသင်နှတ်သား၊ ဒါမှမင်္ဂလာတရား ဟောဘာယဟိ၊ အမြဲမှတ်ထား။

နားထောင် အသင်သိကြား၊ အမြင်မမှားဘို့တဖြာ၊ ပညာမှန်ဘေးကင်းဒါမှ သင်ကြား။ ဆိုဆုံးပဘဲ့ ဝိနည်းတရားစောင့်။ ဖြောင့်တဲ့စကားပြော။ ဒီသဘောက ၄ - ပါးမင်္ဂလာ။

သင်နှတ်သားမှတ်စရာ၊ ရပ်ရွာဆိုဒါ၊ မင်းစိုးရာဇာ၊ ဆေးဆရာနဲ့ မမ္မတာလမ်းကြောင်း၊ ဆရာကောင်းရှိရာ ပဋိရူပဒေသ၊ နေရတဲ့တချက်။ ရှေးကံအဆက်ကြောင့်ဖြစ်လာမူ၊ ကောင်းမှုကိုထပ်ခါပြုတော့၊ တည်ကြည်မှုဆိုဒါက စိတ်မှာအမြဲထား။ ၃ - ပါး မင်္ဂလာတရားတဲ့။

နှတ်သားနာနာမှတ်မိဘမြှတ်၊ မြင့်မိုရ်ဥပမာ၊ ခုမကြာ ကျေးဇူးဆပ်၊ သက်စွန့်ခါ ကျွေးဘို့မှတ်၊ မမ္မတာခေါ်တ်က ဃရာဝါသ၊ လင်နဲ့မယား၊ သားနဲ့သမီး၊ စီးပွားဟူသမျှ၊ မပူရအောင် ဝတ္တရား၊ ကျိုးစားကာအားထုတ် "အပြစ်မဟုတ်တဲ့ ကာယကံ လိမ္မာဥာဏ်နဲ့ လုပ်" မင်္ဂလာဂုဏ်ပုဒ်၊ ဒီနေရာ ၃ ချက်ထုတ်လိုက်သည်။ မမေ့နဲ့ မပေါ့နဲ့၊ မှတ်လေလော့ နှတ်သား။

ဒါနဉ္စဆိုဒါ အမြတ်တရားမှတ်၊ လှူတတ်အောင်လှူ၊ အသိ အကျင့်မြတ်ကိုလဲ နာနာယူ၊ ဥာတကာဟူသမျှ စောင့်ရှောက်၊ အပြစ်ပျောက်တာလို့ လစိုက်၊မှတ်ထိုက်တို့မင်္ဂလာ၊ဒီဒေသနာမှာ ၄ ဋ္ဌာနတဲ့။

ဝေးစွပဋ္ဌမ မကောင်းမှုမတွေ့ပစေနဲ့၊အတွေ့ဆိုဒါက ဝိရတီ၊ သေရက်သေရဂ်ကို အရှင်းမသောက်နဲ့၊နှောက်ဘာဝဘေး၊ခုဘာ သေရေး၊ မမေ့အောင်နာနာတွေး၊ မင်္ဂလာ ဆေးမှာ ၄ မျိုး နတ်သားရဲ့။

အမြတ်တရားပြုသူ၊မီးကဲ့သို့ ရှိသေစွာပူဇော်၊သူတော်မှန်ရင် စိတ်မာန်ချ၊ သန္တုဋ္ဌိ သလ္လေခ၊ရှိသမျှ ရသမျှ တွေ့သမျှ စည်းစိမ်၊ တရားနှင့်တင်းတိမ်၊ ဥာဏ်ချိန်လို့ ကျေးဇူးဆပ်၊ တရားအမြတ် သိအောင်နာ။ထိုနေရာမင်္ဂလာ ၅ တန်တဲ့။

တရားအမှန်ကသီးခံ။ပညာရှိထံကဆုံးမသံ၊ဘယ်ခါမှ မတော် လှန်နဲ့။ဒသနံဆိုဒါက ရဟန်းမြတ်ကိုဖူးမျှော်။ အခွင့်လျော်ခိုက် တရားဆွေးနွေး။ နတ်သားအမေးက၊ ဤနေရာ မင်္ဂလာ ၄ မျိုး။

ရှေးအရိယာ ကျင့်စဉ်ရိုးကို အတုခိုး၊ ဝိပဿနာ တန်ခိုးမှ ဗြဟ္မစရိယာ။လေးဌာနသစ္စာ အရိယာတို့တရား၊ အားထားဘို့ စိတ်ရောက်။နိဗ္ဗာန်ဆိုလဲ မျက်စိအောက်၊ ကေန္တ=ရောက်မည်၊ မင်္ဂလာ ၄ လိတဲ့။

ချီးမွမ်းသည် ကဲ့ရဲ့သည်၊ ပညတ်ဖြစ်ဘဲ့ လောကီ၊ စိတ်တည် လျှင် မတုန်မလှုပ်။ လောကဓံရှစ်ပါးလဲဖြုတ်။ ရဟန္တာ ဥာဏ် သရုပ်မို့၊ သူမဟုတ် ငါမဟုတ်၊သောကမီးပူ၊ နှလုံးဟူသမျှ၊အမြစ် အငုပ်၊အနှစ်ပြုတ်ပြီ၊ အညစ်အလုပ်အာရုံ၊ ကာမဂုဏ်ကိလေသာ၊

မြူခိုးတောင် မလာတော့ဘူး။ ။ဘာ့ကြောင့် ဘေးဘယာ ဝေးစွာပ၊ နိဗ္ဗာန်ဆိုတဲ့ ငွေနရောက် မင်္ဂလာ ၄ ချက်လို့ ကောက်။

အဲဒါ ၃၈ မင်္ဂလာတရား၊ သင်နတ်သားမှတ်၊ အမြတ်ဆုံး ဥတ္တမ၊ ဝါဟုဒ္ဓမြွက်လိုက်သည်။

## မင်္ဂပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ။

မကောင်းတဲ့ဝါဒ။ယုတ်မာတဲ့ဗာလ။မမှန်တဲ့ပါပ၊မိစ္ဆာဝါဒ ပေါင်းစုံ၊ သဗ္ဗညုဉာဏ်တော်ဂုဏ်ဖြင့်၊ သိမ်းခြုံပယ်သတ်၊ ဝိဂ္ဂဟ ဝစနတ်၊ သကတ်ကိုလုပ်၊ အမြတ်ကို ထုတ်လိုက်ရင်၊ မင်္ဂလသုတ် တော် မူလအခြေခံပေါ်လျက်၊ ဘုရား၏မွေစက်၊ ကွက်ကွက် ကွင်းကွင်း၊ နေမင်းသမင်းကဲ့သို့ ဩဘာသာသောသိကြားမင်း မှာ၊ အယူဝါဒ ဖြောင့်မှန်သဖြင့်၊ ဘုရားထံက တရားအမှန်ရပြီး၊ နတ်မြည်သို့ သိကြား ပြန်ကြလေသည်။

ကာမ - ရူပ - အရူပ သုံးဘုံ၊ လောကဓါတ်ပေါင်းစုံ၊ မင်္ဂလာ ဂုဏ်တော်ကို ယုံယုံကြည်ကြည် သဒ္ဓါဖြိုးလျက်၊ ရတနာ၁စစ် ရတနာမှန် အမြတ်တနိုးဖြစ်ကြ။ ဥတ္တမံအမြတ်ဆုံး၊ မင်္ဂလာနဲ့ စဉ်အလာသုံးကြလျှင်၊ အရိယာဖြစ်ဘို့ထုံး၊ နိဗ္ဗာန်တိုင်းသုံးကြရ မည်။ မိစ္ဆာနဲ့- သမ္မာ၊ မှန်တာကိုမသိသမျှ၊ ဝိဝါဒများရမည်။ မင်္ဂလာတရားမြတ်၊ လူ - နတ် - ဗြဟ္မာ၊ ကောင်းတာကို အထပ်ထပ်ရှာကြရင်၊မင်္ဂလာ။

(၈၊ ဒုတိယအကြိမ်)

(၁၁၄)　　အဘိဃာစက တောင်းပန်ချက်။

## "တရားမညီသမျှ"

မဟုတ်ထာ ပေါ်ထင်။ ဟုတ်ထာ မပျော်မြင်။ မသိဒါကို သိအောင်မလုပ်၊ အလုပ်မဟုတ်ထာသိ၊ မသိဒါရှာရင်မော။ ရှိတာမှ အဘိဓမ္မာသဘော။ သာသနာဒုလ္လဘ၊ ကြုံကြိုက်သူ မြန်မြန်ရှာကြဘို့။ ကျွန်တော် သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ "ဝိဇ္ဇာစရဏမဂ္ဂသမ္ဘာရအဖွဲ့" ဥက္ကဋ္ဌ-သူကြီးမောင်ဘရွှေ က အယူမှားရှ်၊ အပူပွားကြရမည်ကို၊ ကြိုတင်ကာ သတိပေး နှိုးဆော်လိုသဖြင့်၊ ကျေးဇူးရှင် ပိဋကတ္တယပါရဂူ ဆရာကြီး ဦးမြတ်သိန်း အား "မဟာမင်္ဂလာ ဝိပဿနာ" ကို၊ ရေးသား စီရင်တော်မူရန်၊ လျှောက်ထား တောင်းပန်ရပါသည် ခင်ဗျား။

ဘရွှေ (သူကြီး)
ဝိဇ္ဇာစရဏမဂ္ဂသမ္ဘာရအဖွဲ့ - ဥက္ကဋ္ဌ၊
သာယာဝတီခရိုင်။

# ထုတ်ဝေသူ၏ အထူးနှိုးဆော်ချက်။

**မိမိတို့မလုပ်နိုင်သော အလုပ်ကို - လုပ်မည်ကြံလျှင်၊**
**မလုပ်မီက ကြိုတင်၍သိစမ်းပါ။**

သတိပေးချက်ဆိုသဖြင့်၊ လူတတ် - လူနတ်-
လုပ်ချင်တယ်လို့ မတွေးနဲ့ မယူဆနဲ့မှားမယ်

(တရားတွေ့မှ - ဘုရားတွေ့မယ် )
သတိ (ဘုရားတွေ့ရင် - သံဃာတွေ့ပြီမှတ် ) တိုင်ပင်
ပေးသူလဲ (ဘုရားမတွေ့ရင် - တရားမတွေ့နိုင် ) တယ်
(ဘုရားတွေ့သော်လဲ - တရားသိမှယုံမယ် )

ဆိုသော ရှေးပညာရှိများ ဆုံးမသော စကားအရလဲရှိတယ်။
ကျေးဇူးရှင်ကြီး ဆုံးမတော်မူသော....

**သက်တော်ရှင်ပင်၊ ဖူးမျှော်မြင်၊ ပြစ်တင်ဝက္ကလိ၊**
**ဓမ္မံပဿ၊ မံပဿ၊ ဗုဒ္ဓဂုဏ်တော်သိ၊**

ဟုစပ်ဆိုတော်မူသော စကားတော်ကိုလဲ စဉ်းစားတယ်။

**တနည်း....**

တရားပျောက်တော့ - ကိုယ်မှာရှာသုံးကြံတယ် - တွေးတယ်၊
ဘုရားပျောက်တော့ - မိုးပေါ်မှာ - ကြံတယ်။

**တနည်း ကျေးဇူးရှင်ကြီး၏ ဆုံးမချက်။**

နွားနို့ ပျားရည် - ရွှေမှုန်ရင်စစ်ခဲ။
မှတ်တိုက်ခံလို့ ရွှေမစစ်၊ မီးချခံမှ ရွှေစစ်တယ်။

ဆုံးမတဲ့ အသုံးစကားအတိုင်း၊ မီးချခံတဲ့ ရွှေစစ်ဖြစ်လိုက မာန်ချမှတွေမယ် ဖြစ်မယ်မှတ်၊ ဒါကြောင့် သတိပေးခြင်းသည် ကျွန်တော်၏ အဖြစ်ကြီးတွေ အပြစ်ကြီးတွေ ပဌမတွေးပြီး မှား လေခြင်း ဆုံးလေခြင်း ရှုံးလေခြင်း မဖြစ်ကြဘို့ သတိပေးခြင်း ပါဘဲ။

....×....

## ရှေးစကားသုံးကြတယ်။

ရွှာဘုရား-ရွှာသားမရှိသေ ဆိုသလို မလုပ်ကြနဲ့။
ဆရာကောင်းတပည့် ပန်းကောင်းပန် ဆိုဘာလို မယုံမရှိကြနဲ့။

ဘာ့ကြောင့်၊ ဆရာကောင်းကိုသာ အမြဲမှီရှာလိုက် ယခုဘဝ နိဗ္ဗာန်ရမယ်မှတ်။

ကျမ်းဂန်ဥပဒေတော်မှာ၊ပုဂ္ဂိုလ် အမျိုးအစားပါတယ် ဒွိ ့တိ ပါတယ် မပါဘူးမဆိုလို။

ဒါပေမဲ့ ပါရမီမရွေး ဒွိ ့ဂတိမရွေး၊ ဘာသာမရွေး၊ ပုဂ္ဂိုလ် မရွေး၊ ကျား-မ-မရွေး၊ အဆင်တ်အထည်မရွေး၊ အကြီးအငယ် မရွေး၊ စာတတ် ့မတတ်မရွေး။နေရာမရွေး၊ မင်း ့သူဌေး ့ဆင်းရဲ သား ့မရွေး၊လူ-ရှင်-မရွေး အဖဘုရားက အမွေပေးခဲ့သည်ယောဂီ တို့၊ မြတ်စွာဘုရား၏တရား ဘုံဆိုင်ပစ္စည်းမှတ်၊ တော်တော်လဲ အောက်တန်းကျကြ သတိရကြပါတော့၊ လူပါး လူနပ်တို့ရဲ့။

မြတ်စွာဘုရား၏ စကားဘော်၊ တရားတော်သာ မှန်ပေစေ၊

ပရတောသော သန့် ယောနိသော မနသိကာရတဲ့ ဟောသူနဲ့ နာသူရှိက အရိယာဖြစ်နိုင်တယ်မှတ်။

ဘယ်မလဲ အလုပ်ဆက်အုံးမှ။

ဥပဒေတော်။　။ဇာဝနှဟသ်ာမင်းက ဗြဟ္မဒတ်မင်းကြီးအား။

ရှပ်နာမ် ၂ ပါး တရားဟောပြ၍၊ဘုရင်နှင့်တက္ကသိလ၀န္တ စူဠသောတာပန် ကလျာဏ ပုထုဇဉ် အဖြစ်ကိုရ၍၊ တတိုင်းပြည်လုံး ချမ်းသာရကြလေသည်။ ယောဂီတို့ မဖြစ်နိုင်ဘူးပြောကြ -ယူကြအုံးမှာလား၊ တိရစ္ဆာန်က ဟောပြလို့ သူသားရှင်ဘုရင် အကျွတ်တရား ရတယ်၊ မြတ်စွာဘုရား တရား စကားတော် နားမှာ ကြားရလို့ ဘား တိရစ္ဆာန်တောင် တဘဝခြားရုံနဲ့ နတ်သား ဖြစ်တယ်ဆိုတာ မယုံချင်ဘူးလား။ မယုံနိုင်ဘူးလား။ ခုဘဲ စဉ်းစား၊တိရစ္ဆာန်ပေမယ်လို့ ဘုရားလောင်းမို့ အကျွတ်တရားရတာ ဘုရားသက်တော် ထင်ရှားရှိတုံးက ဟောလို့ ဘားတိရစ္ဆာန် အကျွတ်တရားရဟာဟု တွေးချင်သလား၊ မေးချင်သလား၊ နှုတ်စက်ချင်သလား၊ မတွေးနဲ့။ မစွက်နဲ့၊ မပေးနဲ့၊ ယောဂီတို့ ဓမ္မအန္တရာယ် သတိထားကြ။

လောကစကားကိုသာ ယုံချင်မှယုံ မယုံချင်လဲ နေကြ ယောဂီတို့။

ဂေါတမ တရားတော် စကားတော်ကိုမယုံချင်လဲယုံ ယုံချင်လဲယုံကြ။

ဘာ့ကြောင့်။　။မယုံလျှင်အစစ်၊ သရဏဂုဏ်မဖြစ်မှာစိုးလို့ သတိပေးခြင်းပါဘဲ။

တရားစာအုပ်ကြည့်မယ်၊ တရားရှာသွားမယ်၊ တရားနာသွားမယ် သုံးကြတယ်။ သုံးလဲသုံးကြပါ၊ သွားလဲသွားကြပါ၊ သုံးတာ သွားတာ အပြစ်ရှိတယ်လို့မဆိုလို။ ကြည့်မယ်, ရှာမယ်, နာမယ်။ တနည်း-ကြည့်,ရှာ,နာ,သုံးမျိုးတွင် စဉ်းစားစမ်းပါ, တွေးစမ်းပါ, ကြံစမ်းပါ, တိုင်ပင်စမ်းပါ, မာန်ချကြစမ်းပါလို့ ကျွန်တော်အထူး တိုက်တွန်းလိုပါတယ်။

ဘာ့ကြောင့်။　　။အစားရှာတော့-နေ့နဲ့ညမသေသမျှ ရှာခဲ့ကြ မဝ။
တရားရှာပြန်တော့လဲ - မရ။ ကြီးလေးတဲ့ "ဝိစိကိစ္ဆာ"ဒုက္ခ။

ကြည့်မယ်-ရှာမယ်-နာမယ်ဆိုတဲ့ အသုံးစကားအတိုင်း ကြည့်ရှာနာတဲ့အခါ၌တရားစာအုပ်ကြည့်ရင်း မာန်ကဝင်တယ်။ တရားရှာရင်း တောတွေ တောင်တွေ ဂူတွေ နတ်သျှိး နတ်သားတွေ ဖြစ်တတ်တယ်။ တရား နာရင်း တရားမတွေ "အသား" တွေဘတ်ကြ ပါတယ်။ဒါလဲ ကျွန်တော်ရဲ့ကိုယ်တွေမို့ ကျွန်တော် သတိပေးရပါမယ်။

တရားနာရင်း အသားပါခဲ့ပါလျှင် အမှားမစင်၍ တရားနာရင်း နာဆဲမှာပင် အမှား ဝင်တတ်ကြပါသဖြင့် သတိပေးရပါတယ်၊ မှားပုံ "အသား" ဝင်လာပါက ယခုစာရေးသူ ပြုသူ ဟောသူလဲ ဒို့လို လူဝတ်ကြောင် မိန်းမနဲ့ သားနဲ့ သမီးနဲ့ပါဘဲ သူဟောသော်လဲ ရှေးကသာ ဘုရားလက်ထက်မို့ဖြစ်တာ ယခု လူတွေ မဖြစ်နိုင်ဟု တွေးလေ့ပြောလေ့ ရှိတတ်ကြပါတယ်။

## ဒါဘာလဲ တရားထဲမှာ "အသား" ဝင်လာပြီယောဂီ။

၁ တရားဟောပုဂ္ဂိုလ်လဲ၊ ဒို့လိုလူဝတ်ကြောင်ပါဘဲ ထင်မှု ဒိဋ္ဌိ။

၂ သူဟောတဲ့ပြောတဲ့တရားလဲ ဟုတ်မှဟုတ်ပါလေစ မှန်မှ မှန်ပါလေစ-ဝိစိကိစ္ဆာ။

## အဲဒါ တရားနာရင်း ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ။

ကြည့်-ရှာ-နာ သုံးမျိုးတွင် တွေ့တတ်တဲ့ သဘောပါဘဲ ဒီ အပြော ဒီအယူ ဒီမှုတွေနဲ့ နေ့တွေရက်တွေ နေ့ရက်တွေ လတွေ နှစ်တွေ, ရှည်ခဲ့ရ နေခဲ့ရ သေခဲ့ရ အနန္တ တွေးသ သတိရ၊အဲ့ဒါလို တွေးကြ,စဥ်းစားကြ,ကြံကြပါလျှင် ဘုရားရှင် ကိုယ်တော်မြတ် မှာတော်မူခဲ့တဲ့ မောဃကာလံ၊ အချိးစီးအချိန်ကို။ နခေပယော၊ မကုန်စေနဲ့လို့ မှာတော်မူတဲ့အဆုံး အမဘာက်သို့ နီးကပ်လာသူ ဥတ္တမပုရိသ ဥတ္တမဗ္လတ္ထိ ဖြစ်ကြမည်။

ဤကဲ့သို့ မတွေး မဆင်ခြင် ပါလျှင်။ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဝင် လူ့ဗလချာပင်၊ ကျွန်တော်တို့ အဖဘုရား မှာတော်မူတာက "ဓမ္မစစ်တန်း" ရွေးချယ်ခန်းနားလယ်ရမယ် ကျွန်တော်များနား လယ် နေတာက "အသားစစ်တန်း" ရွေးချယ်ခန်း နားလယ်ခနေ ကြပါတယ်။

ဥပဒေတော် = ဓမ္မကထိကော - ဓမ္မကထိကောတိ - ဘန္တေ ဝုစ္စတိ ကိတ္တာဝတာနုခေါ - ဘန္တေဓမ္မကထိကော - ဟောတီတိ

လို့ သက်တော်ထင်ရှားရှိစဉ်က မြတ်စွာဘုရားကို နတ်သားကလျှောက်တယ်။

ဥပဒေတော် = ဓမ္မံ၊ ကထေတီတိ - ဓမ္မကထိကော ဟုမိန့်တော်မူတယ်။

မိန့်တော်မူပုံ - ရာဂက္ခယာယ - ဓမ္မံဒေသေတိ - ဒေါသက္ခယာယ ဓမ္မံဒေသေတိ - မောဟက္ခယာယ ဓမ္မံဒေသေတိ၊ အယံ ဝုစ္စတိ ဘိက္ခု ဓမ္မကထိကောတိ။

ရာဂ ဒေါသ မောဟတို့ကုန်ခမ်းစေခြင်းငှာ၊ အဘိဓမ္မာ အစစ်၊ အနတ္တအနှစ်ကို ဟောပြနိုင်သူ။ (တနည်း) ဝိပဿနာ ပညာစခမ်း သက္ကာယဒိဋ္ဌိ ကွာရှင်းနိုင်သော သစ္စဉာဏ်ကိုဟော ပြနိုင်သူတို့အား ဓမ္မကထိက ခေါ်ရမယ်ဟု မိန့်တော်မူသည်။

မည်သူမဆို မြတ်စွာဘုရား၏ တရားတော်ကို ဟောပြောပြသနေပါလျှင် မြတ်စွာဘုရား ကဲ့သို့ ရိုသေစွာ နာယူရမည့် သာဓက။

ဥပဒေတော်=ယောကောစိ ဘိက္ခုဝါ ဘိက္ခုနီဝါ ဥပါသကော ဝါ ဥပါသိကာဝါ မေ့ဒေသေတု ပကာသေတု သဒ္ဓမ္မာ သော သတ္ထာရ ပကာသိတောနာမ ဟောတိ လို့ မိန့်တော်မူသည်တရပ်။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်ဥပဒေ အဌာပိ ဒိဋ္ဌိဋ္ဌာနာနိ အဝိဇ္ဇာပိ ဒိဋ္ဌိဋ္ဌာနံ ခန္ဓာပိ ဒိဋ္ဌိဋ္ဌာနံ ဖဿောပိ ဒိဋ္ဌိဋ္ဌာနံ ဝိသက္ကောပိ ဒိဋ္ဌိဋ္ဌာနံ ပါပမိတ္တောပိ ဒိဋ္ဌိဋ္ဌာနံ-အယောနိသော မနသိကာရောပိ ဒိဋ္ဌိဋ္ဌာနံ သညာပိ ဒိဋ္ဌိဋ္ဌာနံ ပရတော ဃောသောပိ ဒိဋ္ဌိဋ္ဌာနံ။ ဥပဒေတော်၌ နံပါတ် ၈ - ဖြစ်တဲ့ ပရတော ဃောသောပိ ဒိဋ္ဌိဋ္ဌာနံ ပုဒ်အရ

သူတပါး ဟောပြော၍လည်း ဒိဋ္ဌိဖြစ်ရခြင်း တပါးလဲ ပါရှိပါတယ်။

ဤကဲ့သို့ အဖ ဘုရား ထားခဲ့သော ဥပဒေတော်များအရ နာတတ်ဘို့၊ ရွေးတတ်ဘို့၊ ရိုသေတတ်ဘို့ဆိုဒါ၊ အထူးအရေးကြီး လှပါတယ်။ ဒါ့ကြောင့် ကျွန်တော် သတိပေးစကား ရေးသားရ ပါတယ်။

ဒီစည်းမျဉ်းတကျ နားလယ်ဘို့က ဆရာကောင်း ဆရာစစ် သပ္ပုရိသနဲ့ တွေ့ကြရမှ ရှင်းရှင်းနဲ့ လင်းလင်း ဘွင်းဘွင်းကြီး သိရ ပါမယ်။ ဒါကြောင့် "ယထာဘူတံ ဉာဏာယ သတ္တာ ပရိယေ တဗ္ဗာ" ဟု ၅၂၈ . ကြိမ် တိုင်တိုင် မှာတော်မူတယ်။

အဲဒါလို ရေးစကားအရ၊ ကျွန်တော်များ အတွေးအပြော မှားလာခဲ့ကြဒါတွေကို သတိလဲပေးခဲ့ ရေးခဲ့ပြီ။ ဥပဒေစည်း မျည်းအရ နားလယ်ကြဘို့ ခဲရင်းသဖြင့်၊ ဆရာစစ် ဆရာမှန်ရှာဘို့ လဲ အရေးကြီးပုံတွေ ဖေါ်ပြခဲ့ပြီးပြီ။

'မဟာမင်္ဂလာဝိပဿနာ' စီစဉ်ရေးသားရန် တောင်းပန်ချက် ၌ သာသနာဒုလ္လဘ ကြုံကြိုက်သူမြန်မြန် ရှာကြဘို့ဟု ဖေါ်ပြခဲ့ပြီး ပြီဖြစ်၍၊ အရေးကြီးတဲ့ ဒုလ္လဘ ၅ - ပါးတွင် နံပါတ် ၅ - ဖြစ် တဲ့ "သဒ္ဓမ္မသဝန အတိဒုလ္လဘ" စကားထူး တရားထူး နာရဘို့ ကြားရဘို့၊ နာရ ကြားရပါသော်လဲ တွေးတတ်ဘို့ သဘော ပေါက်ဘို့က သာလွန်၍ဘဲ ခက်ပါသေးကလားလို့ ပါဠိအရ တွေးမနေနဲ့၊ ငေးမနေနဲ့၊ ဆရာဘယ်မှာရှာရမလဲမလုပ်နဲ့၊ ယခု ရေးသားစီရင်တော်မူသော "မဟာမင်္ဂလာဝိပဿနာ" ကျမ်းတ အုပ်နဲ့ ပင် မင်္ဂလာဖြစ်ကြ ညီကြဘို့၊ ဖူဠသဆိုဒါ စိတ်မှာနေ

တယ်။ ဝိဇ္ဇာအခြေလယ်ဒါက နက္ခမ္ပတိ၊ အစစဥာဏ်ရှိ၊ ကျပ်ပြည့်ကရဟန္တာ။ ကျမ်းအလာ မင်္ဂလာသုတ်၊ နာမည်မပုတ်အောင် ဆရာကြီး ရှင်မြတ်သိန်းထွန်းက ကင်ပွန်းတပ်ခဲ့သည်။ မင်္ဂလာမည်သိ သမ္မ နိဗ္ဗာန်မရ။ မင်္ဂလာနဲ့ညီလျှင် နိဗ္ဗာန်ရ၊ ငါတို့တော့ သာသနာဒုလ္လဘ။ ကြုံလဲကြုံပြီ။ ကြိုက်လဲကြိုက်ပြီ။ ကြုံကြိုက်ဆိုတဲ့အသုံးစကားနဲ့အညီ "မဟာမင်္ဂလာဝိပဿနာကျမ်းကိုမှီ" ဝိပဿနာပတ္တမြားလဲ လက်တွင်းရောက်ပြီလို့ လက်ပန်းပေါက် တဘက်ကမ်းရောက်ကြ ရကြပြီဟု ဝမ်းမြောက်စွာ သာဓု ၃- ကြိမ်ခေါ်တော်မူကြပါစေကုန်သတည်း။

ဘရွှေ (သူကြီး)
ဝိဇ္ဇာစရဏ မဂ္ဂသမ္ဘာရအဖွဲ့ ဥက္ကဋ္ဌ
သာယာဝတီခရိုင်။

# ဗုဒ္ဓဘာသာတို့ အရေးအကြီးဆုံး အချက်။

## အနန္တငါးပါး မူလနှင့် မူလီ ၂၀ - ရှင်းတန်း။

၁။ ဘုရားဂုဏ်အဆုံးမရှိ - ရွှတ်ပေမဲ့မသိ
၂။ တရားဂုဏ်အဆုံးမရှိ - တရားသိမှသိမယ်
၃။ သံဃာဂုဏ်အဆုံးမရှိ - နားလည်မှယုံမယ်
၄။ မိဘဂုဏ်အဆုံးမရှိ - ပြောရဲ့အနွမသိ
၅။ ဆရာဂုဏ်အဆုံးမရှိ - တော်လှန်တာဗာလ

၁။ ဘုရားဂုဏ်မှာ၊ သတ္တဝါခပ်သိမ်းတို့၏ အဇ္ဈတ္တ သဏ္ဌာန်၌ ကိန်းအောင်းရှိနေသော လောဘ ဒေါသ မောဟ တို့၏ အကျိုးပေး အကြောင်းကံတို့ကို အလုံးစုံသိခြင်း၊ မေးခြင်း၊ သေခြင်း၊ တဝဲလယ်လယ် အကြိမ်ကြိမ် အဖန်ဖန် သုံးဆယ်တစ်မည်၊ ဘုံမဟီဝယ်၊ ဆုံလည်သည့်နွား၊ ရဟပ်ချားသို့၊ ရပ်နားမတည်၊ ကြဉ်လည်ဆက်စပ်။ ခုမပြတ် နှောင်ဆက်၊ အဝိဇ္ဇာမှောင်က၊ မတွက်နိုင်ကြသော လူလောက၊ နတ်လောက၊ ဗြဟ္မလောက၊ အပါယ်လောကခေါ်သော သတ္တလောကကြီးတပါး။

ထိုနတ် လူ ဗြဟ္မာ၊ အပါယ်သတ္တဝါတို့၏၊ ရင်တွင်း ပုထုဇဉ် အရှုးစိတ်ကို၊ ဝါ—သံသရာခန္ဓာဒုက္ခကိုမသိနိုင်သော အဝိဇ္ဇာစိတ်ကို သိတော်မူသော မြတ်စွာဘုရားသည်၊ ဒီသတ္တဝါတွေသည် အလွန်မိုက်မဲသောမောဟ, ခေါ် အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရ (ခက်တယ်ဖြေးဖြေးဘတ်)သင်္ခါရခေါ် ကုသိုလ်ကံ အကုသိုလ်ကံမျိုး စေ့ကို ထပ်ခါ ထပ်ခါစိုက်ပျိုးထူထောင် လူကောင်, နတ်ကောင်, ဗြဟ္မာကောင်, အပါယ်ကောင်ဟု၊ အမှောင်မျိုးစုံ၊ အကောင်မျိုးစုံ၊ တဏှာမျိုးစုံ၊ သတ္တဝါမျိုးစုံ၊ ကံမျိုးစေ့ကြောင့် ခန္ဓာသစ်ပင်တွေ ဖြစ်ပေါ်ကြောင်းကိုသိတော်မူသည်။ဒါကြောင့် သင်္ခါရ လောကကြီးတပါး။

ထိုသင်္ခါရအကြောင်းအရင်းခံ ဗီဇ တည်သမျှ၊ ဤဘဝ၊ ဤခန္ဓာ၊ ထိုဘဝ၊ ထိုခန္ဓာ၊ သစ်ပင်မျိုးစုံတို့ကား၊ အကျိုးတရားတို့ပေတည်း။ သင်္ခါရလောကသည် သတ္တလောကမှတ်။

( ခက်ပြီယောဂီ )

(လောကသုံးပါးကဲ့ခွဲတယ်-လေးလေးဘတ်)

ဘုရားဂုဏ်အဆုံးမရှိကို ရေးနေတယ်။

ထိုသတ္တဝါ သင်္ခါရတို့၏ တည်ရာမှီရာ၊ တော တောင် ရေ မြေ၊ သမုဒ္ဒရာ၊ နေလနက္ခ စသော စကြဝဠာ အပေါင်းနှင့်တကွ၊ မြင့်မိုရ်တောင်အစ၊ တောင်စဉ် ၇-ထပ်၊ အာကာသတို့ကို ဩကာသ လောကကြီးတပါးမှတ်။

ရှင်းတန်း။

၁ လူနတ်ပြဟ္မာ၊ သတ္တဝါ ဟူသမျှတို့ကို၊ တဏှာဖြင့်ကပ်ငြိ တွယ်တာခြင်းရှိလို့ သတ္တဝါမှတ်။ မွေးမှု၊ သေမှု၊ နှစ်ပါး ကြောင့် လောကမှတ်။

(သတ္တလောက ဘာသာပြန်၊ နှစ်သက်လို့ ဖြစ်ပျက်မှတ်)

၂။ နေ့စဉ်စားသောက်နေသော အာဟာရထောက်ပန့်မှု ပြုပြင် မှုကို သင်္ခါရလောက တပါးမှတ်။
နာမ်တပါး ရုပ်တပါး သင်္ခါရလောက ၂ ပါးမှတ်။
သုခ၊ ဒုက္ခ၊ ဥပက္ခာ ဝေဒနာသုံးပါးကို သင်္ခါရလောက ၃ ပါးမှတ်။
အဟာရလေးပါးကို သင်္ခါရလေးပါးမှတ်။
ဥပါဒါနက္ခန္ဓာ ၅ ပါးကို သင်္ခါရလောက ၅ ပါးမှတ်။
အတွင်းအာယတန ၆ ပါးကို သင်္ခါရလောက ၆ ပါးမှတ်။
၇-ပါးသော ဝိဉာဏ်၏ တည်ခြင်းကို သင်္ခါရလောက ၇ ပါးမှတ်။
လောကဓံရှစ်ပါးကို သင်္ခါရလောက ၈ ပါးမှတ်။

သတ္တဝါတို့၏နေရာနဲ့ သတ္တဝါ ၉ မျိုးကို သင်္ခါရလောက ၉ ပါးမှတ်။
အာယတန ၁၀ ပါးကို သင်္ခါရလောက ၁၀ ပါးမှတ်။
အာယတန ၁၂ ပါးကို သင်္ခါရလောက ၁၂ ပါးမှတ်။
ဓာတ် ၁၈ ပါးကို သင်္ခါရလောက ၁၈ ပါးမှတ်။
သင်္ခါရ-ပြုပြင်မှု အားပေးမှု, ထောက်ပံ့မှု, တိုက်တွန်းမှု။ လောက-ဖြစ်,ပျက်။

(ပြုသမျှအကုန်ပျက်တာကို၊ စုံမက်ဘို့ရှာ၊ သင်္ခါရလောကမှတ်။)

၃။ လသည် ၄၉ ယူဇနာအဝန်းရှိ၏။ နေသည် အဝန်းယူဇနာ ၅၀-ရှိ၏။ မြင့်မိုရ်တောင်၏ အနိမ့်အမြင့်၊ ငရဲကြီးရှစ်ထပ်တို့၏အနိမ့်အမြင့်၊ အဝေးအနီးစသည်ဖြင့်၊ ၃၁ ဘုံတို့၏ တည်ရာဌာန-ယူဇနာ အဝေးအနီးတို့ကို အသေးစိပ် နယ်နိမိတ်တို့၏ အပိုင်းအခြား ၊သို့မဟုတ် အဆုံး မရှိသော စကြာဝဠာအနန္တတို့ကို ဩကာသလောကမှတ်။

ဩကာသ- အဆိုင်အခဲ၊တနည်းဟာလာဟင်း၊တနည်းတည်ရာဌာနနည်း-ရုပ်သဘာဝသက်သက်။ တနည်း-တေဇောဓါတ် အပူအအေးလောကဓါတ်ဥတုကိုမှတ်၊လောကဖြစ်ပျက်ဩကာသလောကတည်တယ်ဆိုပေမဲ့ ဖြစ်ပျက်မှတ်။

သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက၊ ဒီလိုလောကသုံးပါးကို သိတော်မူနိုင်သောကြောင့်၊ လောကဝိဒူ၊ ပြိုင်သူကင်းပ ဘုရားဂုဏ် အနန္တကို အမြွက်မျှ ရေးလိုက်သည် ဘုရားဂုဏ်အဆုံးမရှိ၊ ချီးကျူးအံ့ဩ။

၂ နိပါတ်တရားဂုဏ် - အဆုံးမရှိ ဘာလဲ၊ အပါယ်လေးပါး သို့ မကျတဲ့ဂုဏ်။ ဇာတိပဋိသန္ဓေခေါ် သွေးဗိုက်၊ သားအိမ်ရှုံ့ ရော၊ စက်ဆုပ်စရာတို့၌ပြန်၍ မဖြစ်တဲ့ဂုဏ်- အပူငြိမ်းတဲ့ဂုဏ်။ တောင့်တမှု ကြောင့်ကြမှု မရှိတဲ့ဂုဏ်။ တရားစစ်ကို နှလုံးသွင်း တိုင်း သဘောတူသူတို့နှင့် ဆွေးနွေးတိုင်း၊ ပျော်ရွှင်အားရတဲ့ဂုဏ် အလုံးစုံသောအရသာတို့ထက်မွန်မြတ်တဲ့ဂုဏ်၊ အလုံးစုံသောအလှူ ဒါနတို့ထက်၊ တယောက်နဲ့တယောက် အထူးအမြတ် တရားကို ပေးခြင်း ယူခြင်း ဓမ္မဒါနသည်သာ- အမြတ်ဆုံးဖြစ်တဲ့ဂုဏ်။ မြတ်စွာဘုရား၏ စကားတော်ကို နားလည်၍၊ အရိယာဖြစ်ရပြီး သံသရာကလွတ်မြောက်ရပေပြီလို့ ပီတိ ပါမောဇ္ဇ ဂုဏ်။ အစ, အလယ်, အဆုံး ဆင်ခြင်တိုင်းကောင်းမြတ်တဲ့ဂုဏ်။ ယခုပစ္စက္ခ ဘဝမှာပင် သောကစသောပူပန်မှု မရှိတဲ့ဂုဏ်။ တွေးတဲ့ခဏတိုင်း အေးချမ်းတဲ့ဂုဏ်။ လာစမ်းပါ၊ နာစမ်းပါ၊ ခေါ်ချင် ပြောဟော ချင်တဲ့ဂုဏ်။ သားသမီး၊ သားမယား၊ လင်၊ ဆွေမျိုး၊ စည်းစိမ်တို့ကို သွားလေရာယူ၍မသွားနိုင်၊ တရားဘော်က ရင်တွင်း နှလုံးသား၌ အမြဲကပ်၍ ဆောင်ရွက်နေတဲ့ဂုဏ်။ လောကီအာရုံ ကာမဂုဏ် အရသာတွေက ထိပျောက်,ကြည့်ပျောက် အနိစ္စဓမ္မ မျိုး။ အသိဉာဏ်၊ ပညာစခမ်းကနိဗ္ဗာန်၏ အရသာ၊ ဘယ်တော့ မှမမေ့နိုင် မပျောက်နိုင်တဲ့ အစလ ဋ္ဌိတိဂုဏ် တကိုယ်တယောက် ချင်း သိမြင်ရ၍ အန္တဗာလတ်၏နေမှု စားမှု မွေးဖွားမှုအပူအစစ တို့မှလွတ်မြောက်၍ မိမိကိုယ်တိုင် သိပိုင် ခံစားရတဲ့ဂုဏ် စသည် ဖြင့် ဓမ္မဂုဏော အနန္တောအရ အဆုံး မရှိသော တရားတော်၏ ဂုဏ်ကျေးဇူးတို့ကို အမြွက်မျှ ဖေါ်ပြလိုက်သည်။

၃ နံပါတ် သံဃာ့ဂုဏ်။ သက္ကာယဒိဋ္ဌိကို ကွာအောင် ပြတ်အောင် ငြိမ်းအောင် ပါယ်သတ်နိုင်တဲ့ဂုဏ်။ပုဂ္ဂိုလ် ဘတ္တဝါ ယောကျ်ား၊ မိန်းမ၊ ဒေဝ ဗြဟ္မာ၊ လိပ်ပြာ၊ ဇီဝ၊ ဤဘဝ ထို ဘဝရှိ မရှိ၊ ဟုတ်မဟုတ်၊မှန် မမှန်၊ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် အ ခြေခံအကြောင်းရင်းတို့ကို ဝေဖန်ခြင်း၊တွေးခြင်း၊ သုံးသပ်ခြင်း ပါယ်ဖျက်ခြင်း၊ ပစ္စဝေက္ခဏာဉာဏ်ဝသီတော်ငါးတန် တို့ဖြင့်အ ဖန်ဖန် သမာပါတ် ဝင်စားလျက် (၈၁) နှုံးလက်ဘင် အ တိတ်,ပစ္စုပ္ပန်,အနာဂါတ် ကာလသုံးပါးတို့၏ အကြဲစား အ လပ် စားခဏိက သဘာဝတရားတို့ကို သုညဘဆိုက်အောင် စဉ်းစား၍ နိဗ္ဗာန် စည်းစိမ်ကိုခံစံချင်တိုင်း ခံစံရသည့်ပြင် သီလ သမာဓိ ပညာ သုံးဖြာသောဂုဏ်။ အရိယာသာဝကဂုဏ်။ အလှူခံမြတ်ကို အပူ ဇော်ခံထိုက်တဲ့ဂုဏ်။ ပုထုဇန်တို့လူတိုင်း မင်္ဂကျိုး ဖိုလ်ကျိုး ရှိနိုင် တဲ့ဂုဏ်။ လောကရတနာ ဓမ္မရတနာ တိုးတက်ဖွံ့ဖြိုး စည်းစိမ် မျိုးပြည့်စုံနိုင်တဲ့ ပုညခေတ္တဂုဏ်၊ စသော အနန္တဂုဏ်တို့ကို အန္ဓ ဗာလတို့ အချင်းမရှိမှတ်။ ယောဂီသိပြီး တရားအားထုတ်ပါ။

သံဃာ ဘာလဲ ကိုလေသာကို သတ်ခြင်း၊ ဘာကိုကိလေ သာခေါ်သလဲ၊ တဏှာ မာန ဒိဋ္ဌိကိုမှတ်။ ဘာသာပြန်မှာ မယား ပူ၊လင်ပူ၊ သားသမီးပူ၊ စီးပွားပူ၊ အိမ်ပူ၊ ကျောင်းပူ၊ နေပူ၊ စား ပူ၊ဘဝပူ၊ ခန္ဓာပူ၊ မသေပူ သေပူ၊ စသော အပူမီးတို့၏ ငြိမ်းရာ ဝိပဿနာ အသိဉာဏ်ကို အားထုတ်ဆဲ အားထုတ်ပြီး၊ ကလျာဏ စူဠသောတာပန် မဟာသောတာပန်အစ အရိယာ သာဝက လေးယောက်တို့ကိုသာ သံဃာဟူ၍ခုသိ၊ ခုရှာ၊ ခုဆည်းကပ် ခု တရားတောင်း၊ ခုနာ၊ခုလှူပါ၊ မင်္ဂဉာဏ် ဖိုဉာဏ်ရမည်။

ဗုဒ္ဓ—ဘုရား
ဓမ္မ—တရား
သံဃ—တရားမှန်သိသူ
သံဃ—အပူငြိမ်း
သံဃ—ကိလေသာသတ်
သံဃ—သက္ကာယဒိဋ္ဌိမရှိ
သံဃ—အနုတ္တရဉာဏ်ကိုရခြင်း
သံဃ—အရိယာသူမြတ်

ဗုဒ္ဓ-ဘုရား။ ဓမ္မ-တရား။ သံဃကို သံဃာဟု အနက်ပေး ရိုး ဆိုရိုးသိရိုးတို့၌။ သံဃသဒ္ဒါကို ပါဠိကို-ပါဠိဘဲ အနက်ပေး ထားသဖြင့် သာသနာတော်တွင်း၌ နိဗ္ဗာန်ကို တကယ်လိုလား သူတို့အားသံဃာကို သရုပ်ကွဲစေခြင်းငှာ၊ သံဃကို သံဃာလို အနက် ပေးသည်၌၊ သံဃကိုပရမတ်ဉာဏ်ရသူဟု သံဃာတို့၏ ဘာသာပြန်သိဘွဲ့ဂုဏ်ကျေးဇူးကို အထူးသတိပေးလိုက်သည်။

သံဃာကိုဘဲ ထပ်ရှင်းမယ်။

ဗုဒ္ဓဘာသာဖြစ်လို့မှ- သံဃာကိုမသိရလျှင်၊ ငါဘာအကျိုး လဲ၊လူဖြစ်ကျိုးဘာများ နပ်သေးသလဲ၊ တွေးစမ်း။ ။သံဃာဆို ဒါ လူငြိမ်းသိဘို့ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ခေါ်ပါသလဲ၊ မဂ်၌တည် သော ပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေး ယောက်၊ ထို ၈ ယောက်ကို သံဃာခေါ်တယ်။

မဂ်ဆိုဒါ-ဥပဒေအရ၊ ပါဠိစကားမှာ၊ ခဏတ္တယသမင်္ဂီခေါ် တယ်၊ ခဏသုံးခုတို့နှင့် ပြည့်စုံခြင်းကိုမှတ်။ ဥပါဒ်-ခဏ ဌီ

ခဏ-ဘင်ခဏ။ ရင်းခဏလေးသုံးခုဟို- အချိန်တွင် ရလိုက်သော အသိဉာဉ်ကို မှတ်ပါ။

ပဋိရူပ်သတ္တဝါမဟုတ်ကြောင်းကို ဝိစိကိစ္ဆာ ကင်းပြတ်အပိုင် သိခြင်းကို မင်္ဂခဏခေါ်သည်မှတ်။ဒါဘုရားသိတဲ့ခဏမှတ်။ ဖိုလ် ခဏ-ဘာခေါ်သလဲ၊ မင်္ဂခဏနောင် စိတ် ၂ လုံး ၃ လုံး အားရ ဝမ်းသာ သဘောကျသော ခဏတ္တယ ၂ ခု၊ ၃ ခုကို ခေါ်တယ် မှတ်။ ။မင်္ဂကအကြောင်းကုသိုလ်။ ဖိုလ်ကား အကျိုးဝိပါက် မှတ်၊လောကုတ္တရာဖြစ်တဲ့ ကုသိုလ်မှတ်။

အခိုက်အတန့်တည်မှု သိမှုကိုပင်အဝတ္ထာဘုံခေါ်သည်မှတ်။ ကိုယ်တိုင် တရားအားထုတ်မှ သာ၍ ယုံကြည်မည်။ သပ္ပုရိသ ဆရာနဲ့ မှတ်ကျောက်တိုက် စစ်ဆေး စိတ်ချနိုင်မည် သံဃာကို သိမယ်။

သမုတိသံဃာ၊ ပရမတ္ထသံဃာ၊ ကျမ်းဂန်အရ ၂ မျိုးမှာ သမုတိသံဃာဘာလဲ၊သင်္ကန်းဝတ်၍ ဒိဋ္ဌိကိလေသာကိုသေအောင်၊ သတ်နိုင်အောင်၊သီလ,သမာဓိ,ပညာ သိက္ခာ သုံးပါးတို့နှင့် ပြည့်စုံ သူကို ခေါ်သည်မှတ်။ ။ဒါသံဃာဘဲလို့ အများကခေါ် သမုတ်ခြင်း၊ မိမိကိုယ်မိမိ သင်္ကန်းဝတ်ဆဲ၌ ငါသံဃာဘဲလို ထင် မှတ် သမုတ်ခြင်းကို သမုတိသံဃာမှတ် သင်္ကန်းကိုချွတ်၍ လူဝတ် လဲလျှင် အများနဲ့ မိမိပါ သံဃာလို့မခေါ်နိုင် မဆိုနိုင်မှတ်လေ။

ပရမတ္ထသံဃာဘာလဲ၊ ပရမတ်ဉာဏ်, ဓာတ်ဉာဏ်ကို အား ထုတ်ဆဲ၊အားထုတ်ပြီး။ကလျာဏ-ပုထုဇ္ဇ-အရိယာ ၄ ယောက်တို့ကို ပရမတ္ထသံဃာခေါ်သည်မှတ်။

( ၉၊ ဒုတိယအကြိမ်)

ကျမ်းဂန်ဥပဒေအရသိလိုက ဖန်ရေနဲ့ တူသော ဒိဋ္ဌိမကွာ ပါဘဲ၊ ဖန်ရေစွန်းသော သက်န်းကိုမဝတ်ရ ဟောတော်မူသည်။

မဂ် ၄၊ဖိုလ် ၄၊ အရိယာ ၈ ယောက် ခေါ်သည်မှာ။ဓမ္မဝိဋ္ဌာန် အရ ခေါ်သည်။အဘိဓမ္မာနည်းမှတ်။ အရိယာ ၄ ယောက်ခေါ် သည်မှာ ပုဂ္ဂလဓိဋ္ဌာန်အရ ခေါ်သည်။သုတ္တန်နည်းမှတ်။ လိုရင်း မှာ သူများကိုချည်းရှိခိုးရတာ မိမိက ရှိခိုးခံရဘာလောက် အကျိုး မများဘူး၊ တရားရအောင်လုပ် ရှိခိုးခံပြီးမှသေ လူဝတ်ကြောင် များ အရိယာဖြစ်နိုင်တယ်။ ဘိက္ခုခေါ်တယ်၊သမဏခေါ်တယ်၊ ဗြဟ္မဏခေါ်တယ်၊ ရဟန်းခေါ်နိုင်တယ်၊အာဂါရမုနိခေါ်နိုင်၏။ လူဝတ် အရိယာများကို ပရမတ္ထသံဃာဟူ၍ ကျမ်းဂန်၌ပါဠိခေါ် မရှိဘူး။ လူဝတ်နဲ့ အထက်တန်းအရိယာ ဖြစ်ပေမဲ့ ယနေ့ရှင်ပြု သော သာမဏေ ကိုရင် သက်န်းဝတ်ကို ရှိခိုးရမည်မှတ်လေ။ လူဝတ်အာဂါရမုနိ အရိယာ ရဟန်းများက သက်န်းဝတ် သံဃာ များကို အမြဲတန်း အရိုအသေ ပြုကြရမည်။ ပကာသနလုပ်ဘို့ မလိုခုတ်။

သံဃာဂုဏ်ကျေးဇူး အနန္တကို အမြွက်မျှ ရေးလိုက်သည်

နံပါတ် ၄ အမိနဲ့အဘ ကျေးဇူးသည် လူပြိန်းသိဘို့ရာမှာ မိဘကြောင့် အသက်ရှည်ရတယ်၊ ခုအထိ မိဘက မေတ္တာမပျက်၊ မိမိတို့ကသာ လင်လောက်၊ မယားလောက် သားသမီး မြေးမြစ် လောက် မချစ်ဘာမှန်နေကြပြီ။အခုဘဝ သာသနာတော်တွင်း၌ ဝိပဿနာ တရားတော်ကို ကြားရနာရလို့ အရိယာဖြစ်ကြရဒါ မိဘကျေးဇူးဘဲလို့ အတိုနည်းရေးလိုက်သည်။ မာဘာပိတုပုဒ်၌ ရေးခဲ့ပြီ။

ပုထုဇဉ်မိတ်၊ အရိယာမိတ် ၂ မျိုးစလုံးဂုဏ် ကျေးဇူးအနန္တ ဟုသိ။

နံပါတ် ၅–ဆရာမှာလဲ ငယ်စဉ်ကစ၍ဆိုဆုံးမခဲ့သောဆရာမှ စ၍ ခုအသက်ထိ ကောင်းရာကိုညွှန်ပြ ဩဝါဒပေးသောဆရာ တို့ကိုမှတ်ပါ။ လောကီဆရာ၊လောကုတ္တရာဆရာ ၂ မျိုးဘဲရှိတယ် မှတ်။ သီလ,သမာဓိ,ပညာ ပြည့်စုံ၍ မိမိအား သီလ၏အကျိုး၊ သမာဓိ၏အကျိုး ပညာ၏အကျိုးတို့ကို ခံစားစေဘို့ ဆိုဆုံးမ သော ကျေးဇူးရှင်တို့ကို အာစရိယဂုဏ်အနန္တဟု သိပါ။

မြွခဲ့သော အနန္တငါးပါးတို့ကို ဗုဒ္ဓဘာသာ အချို့တို့ ညစဉ် ရွတ်ဆိုကြ၏။ တချို့လဲကြွားဘူးကြ၊ ပိုက်ဆံ ဆင်းရဲလို့ဖြစ်စေ ဘောထဲတောင်ထဲသို့ သွားလာခိုက် ဖြစ်စေ၊ လှိုင်းလေ ပြင်းထန် လျက်၊ လေ့သင်္ဘောစီးခိုက်၊ လေယာဉ်ပျံစီးခိုက်၊ သူပုန်တွေနဲ့ ကြုံတွေ့ခိုက်။ ဖျားနာခိုက်။ ဆိုရိုး ပြောရိုး ထုံးစံ။

ရတနာသုံးပါး ဆရာသမား မိဘဂုဏ်ကျေးဇူးကြောင့်–

ဒါမျိုး ပြောသေ့ ရှိကြ၏။ ဘေးတွေ့ခိုက်နဲ့ သတိရရင် တော်ပြီမှတ်။ အချို့ အန္ဓဗာလတွေက ဘေးတွေ့ခိုက် တွေ့ဆဲမှ လက်ဖွဲ့ကိုအားကိုးတယ် ဘိုးဘိုးအောင်ကို တ-တယ်။ အောင်မင်း ခေါင် ကယ်တော်မူပါ။ ပုပ္ပါးဦးပညာသီဟ စောင့်ရှောက်ပါ။ ဓာတ်လုံး-[illegible]းလုံး (၄၉) ရက် အာနုဘော် ပုတီးကို ဆောင် တယ်။ ပယောဂ အောက်လမ်း ၃၇ မင်းတို့ကို ပသ,တယ်။ အင်း အိုင် ခလဲ့ ဆေးမှုံ့စသော လောကီဝိဇ္ဇာတို့ထံက ရတဲ့ ဆေးကို အားကိုးကြ၏။ အချို့ကမယ်တော်ကြီးဂိုဏ်း၊ အထက်

ဆရာကြီးဂိုဏ်း စသည်တို့ကို ဆည်းကပ် ကိုးကွယ် အားထား၍ ဂိုဏ်းကျေးဇူးကို ချီးမွမ်းကြ၏။ ဒီလူတွေ ဗုဒ္ဓဘာသာအစစ် မဟုတ်ဘူး အနန္တ ငါးပါးမှ တပါး ဂိုဏ်းကျေးဇူးကို တကယ် နားမလည်ဘူး မှတ်လေ။

(ဤသည်ကား အနန္တငါးပါးတို့၏ ဂိုဏ်းတော် အနန္တတို့ကို ထင်ရှားပေါ်လွင်အောင် ရေးပြလိုက်သော အထူးသတိပေး တိုက်တွန်းချက်တည်း၊ အားကိုးလွဲမယ် ယောဂီ)

ရှေးခေတ် ယခုခေတ် ဝိပဿနာတရားကို ပြောဟောလိုက်နာကြသော ဆရာနှင့်တကွ တပည့်အချို့တို့ အတိမ်ခေါ် အယူလွန်ကြပုံကို ဝိပဿနာ ဓမ္မကထိကနှင့် တကွ လိုက်နာကြသော ယောဂီတို့ အထူးသတိထားရမည့်အချက်။

## ကြက်နှင့်အရက်

နတ္ထိဝေါ-အသက်မရှိ သဘာဝ ဓမ္မမှန်၏။ အရက်-အဋ္ဌကလာပ် ရုပ်ဓာတ် သဘာဝဓမ္မမှန်၏။ ကြက်ကိုသတ်လျှင်၊ ထိုအရက်ကို သောက်လျှင်၊ သဘာဝဓမ္မမို့ အပြစ်မရှိယူကြ၏။ ထိုအယူသည် ဝိပဿနာဉာဏ်မဟုတ်၊ အရိယာအင်္ဂါ အရှင်းမဟုတ်၊ ဥပဒေနှင့် ညီစွာ ဆရာဆုံးဖြတ်လိုက်သည်၊ မင်းတို့စကား မိုးကြိုးသွားမှတ်၊ ကြီးစွာသော အန္တရာယ်ဖြစ်မည်။

## (အနန္တငါးပါး မူလထား၍ မူလီလှဲပုံ ဖြေးဖြေးဘတ်)

ပဋ္ဌမ နံပါတ် ၁ - ဘုရားဂုဏ်ကိုမူလထားပါ၊ မတွေးနဲ့ ဘုရားပေမဲ့ သစ္စာ ၄ - ပါးကို ကိုယ်တိုင်ထိုးထွင်းသိပါမှ ဘုရားမှတ်။ ၎င်းဘုရားကို မူလအရင်းထား၍ ကျန်လေးပါးနဲ့ မူလီလှဲသူပါ။

### မူလီလှဲမယ်ဂရုပြု

၁။ ဘုရားပေမဲ့ အနန္တအထိ ဟောနိုင်မှ ဘုရားအစစ်။
ဘုရားပေမဲ့ တပည့်သာဝက အရိယာတွေ ဖြစ်အောင် ဟောနိုင်မှ ဘုရားအစစ်။
ဘုရားပေမဲ့ မိဘက ကျေးဇူးတင်လောက်သော ဂုဏ်ရှိမှ ဘုရားအစစ်။
ဘုရားပေမဲ့ နိဗ္ဗာန်လမ်းပြ သပ္ပုရိသ ဆရာအစစ် ထားလောက်မှ ဘုရားအစစ်။
(ဘုရားမူလ ၁၊ မူလီ ၄ - ပါးမှတ်)

၂။ တရားပေမဲ့ ဘုရားအစစ်ကဟောတဲ့ အနန္တလက္ခဏာမှ တရားအစစ်။
တရားပေမဲ့ ပရမတ္ထ သံဃာဖြစ်ပါမှ တရားအစစ်၊
တရားပေမဲ့ မိဘ၏နို့ရည်ကဲ့သို့ ရင်တွင်းပူ ရေမှ တရားအစစ်။
တရားပေမဲ့ အပူသတ်ဆေးပေးတဲ့ ဆရာကဲ့သို့ ဆရာအားလောက်မှ တရားအစစ်၊
(တရားမူလ ၁၊ မူလီ ၄ - ပါးမှတ်)

၃။ သံဃာပေမဲ့ ဘုရား၏ ဩဝါဒခံ သီလ, သမာဓိ, ပညာ ပြည့်စုံမှ သံဃာအစစ်။
သံဃာပေမဲ့ ဝိပဿနာ အနုတ္တအထိရမှ ဟောပြနိုင်မှ သံဃာအစစ်။
သံဃာပေမဲ့ မိဘကဲ့သို့သေဘေးလွတ်အောင် အားကိုးပြု ရမှ သံဃာအစစ်။
သံဃာပေမဲ့ သပ္ပုရိသကလျာဏမိတ္တ ဆရာထားလောက် မှ သံဃာအစစ်။

(သံဃာမူလ ၁ ၊ မူလီ ၄ - ပါး)

၄။ မိဘပေမဲ့ ဘုရားအစစ်ကိုအားထားမှ အနန္တဂိုဏ်းဝင် မိဘမှတ်။
မိဘပေမဲ့ အနုတ္တဉာဏ်ကို ရသောမိဘမှ ဘုရားနဲ့ ဂိုဏ်း တူမယ်မှတ်။
မိဘပေမဲ့ အရိယာသံဃာ - သီလဝန္တ ပုထုဇဉ် သံဃာ တို့ကို ကိုးကွယ်မှ နည်းလမ်းမှန်မည်မှတ်။
မိဘပေမဲ့ "လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိန့်ဘ" ဆိုသကဲ့သို့၊ လိမ္မာမှု အစုစုတို့နှင့် နိဗ္ဗာန်ရမှု တရားကောင်းကို တိုက်တွန်းပြသ သောဆရာကဲ့သို့ အမှတ်ပြုရမည်။

(မိဘမူလ ၁။ မူလီ ၄ ပါးမှတ်)

၅။ ဆရာပေမဲ့ ဂေါတမ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို တကယ်သိ၍ ဥဒ္ဒိဿ စေတီစသည်တို့ကို ရှိ သေ လေးမြတ်မှသာ ဆရာစစ်မှတ်။

ဆရာပေမဲ့ အနတ္တလက္ခဏာ သဘာဝတရားကို ပိုင်ပိုင်သိပြီး သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးလုံး အကြောင်းအကျိုးသိပါမှ ဆရာစစ်။

ဆရာပေမဲ့ သက္ကာယ ဒိဋ္ဌိက္ခာအောင် ဟောပြနိုင်မှ။ တနည်း-ပရမတ္ထသံဃာ သမုတိသံဃာ ၂ မျိုး၏ အဓိပ္ပါယ်ကို ကျမ်းဂန်အရ အချိုးကျ စိစစ်ဝေဘန်၍ သံဃာ၏ဂုဏ်ကျေးဇူးတို့ကို သိခြင်းရှိသေခြင်း ရှိခိုးပူဇော်ခြင်းတို့နဲ့ ပြည့်စုံမှ ဆရာစစ်။

ဆရာပေမဲ့ မွေးတဲ့ မိဘကဲ့သို့၊ သတ္တဝါ အပေါင်းကို ပြဟ္မဝိဟာရတရား လေးပါးတို့ထက် သာလွန်သော အပါယ်မကျစေဘို့၊ ဇာတိလွတ်စေဘို့ မဟာမေတ္တာ ကရုဏာရှိမှသာ၊ ဝါ-မိဘနဲ့ ဂုဏ်ဘူထားနိုင်မှ ဆရာစစ်။

(ဆရာမူလ ၁၊ မူလီ ၄-ပါးမှတ်။)

....+....

မူလငါးပါးကို ဗုဒ္ဓဘာသာအမည်ခံ မှန်သမျှ ရဘူးကြားဘူးဒါများ၏။မူလီ ၂၀ ကိုသိခဲလေစွ။ဒါကြောင့် အချို့အန္ဓဗာလ အချို့ဝိပဿနာ အမည်ခံယောဂီ၊အယူလွန်ကြသော။အတိခေ၀ ဂိုဏ်းသားများယူကြပြောကြပုံ ဆရာကိုယ်တိုင် ကြားဘူး ရသည်မှာ၊ အနန္တငါးပါးကို မရှိဘူး မဟုတ်ဘူး ပယ်နှုတ်၍၊ ခေတ်သဘာဝဘဲ၊ ငါသူအရှင်းမရှိ၊အနတ္တသက်သက်မျှဘဲလို့ ဝိပဿနာ

ဉာဏ်အားကိုး။ သိမြင်သလောက် ပြောကြ၏။ ဒီအယူတွေ သမ္မာဒိဋ္ဌိမဂ္ဂင်မဝင်ဘူး။အခြေပြောမှားအယူမှားမှတ်။ အမှန်ဒီလိုယူ အားလုံးဓါတ်သဘာဝ၊ အနတ္တသဘောမှန်တယ်၊ မိမိရုပ်နာမ်မှ သာ ပြောတော့-ယူတော့၊ အနန္တဝါးပါးပေါ်ခြ ပညတ်လား ပရမတ်လား လိုက်တွက်မနေနဲ့၊ ရှောက်မရှေနဲ့၊ မဆိုင်ဒါ မကိုင်နဲ့၊မပိုင်ဒါ မနိုင်ချင်နဲ့။

## ရုပ်တန်းမှသာရုပ်
## သပိတ်တန်းရောက်ရင်ကွဲကုန်မယ်

ဝိပဿနာဉာဏ်ကိုရလို့၊ ဆွေးနွေးလုံး၊ပြောလုံး၊တိုင်ပင် စဉ်း စားလုံး၊ဝေဘန်ဘို့တွက်လုံး၊ မိမိခန္ဓာမှာတွက် မိန်းမတွက် တွက်၊ မိန်းမတွက်ကြေလျှင် အနတ္တအစစ်မှတ်။

> ယောကျ်ားတွက်ဆယ်လီမူးတွေ၊ ပိုင်ရှေးတော့-ဒဿမဖြတ် ကိန်းတွေ၊ သန်းဉာဏ်ကွောင်းစသော ပရမာအနန္တမြူ တွက် ကိန်းတွေ၊ ဘယ်လိုဘဲကြေကြေ၊ အနတ္တဉာဏ် မဟုတ်။ မိန်းမတွက်ကြေမှ အနတ္တမှတ်။

ခက်တယ်။ ခက်ထာအဘိဓမ္မာ မိမိခန္ဓာမှာ ဆွေးချင်ဒါတွေး သားမယား, လင်, စီးပွား, အိမ်, ကျောင်း, ဥယျာဉ်, တိုက်တာ, လယ်ယာ ကိုင်းကျွန်း စသော လောကဓာတ်တခုလုံးကို တွက်နိုင် သလောက် တွက်ပါ။အနန္တဂုဏ် ငါးပါးကို စကားထဲထဲ့မသုံးနဲ့။ ပညတ်မှန်သည်။ ဘုရားမရှိ။ တရားမရှိ။ သံဃာမရှိ။ မိဘမရှိ။ ဆရာမရှိ။ ဒီအသုံးဒီအယူတွေ တရားထဲမှာ မဟောရ။မပြောရ။

ဒါကြောင့် အနန္တငါးပါး ဂုဏ်တော် ကျေးဇူးတော်တို့ကို မထိခိုက်အောင်၊ ဝိမုတ္တိခေါ်-ဝိပဿနာယုဂခေတ်၌၊ ဝါဒအယူ တွေပေါ်များ၊ အဖွဲ့အသင်းတွေမျိုးစုံ အငြင်းအခုံများမည်ကို မျှော်လင့်၍၊ မူလအရင်းခံ ၅ ပါးနှင့်တကွ၊ မူလီ ၂၀ ကို ကြပ်တည်းစွာ သတိထားဘို့ ကြိုတင်နှိုးဆော်လိုက်သည်။ ပုဒ်ပြတ်မှတ်။

....×....

# အယူမှန်ကြဘို့-ပြန်ရှင်းမယ်။

## ၁—အချက်

### ဘုရားထူးခံတိုင်း-ဘုရားမဟုတ်ဘူး။

ဘုရား ပြောသံကြားတိုင်း ဘုရားမဟုတ်ဘူး။ တဏှာ,မာန, ဒိဋ္ဌိရှိသူတို့၌ ဘုရားမပွင့်ဘူး။ အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာသုံးပါးတို့ကို ခါတ်ဆိုက်,ပရမတ်ဆိုက်အောင် နိဗ္ဗာန်အထိ နားလည်သူ ယောဂီအရိယာတို့၌သာ ဘုရားပွင့်တော်မူ၏။ ဘုရားကိုဖူးတွေ့ရ၏။ ဘုရား၏ ဂုဏ်ကျေးဇူးကို အထူးတင်၏။ ကျေးဇူးတော်ကို တော်လှန်ခြင်းမပြု။ ဝတ္တရားကြေ၏။ အမြဲတန်းကျေးဇူးဆပ်၏။

အန္ဓဗာလတွေလို ပြောတိုင်း မယုံဘူးမှတ်၊ တရားအစစ် မသိလျှင် ဘယ်တော့မှ ဘုရားအစစ်မသိပါဘူး။

## ၂=အချက်
## တရားသံကြားတိုင်း-တရားမဟုတ်ဘူး။

မင်္ဂလာရှိသူယောဂီတို့ အချိန်မကုန်စေနဲ့၊ ပြောရိုးထုံးစံမှာ (တရားဆိုဘယ်သူဘဲဟောဟော) နာမှာဘဲ၊ အဘူတ်ဘူချည်းဘဲ ပြောကြ၏၊ပြောရိုးပြောစဉ် ပြောဒါပြောကောင်းတယ် ပြောဒါ မမှားဘူး၊ မသိဒါမှားတယ်။

တရားနာကြပါ တရားပွဲရှိဘယ်၊တရားဟောဘယ် တရားပြနေတယ် တရားဆွေးနွေးတယ် တရားပွဲစီမံဘယ်၊ တရားအားထုတ်ရာ ဌာနသို့သွားမယ်၊ တရားကိုသိပြီး တရားရှိတဲ့လူ၊ တရားဟောကောင်း ဓမ္မကထိက နိုင်ငံကျော် တရားကောင်းရေးတဲ့ ကျမ်းစာအုပ် စသည်တို့ကို၊ တရားအစစ် ဟုတ် မဟုတ်၊မှန်မမှန်ကို ယခုခေတ် နောင်လာမည့် နှစ်ပေါင်း ၃၀ အတွင်း ဝါ၊ ၄ နှစ်အတွင်း၌၊ရှေးလွန်ခဲ့သော နှစ်ပေါင်း ၂၀၀ အတွင်းကလို ပေါ့ပေါ့တန်တန်နဲ့ နေတဲ့ခေတ်မျိုး မဟုတ်တော့ဘူးလို့ စာဘတ်သူနဲ့ လူပညာရှိ ရဟန်းပညာရှိ၊မင်း-သူဌေးတို့နဲ့တကွ သာသနာပြု ပုဂ္ဂိုလ်တွေ သင်္ဂါယနာတင်ကြမည့် လူရှင်တွေ ဓမ္မကထိကတွေ အထူးသတိပြုဘို့ အချက်ဘဲလို့ ကြိုတင်၍ သတိထားဘို့။

ညာလို့ - ဝါးလို့ - ပြားလို့ - တွားလို့ - ထွားလို့ - ကြွားလို့ စားလို့ -မရတော့ဘူးအစစ် - ယခုခေတ်။

သာ့ကြောင့် နာခဲ့ဒါ၊ သေခဲ့ဒါ၊ မွေးခဲ့ဒါ၊ ပြေးခဲ့ဒါ၊ သွေးဗိုက်အောင်းခဲ့ရဒါ၊ သပိတ်သွတ်ခံခဲ့ရဒါ ဘုရားထူးခံခဲ့ရဒါ၊ လှူခဲ့ရဒါ၊ ငိုခဲ့ရဒါ ငရဲကျခဲ့ရဒါ၊ အောက်တန်းစားဖြစ်ခဲ့ရဒါ၊ ကပ်သုံးပါးဆိုက်တာ တွေ့ခဲ့ရဒါ၊ တွေ့ဆဲတွေ့နေရလို့ — ရင်တွင်းပူ လက်ငင်း မင်တာဘွေသိသို့၊ တရားဆိုလျှင် ရွေးမယ်၊ ရွေးကြတော့ မှားရင် မဘုရား၊ မှန်ဒါမှ တရား။

## မင်္ဂလာဝိပဿနာကျမ်းဘတ်ရဒါ

အပူပါးတယ်၊ လူပါးတယ်၊ လူနှတ်တယ်၊
တရားဘတ်တယ်၊ စကားလဲတတ်တယ်၊

ငါစဉ်းစာပြီးဘတ်မယ်။

တရားအရင်းစစ် ဒီမှာသိကြားမင်းခေတ်၊ ဥာဏ်မသွားသမျှ-အမှန်တရားမရ၊ အလုပ်နဲ့မဆိုင်၊ လင်မှားဒါထဏ်အမြင်မှားဒါကခက်၊ မယားမှားဒါထက် တရားမှားဒါက သာလို့ခက်၊ သားသမီးမှားဒါထက် တရားနည်းမှားဒါက အလွန်ခက်၊ စီးပွားရှာလို့မှားဒါထက် မီးမပါးဒါက အထူးအလွန်ခက်။

## ဘာလဲတရားအစစ်က

တရားဟောတယ်ကြားရင် စဉ်းစားနာကြ၊ ရုပ်နဲ့နာမ်ကို ခွဲပြတဲ့တရားနာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတဲ့တရားနာ၊ ခန္ဓာကိုယ်ဒုက္ခသံဝေဂဟောပြပဲ့ တရားကိုသာနာပါ၊ အသုဘကို ထင်ရှား

အောင်ဟောပြလျှင်လဲနာပါ၊ ဒီခန္ဓာကိုယ်ကြီးကို ရှုံအောင် မုန်းအောင်၊ နောင်ကို ဖြစ်ရပါလို၏လို့ ဆုမတောင်းနိုင်အောင် ဟောခဲ့လျှင်နာပါ၊ လင်စွဲ၊ မယားစွဲ နဲအောင်၊ ပါးအောင်၊ သောကမီးပူငြိမ်းအောင်၊ ဒိဋ္ဌိကွာအောင်၊ တဏှာနဲအောင်၊ မာနကျိုးအောင်၊ စိတ်သိမ်မွေ့အောင်၊ နူးညံ့ပြော့ပြောင်းလာအောင်၊ ဟောလျှင်နာတော့၊ သရုပ်ကွဲသလား၊ အဟောရှင်းရဲ့လား မိမိနားလည်ရဲ့လား စဉ်းစားနာနေ၁။

## တရားကျမ်းစာတွေဘတ်ပြန်လဲဒီအတိုင်းဝေဘန်။

ဒီပုဂ္ဂိုလ်ဟောဒါ ဝိပဿနာလား၊ သမထလား၊ စဉ်းစားတိုင်ပင်၊ နာလို့ကောင်းတိုင်း တရားဟုတ်ချင်မှဟုတ်မယ်။ အပြောကောင်းတိုင်း၊ အပြကောင်းတိုင်း၊ အသံကောင်းတိုင်း၊ ပရိသတ်များတိုင်း၊ လူဖြစ်ကျိုးနပ်တဲ့တရား ဟုတ်ခဲတယ် တရားသံကြားတိုင်း နာယူကောင်းတယ် စဉ်းစားနာဘို့ရာမှာ၊ တဏှာရောနဲ့တဲ့ တရားလား၊ တဏှာတိုး၍ များလာသလား၊ ရယ်ရွှင်စရာတရားလား၊ သက္ကာယဒိဋ္ဌိ ကွာဘို့ပါသလား၊ ဝိပဿနာကိုတကာယ်လျှဖြိန်းသိ - လည်ပတ်အောင် ဟောနိုင်ရဲ့လား၊ စာသိသညာသိလား၊ ဝိပဿနာခေတ်မို့ - ခေတ်စားလို့ ရုပ်နာမ်အသံပြယုံလား အပိုတွေ အသယ် အဝိုင်းတွေ များနေသလား၊ ကမ္မဋ္ဌာန်းထိုင်ဘို့ ဆွဲတဲ့တရားလား၊ တရားနာရုံ့ စဉ်းစားဆင်ခြင်ရုံနဲ့ ရနိုင်တာလား၊ အလုပ်လုပ်စေခိုင်းတဲ့တရားလား၊ ရုပ်နဲ့ နာမ်ကိုသရုပ်ခွဲ၍ ဝေဘန်ဆင်ခြင်ရမဲ့ တရားလားလို့ အမှားမဖြစ်အောင်၊ တရားကိုစစ်ကြယောဂီတို့။

## လေသံကြွား ဖမ်းတရားနာ
## ဝိုင်းဖွဲ့၍တိုင်ပင်ပါ
## ၃–အချက်
## သံဃာကိုဝေဖန်ပြီ၊ ရတနာစစ်တန်း။

ရဘနာကို မစိစစ် မဝေဘန်လျှင်၊ မိမိတို့မှာ အချိုးနှိမ်းဖြစ်**မည်**။ အထူးသတိပြုဘို့ခေတ်၊ သားစဉ် မြေးဆက်၊ အခက်ကြီးခက် အပျက်ကြီး ပျက်ကုန်ကြမယ်။ အခုပျက်နေနဲ့မှတ်။ ဘာပြုလို့ ပျက်သလဲ၊ အမှုမဲ့ အမှတ်မဲ့ နေကြလို့ ခေတ်ဆိုး ခေတ်ပျက်နဲ့ တွေ့နေကြရပြီ ယောဂီတို့၊ အကျိုးရှိဘို့လုပ်ရင်– အကျိုးမဲ့ဖြစ်စေဘို့ ပိဋကတ် ဥပဒေ ထားခဲ့သည်၊ သင်္ဂါယနာတင်ခဲ့သည်မဟုတ်၊ မှားလျှင် မှန်ဘို့စည်းမျဉ်းထားခဲ့သည်မှတ်။

သံဃာဆိုသည်မှာ-ကိုရင်သာမဏေတို့နှင့်
ရဟန်းတော်မြတ်များကို ခေါ်သည်မှတ်၊

သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်လို၍ နိဗ္ဗာန်ကိုရစေခြင်းငှာ၊ သီလအမွေ၊ ပညာအမွေတို့ကို၊ ခံယူသုံးဆောင် ကျင့်ကြံသူတို့ကိုသာ၊ သံဃာဟု ကျမ်းဂန် ဥပဒေအရသိကြတော့ ဗုဒ္ဓဘာသာလူမျိုးတို့၏ အမြဲတန်း ဆည်းကပ်ကိုးကွယ်သော ရတနာသုံးပါးဖြစ်သည်။ သို့အတွက် သိထိုက်သော ရတနာကို သိကြမည်။ နားလည်ကြရမည်မှတ်။

ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးအာ
မွေများကို လိုလားမက်မော တောင့်တ မျှော်လင့်၍
သင်္ကန်း မဝတ်ရ။

ဆွမ်းကောင်း၊ ကျောင်းကောင်း၊ သင်္ကန်းကောင်း ဆေးဝါးသော အာဟာရအကောင်းအမွန်တို့ကို ကြီးပွားစည်ကားအောင် မပြုလုပ်ရ၊ ဗုဒ္ဓဩဝါဒ ဥပဒေတော်မှတ်။ ဩဝါဒ သာသနာ မတည်သူ မစောင့်ရှောက်သူတို့ကို သံဃာဟု မဆိုထိုက်၊ မခေါ်ထိုက် မမှတ်ထိုက်၊ သင်္ကန်းဝတ်သူကို ရှိခိုးရမည်မှတ်။ သံဃာကို မြင်တိုင်း ဝေဖန်ရမယ်။ လက္ခဏာကို ဥာဏ်ရှိသလောက် အကဲခပ်ရမယ်၊ သိထားတ် ပါးနပ်ကြရမယ် မိမိတို့ ကိုးကွယ်ဆည်းကပ် ပူဇော်လှူဒါန်း၍နေရသော ဆရာတော်, သံဃာတော်တွေကို လျှောက်ကောင်းသည်၊ ဝိပဿနာတရားတော် အစစ်အမှန်ကို ဟောဘော်မူပါဘုရားသို့ လျှောက်ကြ၊ မဟောတတ်လျှင် ဟောတတ်သူ၏ထံသို့ ဆည်းကပ်နာယူပြီး၊ ဟောတော်မူပါလို့ လျှောက်ထားကြယောဂီတို့။ ဤကဲ့သို့လျှောက်လို့ စိတ်ဆိုးလျှင် အော်ငေါက်လျှင်၊ မဟောလျှင်၊ ကံဘိုက်မနေကြနဲ့၊ ယောတတ်တဲ့ သံဃာတော်များရှိရာသို့သွား၍ တရားနာယူကြ၊ သို့မဟုတ် ပင့်၍ တရားပွဲလုပ်ဘို့ စီမံကြ၊ သေရက်နီးပြီ၊ ဘယ်ရက်မှန်းမသိ။

လူဖြစ်ကျိုးမရှုံးကြစေနဲ့ အိမ်သားချင်းဘိုင်ပင် အပိုင်း
ရပ်ကွက်ရှိ လိမ္မာသူပါးသူ သဘောတူသူတို့နဲ့ ဝေဘန်
ကြတော့ ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ။

## ၄—အချက်

### မိဘ-ဘုရားနဲ့ တဂုဏ်းထဲ တဂုဏ်ထဲဆိုရာ၌

အဓိပ္ပါယ်အမှန်ကျယူရမည်မှာ၊ မိဘတို့အား ကျေးဇူးပြန်၍ ဘယ်လိုပင်ဆပ်သော်လဲ မကြေ၊ဂုဏ်ကျေးဇူးတော်ကိုပြန်၍ စဉ်း

**စား**လျှင် မရေတွက်နိုင်လို့၊ **မာတာပိတုဂုဏော အနန္တော**ဆို၏။ မိဘဂုဏ်**အဆုံးမရှိ**မှန်သည်။ ဘုရား၏ဂုဏ်တော်တို့နှင့် ဂုဏ်ပုဒ်**ချင်း** တူသည် မမှတ်ရ၊ ဂုဏ်ကျေးဇူးတော်ချင်း အံ့ဩချီးမွမ်း၍ မရေ **မတွက်နိုင် မ**ကုန်နိုင်ဒါချင်းသာတူလို့ အနန္တဂိုဏ်းဝင်ဖြစ်သည် မှတ်။

မြတ်စွာဘုရား၏ ဂုဏ်ပုဒ်မျိုးစုံ မိဘတို့မှာမရှိ၊ မရှိပေမဲ့ ကျေးဇူးတော်ဂုဏ်ကို **မမေ့**သော သူတို့သည်၊ ယခုပစ္စက္ခဘဝ မှာပင် ရောဂါဝေဒနာကင်းလွတ်၍ ပစ္စည်းလာဘ်လာဘ ရှာ **ဖွေတိုင်း တိုး**တက်မည်။

ဝိပဿနာတရားတော်ကို နာယူတိုင်း အရိယာဖြစ်သို့ အမြန် ရောက်စေနိုင်သည်မှတ်။ မိဘတို့က ဘယ်လိုပင် ဒုစရိုက် ၁၀ ပါး **ကို** ပြုသော်လဲ အနန္တဂုဏ်ထူးကိုမမေ့ရ။ အမြဲရှိသေ ဝတ်ပြုကြ ရမည်။ တော်လှန်၍ စိတ်မပြစ်မှားရ။ နှုတ်မပြစ်မှားရ။ ကာယကံ ပြစ်မှားခြင်းကို ပြောဘို့မလိုတော့ပြီ။ သိထိုက်ပြီ။ အကျင့်သီလ မရှိပေမဲ့ မိဘကို အပြစ်မပြောမရှုရ။ ပိုးသတ္တဝါတို့ကို မွေးမြူ သကဲ့သို့ ရိုသေကြည်ဖြူစွာ မွေးမြူကြရမည်။ မကောင်းမှုဒုစရိုက် ကို အတုမ**လိုက်**ရ။ ပုဒ်ပြတ်မှတ်။

## ၅—အချက်
## ဆရာ၏ ဂုဏ်ကျေးဇူး၌

မကောင်းမှု ဒုစရိုက်ကို သွန်သင်ပြသသူတို့သည်၊ ဆရာ ဂုဏ် ကျေးဇူး အရှင်းမဟုတ်မှတ်၊ အပယ်လေးပါးသို့ ရောက်စေတတ် သော သွန်သင်ပြသခြင်းတို့ကို **ဆရာ**မခေါ်ဘူး။

မကောင်းမြစ်တား၊ ညွှန်ကြားကောင်းရာ၊ သင်ပြပါမှု၊
ဆရာယူလော့၊ ကောင်းသည်ထက်ကောင်း၊ မင်္ဂလမ်း
ကြောင်းကို နည်းပေါင်းစုံပြ၊ ဆိုဆုံးမလျှင် ဆရာရှင်
တည်း။

ထိုကဲ့သို့ ဂုဏ်အင်္ဂါလက္ခဏာ တို့မှာ ဆရာသည် သီလကို စောင့်ရှောက်စေခြင်း၊သမာဓိကိုညွှန်ပြခြင်း၊ ပညာစခန်းကို တိုက်တွန်းနှိုးဆော်ခြင်း၊ဟောပြ ပြသခြင်းတို့တည်း။

ဤသည်လျှင် အနန္တငါးပါးတို့၏ ဂုဏ်ပုဒ်ရှင်းတန်းအမြွက်ပြီး၏။

# မင်္ဂလာ မေးခွန်း။

၁ လူမိုက်နဲ့ လူပညာရှိ၊ မင်္ဂလာလက္ခဏာကို ခွဲ၍ဖြေပါ။
၂ မင်္ဂလာတရားတော်၏ အဓိပ္ပါယ်အချုပ်ကို ဖြေပါ။
၃ အဘယ်တရားကို လိုရင်းဘဲသို့ သိမှ မင်္ဂလာ ပြည့်စုံမည်နည်း။
၄ မင်္ဂလာပြည့်စုံသူ၏ အကျိုးအပြစ်ကို ဖော်ပြပါ။
၅ ၃၈-ပါး မင်္ဂလာတို့တွင် အရေးအကြီးဆုံး မင်္ဂလာကို ဖြေပါ။
၆ အဘယ်ကိုရည်ရွယ်၍ မင်္ဂလာကို ဟောပါသလဲ။
၇ မင်္ဂလာတရားဖြစ်ပေါ် လာရခြင်း အကြောင်းကိုရှင်းပြပါ။
၈ အနုဝိဇ္ဇာနိနဲ့ အနုကုလာစ ကမ္မန္တာ ၂ ပုဒ် သရုပ်ကိုရှင်းပါ။
၉ သည်းခံရမည် ခန္တီဆိုဒါ၊ အရာဌာန ရွေးထိုက် မရွေးထိုက်။
၁၀ ဘယ်သူကို သိစေဘို့မင်္ဂလာတရားကို ဟောရပါသလဲ။
၁၁ အိမ်ထောင်မင်္ဂလာ ပြုကြရာ၊ ၃၈ ပါးတွင် အဘယ်မင်္ဂလာတို့နဲ့ သက်ဆိုင်သလဲ။
၁၂ ပုထုဇန်မင်္ဂလာ အရိယာမင်္ဂလာကို၊ ဘယ်ဂါထာနဲ့ ခွဲ၍ပြမည်နည်း။
၁၃ အရေးအကြီးဆုံး မင်္ဂလာဂါထာ ဘယ်နှစ်ပုဒ် ရှိပါသလဲ။
၁၄ မင်္ဂလာတရားနှင့် ဘယ်သို့ပုဂ္ဂိုလ်များ ပြည့်စုံပါသလဲ။

(၁၀၊ ဒုတိယအကြိမ်)

၁၅ မင်္ဂလာနဲ့ညီသော ဒါနအင်္ဂါတို့ကို အချိုးကျဖြေပါ။
မင်္ဂလာအဖွဲ့ဥက္ကဋ္ဌများက အဖွဲ့ဝင်ယောဂီတို့အား ဥာဏ်အမျိုးမျိုးဖြင့် မေးနိုင်သည်....အားထုတ်ကြ။

....+....

# အရိယာစစ်တန်းမေးခွန်း။

၁ အရိယာ သောတာပန် ဖြစ်သူသည်၊ တရားဟောပြောရာ၌ အားလုံးကိုဝမ်းမြောက်စေခြင်းငှါ၊ သောတာပတ္တိမဂ်ဥာဏ်ကိုရပြီးပြီ၊ ရအောင် ကြိုးစားကြပါလို့ မိမိကိုယ်ကို ဖွင့်ဟ၍ ပြောကောင်းမပြောကောင်း။

၂ ပြောကောင်းလျှင် ပါဠိအားကိုး၊ မပြောရလျှင် မပြောရဘူးဆိုတဲ့အားကိုး၊ပြလိုက,ပြ၊သို့မဟုတ် ထိုးထွင်းဥာဏ်သဘောပေါက်သလောက်ဖြေဆိုပါ။

၃ မြတ်စွာဘုရားလက်ထက်က၊ မြတ်စွာဘုရားက သောတာပန်စသော၊ တိုက်ရိုက်အမည်ပေးသော ဝတ္ထုသာဓကကို နာမည်နဲ့တကွ ဖြေဆိုပါ။

၄ သောတာပန်၊သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာစသော အမည်တွေကို သက်တော်ထင်ရှားရှိစဉ်က ဘုရားကချည်း ပေးသော အမည်တွေလား။ သို့မဟုတ် ကိုယ်တိုင်သိ၍

ဖေါ်ပြဖွင့်ဟကြသော အမည်တွေလား။ ကျမ်းဂန်အရ ဖြစ်စေ၊ သဘောပေါက်ဖြစ်စေ၊ဖြေဆိုပါ။

၅ တရားအားထုတ်ကြသော ယောဂီဘို့မှာ၊ သစ္စာလေးပါး ရှိသည်အနက်၊ အဘယ်သစ္စာကို အားထုတ်ရပါသနည်း။

၆ ပဋိသန္ဓေဆင်းရဲ၊ အိုဆင်းရဲ၊ နာဆင်းရဲ၊ သေဆင်းရဲ၊ ဟု ဒုက္ခအကြီးဆုံးကို၊ ပရိယတ်အရ သိပြီးဖြစ်၏။ လူပြိန်များ လဲကြားဘူးကြ၏။ တရားမရကြဒါ မှန်နေပြီ။ ၎င်းလေးပါးကလွဲ၍ အကြီးဆုံး ရုပ်ဒုက္ခဖြေပါ။ အကြီးဆုံးနာမ် ဒုက္ခဖြေပါ။ ခွဲဖြေ။

၇ အသင်တရားရ၍ အရိယာဖြစ်ခဲ့သော် ခုဘဝမှာသေလျှင် အဘယ်ဘဝသို့ ကိန်းသေ ရောက်နိုင်မါသလဲ။

၈ တရားတွေလျှင် ဘုရားတွေမည်ဆိုဒါ၊ တိုက်ရိုက်လက် တွေ့ရှာ၍ဖြေဆိုပါ။ ဂုဏ်တော်ကို မဖြေပါနဲ့၊ပုဂ္ဂ သရိဌာန် ဘုရားတွေ့ - မတွေ့ ဖြေပါ။

၉ ပရမတ္ထ သံဃာကို မြင်လျှင်၊ စကားပြောရလျှင်၊ တရား ဟောသံကိုကြားရလျှင်၊ ဆွေးနွေးဝိုင်းမှာဖြစ်စေ မည်သူ ကိုမဆို ဒီပုဂ္ဂိုလ် ပရမတ္ထသံဃာ အစစ်ဟု - လက်တွေ့မျက် တွေ့ အမည်နာမကို ဖွင့်ဟ၍ ဖြေဆိုပြပါ။

၁၀ နိဗ္ဗာန်ဆိုဒါ မီးငြိမ်းသိမ်းမရှိဒါ မှန်၏။ အသင်ယောဂီ သည်၊ မဂ်ဉာဏ် - ဖိုလ်ဉာဏ်ကိုရလျှင်၊ နိဗ္ဗာန်ကိုအာရုံပြု နိုင်ရတယ်လဲဆို၏။ ဘယ်ကဲ့သို့ နိဗ္ဗာန်ချမ်းသာကို - ကိုယ် တွေ့ခံစားရပါသနဲ။ စိတ်အေးမှု အဖြေမလိုချင်။ ဘာ သာပြန် - ဒီလိုခံစားဘယ်သို့ တိုက်ရိုက်ဖြေဆိုပါ။

# အသိနဲ့အလုပ်ရှုပ်သမျှခေတ်

## ဗုဒ္ဓရာဇာစစ်ပြီး။

အမင်္ဂလာကို မင်္ဂလာဖြစ်အောင်ဟောကြဘို့ ပညာရှိတို့တိုင်းပြည်ဆူပွက်လျှင် ငြိမ်းအောင်ကြံကြဘို့၊ အစိုးရမင်းတို့ စိတ်မကောင်းဆိုးသူတို့ကို စိတ်ကောင်းမျိုး ဖြစ်အောင် ဟောကြဘို့၊ ဓမ္မကထိက - တို့။

အယူမှားကြရင်း၊ မှန်ဒါလိုက်ကြဘို့၊ ယောဂီတို့။

အသိလွဲကြရင်၊ အသိပြောင့်ကြဘို့၊ ယောဂီတို့။

အမှတ်မမှန်လျှင် မှန်ဒါမှတ်ကြဘို့၊ ယောဂီတို့။

တရားဟော ပုဂ္ဂိုလ်တွေများတယ် တရားအမှန် ရွေးကြဘို့၊ ယောဂီတို့။

ဘာသာသာသနာဝါဒတွေများ အမှားနဲ့အမှန် အမှန်လိုက်ကြဘို့၊ ယောဂီတို့။

အနေကလဲမမှန်ကြ၊ အသေကလဲမြန်ကြ၊ ဝေးမနေကြနဲ့၊ တရားတိုင်းလဲနာ၊ စဉ်းစားနာ ဟန်တရား၊ အသံတရား၊ ဥာဏ်ဘရားတရားပွဲလုပ်တယ်၊ တရားနာတယ်၊ ငွေကုန်တယ်၊ တရားအစစ်ဟွတ်ကဲ့လား၊ တရားနာတယ်၊ တရားစာဘတ်တယ်၊ နားလည်ရဲ့လား။

## တရားဆိုအတူတူပြောသူကိုသတိထား။

အနေမမှန်၊ အလုပ်မမှန်၊ အစားမမှန်ဖေါက်ပြန် ပျက်ပြားဒုက္ခတွေများတဲ့ လူ့ပြည်၊ တရားမရဘဲသေ- ကေန်ဒိဋ္ဌအပါယ်ကျ။

ရေးပြီးရှေ့လောပြီး မဘတ်နဲ့ ၊
ရှင်းရှင်းဘတ် ဘတ်ရင်းတွေး ၊

စဉ်းစားဘို့

ဒါနသည်၊နိဗ္ဗာန်ရောက် - မရောက်။
သီလသည်၊နိဗ္ဗာန်ရောက် - မရောက်။
သမထ သည်၊နိဗ္ဗာန်ရောက် - မရောက်
ဝိပဿနာသက်သက်၊နိဗ္ဗာန်ရောက် - မရောက်။
ဒါန,သီလ,ဘာဝနာ-သုံးမျိုးလုံးပြည့်စုံမှရောက်မှာလား။
သမထယျာနိက-ဝိပဿနာယျာနိက ဘာသာပြန်ဘာလဲ။
အရိယာဖြစ်ထာ - ပြောကောင်း - မပြောကောင်း။
လူဝတ်ကြောင်နဲ့ ရဟန္တာဖြစ် - မဖြစ်။
မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ - သောတာပန် ရှင်းပြပါ။
အရိယာဖြစ်ဘို့ အသိလား - အလုပ်လား။
နိဗ္ဗာန်ဆိုတာ ခံစားဘို့ရှိ - မရှိ။
နိဗ္ဗာန်ကိုရတယ်ဆိုဒါမှသေခင်ရသလား၊သေပြီးမှရသလား။
စိတ်ပုတီးဆောင်ကြဒါ ဘုရားလက်ထက်က ရှိ - မရှိ။
ဘုရားလက်ထက်က အလှူဒါနပြုတိုင်း ရေစက်ချ - မချ။
ဘုရားလက်ထက်က ပိဋကတ်သုံးပုံ စာသင်စာချရှိ - မရှိ။

မြတ်စွာဘုရားတရား ဟောဒါ ဘယ်တရားကို အရေးကြီး ဟောပါသလဲ၊ ဟေဘိကွာ ခေါ်လျှင် ပရိက္ခာရာရှစ်ပါး ပြည့်စုံ၍ (ဝ၁) ၆ဝ ရသော မဟာထေရ် အသွင်ကဲ့သို့ ထင်ရှားစွာ လူဝတ်ကြောင်က သက်န်းဝတ်ဖြစ်သည်။ အချို့လဲ ဟေဘိကွာ

အခေါ်မခံရ၊ ဒီ၂မျိုးမှာ၊ အရိယာဖြစ်ပုံ ဘယ်လို ထူးခြားပါသလဲ။

ရှေးက သာသနာပြု ။စေလွှတ်ကြဒါ ဘယ်သာသနာကိုပြုကြပါသလဲ။

ကောင်းကင်ပြန်တတ်ထာ ဈာန်လား၊ သမာဓိတရားဟာ ဈာန်လား ။

ဘုရားလက်ထက်မှတပါး၊ သီရိမမ္မာသောက် မင်းကြီး၏လက်ထက်ကစ၍ ရှင်ပြုတရား၌ ဥဒါဟာရဏ် ပြုရပ်ထား၍ ကျမ်းဂန်အရ ဟောကြပြောကြရာ၊ အခြားသင်္ဂါယနာတင် မင်းတွေလက်ထက်က ရှင်ရဟန်းပြုသော ပြယုဂ်သာဓက ကျမ်းဂန်၌ ပါမပါ ။

သာသနာပဌ် ဒါန - သီလ - သမာဓိသမထ တရားများနဲ့ ကျမ်းဂန်အရ သာသနာတွင်း ဒါနသီလ,သမာဓိ,သမထတရားများနဲ့ ဘယ်ကဲ့သို့ ခြားနားပါသလဲ့။

ပိဋကတ်သုံးပုံ စာပေကျမ်းဂန်ကို သင်ကြားပို့ချနေသော ရှင်ရဟန်းတို့မှာ သမထ သမာဓိတရားပါ - မပါ။

ညီတော် မင်းနန္ဒ ရဟန္တာဖြစ်ထာ သမထယျာနိကလား။ ဝိပဿနာယျာနိကလား ။

စူဠပန်ကို ဖျင်ဖြူပွတ်၍ ရဇောဟရဏံကို ရွတ်စေ။ ပွတ်စေခိုင်းရာ၊ ရဟန္တာဖြစ်တာ သမထယျာနိကလား။ ဝိပဿနာယျာနိကလား။

ဘုရားလက်ထက်တော်က ဟောပြသောတ ရားတွေဟာ အရိ

ယာဖြစ်ဘို့မှန်လျှင် အခု - ပိဋကတ်သုံးပုံပါဠိတော် အကုန်သိရမဲ့ တာဝန် ဟုတ်မဟုတ်။

ဘုရားလက်ထက်က ဖြစ်ကြသော သူတို့သာတရားအမြန်ရကြတယ်။ ဥဂ္ဃဋိတညူ။ ဝိပဉ္စိတညူ ခေါ်တယ်၊ အခုလက်ထက်၌ ထိုလိုအသိမြန်သော အရိယာ အရှင်တွေ၊ ရှိနိုင် မရှိနိုင်။

ပရိယတ်၊ ပဋိပတ် ပဋိဝေဓ- ဟုသာသနာသုံးဌာနရှိရာတထစ်တန်းတက်အားထုတ်ရမှာလား တပြိုင်နက် ပါဝင်နိုင်သလား။

အရိယာဖြစ်ကြသော ဝိသာခါ၊ ခုဇ္ဇုတ္တရာ၊ အနာထပိဏ် သူဌေး၊ ဇောတိကသူဌေး၊ ပိမ္ပိသာရမင်းကြီး၊ အင်္ဂုလိမာလ အာဠဝကဘီလူး၊ ၎ ဣလိမထေရ်၊ အရှင်စူဠပန်မထေရ်၊ စသည်တို့သည် ပိဋကတ်သုံးပုံတတ်မြောက်ရာမည် - မမည်။

အရိယာသောတပန် တည်ဒါကို အချို့ဆရာများနဲ့ ယောဂီများကမပြောကောင်းဘူး၊ ဒါကြောင့် မပြောတတ်လို့ သုံးကြရာ၊ ပြောလျှင်ဘာ ကဲ့သို့ အပြစ်နဲ့၊ မပြောရဆိုသော ပါဠိကျမ်းအားကိုးရှိ - မရှိ။

ပါရာဇိက စတုတ္ထသိက္ခာပုဒ်ခတော်အရ ရဟန်းများ၏ ဝိနည်းသီလဝယ်၊အရိယာ သောတာပန်ငါဖြစ်ပြီလို့ လူတို့ထက်လွန်ကဲထူးမြတ်သော တရားဟုဥတ္တရိမနုဿဓမ္မကို ရှောင်ကြဉ်ရမည်မှာ အရိယာ ကေန်မှန်ပေတဲ့ မပြောရဘူးလား၊ အရိယာယောင်ဆောင်၍ လာဘ်လာဘကို မျှော်သင့်မှာစိုးလို့ ပညတ်ချက် ထားသလား။

နိဗ္ဗာန်ကို တကယ်လိုသားကြသူတို့မှာ မသေခင် - ဘယ်တရားကိုအမြန်ဆုံးရဘို့ အရေးကြီးပါသလဲ။

ဝိဝဋ္ဋဒါန၊ ဝိဝဋ္ဋသီလ၊ ဝိဝဋ္ဋဘာဝနာဖြစ်အောင်၊ ဘယ်တရား သိမှ ထွက်မြောက်မှာလဲ။

အန္ဓနဲ့ - ကလျာဏ၊ သယ်သူကသီလ လုံခြုံမည်လဲ။

အရိယာထင်၍ သီလမလုံလျှင်၊ အန္ဓလား၊ အရိယာ ဟုတ်ပါ့ မလား။

သာသနာပ နဲ့ သာသနာတွင်း၊ ဘယ်တရားကိုအမြန်ဆုံးသိ ရမှ လူဖြစ်ကျိုးနပ်ပါသလဲ။

ဝိပဿနာဉာဏ်ကို အရှင်းမရပါက၊ ကလျာဏပုထုဇဉ် ဖြစ် မဖြစ်။

ဒါန - သီလ - သမထ တရားသုံးပါးသည်၊ ဒုလ္လဘငါးပါးတို့ တွင်၊ အဘယ်ဒုလ္လဘ၌ သက်ဝင်ပါသနည်း။

ဒါနကို ရက် - လ - အပိုင်းအခြား၊ သီလကို ရက် - လ အပိုင်း အခြား၊ သမထကို ရက် - လ အပိုင်းအခြား ဝိပဿနာကို ရက် - လ အပိုင်းအခြား ၊ တထစ်စီ အားထုတ်လို့ အရိယာဖြစ်ထာနဲ့၊ ဝိပဿနာ သက်သက်ကို အားထုတ်လို့ အရိယာဖြစ်ကြဒါ၊ ဘုရား လက်ထက်တော်၌ ဘယ်ဟာကများပါသလဲ။

လူဝတ်ကြောင်နဲ့ သက်န်းဝတ်၊ သမထတရား သပ်သပ်ကို အားထုတ်လျှင်၊ အဘယ်ပုဂ္ဂိုလ်များက သမထနဲ့ လျော်ပါ သလဲ။

ဝိမုတ္တိယုဂ ခေတ်ဆိုဒါ၊ သမထယာ္ဘနိကကို ဆိုမလား။ ဝိပဿနာယာ္ဘနိကကို ယူမလား။

အိုးအိမ်ကိုစွန့်လွှတ်၍ တရားအားထုတ်ကြဒါနဲ့၊ တရားဟော

ရာ၌ တရားနာယူကြရာ၊ဘယ်တရားသည် ဝိပဿနာနဲ့ သက်ဆိုင်မည်ထင်ပါသလဲ။

သိရုံနဲ့ တရားမရ၊ အလုပ်လုပ်မှ၊ အိုးအိမ်ကိုစွန့်၍ ကမ္မဋ္ဌာန်းထိုင်မှ တရားရမယ်-သုံးကြပောကြရာ၊ သမထကို ရည်ရွယ်ချက်ထားသလား၊ ဝိပဿနာဉာဏ်ကိုဘဲ အရေးယူ၍ ပြောဟောကြသလား။

အသင်တခါတ် နိဗ္ဗာန်ကို ရနိုင်ရကြောင်းတရား၊ ဘယ်တရားလဲ။

(စစ်တန်းဆင်ခြင် တွေးခန်း အမြွက်မျှတော်ပြီ)

....×....

# ဆရာကြီး ဦးမြတ်သိန်းထွန်း

ဝိပဿနာဉာဏ်ကို ရသည်ကစ၍၊ ကိုယ်ပိုင်ဉာဏ်ဖြင့်
ဟောနေကြ-ရေးနေကြ-ဆင်ခြင်နေကြဖြစ်သော
၇ ခမ်း သရုပ်ကို
အကျဉ်းနည်းဖြင့် ယောဂီများကို
သိစေလိုက်သည်။

၁။ နာမပညတ် အမည်ခေါ်ဆိုသမှုကြားမှုမရှိ။
၂။ သဏ္ဌာနပညတ် ပုံသဏ္ဌာန်မြင်မှုမရှိ။
၃။ သန္တတိပညတ် လူရှိတယ်-ရှင်တယ်အစဉ်မရှိ။
၄။ နာမ်-ရုပ်-ပရမတ် တကယ်ရှိ-ပျက်။

၅။ ခန္ဓာငါးပါးပရမတ် အဟုတ်ရှိ ဆင်းရဲ။
၆။ အာယတန ၁၂ ပါး ပရမတ် အမှန်ရှိ ငါမဟုတ်။
၇။ ဓါတ် ၁၈ ပရမတ် ဧကန်ရှိ ဓာတ်သဘာဝ။

....+....

## နာမပညတ် ပဋ္ဌမည။

အားလုံး ပရိသတ်တို့အား ဆရာ တရား ဟောမည်။ ဘုရား ဟောတဲ့ တရားကိုသာ ဆရာဟောမယ်၊ ဂရုစိုက်နာကြ၊ ဆရာနဲ့ တကွ ပရိသတ်တွေ သေကြရမယ်၊သေချင်သလားမေးရင် ဘယ် သူကမှ သေချင်တယ်လို့ အရှေအဝေး အဖြေပေးကြမည်မဟုတ်၊ တသက်တခါ ဖြစ်လာကြရတဲ့ ကိုယ်ခန္ဓာကို အင်မတန် ချစ်ခင် ကြတယ်၊ သတ္တဝါတိုင်းပင်မသေချင်ကြဘူး၊ မသေချင်ကြပေမဲ့ သေကြရမယ်မှတ်။ မည်သူမဆိုမသေချင်ဘဲနဲ့ သေကြရတယ်။ မမြဲတဲ့တရားအပေါင်းတို့တွင် တသက်တခါသေရခြင်းမရဏဟာ ဒုက္ခအကြီးဆုံးနံပါတ် ၁ ဟုဟောတော်မူသည်။

ဒါကြောင့် မသေချင် တရားအထူးကို တရားအစစ်ကို၊
အပါယ်မကျတဲ့တရားကို ပဋိသန္ဓေ သွေးဗိုက်၌ ပြန်၍
မရောက်နိုင်တဲ့တရားကို၊ မပူရတဲ့တရားမှန်ကို သေခါနီး၌
စွဲလမ်းမှု-ကမ္မနိမိတ် ကင်းလွတ်တဲ့ တရားကို၊ ယနေ့ည
နာယူမှတ်သားကြတော့။

ခန္ဓာ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ နိဗ္ဗာန်ခေါ် အသင်္ခတဓမ္မဆိုဒါ ဝိပဿနာဉာဏ်ကို ရဘို့မှတပါးမရှိ ပုဒ်ဖြတ် မှတ်။ ဝိပဿနာတရားစစ်စစ်ကိုသာ ဆရာဟောမယ်၊ဝိပဿနာ၏

ဘာသာပြန်စကား ဘာတရားခေါ်သလဲ။ ကမ္ဘာသံသရာ ရှေးအနန္တ ဘဝ ထိုထိုက တခါဘူးမျှ မကြားရ၊ မနာရ၊ မသိရသော အထူးဝိသေသအသိဉာဏ်ကို ဝိပဿနာ တရားမှတ်လိုက်။

အများသိတဲ့ဉာဏ်မဟုတ် ဘုရားသိတဲ့ ဉာဏ်အချုပ်၊ ဗာလ
သိတဲ့ ဉာဏ်မဟုတ်၊ ပဏ္ဍိတ အရိယာ သိတဲ့ ဉာဏ်အလုပ်။
လောကသိဉာဏ်မမှတ်နှဲ့၊ဂေါတမသိတဲ့ဉာဏ်အမြှတ်။ သေ
ပေါက် တိုးဉာဏ် မမှတ်နဲ့၊သေဘေးလွတ်တဲ့ ဉာဏ်မြှတ်။
သူများအတု မခိုးနိုင်ဘဲ့ဉာဏ်မထင်နဲ့၊ သူဘပါးမယုံကြည်
နိုင်တဲ့ဉာဏ်အမြင်။
မီးပူရင်တွင်းရှိ ဉာဏ်မထင်နဲ့၊ ရေခနဲ့ စည်းစိမ်ခံတဲ့ ဉာဏ်
အမြင်။

ဒီဉာဏ်ရဘို့ ၁-နံပါတ်အချက်၊ ပညတ်နှဲ့ ပရမတ် အဆပ်ထပ် သိပိုင်ကြရမည်။ ကိုင်-ပညတ်ဆိုဒါဘာလဲ၊ သူများပြောတိုင်း ဆိုတိုင်း ပြောရ ဆိုရသောနာမည်တွေကို ပညတ်မှတ်၊ ကိုယ်ကလဲ ခေါ်ချင်သလို မှည့်ချင်သလို ပြောချင်သလို ထင်ရာမြင်ရာ ပြောကြဆိုကြဒါကို ပညတ်မှတ်ကြ။ ။မွေးဘေး၊ အိုဘေး၊ နာဘေး၊ သေဘေး၊ ပြန်ဖြစ်ရတဲ့ဘေး၊ အပူစုံမကင်းရတဲ့ ဘေးတွေနှဲ့ မကင်းသောခေါ်ဆိုမှု၊ ဝါ-ရာဂနဲ့ ပတ်သက်၍ သုံးနှုန်းမှု ဒေါသနဲ့ ပတ်သက်၍ ပြောဆိုမှု၊ မောဟနဲ့ ပတ်သက်၍ ထင်တိုင်း ပြောဆိုလေ့ လာသမုတ်ကြခြင်းကို ပညတ်မှတ်။

ဘုရားစသော အရိယာပညာရှိတို့က ပြောဆိုကြသောတရားစကား၊ သေပူ-နေပူက လွတ်ထွက်နိုင်သော ပြောဆိုခြင်း မှည့်ခေါ်ခြင်းတို့ကို၊ တရားအစစ်သို့ သက်ဝင်နိုင်သဖြင့် ပရမတ်မှတ်။

| ပညတ် | ပရမတ် |
|---|---|
| လောကစကား | ဂေါတမဘုရား |
| အများတို့၏စကား | ဘုရားတို့၏တရား |
| မီးပါသောစကား | မီးအေးတို့စကား |
| လောဘစကား | အလောဘစကား |
| ဒေါသစကား | အဒေါသစကား |
| မောဟစကား | အမောဟစကား |
| အန္ဓဗာလစကား | အရိယာပဏ္ဍိတစကား |
| အနှစ်ကင်းတဲ့စကား | အနှစ်ရှိတဲ့စကား |

(အမည်ဟူသမျှ၊ ခေါ်ဆိုကြ၊ နာမပညတ်သိ)

သုံးဆယ်မြို့ .... ခေါ်ဆိုမှု
သူကြီးဘဇရှ .... မိဘက စမှည့်ဒါ
သူကြီးကတော်မစန်းငွေ .... မိဘကစပေးတဲ့နာမည်

(ဒီအမည်ပညတ်တွေ အရှင်းမရှိဘူးမှတ်)

လောကီစကားနဲ့ဘဲ ရှင်းမယ်။

သုံးဆယ်မြို့လား၊မြေကြီးလား၊လက်နဲ့ကိုင်ကြည့်၊မေးကြည့်၊ မြေကြီးကဘာမှမပြောဘူး၊ပစပ်ကတွေ့ဒါမှတ်။ အပြောပညတ်၊ မျက်တွေ့ လက်တွေ့ မြင်ဒါတွေဒါပရမတ်မှတ်။မြေကြီးကို မြို့ထင်လို့ ငါမြို့သားဘဲလို့ ကြွားစိတ်ကား မာနမှတ်။ မြို့မှာနေရဒါ နှစ်ချိုက်ထာ တဏှာမှတ်။ ငါတောသားမဟုတ်၊ မြို့သားအစစ် အယူအစွဲနဲ့ အူအသွဲခိုက်အောင် စွဲယူသော ဥပါဒါန်ကို ဒိဋ္ဌိမှတ်။

ငါဟာသူကြီးဘဲ ဘရှေ့ဘဲ
ငါဟာသူကြီးကတော်ဘဲ စန်းငွေဘဲ။

ထင်လျှင်ကိုင်ကြည့်၊ မျက်စိနဲ့ ပြူးကြည့်၊ မိုတ်မသားနဲ့၊ မိုတ်ထားရင်၊ စိတ်များတယ်။စက္ခုံဥဒပါဒိ၊ မျက်စိအမြင် ဥာဏ် ယှဉ်လို့ဖွင့်ကြည့်၊ခုကြည့်၊ခုကိုင်ကြည့်၊ ဘရှေ့လား-အသားလား စန်းငွေလား-အသားလား။ လောကဉ္ဇ အန္ဓစကားနဲ့ဘဲ အဖြေ ပေးလျှင် အသားဘဲ၊ အသားမှန်းသိလျှင် တရားနဲ့နီးတယ်မှတ်။ အသားကို လင်ထင်၊ မယားထင်ဒါ မိစ္ဆာဒိဋ္ဌိမှတ်။

(ခေါ်ဆိုမှုပညတ် မျက်တွေ့လက်တွေ့ထိ-ပရမတ်)
နာမပညတ်မှန်သမျှအရှင်းမရှိဘူး၊
မြင်ဒါ တွေ့ထိဒါ ပရမတ်မှတ်၊
နာမ-ပညတ် အခမ်းတော်ပြီ

....x....

## သဏ္ဌာနပညတ်-ဒုတိယည။

ပုံဟူသမျှသဏ္ဌာနပညတ်မှတ်။ ။ပုံဆိုဒါ မျက်စိက မြင်ဒါ တွေ့ အလုံးပုံ၊အပြားပုံ၊ ကုလားထိုင်ပုံ၊ ညောင်စောင်းပုံ၊ အိမ်ပုံ၊ ကျောင်းပုံ၊ အနိမ့်ပုံ၊ အမြင့်ပုံ၊ ယောကျ်ားပုံ၊ မိန်းမပုံ၊ စသော ပုံတွေကို သဏ္ဌာနပညတ်မှတ်။ မရှိဘူး အမြင်မှားတယ်၊ အထင် မှားတယ်၊အမြင်မှားကို သက္ကာယဒိဋ္ဌိခေါ်တယ် သေခါနီးလျှင် ဒီပုံသဏ္ဌာန်တွေကိုဘဲ စွဲစိတ်ကြောင့်၊ ကမ္မနိမိတ် ပေါ်လာပြီး ငရဲသို့ကျရောက်သည်မှတ်ပါ။အန္ဓအကန်းဆိုဒါ မရှိဒါကို ရှိတယ်

ထင်လို့ ယခုကစပြီး သေခါနီးအထိ အပါယ်လေးပါးသို့ ရိုက္ခာ လက်ဆောင် ယူသွားကြသည်ကို၊ သတိရှိကြစေ။

အမှန်မြင်ရမှာက ဘာလဲ၊
မြင်ရဒါပရမတ်-ပုဒ်ပြတ်မှတ်။
အလုံးမဟုတ် အလုံးမမြင်ရဘူး၊
အဆင်းရုပ်ပရမတ်ကိုသာမြင်မှ အမှန်မြင်မှတ်၊
အမြင်အမှန်-ယထာဘူတဉာဏ်။

သညာနုပဿနာခန်းရပ်ပြီ။

## သန္တတိပညတ် တတိယည။

ဘာလဲ သန္တတိ။ ။အစဉ် အဆက်ကြောင့် မှားသော စိတ် ထင်မှုကို ဆိုသည်၊ အလွယ်မှတ်ရမှာက အစဉ်ကိုစွဲ၍၊ အရှင်ဘဲ လို့ အထင်လွဲခြင်း၊ ဘာအစဉ်အဆက်လဲ၊ ရုပ်နဲ့နာမ် အမြန် ဖြစ်ပျက် အနိစ္စအချက်ကို၊ ပျက်သာကိုမမြင်၊ ဖြစ်ထာကိုသာ မြင်၊ ပျက်ထာမမြင် ဆက်ဆာမြင်၊ အဖြစ်ကိုသာမြင်ပြီး၊ အချစ် ဝင်သောတဏှာစိတ်၏၊ မဘာမ်တ် ဒိဋ္ဌိကိုပင်စိတ်မှားဆို၏။စိတ် ထင်မှုလို့သိ။

စိတ်က အမှန်ဘယ်လိုသိရမှာလဲ၊ မိမိခန္ဓာ ပုပ်တုံး ကြီးဟာ မပြတ်ပျက်နေသော အနိစ္စမျိုး၊အမြဲတန်း ချွတ်ယွင်းနေသော၊ အနိစ္စအစစ်ဟု၊ တထစ်ချသိပါ မှ အမှန်သိမှတ် ဉာဏ်သိမှတ်။

၁ နာမ်ပညတ် မိမိခန္ဓာမှာ ဆံပင်စသော အမည်မရှိ။

၂ သဏ္ဌာနပညတ် - မျက်နှာပုံမရှိ လူပုံမရှိ။
၃ သန္တတိပညတ် -လူရှင်မဟုတ် အသက်ရှင်တယ်မဟုတ်။

(သန္တတိ အခမ်းပြီးပြီ)

## နာမ်နဲ့ ရုပ် ပရမတ် စတုတ္တည

နာမ်ဘာခေါ်သလဲ။။ လူပြိန်းသိဘို့ရာမှာ၊ စိတ်ကိုခေါ်သည်မှတ်၊ ဒီနာမ်ဟာဘယ်မှာ နေသလဲ၊မျက်စိကအာရုံဆိုသမျှကို ကြည့်ခိုက် မျက်စိမှာနေတယ် ဖြစ်တယ် ဖြစ်ပြီး ပျက်တယ်ပျောက်တယ်သိ၊ မျက်စိမြင်စိတ်ပေါင်း ၁၇ချက်ခန့် ကြာလျှင်ဘဝင် စိတ်ခေါ်တယ်။ ဘဝင်စိတ် ဘယ်မှာနေသလဲ နှစ်လုံးသားမှာနေတယ်၊ ဖြစ်တယ်။ ဖြစ်ပြီးလျှင်ပျက်တယ် ပျောက်တယ်၊ ကြားခိုက်မှာနည်းတူ၊ နံခိုက်မှာ စားခိုက်မှာ ထိခိုက်မှာလဲ ဒီလိုဘဲမှတ်။ နေ့အခါ၌၊ မျက်စိ မှနှလုံးသားသို့၊ နှလုံးသားမှ နားသို့၊ နားမှနှလုံးသားသို့ စသည်ဖြင့်၊ ဒွါရပေါက်ငါးပေါက်သို့ ကူးပြောင်းနေသည်၊ ကူးပြောင်း ဆိုဒါမှာလဲဖြစ်လိုက်ချုပ်လိုက်မှတ်၊ အသစ် အသစ်မှတ်၊ မပျောက်မပျက်ဘဲနေတယ် မယူနဲ့ ။

ဒီလိုသိဒါ - နာမ်အနိစ္စ လက္ခဏာမှတ်။

စဉ်းစားစမ်း - စဉ်းစားဒါ ဝိပဿနာဉာဏ်မှတ် ။

ဒီစိတ်နာမ်ဟာ ဘရှေ့မဟုတ်၊ စန်းငွေမဟုတ်ဘူး မမှကထိက မဟုတ်ဘူးမှတ်၊ အခုစာဖတ်ရင်းပင် စာလုံး အက္ခရာတလုံး၌ နာမ်အနိစ္စတလုံးမှတ်၊ စာလုံးဆယ်လုံး၌နာမ်အနိစ္စ ၁၀ လုံးမှတ်ပါယောဂီ၊ အကျေ့မထားနဲ့၊ ခုစာဘတ်ရင်း လက်ငင်း

သိပါ၊ ခုစာရေးနေရင်း ဆရာသိပြီး ရေးတယ်မှတ်၊ တရားဟာ ခြားမှာမရှာနဲ့နော် မှားမယ်၊ မိမိစိတ်ကို ဉာဏ်ဖြင့် ဝေဖန်၍၊ အထီးအမ မဟုတ် နာမ်သဘာဝသာ ဟုတ်ကြောင်း၊အကောင် ပျောက် - ခုစဉ်းစား စာဘတ် နားပြီးစဉ်းစား၊ အာရုံတွေကို ညွတ်ထာ နာမ်၊ မိမိခန္ဓာကို ပြန်၍ညွတ်ထာ နာမ်မှတ်၊ ညွတ်ဆို ဒါ - သိဒါ၊ ကြံဒါ၊ တွေးဒါမှတ်။

## နာမ် တော်လောက်ပြီ။

-:o:-

## ရုပ်ပရမတ်ကို လေးလေးဘတ်။

ယောဂီ ခန္ဓာကိုယ်မှာ တွေးနော်၊ စာဖတ်ရင်း ရုပ်တွေပျက် နေတယ်၊ ယောကျ်ား မဟုတ်ဘူး၊ မိန်းမ မဟုတ်ဘူး၊ ရုပ် ရုပ်ဆိုဒါ ဘုရားစကားမှတ်၊ ယောကျ်ား - မိန်မခေါ်ဒါကအာ မျှားစကားမှတ်၊ ယောဂီ တရားရှာသလား၊ တရားစာဘတ်သ လား၊ တရားရအောင် သိအောင်ဘတ်စမ်းပါ၊ ဘောက်ပြန်တာ ပျက်ထာရုပ် ပုပ်ထာရုပ် ရှံ့စရာတွေဟာရုပ်၊မိမိခန္ဓာမှာမျက်မြင် ဘဲ၊ ကြည့်ပါ ဒွါရငါးပေါက်က၊ ဒွါရကိုးပေါက် မပြတ် ယိုစီးလျှက် ထွက်ကျ ပျက်ကျ နေဒွါတွေဟာ၊ရုပ် အနိစ္စမှတ်ပါ ခက်ထာ ဖယ်စမ်းပါ၊လွယ်ဒါကိုဘဲ စဉ်းစားပါ ပြောပြပါ၊ ခု တွေးပါ ဒီခန္ဓာ အပုတ်တုံးထဲက မျိုးစုံထွက်ကျ ဒါတွေကို ဖယ် လိုက်ပါအုံး၊ ပစပ်ထဲက ထွက်တဲ့ တံတွေးခေါ် ရုပ်တွေဟာ၊

ယောကျ်ားလား မိန်းမလား လောကီခေါ်မှာ တံတွေးပါ၊ ထီးမ မဟုတ်ပါ။

အသားကိုဘဲ ယောကျ်ားထင်သလား။
အသားကိုဘဲ မိန်းမထင်နေသေးသလား။
ပစပ်ခေါ် နှုပ်ခမ်းသားနဲ့ ရှာခေါ်တဲ့ အသား။
တံတွေးကို လက်နဲ့ထိပါ မှန်ထဲမှာကြည့်ပါ။
ဒီပစပ်ခေါ် ရုပ်အသားစုဟာ ပျက်စုတွေပါ။
မက်မှုမထင်ပါနဲ့၊ လောကသမုတ်ခေါ်
မှုမှာပင် - ပစပ်ခေါ်ပါတယ်၊ ယောကျ်ား
မခေါ်နိုင်ပါ မိန်းမ မခေါ်နိုင်ပါ။

ဉာဏ်စဉ် ရှောက်ပါ၊ အသားတိုင်းကို လိုက်မေး ထိမေး ကြည့်မေး တရေးရေး ပေါ်မယ်။ အသားကဘဲ မူလရှိတဲ့ ရှေးကခေါ်ဆိုထားတဲ့၊ ကမ္ဘာဦးက လောကထုံးစံအတိုင်းသုံးစွဲထားစကားအဘိုင်း နာမည်မျိုးစုံတွေမှည့်ပြီးသားပါ။

လူပျို အပျို မုဆိုးဖို မုဆိုးမ၊ တခုလပ် တလင်ကွာ အထီးအမ ရယ်လို့ ခေါ်ဆိုစရာမရှိပါ။

ဒီအသားက မိန်းမဘဲ၊ ဒီအသားကိုတော့ ယောကျ်ားဘဲ ထင်ဒါ အနွမှတ် ဗါလမှတ် ဉမ္မတ္တကမှတ်၊ ငရဲသားမှာ သာသနာ ပဋ္ဌဖြစ်သော ပစ္စန္တရာဇ် တိုင်းသားမှတ်၊ ဘုရားဟောတရားဟောမှုလွတ်ကင်းသောအယူမှတ်၊ သက္ကာယဒိဋ္ဌိမှတ်၊ ပုဒ်ပြတ် ရှုပ်ခါတ်။

(၁၁၊ ဒုတိယအကြိမ်)

ရုပ်ပျက် - အဟုတ်မက်လျှင် အန္ဓ၊
ရုပ်ပျက် - ကျွား၊မယူလျှင် မိစ္ဆာ၊
ရုပ်ပျက် - ခုတကာယ်သိပိုင်လျှင် ကလျာဏမှတ်၊
ဘုရားသား - ဘုရားသိမ်းမှတ်၊
စည်းပြင် မထွက်နဲ့၊ သူများ၏ခန္ဓာကို ထည့်မတွက်နဲ့ ၊ မိမိ ခန္ဓာမှာသာ ရုပ်အနိစ္စကိုရှာ။ ပျက်နေတဲ့ ထွက်နေတဲ့ ရွေ့နေ တဲ့ ရုပ်ပုတ်ကို၊ ထိး မ ယူပေမဲ့ မှားဘယ်။
( ရုပ်ပရမတ်တော်သင့်ပြီ၊ နာမ်နဲ့ ရုပ်ပရမတ်ညရပ်ပြီ။ )

....+....

## ခန္ဓာငါးပါးပရမတ်ပဥ္စမည။

၁။ ရူပက္ခန္ဓာ — ပျက်စု အနိစ္စ။
၂။ ဝေဒနက္ခန္ဓာ — ခံစားစု အနိစ္စ။
၃။ သညက္ခန္ဓာ=မှတ်စု အနိစ္စ။
၄။ သင်္ခါရက္ခန္ဓာ=ပြုစု အနိစ္စ။
၅။ ဝိညာဏက္ခန္ဓာ=ကြံစု အနိစ္စ။

ခန္ဓာပျက်စု ရူပက္ခန္ဓာကို ကျွား-မ အယူရှိသသား ယောဂီ သာသနာတွင်းနေ-သတိထား၊ သဒ္ဓမ္မသဝနံ - အတိဒုလ္လဘ" ဆိုဒါကြားနာဘူးတယ်မဟုတ်သား။ ဗုဒ္ဓဘာဘာ မင်္ဂလာအယူ ရှိချင်လျှင်၊ မသေခင် ခဏကလေး လူ့ပြည်ဖြစ်ခိုက် လူမဘုတ်-ဘူတရုပ်-အပူထုပ်-မက်မူ မရှိအောင် အခုဘဲပျက်စုလို့ သိစမ်းပါ။
လူ့ပြည်ရောက်တယ်၊ မနုဿတ္တဘာဝေါမှန်တယ်။ လူ

အရှင်း မဟုတ်မှန်း သိလျှင် လူဖြစ်ကျိုးနပ်ပြီမှတ်။ သာသနာတွင်းမှာ လူဖြစ်ခဲ့တယ် ကောန်။ လူဖြစ်ဆဲမှာ လူမဟုတ်ပါကလားလို့ သိခဲ့လျှင် လူ့ဘဝဆုံးပြီမှတ်။ လူ့ဘဝဆုံးရစေရဲ့လို့ ကျမ်းကြီးစာဆိုဘို့မလိုဘူး ယောဂီ။ လူ့ဘဝဖြစ်ခိုက်မှာ ငါလူဘဝဘဲလို့ ယူလျှင် လူဘဝက စပြီး ခွေး-ကျွဲ-နွား-ဘဝ၊ အပါယ်လေးပါးဘဝ အထိဘဝ နခမ်းမသတ်နိုင်တဲ့ ဘဝေ ဘဝေလို့ ကြွားဘူး နာဘူး တိုင်း အလောင်းကောင်တွေ၊ အပုတ်ကောင်တွေ၊ အသေကောင်တွေ၊ ဖြစ်ရမယ်မှတ်။ ပညာရှိမှိုဝဲပါ၊ သိလရှိ သမာဓိရှိ မှိုဝဲရင်လဲ မမှားဘူး၊ မဟာမင်္ဂလာသုတ် မြန်ကြည့်ပြန်ဘတ်။

( ၁ နံပါတ်ခန္ဓာ တော်ပြီ )

....X....

ဝေဒနခန္ဓာ ခံစားတယ်ဆိုဒါ၊ အာရုံ ဟူသမျှကို အာရုံဝိုင်းကို လိုက်စားခြင်း၊ နာမ်ကိုပင် အစုဆိုတယ်၊ ခံစားချင်သော အာရုံတွေ အများကြီးကို အစုဟုမှတ် အစုအပေါင်းလဲ ခေါ်တယ်၊ ရုပ်ကား အာရုံ မခံစားတတ်၊ ဒီခန္ဓာ၌ ပထဝီ အာပေါစသော၊ ရုပ်သဘာဝ မျိုးစုံတို့ကို ရူပက္ခန္ဓာ ရုပ်အစုဟု ဟောတော်မူသည်။ နာမ်သည် အစုလိုက် အပေါင်းလိုက်မဟုတ်၊ တလုံးစီမှတ်။ တနည်း-စိတ်နှဲ့ စေတသိက် ကေ့ပ္ပါဒ တကွဖြစ်မှု ကောနိရောဓ တကွ ချုပ်မှုကိုလဲ ဝေဒနက္ခန္ဓာ ခံစားစုမှဘ်။

ဝင်းနေရာ၌၊ ရုပ်စုနာမ်စုတို့၏ အနည်းငယ် အဂိုပ္ပါယ်မှတ်ပါ။ ဝေဒနက္ခန္ဓာခေါ် အာရုံကို ခံစားတယ်ဆိုဒါ၊ ငါခံစားတယ်လို့ ယူရင် ဝေဒကဒိဋ္ဌိမှတ်။ ဝိပဿနာဉာဏ်၌ငါ မရှိ။ ခံစားတယ်မရှိ၊ နာမ်သဘာဝ-အနိစ္စသဘောဟု သိလိုက်။ ခက်တယ်၊ ခက်တာ အဘိဓမ္မာ အနိစ္စသဘော သိလျှင် ဒုက္ခပါ၏၊ အနတ္တဆိုက်အောင် ကြံ။

> အထူးသတိမှာ၊ အနိစ္စသဘောအစစ် မပေါက်လျှင်။ အနိစ္စ-ဒုက္ခ ၂ ချက်၌ ငါ-ပါတတ်တယ် ယောဂီ၊ ဝေဒက ဒိဋ္ဌိ ဖြစ်မယ် သတိထား၊ ငါမပြတ်သမျှ ဗလာအနတ္တ မမှတ်ရ။ နံပါတ် ၂ ခန္ဓာရုပ်အုံး။

....+....

သညာက္ခန္ဓာ အာရုံတွေကို မှတ်သားခြင်းကို ပရိယတ်က ဆိုတယ်၊ ပဋိပတ်နည်းမှာ ငါမှတ်တယ် ထင်မနေနဲ့ (ဝိပဿနာဉာဏ် ဆိုဒါ အထူးသိဉာဏ်မှတ်။)

ငါရှိအမှတ်ဟာ ဘာဝိပဿနာမှမဟုတ်ဘူး။

သညာ-နာမ်သည် အနိစ္စသဘာဝဟု ခုသိ၊ အာရုံဆိုသမျှ မှတ်သားစု ဆိုသော်လဲ၊ အန္ဓပုထုဇဉ်၏ စိတ်မှာသာ စုနေဒါ အာရုံတွေကလဲ မစုပါဘူး၊ မှတ်နေတဲ့နာမ်ခန္ဓာလဲ စုပုံပြီး နေဒါမဟုတ် ဆရာကောင်းရှာဘို့ အရေးကြီးတယ်ယောဂီ။

ဓါတ်ပေါက်မှ အမှတ်ပျောက်မည်၊
အမှတ်ရှိသမျှ ဓါတ်မသိကြလို့၊
နံပါတ် ၃ ခန္ဓာထားပါအုံး။

သင်္ခါရက္ခန္ဓာ ဘာသာပြန်မှာ၊ အားထုတ်မှုမှဘာ်။ အာရုံတွေ လိုက်ဘို့ ကြိုက်ဘို့ကို ကြိုးစားခြင်း၊ ကြိုးပမ်းခြင်း၊ အမောခံခြင်း၊ ပြုပြင်ခြင်း၊ ဝီရိယစိုက်ခြင်းကိုမှတ်။ ဝိပဿနာဉာဏ်ဖြင့် စေဘန့် မယ်၊ဘယ်သူအားထုတ်သလဲ၊ ဘယ်သူလုပ်ထာလဲ တွေးစမ်း။

ငါပြုတယ်၊ ငါလုပ်တယ်၊ ကာရကဒိဋ္ဌိမှတ်။ ပြုလုပ်မှု ကြိယာကို သဘာဝကျအောင်တွေး၊ တိုင်ပင်၊ သဘာဝ မမှအစစ်ကို ငါပြုလုပ်တယ် ရှာမရလျှင် သင်္ခါရက္ခန္ဓာ ခေါ် နာမ်ဒိဋ္ဌိဗိုလ်ကို အောင်ပြီမှတ်။ အောင်လျှင် ထွက် စည်တီးတော့၊ လက်ခမောင်းခပ်ဘော့။

သရုပ်တကယ်ကွဲလိုပါက ဆရာ့ထံလာစမ်းပါ၊တရားရှာလျှင်၊ တကယ်ရှာကြပါ ယောဂီတို့၊ မရှာလဲ သေမှာဘဲ။

နံပါတ် ၄ ခန္ဓာ ဒီမှာရပ်။

....+....

နာမည်အကြီးဆုံးနာမ်ဟာဝိညာဏက္ခန္ဓာမှတ်။

နိုင်ငံကျော် ဝိညာဏက္ခန္ဓာကို ပိုင်အောင်၊ နိုင်အောင်၊ လိုက်မယ်။

ဒီဝိညာဏက္ခန္ဓာဟာဘာလဲ၊နာမ်ဘဲ၊အာရုံဟူသမျှကို ကြံစည် တယ်၊ သိတတ်တဲ့လက္ခဏာမျှသာ ဘုရားဟောပါတယ်။ ငါလဲ လိုက်နာဘူးပါတယ်၊ ကြာဘူးပါတယ်၊အဘိဓမ္မာ ၇ ကျမ်းကိုလဲ ငါသင်ကြားဘူးပေမဲ့ သင်္ဂြိုဟ် ၉ ပိုင်းကိုလဲ သင်ကြား ပြသနေ ပါလျက် ဝိညာဏက္ခန္ဓာကို ငါစာပြောရုံသာ ပြောနေထင်ပါရဲ့၊ ငါတကျာရုပ်နဲ့ ပါဝါလုပ်နေထင်ပါရဲ့။

ဝိပဿနာဉာဏ်ဆဲလွန်စမှာ။

ဒီနာမ်ဝိညာဏ်ဟာ ယောကျ်ား မဟုတ်၊ မိန်းမမဟုတ်၊ ယောကျ်ားမိန်းမ ရှိနေသေးရင် ငါကြံတယ်၊ ငါသိတယ် ဖြစ်မှာဘဲ ဝိညာဏက္ခန္ဓာ သန့်သန့်သက်သက် ကျား-မ နဲ့ ငါမစွက်နဲ့ ယောဂီ။

ယောကျ်ား၊မိန်းမ၊ဒေဝ၊ဗြဟ္မာ-လိပ်ပြာအသက်၊ အကောင်ရှိသမျှ ထဲ့မတွက်နဲ့ ဗုဒ္ဓရာဇာခေတ်၊ ဝိမုတ္တိယုဂခေတ်မှတ်။ သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ ကို သတိပြု။

သူမျှားရှုးတိုင်း မရှုးနဲ့ ငါကြံဒါမဟုတ်ဘူး။ သူမျှားမိုက်တိုင်း မမိုက်နဲ့ — ငါလိုက်ရှာ ငါမပါ၊ ငါ = ငါပိုင် ငါ့လင်၊ ငါ့မယား၊ အယူအစွဲစကား၊ ဝိညာဏက္ခန္ဓာ နာမ်သဘာဝ၌၊ ဉာဏ်နဲ့ရှာ၍မရဘူး။ ပုဒ်ပြတ်မှတ်။

ခန္ဓာငါးပါး၌ တခုစီစဉ်းစား- တွဲစဉ်းစား လျှင် ယောကျ်ား မိန်းမ တွေ့တတ်တယ်ယောဂီ၊ တရားရှာလျှင် တ~~းတွေ့ပါစေ၊ ခက်ထာဘဲ— တရားရှာဆဲမှာပင် ငါဝင်နေတတ်၏။

ဆရာမကောင်းလျှင် ငါအကြောင်းသိခဲ၏။

ဆရာမှားလျှင် ငါတရားဖြစ်တတ်၏။

ဆရာမမှန်လျှင် ငါကြံတယ်ထင်နေ၏။

ဆရာမရှင်းလျှင် ငါအတွင်းဝင်နေမယ်မှတ်။

ဝိညာဏက္ခန္ဓာ၊ နာမ်သဘာဝ — တပ်ရင်းမှူးကို နိုင်အောင် လုပ်ပါ။ ဒီတပ်ရင်းမှူးဗိုလ်ကျရင် ကာဘာခံတပ် လုပ်ထားတဲ့ ရူပက္ခန္ဓာဟာ အလိုလိုပြိုပျက်ရမယ်။ အသုံးမကျ အနတ္တဖြစ်ရပြီ မှတ်ယောဂီ။

လူပါးခေတ်၊ လူနုပ်ခေတ်၊ တရားအရ နောက်ကျမယ်၊ မဟာမင်္ဂလာ လက်နက်ကို အမြဲဆောင်ပါ၊ ဒိဋ္ဌိစစ်ဗိုလ်ဟူသမျှ တို့ကိုနိုင်မည်၊ ဝါဒများတွေကို နိုင်မည်မှတ်။

၅ နံပါတ်ခန္ဓာ အမြွတ်မျှပြီး၏။

ခန္ဓာငါးပါး ပရမတ်တရား ပြီးပြန်ပြီ။

....x....

## အာယတန ၁၂ – ပရမတ် ဆဌမည

ဆင်း - သံ - နံ့ - သာ - တွေ့ - တရား
စိ - နား - နှာ - လျှာ - ကိုယ် - ဘဝင်စိတ်

ယခုချထားသောဇယားကွက်၌ လူမပါ - ယောကျ်ားမပါ မိန်းမမပါ အသက်မပါမှတ်။ ဘာပြုလို့ ဒီ ၁၂ ခုကို အာယတန ခေါ်သလဲ၊ သံသရာရှေ့လို့ ခန္ဓာဖြစ်အောင် စီမံတတ်လို့ အပုတ် ကောင်-အပုတ်တုံး။ မသာကောင် မသာတုံးဖြစ်စေရန်၊ အဖန်ဖန် ချဲ့တတ် ရှေ့တတ်လို့ အာရုံလာသမျှတွေကို ညွှန့်ခံတတ်လို့ အာယတနမှတ်။

### ဘာသာပြန်မယ်။

ပါဠိစကားကို လူတိုင်းနားမလယ်ဘူး၊ စာမသင်ဘူးသူမသိ ဘူး၊ စာသင်ဘူးတိုင်းလဲ ဝိပဿနာဉာဏ်မရဘူး။ သက္ကာယဒိဋ္ဌိ မကွာဘူး၊ စာမသင် စာမတတ်သူ တရားအစစ်ကိုမရဒါ ဖယ်ခမ်း ပါ၊ ပါဠိဘာသာနဲ့ အနက်ပါ အာဂုံရရှိကြသော ပုဂ္ဂိုလ်တို့ပင်

အာယတန သဘောကို ယောကျ်ား မိန်းမထင်နေဒါ၊ စွဲနေဒါ၊ မဲနေဒါ ခဲနေဒါက သာ၍ဆိုးတယ်မှတ်၊ ဤ ယနာတွင်း၌ လူဖြစ်ကျိုးမနပ်မှတ်။ မြတ်စွာဘုရား၏ သားစစ် သမီးစစ် ဗုဒ္ဓဘာသာ အစစ်မဟုတ်မှတ် ပုဒ်ပြတ်မှတ်။

အနှိန့် - အရိယာလမ်းခွဲ။

| | | |
|---|---|---|
| မိန်းမထင် | .... | အဆင်းဝဏ္ဏ |
| ယောကျ်ားထင် | .... | အသံသဒ္ဒ |
| ပုဂ္ဂိုလ်ထင် | .... | အနံ့သက်သက် |
| လူထင် | .... | အရသာအစစ် |
| အသက်ရှင်ထင် | .... | အတွေ့သဘာဝ |
| ကု - အကုထင် | .... | ဓမ္မသဘာဝ |

အာရုံ ၆ - ပါးကို၊ ဝါညွှ်သည် ၆ - ယောက်ကို အနိစ္စ သဘော၊ ဒုက္ခသဘောဘဲလို့ ရိပ်မိပါက မျက်စိစသော ညွှ်ခံ ၆ -ယောက် တို့ကိုလဲ အနတ္တသဘောဘဲလို့ ကောန်ရိပ်မိရမယ်မှတ်။

ဒါဝိပဿနာဉာဏ်မှတ်။

ဉာဏ်မရှိ ကံရှိတိုင်း သေရမယ်မှတ်။

ဉာဏ်မသတ်လျှင် ကံမပြတ်မှတ်။

(အာယတန ပရမတ်အရိပ်မျှ တော်ပြီ)

ဖော် ၁၈ - ပါးပရမတ် သတ္တမည။

ဆ - သံ - နံ့ - သာ - တွေ့ - တရား၊
စိ ၎ စိတ် - စိတ် - စိတ် - စိတ် - စိတ်၊
စိ ၂ား - နှာ - လျှာ - ကိုယ် - ဘဝင်စိတ်။

အပေါ် ၆ ကို အာရုံ ၆ ပါးမှတ်၊ နောက်ဆုံးတရားကွက် ကိုဖယ်လိုက်၊ထာမဂုဏ်ငါးပါးခေါ် နောက်ကဘာရားကွက်ကို ဓမ္မာရုံခေါ် ဒီဓမ္မာရုံထဲမှာ နာမ်ပါတယ်- ရုပ်ပါတယ်— နိဗ္ဗာန် ပါတယ်၊ ထာမဂုဏ်ငါးပါးကို လိုက်စားဘူးကြတဲ့ ယောဂီတို့ လိုက်စားဆဲဖြစ်ကြ ယောဂီတို့၊ မမောကြသေးဘူးလား လိုက် စားဒါပြကြစမ်းပါ

ရိတ္တမုဋ္ဌိဝိယ။
ခက်ဆုပ်ဖြန့်ဘိသကဲ့သို့
လက်ဆုပ်ဖြန့်ပြီးကြည့်ပါ— ခုကြည့်။

ဘာပြုလို့ ဓါဠ သလဲ၊ စဘာတ်တဲ့ယောဂီက မိမိ၏ ခန္ဓာကိုယ်မှာ တွေးတောရေးတဲ့ဆရာကလဲ ခန္ဓာကိုယ်၌ ရှာရင်း ရေးရင်း တွေးပြီးရေလိုက်မှတ်လိုက်၊ ဒါအလုပ်မှတ်၊ ကျမ်းရေး ရင်း အလုပ်လိုက်ရှာမနေပါဘူး။ သူကြီးဘရွှေနဲ့ သူကြီးကတော် စန်းငွေ တို့က မဟာမင်္ဂလာ ဝိပဿနာကျမ်းကို မူပိုင်ထားပြီး သာသနာပြုချင်သလား၊ ပြုချင်ပါက....

ဘရွှေနဲ့ - စန်းငွေ၊ ရွှေငွေ တို့က ခန္ဓာ၏ အခြေအနေကို အထိ အမ ယူထားပြီး၊ သူများတွေကို သာသနာပြု

ချင်လို့ ပြုရပြီ၊ ကျမ်းစာလဲမြန်မာပြည် ပြီ၊ ဒီမှာ
တော့ လင်မယားဘဲ ထင်လျှင် ရှက်ခြင်းတယ်။
သာသနာ နဲ့ ပါဝါသတိထား။
သာသနာ နဲ့ တဏှာခွဲစဉ်းစား။

## သာသနာခေတ်၌ ပါဝါနဲ့တဏှာကို

ခေတ်သစ်အခါ၌ ကာမဂုဏ်လောကီ အမြင့်စား
သူဌေး - မင်း - ရှင် - လူ - နတ် - ပြဟ္မာ က်တန်း တက်ကြ
သူတို့ အထူးသတိပြုကြဘို့ အချိန်ရောက်ပြုအဓိဂမ မေတ္တာ
ဖြင့် သတိပေးလိုက်သည်၊ သတိပြုကြဝေ
ဖြစ်ပြီးဖြစ်၊ စစ်ပြီးလျှင်စစ်၊ အခုအာ၊ ခေတ်သစ်။

## ထိထိုးကြသည်၊

ဂဏန်း၆လုံး၌၊ရှေ့ဂဏန်းငါးလုံး၊နောက်ဆုံးတလုံးလွှဲ
လျှင် မပေါက်ပါဘူး၊ နည်းတူ၊ ဂဏ်ငါးပါး လိုက်စားခဲ့
ကြပါပြီ၊ ရှေ့ငါးလုံးဆိုဒါ သားမြဆင်း၊ လင်၊ အသံ
သားသွီး၊ အနံ့၊ ကြက်ဝက်အရ၁နည်း တယ်ကောင်းပါ
ကလားဆိုတဲ့ အရသာ၊ ဖေါ္ဌဗ္ဗ မေ်တော်ကားဖုံးကို
ဘဲ ထားပါ၊ ဒီ ဂဏန်းစဉ် ငါးလုံး မကိုက်ဘဲနဲ့ တူကြပြီ
အနန္တ နောက်ဆုံးဓမ္မာရုံ နာမ်ရုပ် ဂဏန်းအချက် နိဗ္ဗာန်
ကို မဆက်မိကြပါက ဓမ္မသိန်းသာ —

သာသနာ့ထီဆိုင်နဲ့လွဲကြမည်။
ယံယုဂ်ထီဆိုင်ကိုထိုးကြ။
အင်္ဂုတ္တိုရ်ထီ ဆိုင်မှာလဲထိုးနိုင်တယ်။
ဝိသုဒ္ဓိမဂ် ထီဆိုင်က နာမည်ကြီး။
ထိုးသူတွေ ရှုပ်တယ်။

ဝိပဿနာယောဂီ ပါးနပ်သူတို့က မြန်မာလို ခန္ဓာကိုယ် မှချ အမည်ခိုင်တဲ့ ဒုက္ခထီဆိုင်မှာ ထိုးကြဝန့်ရဲ့လား၊ ငါ့မယား ငါ့သား၊ ငါ့လင် အမှတ်တရနဲ့အနတ္တာထီဆိုင်ကိုခေတ္တဝင်ကြည့် ဂဏန်း ၆ လုံးပေါက်ရုံမက၊ နောက်သူညတူပြီဆိုလျှင်၊လူအမည် ပျောက်၊ ခန္ဓာကိုယ်၌ ဓါတ်အမည် ရောက်မည်ယောဂီ။

ဓာတ်- မျက်စိမရှိ။
ဓာတ်-နားရှာမတွေ့။
ဓာတ်-နှာတန်လှသလား။
ဓာတ်-လျှာလားသဘာဝလား။
ဓာတ်-ရုပ်ချောသလား အပုတ်အသားလား။
ဓာတ်-ကြိုက်တယ် ညွတ်တယ် ငါ့စိတ်ရှိသလား။

ခန္ဓာကိုယ်၌ ဆံဖျားက ခြေဖျားတိုင်အောင်၊ ခြေဖျားက ဆံဖျားတိုင်အောင်၊ အခေါက်ခေါက် အခါခါရှာ၊ ကွက်လပ် မရှိရှာပါ။ ကျွား မ ပျောက်လျှင်၊ ဓါတ်ပေါက်မည်။ ဓါတ် သဘောမတွေ့က၊ ယောကျ်ား မိန်းမတွေ့ရမယ်မှတ်။

ခုခေတ်၌ ရဟန္တာအလောင်းဖြစ်တဲ့ ကလေးတွေပေါ်လာပြီ

လူကြီးအမြင့်စား အပေါ်စီးတွေ တရားမရှိက အနိမ့်စား ယနေ့နက်ဖြန်ဖြစ်ကြမည်၊ အထူးသတိပေးသည်။

ဘုရားသာသနာနဲ့ သိကြားသာသနာခွဲပြီ။
ဓါတ်ပရမတ်အခမ်း သင့်ရုံတော်ပြီ။
(၇-ခမ်း ၇ ရက်စဥ်အတိုချုပ်၊သိမ်းမယ်။ )

....x....

## ဝိပဿနာမှတ်ကျောက်

ဉာဏ် ၁၀ ပါးနဲ့ အနိစ္စ ဒုက္ခ အနတ္တ ရှင်းတန်း။

သမ္မာသနဉာဏ်- ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ် ၎င်းသုံးဉာဏ်ကို အနိစ္စလက္ခဏာမှတ်၊ ယောဂီများ ဝိပဿနာတရားကို အားထုတ်တွေးကြံ စဥ်းစား ဆင်ချင်ခိုက်၌ ရုပ်၌၎င်း၊ နာမ်၌၎င်း၊ အနိစ္စအချက် ကွင်းကွင်း ကွက်ကွက် သဘောပိုင်လျှင် ဉာဏ်သုံးပါး ပါဝင်ပြီမှတ်တော့၊ အထူးသတိပြု သမ္မာသနဉာဏ်ကို တဆင့်၊ ဥဒယဗ္ဗယဉာဏ်ကို တဆင့်၊ ဘင်္ဂဉာဏ်ကိုတဆင့်၊ ဒီလို အားထုတ်ရမည်မဟုတ်။

## အုန်းပင်တက်သမား ဥပမာ။

အုန်းပင်ကို တက်သောသူသည်၊ အုန်းသီးကိုအလိုရှိတယ်မှတ်။ အုန်းပင်၏အရင်းတဆင့်သို့ ငါရောက်ပြီ၊ အုန်းပင်၏ ဗဟိုလယ်သို့ငါရောက်ပြီ၊ အုန်းပင်၏အဖျား အုန်းလက်ကြားပန်းဝင်ဘို့ ငါရောက်ပြီဟု အောက် ၂ ဆစ်ကို အာရုံမပြုဘဲ အထက်ဖျား

ပန်းဝင်ဘို့ကိုသာ အာရုံပြုဘိသကဲ့သို့မှတ်၊ အထက်ဆုံးပန်းဝင်ဘို့ ရောက်မှသာ ရပ်နားနေထိုင်လျက်၊ အုန်းသီးဆွတ်ခူးဘို့ကိုသာ အာရုံပြုတော့၏။

## ဥပမာရှင်းတမ်း။

| | | | |
|---|---|---|---|
| ၁ | သမ္မာသနဉာဏ် | .... | ပဌမ အပင်ရင်း၊ |
| ၂ | ဥဒယဗ္ဗယဉာဏ် | .... | ဒုတိယ ဗဟိုရ်၊ |
| ၃ | ဘင်္ဂဉာဏ် | .... | တတိယအုန်းလက်ခွပန်၊ |

ယောဂီ ဒီအချက် ထပ်ဘတ်စမ်းပါ၊ စီးပွားရှာရဒါလဲ ပင်ပန်းလှပြီ အို,နာ,သေ,ဒုက္ခ, ပင်ပန်းရတာကို ရေးဘို့မလို တရားရှာရဒါ ပင်ပန်းမှာစိုးလို့ ခရီးရောက်ဘို့ရာ ခရီးဖင့်မှာစိုးလို့ ဆရာကောင်းအရှေးကြီးသည်ယောဂီတို့၊ အနိမိတ္တမင်္ဂခေါ် အုန်းသီးကို အရဆွတ်ခူးပြီး အုန်းပင်နဲ့ တူသောနိဗ္ဗာန်၏ အဖော်တ် အရသာ စားသုံးဘို့ရာ အုန်းပင်ကိုတက်သောသူကဲ့သို့မှတ်။

ရုပ်နာမ်ဓမ္မ၌ အနိမိတ္တမဂ်၏အခြေခံဖြစ်သော အနိစ္စလက္ခဏာဆိုဒါ ဘင်္ဂဉာဏ်ကိုသာမှတ်၊ ဘင်္ဂဉာဏ် အပျက်သက်သက်သို့ မသိမပိုင်ကြသော ယောဂီတို့သည် အချို့ သမ္မသနမှာ တန့်ရပ်ကြ၏၊ အချို့ကား ဥဒယဗ္ဗယမှာပင် တင်းတိမ်နေကြ၏။ ဝါ—ဖြစ်ပျက်မှာပင် ဉာဏ်သက်ဝင်ပြီး၊ မင်္ဂတက်ရ၌ ဆုံးခမ်းတိုင်ပြီမှတ်ကြ၏ တရားအစစ် အနိစ္စအချက်ကို ခရီးရောက်ပြီဟု ထင်နေကြမှာစိုးသဖြင့် အထူးသတိပေးလိုက်သည်။

## ပြန်ရှင်းမယ်။

| | | |
|---|---|---|
| ၁ | သမ္မသနဉာဏ် | အပင်ရင်း၊ |
| ၂ | ဥဒယဗ္ဗယဉာဏ် | အုန်းပင်အလယ်၊ |
| ၃ | ဘင်္ဂဉာဏ် | ပန်ဝင်၊ |
| ၄ | အနိမိတ္တမင်္ဂခဏ | အုန်းသီး၊ |
| ၅ | နိဗ္ဗာန် | အုန်းရေ၊ |

ရှင်းမယ် ဉာဏ်သုံးစား တဆင့်စီ မဆင်နဲ့ အုန်းသီးတက်သူ အထက်အုန်းလက်ကြား ပန်ဝင်ဘို့ကို အာရုံပြုသကဲ့သို့ အရင်းနဲ့ ဗဟိုရ်လယ်ကို အားမရ တင်းမတိမ် ရပ်တန့်ခြင်းမရှိ၊ ရပ်နား၍ မနေနိုင်ဒါလို၊ အနိစ္စဆိုဒါ အပျက်သက်သက်မှတ်၊ အပျက်ထဲမှာအ ဖြစ်ဆိုဒါ မြူမှု မျှမပါဘူး၊ ဒီအပျက် သက်သက်သို့ မရောက် သေးသော ယောဂီဟာ အနိစ္စလက္ခဏာကို ပိုင်ပိုင်မသိဘူးမှတ် အနိစ္စကိုပိုင်ပိုင်သိမှသာ ဘင်္ဂဉာဏ်တဆင့်သို့ တထစ်ရောက်ပြီလို့ ဥပဒေအရ ဆုံးဖြတ်လိုက်သည်၊ အယူမခံနဲ့ နောက်သို့လျှောက် ပြီးဖတ်အုံး၊ ဒီဘင်္ဂဉာဏ် အနိစ္စအချက်ကိုပိုင်ပေမဲ့ အနိမိတ္တမင်္ဂ မဟုတ်ဘူး မဟာသောတာပန် မဟုတ်ဘူး၊ စူဠသောတာပန် အနုစားမှတ်။ တရုဏ ဝိပဿနာစခမ်းမှတ်။ ဟောခဲ၊ ရေးခဲ၊ သိခဲလှ၏၊ ခရီးဖင့်ကြမည်ယောဂီ။

ဤနေရာတွင် ဉာဏ်သုံးပါးတို့နဲ့ အနိစ္စအချက်
အမြွက်မျှ ရှင်းပြီးပြီ။

....+....

ဉာဏ် ၅ ပါးတို့နဲ့ ဒုက္ခအချက်ရှင်းပြီ။

အထူးစဉ်းစားဘတ်ယောဂီ ရုပ်နာမ်ဓမ္မတို့၌ ဘေးကြီးစွာ ထင်မြင်မှုစ၍ ဆင်းရဲစုဒုက္ခလက္ခဏာကိုသာ အာရုံပြုစမ်းပါ။ (လူဒုက္ခမဟုတ်ဘူး) ထင်းခုတ်လယ်လုပ် ဒုက္ခမပါစေနဲ့ အို-နာသေ ဒုက္ခထည့်မစွက်နဲ့ ခက်တယ် သပ္ပုရိသဆရာစစ်ကို ခုရှာပါ၊ ဒုက္ခ လက္ခဏာ ဆင်ခြင်မှု ဆိုဒါ ဘယ်လိုရည်ရွယ်ပါသလဲ အပ္ပဏာ ဟိတမင်္ဂကို ရည်ရွယ်သော ဝိပဿနာဉာဏ်ဟု သိပါ။

| | | | |
|---|---|---|---|
| ၁ | ဘယဉာဏ် | — | ဘေး၊ |
| ၂ | အာဒီနဝဉာဏ် | — | အပြစ်၊ |
| ၃ | နိဗ္ဗိန္ဒာဉာဏ် | — | စိတ်ပျက်၊ |
| ၄ | မုဉ္စိတုဉာဏ် | — | ထွက်ပေါက်ရှာ၊ |
| ၅ | ပဋိသင်္ခါဉာဏ် | — | အကြီးအသေးဘေးမျိုးစုံ။ |

ဉာဏ်မှာ အနုန်းပင်တက်သော သူသည် အပင်ရင်းကစ၍ ငါသည် ပဌမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထသို့ ရောက်ပြီ၊ ရောက်ခဲ့ပြီမသိပါဘူး၊ ပဌမအဆင့် ပန်ဝင်သို့ အနုန်းလက်ကြားသို့ အထိုင်ကြဘို့ကိုသာ အာရုံပြုမည်မှတ်။

ဉာဏ်ဆိုဒါ စိတ်ခဏငယ်အစဉ်၌ တပါထဲ ကပ်လျက်ပါသော ပညိန္ဒြေစေဘသိက်ကိုဆိုသည်၊ ဆရာပြောဟော ခိုက်မှာ သုဘာမယဉာဏ်မှဘ်၊ တယောက်ထည်း တွေးကြံ စဉ်းစားခိုက်ကိုစိန္တာမယဉာဏ်မှတ်လေ၊ ဉာဏ်ကို၊ ဝါ-စိတ် ဉာဏ် ခဏအစဉ်ကိုတန်းရပ် ကြည့်စမ်းပါ မရပါဘူး ‘အခု

ရေးရဒါလဲ ရှုပ်မှာစိုးလို့ ရှင်းတန်းရေးရသည်၊ ပါဠိတော်နဲ့ အဋ္ဌကထာဝေဘန်ချက်ကို ဥပဒေအရ ရှင်းလင်း၍ ရေးပြသည်၊ တရားစစ်ဆေးတဲ့ ခေတ်မှတ်၊ ပြောတိုင်းဟောတိုင်း မယုံတဲ့ခေတ်၊ လူပါး-လူနပ်-လူမြတ်ပေါ်တဲ့ခေတ်၊လောကဘက် တရားဘက်လိမ်ညာ၍ မစွက်ကြနဲ့၊ရဟန္တာအလောင်းတွေ ပေါ်တဲ့ခေတ် မဟာမင်္ဂလာဝိပဿနာကျမ်းနဲ့စစ်ပြီး၊ ရုပ်နာမ်မမှန်သာ ဒုက္ခလက္ခဏာမြင်ဘို့ လိုရင်းမှတ်၊ တထစ်စီ မထင်ကြနဲ့ ထင်လဲမဟုတ်ဘူး။

ဝိပဿနာဉာဏ်မြင် ဒုက္ခကိုရေးတယ် လူပြိန်းသိ အနုပုဗ္ဗဇဉ်အသိဒုက္ခကို ဝိပဿနာ ဉာဏ်ပညာစခမ်းမှာ ရေးဘို့ ဟောဘို့မလို ဒါသာသနာတွင်း၊ ဒါဗုဒ္ဓ ရာဇာခေတ်၊ ဒါမဟာမင်္ဂလာအစစ်။

အရပ်ရပ် မေးလျှောက်သော၊ ဝိဝါဒ မေးခွန်းများ၊ ဆရာ့ထံသို့ ရောက်သဖြင့် သံသယ ကင်းရှင်းစေခြင်းငှာ ဉာဏ်ငါးပါးတို့နဲ့ ဒုက္ခလက္ခဏာ အမြွက်မျှ ဆုံးဖြတ်လိုက်သည်။

ဉာဏ် ၂ ပါးတို့နဲ့ အနတ္တအချက်ကိုရှင်းပြီ။

၁ သင်္ခါရုပေက္ခာဉာဏ်—အရေးမပြုခြင်း။

၂ အနုလောမဉာဏ်—လက္ခဏာ ၃ ချက်

အနတ္တောဂဝတ။

တရားမလွယ်ဘူးယောဂီ၊ တရားရဘို့ အချောင်မထင်ကြနဲ့ မြတ်စွာဘုရားရှင်၊ ပါရမီတော်သခင်၊ ပါရမီဖြည့်ကျင့်ခဲ့ဒါတွေ ကြားဘူးကြတယ်မဟုတ်လား၊ မိမိတို့က မျက်စိကို ထုတ်ပြီးလှူဘို့၊ သား-မယားလှူဘို့ ဖယ်ထားပါ၊ မျက်စိထဲ၌ ပိုးကောင်ဝင်ဒါ တောင် ပိုးကောင်ကိုဘဲ ဆဲခြင်တယ်။ မိမိမယား အနား-လင် အနားကို ယူမျှားကပ်၍ ထိုင်တာမကြိုက်နိုင်ဒါကိုဖယ်ပါ၊ တဲ့ဘဲ၊ စိမ်းစိမ်း၊ပြူးပြူးကြည့်ဒါတောင်မှ မခံနိုင်ကြဘူး။ ဒါဘာရေး ဒါလဲ တရားအချောင်နဲ့ မရဒါကို ရေးဘယ်မှတ်။

ဘုရားရှင်ကို သာမန်မထင်နဲ့။
တရားတော်ကို အပေါ့စားအပေါစားမလုပ်နဲ့။
သံဃာတော်ကို မလေးမစားမပြုရ။
အမိအဘကို နှုတ်လှန်မငေါ့နဲ့။
သပ္ပုရိသမှအစ ဆရာများကို စိတ်မပြစ်မှားနဲ့။

ရုပ်နာမ်မွှေ၌သာ အတ္တပြုတ်အောင် အားထုတ်ပါ၊ အလုပ် လုပ်ပါ၊ အလုပ်လို့ သုံးကြဒါ ပင်ပန်းတဲ့အသုံးမဟုတ်လား၊အသိ အသိလို့ ဆိုဒါကော၊ အပေါစားအသိမျိုး၊ လူတိုင်းအသိမျိုး၊ သုတအသိမျိုး၊အရောင်ဆောင် အရေခြုံအသိမျိုး၊ မဟုတ်ဘူး၊ အတ္တပြုတ်လျှင် အနတ္တသရုပ်ပေါ်ပါသိမ့်မယ် ဥာဏ် ၂ ပါးကို တဆင့်စီမယူနဲ့၊ အုန်းပင်အရင်းမှပန်းဝင်ဘို့ ၂ချက် ဥပမာ အဆက်အုန်းသီး တက်သူသည် အပေါ်သို့ မော့ပြီးကြည့်သလား အုန်းပင်ရင်းကိုဘဲ အရေးယူ၍ကြည့်သလား၊ အပင်ရင်းကိုကြည့်

တယ်၊ ကြည့်ဒါက အပေါ်ရောက်ဘို့ အခြေကို ကြည့်ဒါဟုတ်တယ်၊ အာရုံပြုဒါက၊ အုန်းပင်၏အထက်အဖျားသို့ ရောက်ဘို့သာ ကြည့်မျှော်ဘိသကဲ့သို့။

ဝိပဿနာယောဂီ၊ ဝိပဿနာ နိယျာနိက ပုဂ္ဂိုလ်သည်၊ ဝါ- ဝိပဿနာသန့်သန့်ဖြင့်၊ ဒီခန္ဓာ သံသရာမှ ထွက်မြောက်လိုသော ယောဂီမြတ်သည်၊သုညတမဂ်သို့ တက်ရောက်ထိုင်နေရန်၊ အခြေခံ ဖြစ်သော ဉာဏ် ၂ ပါးလုံး အန္တောဂတဖြစ်တဲ့၊အနတ္တလက္ခဏာ ကို ဝါ ဉာဏ် (၁၀) ပါးလုံး အန္တောဂတဖြစ်သောပါဝင်သော အနတ္တလက္ခဏာနဲ့ တူတဲ့ အုန်းလက်ချားပန်းဝင်ဘို့ အဖျားကို၊ ဝါ၊ လှေပြေးပြိုင်လှော်သူတို့မျက်မြင် ပန်းဆွဲဘို့ သုညတမဂ္ဂင်ကို ရည်ရွယ်ကြရမည်မှတ်။

အနတ္တလက္ခဏာပိုင်လျှင် ဉာဏ် ၂ ပါးမှတ်။
အနတ္တလက္ခဏာဆုံးလျှင် ဉာဏ် ၁၀ ပါးလုံးမှတ်။

ဤအချက်၌ ဝမ်းမြောက်ဘွယ်မှာ ဉာဏ် ၁၀ ပါးလုံး အလိုလို ပါဝင်ပါကလေးလို့ အပိုင်အသိမှန်ရပြီး၊ အနတ္တလက္ခဏာ ပေါက်ရောက်ဘို့ကို၊ တိုက်တွန်းလိုက်သည်၊ ချဲ့မဆို့ခင် မြန်မြန် ဆရာအစင်ရှာပါ၊ တရားဟော ဓမ္မကထိကဆိုဒါ လူ-ရှင်-ကျား-မ ကလေး-လူကြီး စသည်ဖြင့်၊ ပုဂ္ဂိုလ်မရွေးကြနဲ့ တရားစစ်မစစ် ရွေးကြရမယ်။ ရွေးဘို့အချိန်ရောက်နေပြီ၊ ၄-နှစ်လိုတော့တယ်။

အနတ္တလက္ခဏာ အစစ်ပိုင်လို့ ဉာဏ်(၁၀)ပါးလုံး ပါဝင်လျှင် ဘယ်အခြေလဲ စူဠသောတာပန်မှတ်။ ဗလဝဝိပဿနာမှတ်။ အလွန်ဉာဏ်ကြီးပွားသော ဘာဝနာ

မယဉာဏ် အရှင်မှတ်။ ကာမဂုဏ်ပိုးမထိုးနိုင်သော ဝိဇ္ဇာမျိုးစေ့ကောင်းမှတ်။ သေလျှင်အပါယ်မကျ လူ့-နတ်ချမ်းသာတို့ကို ခံစံလျက်၊ စည်းစိမ်သုခတို့နဲ့ ပြည့်စုံ၍၊ ထောက်တည်မှီခိုရာ ရပြီမှတ်။သာသနာအတွင်းဝင်မှတ်။

စူဠသောတာပန္နော ပနပိဟိတာ ပါယဒွါရော။

ပန၊ စူဠသောတာပန်၏ဂုဏ်ထူးကို ဆိုဦးအံ့။ စူဠသောတာပန္နော၊ အနတ္တသိဉာဏ် စူဠ သောဘာပန်သည်။ပိဟိ ဘာပါယဒွါရော၊ ပိတ်အပ်ပြီးသော အပါယ်တံခါးဖြစ်၏။ ဝါ အပါယ်မကျဘူးမှတ်။

အနိစ္စ ဦးစီးဦးခိုင် အခြေဘယ်လျက်၊ ဒုက္ခ၊ အနတ္တသို့ ဆိုက်ရောက်လျှင် အနိမိတ္တမဂ်မှတ်။ ဒုက္ခလက္ခဏာကို ပဋ္ဌမအနိစ္စ အနတ္တ ၂ ချက်ကို တက်ရောက်မြင်သိခြင်းကို အပ္ပဏိဟိဘမဂ်မှတ်၊ အနတ္တ လက္ခဏာကို အစတယ်လျက် လေ့လာတွေးကြံသော ယောဂီသည် အနိစ္စနဲ့ ဒုက္ခ ၂ ချက်တို့ကို ထင်မြင်ပေါက်ရောက် နိဗ္ဗာန်သို့ မျက်မှောက်ပြုရခြင်းကို သုညတမဂ်ဟု ပုဒ်ပြတ်မှတ်။ မဂ်နှင့်နိဗ္ဗာန် တခဏထဲဆိုရင် ဘယ်သူယုံမှာလဲ မဂ်နှင့်နိဗ္ဗာန် ခန္ဓာနဲ့ တစပ်ထည်းမှတ်။

ပရိယတ္တိ သာသနာနဲ့ ပဋိပတ္တိသာသနာ
သိသူမှာ စည်းမျဉ်းအတူတူမှတ်
ဆရာမစစ်လျှင်၊ ပဋိပတ္တိနည်းလွဲ၏
ပရိယတ်ကို ပါယ်တတ်၏
ဆရာစစ်-မစစ် ရွေးချယ်ဘို့ခေတ်

ဤအခမ်းတွင် ဉာဏ် ၂ ပါးတို့နဲ့ အနတ္တ၊ တနည်း ဉာဏ် ၁၀ ပါးတို့နဲ့ အနတ္တ။ ဉာဏ် ၁၀ ပါးတို့နဲ့ မဂ်သုံးပါး။ မဂ်သုံးပါးတို့နဲ့ လက္ခဏာသုံးပါး။ လက္ခဏာသုံးပါးတို့နဲ့ အနတ္တ။ အနတ္တနဲ့ စူဠ သောတာပန် စခမ်း ကို သင့်တော်ရုံနဲ့ အပြတ် ရှင်းလင်းလိုက်ပြီ။

## ပရိယတ်နဲ့ ပဋိပတ် စည်းမျဉ်းညီအောင်ဆွဲမည်

သတိပဋ္ဌာန် လေးပါးနဲ့ ခန္ဓာငါးပါ- တခြားစီ ထင်သလား ထင်ရင် မှားတယ်၊ အမှားနဲ့အမှန် ဝေဘန်ဘို့ အချိန်တော်ပြီ ဟောသူတို့ နာသူတို့ ကျမ်းရေးသူတို့ရဲ့။

| | | | |
|---|---|---|---|
| ၁ | ရူပက္ခန္ဓာ | ၌ | ကာယာနုပဿနာ။ |
| ၂ | ဝေဒနက္ခန္ဓာ | ၌ | ဝေဒနာနုပဿနာ။ |
| ၃ | ဝိညာဏက္ခန္ဓာ | ၌ | စိတ္တာနုပဿနာ။ |
| ၄ | သညက္ခန္ဓာ | ၌ | ဓမ္မာနုပဿနာ။ |
| ၅ | သင်္ခါရက္ခန္ဓာ | | |

ဇယားကွက်၌ မှားချက်မရှိ သိလိုက်ပါ စဉ်းစားပါ၊ ပရိယတ် ပဋိပတ်စွယ်စုံ သူတော်ကောင်း ပညာရှိတို့နဲ့ တိုင်ပင်ပါ၊ ခန္ဓာ ၅ ပါးတို့၌ အနိစ္စ ဒုက္ခ အနတ္တ သိပိုင်လျှင် သတိပဋ္ဌာန်လေးပါး ပါဝင်၏၊ သတိပဋ္ဌာန် ၄ ပါးတို့၌ အနိစ္စ ဒုက္ခ အနတ္တ ပညာ စခမ်းဆိုက်လျှင် ခန္ဓာငါးပါးဆင်ခြင်မှု ကိစ္စပြီးသည် ပုဒ်ပြတ် မှတ်၊ မငြင်းရ အထင်မကြီးရ။

တရားအမှန်တွေလို့ အားထုတ် ရှာဘွေကြရင် အတ္တဒိဋ္ဌိ ကင်းကွာဘို့ မိမိဉာဏ်မှာသာ မေး၊ခန္ဓာကိုယ်ရုပ်သားနဲ့ စွဲလမ်းမှု စိတ်နာမ်က အဖြေပေးမည်၊ မကြေအေးလျှင် မိမိတို့၏ လမ်းပြဆရာကို ခု မေးလျှောက်ပါ၊ကြေနပ်လျှင် ကိစ္စပြီးပါတယ်။မပြီးလျှင် မာနလျှော့ပြီး စိတ္တဝိသုဒ္ဓိနဲ့ ယခုကျမ်းပြုဆရာထံအမြန်လာပါ၊ အနိစ္စကို ပဒိတ်ဖမ်း လို့ မရဘူး။ သေဘေး၊ သေရမယ်၊ သေခဲ့တာ အနန္တ၊ ခု သေနေတယ်မှတ်။

(သတိပဋ္ဌာန်နဲ့ ခန္ဓာ ၅ ပါး ရှင်းတန်း အမြွက်မျှ ပြီးပြီ)

....+....

## ပဋိပတ်ယောဂီပရိယတ်နဲ့အညီ
## ဝိသုဒ္ဓိ ၇ ပါးတို့နဲ့သိက္ခာ ၃ ပါးရှင်းမည်။

၁ သီလ- ကိုယ်နှုတ်၊
၂ စိတ္တ- မနောစိတ်၊
၃ ဒိဋ္ဌိ- ဉာဏ်အသိ
၄ ကင်္ခါဝိတရဏ တရားအမှန်သိ၊
၅ မဂ္ဂါမဂ္ဂဉာဏဒဿန အမှားနဲ့ အမှန်သိမြင်၊
၆ ပဋိပဒါဉာဏဒဿန သီလ - သမာဓိ - ပညာ ပါဝင်ပုံ သိမြင်။
၇ ဉာဏဒဿန ခန္ဓာကိုယ်၌ အနတ္တသဘာဝ သိမြင်။

## (ရှင်းပြီ)

သီလဝိသုဒ္ဓိကို သီလသိက္ခာမှတ်၊ အဓိသီလသိက္ခာမှတ်၊ ပုထုဇန်ကလျာဏနဲ့ အရိယာခွဲယူ၊ စိတ္တဝိသုဒ္ဓိကို သမာဓိသိက္ခာမှတ်၊ အဓိစိတ္တသိက္ခာမှတ်၊ အနုံအရင့်ခွဲသိ၊နံပါတ် ၃,၄,၅,၆,၇ တို့ကို ကလျာဏ စူဠမဟာအရိယာ အလောင်းတို့၏ ဉာဏ်ပညာ အဆင့်အတန်းနဲ့ အရိယာအစစ်တို့၏ ဉာဏ်အဆင့်အတန်းကို တခြားစီတွေး၊ အတွေးလဲသိတ်ကြီးမနေနဲ့အုံး၊ အချိန်မကုန်စေနဲ့ ဒိဋ္ဌိကင်္ခာဘို့သတိပြု၊ ယောဂီများစိတ်ချမှာစိုးလို့၊ ကခါဖြစ်မှာစိုးလို့၊ ပရိယတ်နဲ့ ပဋိပတ်ငြင်းနေမှာစိုးလို့ ရှင်းလိုက်သည်။ ဝိသုဒ္ဓိဆိုဒါဘာလဲ၊ အထူးစင်ကြယ်ခြင်းမှတ်၊ ၁ နံပါတ်က ၆ နံပါတ်အထိ စင်ကြယ်ခြင်းကိုမှတ်၊ ၁ နံပါတ် ၂ နံပါတ်စင်ကြယ်လျှင်၊ ဒုစရိုက်မှုမရှိမှတ်။ နံပါတ် ၃ က ၆ အထိစင်ကြယ်မှုကားဒိဋ္ဌိအနုသယခေါ် အယူမှားရေသောက်မြစ်ကို သတ်ဆဲဖြတ်ဆဲမှတ်၊ ဝါ- ကျား, မ မရှိမှုကိုဝေဘန်ဆဲမှတ်၊ တနည်း- အနတ္တ မပေါက်တပေါက် မဆိုက်တဆိုက်မှတ်၊ နံပါတ် ၇ကျမှအနတ္တအစစ်မှတ်၊ မဂ်ဓာဏ အနတ္တမှတ်၊ ဝါ- အရိယာသောတာပန်၏ ဉာဏ်စိတ်၌ ဒိဋ္ဌိကိလေသာ အညစ်အကြေးမရှိမှတ်၊ ၁၂ လတို့တွင် သာရဒမာသခေါ် တန်ဆောင်မုန်းလွှန်း ၁၅ နဲ့ လွှပ် ၁ ရက်နေ့များ၌ မိုးလွတ်ကင်းစင် ဆီးနှင်းမဝင်သောရက် ညအခါ သန်းခေါင် အချိန်၌ ဘိုးလမင်းသာသကဲ့သို့၊ အထူးသန့်ရှင်း စင်ကြယ်သော နံပါတ် ၇ ဉာဏဒဿန ဝိသုဒ္ဓိ စခမ်းကို၊ ဝါ- နိဗ္ဗာန်ဝိသုဒ္ဓိကို အနည်းငယ် ရေးသားဖေါ်ပြလိုက်သည်။

ဝိသုဒ္ဓိ ၇ ပါးတို့နဲ့ သိက္ခာ ၃ ပါးရှင်းတန်းသင့်ပြီ။

ပဋိဝေဓဆိုက်လိုပါက ပရိယတ်စီးမျဉ်းနဲ့ညှိနှိုင်းကြ
မဂ္ဂင် ၈ ပါးတို့နဲ့ သိက္ခာသုံးပါးရှင်းပြန်ပြီ။
၁ သဒ္ဓါဒိဋ္ဌိ ရုပ်နာမ်သိဘို့ အမှန်ယူပါ။
၂ သင်္ကပ္ပ အနတ္တဆိုက်ဘို့ ကြံစီပါ။

....x....

၁ ဝါစာဝ .... ဝစီကံမကြူးလွန်။
၂ ကမ္မန္တ .... ကာယကံမပြုလုပ်။
၃ အာဇီဝ .... သက်မွေးစင်ကြယ်ပြီ။

....x....

၁ ဝါယမ .... တရားစစ်ရဘို့ ခန္ဓာစွန့်ကြိုးစား။
၂ သတိ .... သပ္ပုရိသစကားအမြဲမှတ်။
၃ သမာဓိ .... အနတ္တမှာအထိုင်ချပါ။

အထက်ကအင်္ဂါနှစ်ပါးကို မဂ်ရဘို့၊အင်္ဂါဖြစ်လို့၊ဝါ-နိဗ္ဗာန်ရဘို့ အစိတ်အပိုင်းတွင် ပါဝင်သဖြင့် ပညာသိက္ခာမှတ်။ အဓိပညာမှတ်၊ ပညာစခန်းမှတ်၊ အဘိဓမ္မာ ၇ ကျမ်းမှတ်၊ ခက်တယ်ခက်ပြီးလျှင် ထပ်ခက်လို့ ပရမတ္တဒေသနာမှတ်၊ အတိဂမ္ဘီရဒေသနာမှတ်. အင်မတန်မြင်နိုင်ခဲလို့ အတိသုဒုဒ္ဒဒေသနာမှတ်။လက်နဲ့ စမ်းသပ်ရှာဘွေလို့မရ။။ အလွန်သိမ်မွေ့လို့ အတိနိပုဏဒေသနာမှတ်လေ။

အလယ်မဂ္ဂင်သုံးပါးကို မဂ်ရဘို့အင်္ဂါ အပါအဝင် အစိတ်အပိုင်းမှတ်၊ သီလသိက္ခာမှတ်၊ အဓိသီလသိက္ခာမှတ်၊ သီလစခန်း

မှတ်။ ဝိနည်းငါးကျမ်း ဒေသနာမှတ်။ မြတ်စွာဘုရား၏ အာဏာ စက်အာဏာဒေသနာမှတ်၊ မကြူးလွန်ရ။

အောက်မဂ္ဂင် ၃ ပါးကို မင်္ဂရဘို့ တစိတ်တပိုင်းတဋ္ဌာန တအင်္ဂ ဖြစ်လို့ သမာဓိသိက္ခာမှတ်၊ အဓိစိတ္တသိက္ခာမှတ်၊ ဝေါဟာရ ဒေသနာမှတ်၊ စိတ် မစင်ကြယ်ပါက တရားထူးကို ဘယ်ခါမှ မရဘူးမှတ်။

ပညာ ဦးစီးသော သီလ-သမာဓိမှသာ ကလျာဏ သီလ- သမာဓိ ဖြစ်မည်။ သို့မဟုတ် အန္ဓပုထုဇန် တို့၏ သီလ၊ လူပြင်းလုံးလ - တခဏ တဒင်္ဂမှတ်၊ အောက်တန်း ကလျာဏပုထုဇဉ် ဖြစ်ဘို့ ယောဂီက စ၍ကြိုးငယ်မရွေး အနတ္တအမွေကို ခုပေးပါ၊ ပညာ မျိုးစေ့ကို အခု အမြန်တိုက်တွန်းပါ၊ သူဌေးမာန မင်းမာန၊ ပရိယတ်မာန၊ စိတ်ဘက်ကြွမှု အမြင့်စား ထင်မှု၊ အပေါ်စီး ထင်မှု ဟူသမျှ နိုင်ငံကျော်မာန ဓမ္မကထိက မာန၊ ကျမ်းပြု မာနတို့ကား မိမိ၏ သေမင်း အစစ်ဟုမှတ်ကြတော့။

## ပြန်ပြီးရှင်းမယ် ပြန်ဘတ်စမ်းပါ။

ပညာ မဂ္ဂင် ၂ ပါးကို တရားကိုယ်ကောက်သော် ပရိယတ္တိ စည်းမျဉ်းအရ ၂ လုံးမှတ်၊ တရားထူးရဘို့သိမြင်သောကာမာ ဝစရ ဉာဏသမ္ပယုတ် စိတ်တွင် ပါသော ပညိန္ဒြေစေတသိက် ကိုသမ္မာဒိဋ္ဌိမှတ်- ဝိတက်စေတသိက်ကို သမ္မာသင်္ကပ္ပ၊ ပဋိပတ္တိ

စည်းမျဉ်းအရ ပညာ စခမ်းတပါ တည်းရေတွက်ပြီးပါဝင်ပြီး ဖြစ်သည်မှတ်။

ဥပမာ သမ္မာဒိဋ္ဌိကား ခေတ်ခေါ် နာယကလူကြီးမှတ်။ ပဌမ ဥက္ကဋ္ဌမှတ်။ တနည်း ရှင်ဘုရင်ကိုမှတ်။ သမတကိုမှတ်။

ဥပမာ သမ္မာသင်္ကပ္ပကား ခေတ်ခေါ် အတွင်းရေးမှူးကိုမှတ် စက္ကတေရီကိုမှတ်။ တနည်း နန်းရင်းဝန်သို့မှတ်။ တနည်းဝန်ကြီး ချုပ်ကိုမှတ်။

> သူပုန်ရန်ကိုနှိမ်နင်း၍ တိုင်းပြည်ချမ်းသာဘို့ရာကိုအုပ်ချုပ်သော ပြည့်ရှင်မင်းတို့နှင့် တကွ မှူးမတ်သေနာပတိစသော ပညာရှင်တို့ကဲ့သို့၊ ခန္ဓာကိုယ်တိုင်းပြည်၌၊ဒိဋ္ဌိစသော သူပုန်ရန်သူတို့ကို ဖိနှိမ်သုပ်သင်၍၊ဓမ္မာရုံ - ဓမ္မရသကို ငြိမ်းချမ်းသာစွာ ခံစံဘို့ရာ၊ အား ထုတ်ကြသော သပ္ပုရိသဆရာနှင့် တကွ ယောဂီ စာရင်းဝင် ပညာရှင်တို့နှင့် တူပုံ ဥပမာကိုဝေဖန် လိုက်သည်။

သီလမဂ္ဂင် သုံးပါးတို့၌၊ သမာအာဇီဝပုဒ်၌၊ ကျန် ၂ ပါး ပါဝင်၏၊ အာဇီဝဋ္ဌမကသီလ ပြီးနေပြီမှတ်၊ မဂ်၏ ရှေ့အဘို့၌ တည်သောသီလဆိုဒါမှတ်လိုက်။

သပ္ပုရိသဆရာတိုင်း ဥပဒေ နားလည်ခဲ့တယ်၊ ဥပဒေတတ် တိုင်းအတ္တပြုတ်ခဲ့တယ်မှတ်။

သမာဓိမဂ္ဂင် ၃ ပါး၌၊ သမာဓိ၌ ဝါယမနှင့် သတိပါသွားပါပြီ၊ သတိများရင်လဲ သမာဓိပါတဲ့၊ သမာဓိအထိုင်ရောက် သတိလဲပျောက် ထားပါ။

သမာဓိမဂ္ဂင်ဟု ဘွဲ့နာမည်ချုပ်— ဆိုင်းဘုတ်တတ်သည်မှတ်။ အဓိစိတ္တ သိက္ခာဟုဘွဲ့နာမည်ချုပ် ဆိုင်းဘုတ်ဆွဲပြီးမှတ်တော့။ သီလ သမာဓိ ပညာ ထိပ်စည်းအမည်တွေမှတ်၊ ပညာ သီလသမာဓိ ထိပ်စည်းအမည်တွေမှတ်၊ (မဂ္ဂင် ၈ ပါးတို့နဲ့ သိက္ခာသုံးပါးအမြွက်မျှရှင်းလိုက်ပြီ၊ )

.....................

အချက်ကောင်းမဆုပ်မိသမျှဝိစိကိစ္ဆာမကင်းကြ။
သာသနာဗဟိုရ်အကျမဇ္ဈိမဓမ္မစကြာကိုလေ့ကြ။
ဆိုင်မမှားကြစေနဲ့ ရသေ့တံဆိပ်ကိုသတိပြုကြ။

# ပဋိယတ် ပဋိပတ် ပဋိဝေဓ ရှင်းတန်း

လေးလေးဖတ်ပါ စာဘတ်သူ ဝိပဿနာ အဖွဲ့လူကြီး ဥက္ကဋ္ဌလား၊ ပိဋကတ်သင်ဘူးသလား၊ ပဋ္ဌမကျော်လား၊ စာချလား ဝိပဿနာ ဓမ္မကထိကလား၊ ကျမ်းပြုဆရာကြီးလား၊ သာသနာပြု ပုဂ္ဂိုလ်လား၊ တရား အားထုတ်ဆဲ ယောဂီလား၊ သမထနဲ့ ဝိပဿနာတွဲဘက် သမထယာနိက ယောဂီလား၊ သို့မဟုတ် ဝိပဿနာ သန့်သန့် သက်သက်ဝိပဿနာယာနိကယောဂီလား၊ အခုရေးနေဒါ (ဝိပဿနာ မှတ်ကျောက်အခန်း) လို့သိလိုက်ပါ၊ သင်အရိယာဖြစ်ဘို့ မှတ်ကျောက်ရောက်လာပြီ၊ ကုန်ဘက်၊ အလေးဘက် ဒီချိန်ခွင် ၂ ဘက်၌ ဘယ်ဘက်သို့ ထွက်ပြုနေတဲ့

ချိန်ခွင်လျှာလဲလို့ မိမိကိုယ် မိမိ၊ ဟောဒီ ရုံးထုတ်လေးနဲ့ ချိန်တိုက်ပါ။

ဒိဋ္ဌိဝိသုဒ္ဓိ ရုံးထုတ်လေး၊
မဟာမင်္ဂလာ ဝိပဿနာဒီပနီမှတ်၊
အရိယာ ရွှေစစ်မစစ်ဒီမှတ်ကျောက်ကိုတိုက်ပါ၊
မဟာမင်္ဂလာဝိပဿနာဒီပနီမှတ်၊

ဝေဘန်ရမည်။ ။ယောဂီ စဉ်းစား၊ ပရိယတ်ကိုသင်ကြားပြီးမှ ပဋိပတ်ကို အားထုတ်ရမှာလား၊ ပဋိပတ်ကို ပဌမ ရှာဖွေပြီးမှ ပရိယတ်စာတွေကို သင်ကြားရလျှင် ကောင်းမသား ဝေဘန်ရမည်၊ ဝေဘန်ပါမမှားဘူး၊ တွေး ဝိုင်းဖွဲ့တွေး၊ လိုရင်း တယောက်ထည်း တသီးပုဂ္ဂလစဉ်းစား ဝါဒစုံ ဂိုဏ်းမျိုးစုံမှခွဲ တွေး၊ အတွေးလွန်ပြန်လဲ သွေးမွန်တတ်သည် ယောဂီ၊ ဘုရား လက်ထက်က ပဥ္စဝဂ္ဂီ ၅ ယောက်တို့ဟာ၊ အင်္ဂုလိမာလဟာ၊ ဝိသာခါဟာ၊ ခုဇ္ဇုတ္တရာဟာ၊ ရဟန္တာကြီး အရှင်ပေါဋ္ဌိလဟာ အရှင် ဝင်္ဂလိ မထေရ်ဟာ၊ ညီတော်အာနန္ဒာဟာ၊ ညီတော် မင်းနန်ဟာ၊ ဥဂ္ဂါသေနနဲ့ ဂါမဏိသဘင်သယ်တို့ဟာစသည့်တို့ ဟာ ပရိယတ်ဘယ်မျှ သင်ကြားပါသလဲ၊ ပဋိပတ်ဟာ ပရိယတ် အခြေခံမရှိဘဲလဲ မဖြစ်နိုင်ပါဘူးလား။

## သာသနဒုတိယာ ပန ပရိယတ္တိပမာဏံ။

ပန၊ယောဂီတို့အယူကို သန့်ရှင်းစေဦးအံ့၊ သာသနဒုတိယာ ပဋိပတ်သာသနာ ပဋိဝေဓသာသနာ ၂ ပါးအမြဲတည်နိုင်ရခြင်း

သည်။ပရိယတ္တိပမာဏ်၊ ပရိယတ္တိခေါ် ပိဋကတ်သုံးပုံသည်သာ၊ ပဌာန၊ အရင်းခံဖြစ်၏။

အယံပရိယတ္တိ ပဋိပတ္တိယာ ပစ္စယော ဟောတိ။
ပဋိပတ္တိ အဓိဂမဿ ပစ္စယော ဟောတိ။

အရကျက် အယူမလွဲနဲ့
ဥပဒေတော် လက်နက်ကို ရင်ဝယ်ပိုက်၊
ဝါဒမှားတွေရှိတိုင်း မလိုက်နဲ့။

အယံပရိယတ္တိ၊ ဤပရိယတ္တိသာသနာသည်၊ ပဋိပတ္တိယာ၊ ပဋိပတ်သာသနာတော်၏။ ပစ္စယော၊ ပဌမအထောက်အပံ့ အကြောင်းအရင်းခံသည်၊ ဟောတိ၊မုချကေန်၊ အမှန်ဖြစ်ရ၏ ပဋိပတ္တိ၊အကျင့်ခေါ်သော ပဋိပတ်သည်၊ဝါ-သမထနဲ့ ဝိပဿနာ ၂ ပါးသည်။ ဝါ သီလ, သမာဓိ, ပညာ ၃ ပါး တို့သည်။ အဓိဂမဿ၊ မဂ်ဖိုလ်နိဗ္ဗာန်ရခြင်း အကြောင်းဖြစ်သော ပဋိဝေဓ သာသနာတော်မြတ်ကြီး၏။ ပစ္စယော၊ အထောက်အပံ့ အကြောင်းအရင်းခံ ကျေးဇူးပြုမှုသည်။ ဟောတိ၊ ရှောင်လွှဲ၍မရ၊ မုချကေန်၊အမှန်ပင်ဖြစ်ရလေ၏။

ဒီလိုဝေဘန်ရင်ကော ဉာဏ်မသွားဘူးလား။

သာတာဂီရိနတ်နဲ့ ဟေမဝတနတ် ၂ ပါးတို့ဟာ၊ ပိဋကတ်သုံးပုံ အာဂုံဆောင်ခဲ့ဒါ၊ ကဿပဘုရား လက်ထက်ကထဲကလို့ ဥပဒေရှိပြန်တယ်၊ ကာလီသူဌေးသမီးက အရိယာသောတာပန်ဖြစ်တာဟာ၊ဘုရားရှင်၏တရားတော်ကို မနာရပါဘဲ၊ တရားပွဲသို့

မရောက်ရ မသိရပါဘဲ၊ ဝါဆိုလပြည့်နေ့ ဓမ္မစကြာတရားဟော သောနေ့ ညမှာပင်အရိယာဖြစ်တယ်။ ပဌမအဦးဆုံးဖြစ်တဲ့ အရိယာ၊ ဘုရားလက်ထက်မှာ ဘယ်သူလဲမေးပြီ။

**ကာလီသူဌေးသမီးဘဲ**
**မေးပြီးလျှင် အဖြေပေးရမယ်လို့**
**ဥပဒေတော်အရှိ နှိုင်းညှိစဉ်းစားကြ။**

ဒီကာလီဟာ ပဋိဝေဓသာသနာပန်းတိုင်ကို၊ သေသေ ချာ ချာ၊ အရအမိ၊ လှမ်းကိုင်ခါ၊ မဂ်ပန်းဖိုလ်ပန်းကို၊ ကိုယ်တိုင်ရရှိ လိုက်ထာဟာ၊ ပဋိပတ္တိ သာသနာ ဘယ်အခါက-အထောက်အပံ့ ရခဲ့သလဲ၊ ပရိယတ္တိ သာသနာ အခြေခံမှာ ရှေးဘုရားတို့၏ လက်ထက်တော်တွေက သတနဲ့ ဟောမတ္တိလို၊ပိဋကတ်အခြေရခဲ့တာဘဲ လို့၊ ပဌာန်းအာသေဝနပစ္စည်းဆက်ကို ပြန်တွေးပါက၊ပါရမီတွေ ရှိခဲ့လို့ဘဲလို့ ဒီလိုကောအမှန်ကျ မ သူနိုင်ဘူးလား၊ ပါရမီကို စောင့်မနေနဲ့ယောဂီ၊ ပါရမီဆိုဒါ ပြင်ဘက်က၊ ဒရဝမ်စောင့် သလိုမထင်နဲ့ အခု အနတ္တကိုလိုက်ပါ။

၁ ပရိယတ္တိသာသနာ ပိဋကတ်စာပေသင်ခြင်း။
၂ ပဋိပတ္တိသာသနာ သီလ,သမာဓိ,ပညာအားထုတ်ခြင်း။
၃ ပဋိဝေဓသာသနာ မဂ်ဖိုလ်နိဗ္ဗာန်ရခြင်း၊

သာသနာဆိုဒါ မြတ်စွာဘုရား၏ ဩဝါဒကို၊ဝါ-ဆို ဆုံးမ သည်ကို လိုက်နာဆောင်ရွက်ခြင်းကိုမှတ်ကြ။ မဂ်ဖိုလ် နိဗ္ဗာန် ရခြင်း အကြောင်းကိုဟောပြဆုံးမသော ပါဠိစကားကိုဖြစ်စေ၊

ဘာသာပြန် နားလည်မှုဖြစ်တဲ့ စကားကိုဖြစ်စေ၊ ပရိယတ်မှတ်ရမည်။ သပ္ပုရိသစသော ပညာရှင်တို့၏ စကားမြတ် တရားမြတ်တွေပါ၊ သီလလုံခြုံဘို့ စိတ်ကောင်းသမာဓိရှိစေဘို့၊ ပညာခေါ် ရုပ်နာမ်စခမ်းကိုသိစေဘို့ မှတ်ကြလေ။

သိကြသူတို့မှာ သာသနာသုံးရပ် တပါးဘည်းမှတ် သီလမလုံဘဲ-စိတ်မကောင်းဘဲ-ရုပ်နာမ်မသိပါဘဲ စာသင်စာချ သက်သက်ကား-ပရိယတ္တိ သာသနာမှတ်။ တနည်း သာသနာ မပါဘဲ စာတတ်သက်သက်မှတ်။ ခက်တယ်ဂန္ထဓူရခေါ် ကျမ်းဂန်ကို တတ်စွမ်းနိုင်သလောက် သင်ကြားအားထုတ်ခြင်း။ ဝိပဿနာဓူရ-ရုပ်နာမ်ခန္ဓာစသည်တို့ကို လေ့လာအားထုတ်ခြင်း ၂ မျိုးလုံး အမြန်အားထုတ်ရမည် ဥပဒေတော်အရ၊ ဆိုလျှင် - ပရိယတ္တိသာသနာ-ပဋိပတ္တိသာသနာ ၂ ရပ်လုံး တကိစ္စထဲပါဝင်၏၊ပဋိဝေဓသာသနာသို့ သက်ဝင်နီးကပ် နီးစပ်ပြီယောဂီ။

ဉာဏ် ၃ စားရှင်းမယ်။

၁ သစ္စာဉာဏ်—တရားကောန် မှန်တယ်လို့ သိစ။။
၂ ကိစ္စဉာဏ်—သိစရလို့ အားထုတ်ဆဲ။
၃ ကတဉာဏ် အပိုင်သိလို့ အားထုတ်မှုနားပြီ။

....+....

ရွှေအရောင်ကောင်းမလိုက်ရ။
မှတ်ကျောက်ကောင်းကို တို့ကြ။

ကုန်သည်ကအပြောကောင်းဘိုင်း
မငေးနဲ့-ရုံးထုတ်လေးနဲ့ တိုက်ကြ။

....×....

ဘုရားဟောတဲ့ (သာမုက္ကံသိက) ခေါ်
ကိုယ်တော်မြတ်ဟောတော်မူသော ဒေသနာတော်။

သန့်သန့်သက်သက် ရုပ်သဘော - နာမ်သဘော ဘာနဲ့မှ ခရောတဲ့တရားဟာ ကေန်မှန်တယ်လို့ ယဘာဘူတဉာဏ်ကို၊ ဝါ-ဟုယ်တယ် မှန်ဒါ သိရတဲ့ဉာဏ်ကို၊ သိပိုင်စခဏကို သစ္စဉာဏ်မှတ်၊ ပဌမအထစ်။

တရားမှန်တဲ့ အရသာကို သိပိုင်ခံစားရသဖြင့် ရေတော် သလိုလေ့လာခြင်း၊ တိုး၍အားထုတ်ခြင်း၊ ရွှေငွေကိုမက်သလို ထပ်ခါနာယူခြင်း၊ မေးမြန်းစုံစမ်းခြင်း၊ တယောက်ထဲ စဉ်းစား ခြင်း၊ ကျမ်းစာအမှန်တို့ကို ဘတ်ရှုတွေးတောခြင်း၊ တရားအလုပ် ကိစ္စကိုအားထုတ်ဆဲ၌ သိခြင်းဉာဏ်တွေကို ကိစ္စဉာဏ်သို့ သိပါ ယောဂီ၊ ဒုတိယအထစ်။

ကိုယ်တိုင်စဉ်းစား ငါဘယ်အထစ်မှာနေသလဲ။

ဒိဋ္ဌိကွာပြီး၊ တဏှာကုန်ပြီး၊ တနည်း — မဂ်ဉာဏ်ရပြီး။ တနည်း - အနတ္တအစစ် ကျွား - မအညစ်မရော၊ ဓါတ်သဘော သန့်သန့်ဟူ၍သိပြီး၊ ပိုင်ပြီးသည်ကို၊ တရားအားထုတ်မှု ကိစ္စ တာဝန်ကြီးပြီးဆုံးသည်ကို၊ ကတဉာဏ်မှတ်။

(ဉာဏ် ၃ စား အနည်းငယ်ရှင်းလိုက်ပြီ)

## ပရိညာသုံးပါးရှင်းအုံးမယ်။

ယောဂီဘိုင်း ရှင်းတန်းပေးမဲ့သူ ရှိခဲလျှင်၊ အချို့ကားတရားနာ၍၊ တရားအားထုတ်၍၊ ရက် - လ - နှစ်၊ ယခုတိုင် ကြာကြပြီ ဆရာကိုယ်တိုင်ကမှ ပုထုဇန်လက္ခဏာ - အရိယာလက္ခဏာကို မသိပါက၊ တပည့်ကသိဘို့ခက်တယ်။

## မဟာမင်္ဂလာက သက်ာကင်းအောင်ရှင်းပြီ။

၁ ဉာတပရိညာ .... ရုပ်နဲ့နာမ်ပိုင်းခြားပါ။
၂ တီရဏပရိညာ .... လက္ခဏာ ၃ ပါးစီ ပိုင်းခြားပါ။
၃ ပဟာနပရိညာ .... ဒိဋ္ဌိနဲ့တဏှာပယ်ဘို့ ပိုင်းခြားပါ

လောကဥ္မှာ ပစ္စည်းချမ်းသာလျှင် ၁၀၀၀ -ရှိတယ်၊ ၁၀၀၀၀ ရှိတယ်၊ ငါ့မှာ တသိန်းရှိတယ်၊ သိန်းပေါင်း ဘယ်မျှရှိတယ်လို့၊ တနည်း ငါ့မှာ တိုက်ဘယ်နှစ်လုံး၊ အိမ်ဘယ်မျှ၊ လယ်မြေကေ ဘယ်လောက်၊ သား သမီး ဘယ်နှစ်ယောက်ရဘူးတယ်၊ ခုဘယ်မျှ ရှိတယ်၊ လင်ဘယ်နှစ်ယောက် ညားဘူးတယ်၊ ခုဘယ်နှမရှိ။ မယားဘယ်မျှညားဘူးတယ်၊ ခုတော့ သေ မသေ စသည်ဖြင့်....

လောကီကာမဂုဏ်ဘက်က ကိုယ်တိုင်သိမှ ကိုယ်တိုင်သက်သေခံ ဖြစ်ဒါလို ဓမ္မာရုံတရားအစစ်ကို နာကြ ရကြ သိကြသော ယောဂီတို့ မိမိကိုယ်မိမိ လိမ်ညာလို့ မရ တရားကိုနတ်စောင့်သည်မှတ်၊ တရားအစစ်သည်ပင် နတ် ဟုသိကြ။

ရုပ်ဘခြား နာမ်တခြား တကယ်ပိုင်းခြား တတ်ခဲ့ရင်၊ ကလျာဏမှာပါ၊ ဉာတပရိညာစခမ်းမှာ။ ရုပ်၌ဖြစ်စေ နာမ်၌ဖြစ်စေ၊ အနိစ္စစစ်ချက်၊ ဒုက္ခစစ်ချက်၊ အနတ္တဉာဏ်၏ စစ်ဆေးချက်အရ၊ ကိုယ့်ဉာဏ်ပိုင် ဆုံဖြတ်ကြတော့။ အနတ္တနဲ့ အတ္တနဲ့ရော ထွေးနေသော ချင်၊ တနည်း ရုပ်နာမ်နဲ့၊ မိန်းမထင်မှု၊ ယောကျ်ားထင်မှု၊ ထွေးလုံးနေခိုက်၊ တနည်း မမြဲတဲ့ရုပ်နာမ်သောမှန်ရဲ့၊ နောက် ၁၀ နှစ်လောက်နေရအုံးမယ်၊ တနည်း ........ဒီရုပ်နာမ်နှစ်ပါးဟာ၊ ခဏမနား- သဲကမ္ဘားသို့၊ မနားဘန်းဘကသ်ဟုတ်တာဘဲ၊ ပျက်ပေမဲ့မသေခင် တရားအားထုတ်မှ တော်မယ်။

တနည်း။ ။ဒီရုပ်တုံးကြီးဟာ ဒုက္ခအစစ်ဟုတ်တယ်။ ဟုတ်သော်လဲပိုက်ဆံရှိမှစိတ်ချမ်းသာမယ်။

တနည်း။ ။ဒီရုပ်တုံးကြီးဟာ၊ ကျား-မ တကယ်မရှိ၊ မရှိပေမဲ့ ပညတ်လဲဘယ်ပယ်လို့ရမှာလဲ။

တနည်း။ ။ဒီနာမ်ဟာ သဘာဝအစစ်ပါဘဲ၊ အစစ်ပေမယ်လို့ သောဘာပန်ဖြင်ဘို့ အမြန်င် ကြံမယ်သို့၊ ဒီလိုသဘတ်နဲ့ စဘူးတောင်း ကလိန်ချုံ ကြခပ်ဝါးတောကဲ့သို့၊ တရားသဘောနဲ့ ကျားမ ရောနှော အနတ္တနဲ့ င်နဲ့ ရုပ်ထွေးပြီး ချည်ခင်ထွေး ဖြစ်နေခိုက်ကို ယောဂီများ တီရဏပရိညာစခမ်းမှတ်။

၁ ဟုတ်တော့ဟုတ်ပါရဲ့ ဟုတ်ပေတယ်လို့
၂ မှန်ပါဘယ် မှန်ပေတဲ့

(၁၃၊ ဒုတိယအကြိမ်)

၃ အနတ္တတော့ သိပါပြီ သို့သော်လဲ
၄ အနိစ္စပါဘဲ အနိစ္စဆိုပေမဲ့

တရားမြှတ်ရမယ်။ စကားတတ်ရမယ်။ စကားနောက်တရားပါတယ်မှတ်။ စကားအသုံးထဲမှာ လို့-တဲ့-သဲ-မဲ့ ဆိုသောစကားအသုံးထဲ၌ ဆွမ်းဆံထဲမှာ ကြွက်ချေးရောသလိုမှတ်၊ ဒီလို ဝိစိကိစ္စာရှိခိုက်မှာ အားထုတ်ဆဲမှာ အလုပ်မပြီးသေးလို့ အလုပ်ကိစ္စများဆဲမို့။ ကိစ္စဉာဏ်မှတ်။ တနည်း-ရုပ်နဲ့နာမ်၌ အနိစ္စအချက် ပိုင်းခြားတတ်၏၊ ဒုက္ခအချက် ပိုင်းခြားတတ်လို့ တီရဏပရိညာစခမ်းမှတ်။

အနတ္တကို သညာသိမျှသာပိုင်းခြားတတ်လို့ တီရဏပရိညာဟု ဆုံးဖြတ်လိုက်ပြီ ယောဂီ။

ပဟာနပရိညာစခမ်းက ဘယ်လိုလဲ၊ အနတ္တလက္ခဏာကို အပိုင်သိလို့ ယောကျ်ားမိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဗြဟ္မာ, ဒေဝ, ဇီဝ, လိပ်ပြာ, ဘယ်လိုဟာမှ အကောင်အထည်ဟူ၍မျှ မြူမှုံတမှုံမျှ ရှာမရ၊ သန့်ရှင်းကြည်သောတာပန်အမည်ဘွဲ့နာမည်ပေးသူမရှိ၊ ပကတိအရိယာဒိဋ္ဌိမရှိ၊ တဆင့်ဘဏ္ဍာမရှိ၊ ပူပန်မှုကိလေ၊ တဆင့်ထက်တဆင့်ကျွလျက်၊ မြင့်သည်ထက်မြင့်၊ ကြီးရင့်သောဉာဏ်အခြေသို့ရောက်သဖြင့် အမှားဟူသမျှ ဘာမှမရှိ၊ အမှားတွေကိုပယ်ပြီး အမှားနဲ့အမှန် မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း စားတိုင်း လျက်တိုင်း ထိတိုင်း သိတိုင်း ခြောက်ဌာန အာရုံအားလုံးကို အသာဆုံးသမျှဓမ္မာရုံသဘာဝတွေဘဲလို့—

အဘိဓမ္မာအမှန် ကသိုဏ်းဇယားနဲ့
အရိယာဉာဏ်မှာ၊ ပိုင်းခြားပြီးသည်ကို
ပဟာန ပရိညာစခန်း၊ ပုဒ်ပြတ်မှတ်။
(ပရိညာသုံးပါးကိုသင့်သမျှ ရှုံးထုတ်လေး ပေးလိုက်သည်)

....+....

## ဝိပ္ပလ္လာသ သုံးပါးရှုပ်လို့ ရှင်းမယ်။

ကမ္ဘာတခွင်မှာ တကျာစင်ဘို ဒီမဟာမင်္ဂလာ ဝိပဿနာဒီပနီနဲ့မှ ဒို့ဉာဏ်၌ မရှင်းလင်းရင် ဘယ်သွားပြီး ဘယ်သူနဲ့ ရှင်းရအုန်းမှာလဲ။

လောကီအာရုံလိုက်ပြန်လဲ သဘွတ်အူ၊
တရားဓမ္မာရုံလိုက်ပြန်တော့လဲ ကလိန်ချူ၊
တရားနာပြန်တော့ ချီခင်ထွေး၊
ကျမ်းရေးပြန်တော့ ကြခပ်တော၊

ရှုပ်သမျှခေတ်၊ ဥတ္တမမင်္ဂလာနဲ့ စစ်ကြ ယောဂီတို့၊လောကီနဲ့ကလပ်အညာခံခဲ့ရဒါ မရေတွက်နိုင် တရားနဲ့အညာလှဲ ခံခဲ့ရဒါများမေ့၊ အခုတော့ နတ်လူ ပြဟ္မာ၊ဘယ်သတ္တဝါတို့ကမှ လှည့်ပတ်ဖျားရောင်းလို့မရ၊ ဒီကျမ်းကိုသာ အားကိုးကြတော့။

၁ ဒိဋ္ဌိဝိပ္ပလ္လာသ–အယူဖောက်ပြန်
၂ စိတ္တဝိပ္ပလ္လာသ=အသိဖောက်ပြန်
၃ သညာဝိပ္ပလ္လသ–အမှတ်ဖောက်ပြန်

အန္ဓပုထုဇဉ်မှန်သမျှ ဒိဋ္ဌိဝိပ္ပလ္လာသမှတ်။ ဘာကြောင့် အယူ ဖေါက်ပြန်နေတယ်၊ ဒါကြောင့် ဥမ္မတ္တကခေါ်တယ်၊ ရူးနေတယ် မှတ်၊ ဘယ်ပုံအယူဖေါက်ပြန်၍ အမှန်သိကို မရောက်ပါဘဲ အမှား သိဖြစ်နေပါသလဲ။

ဥပမာ။ ။ရွှံ့နွားရုပ်ကို ပျော်ပါး ကစားလျက် နေသော ကလေးနဲ့ အန္ဓနဲ့တူတယ်၊ ဒီရွှံ့နွားကို လူကြီးကခြေဖြင့်တက်၍ နင်းလျှင်၊ ကစားပျော်ပါးနေသောကလေးဟာ ငိုရမယ်ကော်၊ ငါ့နွားကိုရော်ပေး၊ငါ့နွားကိုအရော်ပေး စသည်ဖြင့် ဟစ်အော် လျက် မျက်ရေကျလျက် ငိုရမယ်၊ ဆဲချင်လဲဆဲမယ်၊ ဒေါသစိတ် အားကြီးဖြစ်မယ်မှတ်။ ကလေးကငိုလျက်၊ ဆဲလျက်၊ အရော် တောင်းလျက်နေတိုင်း၊ တက်နင်းသူလူကြီးက ရယ်မယ်၊ လူကြီး ရယ်လေ ကလေးငိုလေမှတ်။

မယားသေလို့—ငိုတဲ့အန္ဓ၊
လင်သေလို့—မယားဥမ္မတ္တက၊

စဉ်းစားဆင်ခြင်ယောဂီ၊ ရုပ်နာမ်သဘာဝကိုမသိ၊ သက္ကာယ ဒိဋ္ဌိစွဲ အသဲခိုက်အောင်စွဲလိုက်သော ဥပါဒါန်လေးချက် လူ့ပြည် သို့ အမိ ဝမ်းတွင်းက မွေးထွက်လာသော အန္ဓဗာလသည် ယောကျ်ားအစစ်ကောန်ဘဲလို့ အယူမှား၏၊ ရုပ်နာမ်ကိုလုံးဝမသိ မိန်းမ အမှန်ဘဲသို့ တထင်ကျ အယူသန်၍ ထားခြင်းကို ဒိဋ္ဌိ ဝိပ္ပလ္လာသ မှတ်လိုက်။

ကလေးနဲ့ အန္ဓဗာလနဲ့တူ၏။
ရွှံ့-နဲ့ ရုပ်နာမ်သဘာဝနဲ့တူ၏။

## နွားထင်မှုနဲ့ ကျွဲ-မ-ထင်မှု တူ၏။
## လူကြီးသိပုံနှင့် အရိယာသိပုံတူ၏။

လူသကောင်ကိုဖယ် လူရှင်ထင်သော အကောင်ရုပ် အကောင်အပုတ်တုံး သစ်ပင်ရှိနွားလောက်မသန့်ရှင်းပေ ဝိပဿနာဉာဏ်နှော် လူထူးသိဉာဏ်မှတ် မလွယ်ဘူး။

သောတာပန် သကဒါဂါမိပုဂ္ဂိုလ်ဘို့၌ ဒိဋ္ဌိဝိပ္ပလ္လာသခေါ် အယူမှားချက်ကို ဖယ်ပြီးပြီ။ ရှုံကိုရှုံမှုန်း တကယ်သိ၏၊ နွားပုံ သဏ္ဌာန်ခေါ် သဏ္ဌာနပညတ် အနည်းငယ် ခံလျက်မျက်စိမှာ နေ၏၊ အန္ဓဗာလကလေးကဲ့သို့ နွားအစစ် မယူတော့ပေ။ ရှုံဘဲ၊ ဝါ-ရုပ်နာမ်သဘာဝ အစစ်ဟု အပိုင်သိပြီးမှန်၏၊ ယောကျ်ား မိန်းမပုံသဏ္ဌာန် အရိပ်နိမိတ် အတွက် အနည်းငယ်ငိုမူ၊ စိတ်မသက်သာမူ။ ဒေါသ အနည်းငယ် ထကြွမှု ရှိသေးသည်။ ထိခပျောက် ကြည့်ပျောက် မှတ်လေ။

အန္ဓဗာလတို့မှာ၊ ကြည့်စဲ့၊ ကြည့်ပြီးစဲ့၊ ထိဆဲစဲ့၊ ထိပြီးလဲစဲ့။ ပျောက်လို့ မရမှတ်။ အရိယာ သောတာပန် သကဒါဂါမိတို့၏ ဉာဏ်မှာ စိတ္တဝိပ္ပလ္လာသမှတ်၊ စိတ်အနည်းငယ် ဖေါက်ပြန်ခြင်းကျန်၏၊ မူလက ကျွဲ-မ အစဲ့မှားသော်လဲ၊ ဒိဋ္ဌိမပါသော စိတ်သန့်သန့်က ဒါယောကျ်ား၊ ဒါမိန်းမလို့ သိဘူးလာကဲ့သဖြင့် ဒုက္ခနဲ့ရင်ဆိုင်တွေ့ခိုက်မှာ ဒိဋ္ဌိမယှဉ်၊ အဝိဇ္ဇာဝင်လာသော စိတ်ဖေါက်မှု တခဏ တဒင်္ဂမှုမှတ်လေ။ ။တနည်း=တကျော စိတ်၏အစွမ်းသတ္တိကိုပင် စိတ္တဝိပ္ပလ္လာသမှတ်။

## ရှီးစားထားသောဥပမာ။

လူပျိုဘယောက် - အပျိုကိုလယ်တယ်၊ ပဌမ ချစ်ပြီ ကြိုက်ပြီ လို့ပြောစ၊ တဏှာဖြစ်တယ်မှတ်၊ နောင်ကို အတူတွဲဘက်မနေရ သမျှ ကာလပတ်လုံး၊ အိပ်မပျော် စားမဝင်၊ ဇောအာသာ တ ငင်ငင် မြင်ချင် တွေ့ချင် မမြင်ရသဲ မနေနိုင်၊ မြင်တွေ့ရသော်လဲ အာရုံမပြေနိုင်၊ စွဲစွဲလမ်းလမ်း၊ စုံးနုတ်ဖမ်းသကဲ့သို့၊ ဝါ- ရှီးစား နုတ်ပူးလျက်နေသော လူပျိုကို၊ ဝါ — အပျိုကို၊ ဒိဋ္ဌိမှတ်၊ အန္ဓ ဗာလမှတ်၊ ဒိဋ္ဌိဝိပ္ပလ္လာသမှတ်။ (ချစ်စတဏှာ ချစ်စွဲဒိဋ္ဌိ) သောတာပန် သကဒါဂါမ် ၂ ယောက်တို့၏ဉာဏ်မှာ ချစ်စွဲမရှိ မှတ်၊ ချစ်စကျန်၏၊ ခေတ္တမျှ ကျား - မ ထင်၏မှတ်လေ။

အနာဂါမ် ပုဂ္ဂိုလ်၏ ဉာဏ်မှာ၊ သညာဝိပ္ပလ္လာသခေါ်၊ အမှတ် ဖေါက်ပြန်မှုအနည်းငယ် ကျန်တယ်။ ရုပ်နာမ် ၂ ပါးတို့၌ အနတ္တလက္ခဏာကိုသိပိုင်ပြီးဖြစ်ပြီ။ (ရဟန္တာအရှင်မြတ်၏ ဉာဏ် ၌) ဝိပ္ပလ္လာသ သုံးပါးလုံး မရှိမှတ်လေ၊ ခက်တယ် ဉာဏ်မှာ နေတယ်။

အရိယာနံ　အ - ဒဿာဝီ
အရိယာနံ၊ အရိယာတို့၏ဉာဏ်ကို။
အဒဿာဝီ၊ အန္ဓဗာလတို့၏
မျက်စိနဲ့ ကြည့်လို့မမြင်။

ရှီးစားထားပြီး၊ ၎င်းရှီးစားကို စွဲမက်သောသူသည်၊ စိတ်ပျက် သောအခါ၌ စွဲလမ်းစိတ်မရှိပြီ၊ ချစ်စစိတ်လဲပျောက်တော့သည်၊

သို့သော် ငွေလုံး ညှာလုံး သနားကျင်နာလုံး၊ အသုံးစကားရှိသကဲ့သို့၊ ကိုယ်နှင့်ထပ်တူ ကိုယ်၏နှမနှင့်တပ်တူ ငွေညှာသောစိတ် တချက်တချက် ပေါ်သကဲ့သို့။

အနာဂါမ် ပုဂ္ဂိုလ်တို့၏ ဉာဏ်အဆင့် တတိယတန်း၌ ယောကျ်ား မိန်းမ အယူမမှား အသိမမှား အမှတ်သာမညမျှသာ ကျန်လေ၏။ အဘယ်ကြောင့် - အဝိဇ္ဇာ တဏှာတို့၏ အခိုးအငွေ့ ကြွင်းကျန်သည်ဟု ပိဋကတ် ဥပဒေတော်အရ ဆုံးဖြတ်လိုက်ဘည်။

သံပေါက်အရကျက်။

ရှုံကိုယ်ပင်နွား၊ ကလေးကစား၊ ငိုမှားဒိဋ္ဌိမှတ်။
ချစ်စွဲမသန်၊ ချစ်စကျန်၊ ပန်ဂါမ် စိတ္တမှတ်။
စစွဲမကျန်၊ ငွေလုံးကျန်၊ နာဂါမ်သညာမှတ်။
ဥပမာသုံး၊ ဖေါက်ပြန်ထုံး၊ တွက်လုံးယောဂီမြတ်။
သုံးပါးဝိပ္ပလ်၊ ကိုယ်ပိုင်ဉာဏ်၊ ဝေဘန်ပိုင်းဆုံးဖြတ်။
ရှင်မြတ်သိန်းထွန်း၊ မင်္ဂလာညွန်း၊ ကံစွန်းဉာဏ်နဲ့သတ်။
(ဝိပ္ပလ္လာသ သုံးပါး ရှုပ်ထာရှင်းတဲ့ မှတ်ကျောက်တော်ပြီ)

ခုရေးလိုက်တဲ့ ကျမ်းစာကို
ဆရာဖြစ်ရေးတယ်မှတ်။

စိတ္တဝိသုဒ္ဓိအတိုင်း။ ။ဆရာသည် တရားထူး ရသည့်နေ့ကစ၍၊ ၇ ရက်စဉ်ဟောတိုင်း၊ ထိုင်ဝိုင်းမှာပြောတိုင်း၊ ကျမ်းရေးတိုင်း၊

တရားနာသူ၊ စာအုပ်- ကျမ်းစာ ဘတ်သူတွေကို၊ တပည့်တွေ ဖြစ်ဘို့၊ ငါ့ကိုရိုသေဘို့၊ ပူဇော်ဘို့၊ ငွေလှူဘို့ ရှိခိုးဘို့၊ ဘယ်ခါတော့မှ စေတနာ မထားဘူးမှတ်။

သာသနာကြီးပွား၍ တရားနာဘူးသူများ၊ ကျမ်းစာကို ကြည့်ရှုသူများ၊ အရိယာ ဖြစ်ကြပါစေ၊ ဆရာတဆူ ဖြစ်ကြပါစေလို့ အထူးမေတ္တာထားသည်။ မယုံချင်လဲ ယုံ၊ ယုံချင်လဲယုံ။ သူများကိုရှိခိုးခဲ့ရဒါ အနန္တရှိကြပြီ၊ မိမိတို့က ရှိခိုးခံပြီးမှသေကြ။

ဝိပဿနာ ဓမ္မကထိကတို့၊
ဆရာဖြစ်စာအုပ် -မဟာမင်္ဂလာသုတ် သတိချပ်။

....×....

## သာသနာ =ပ= သမထနဲ့
## သာသနာတွင်းသမထရှင်းခမ်း။

ဖြေးဖြေးဘတ်ပါ၊ ။ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ၊ ရသေ့ညီနောင် ရှင်တဆောင်တို့ ဂင်္ဂါမြစ်ကွေ့ ၃ -ကွေ့၌ တကွေ့လျှင်တယောက်စီ နောက်လိုက်စုံညီ တပည့် ရသေ့တို့နဲ့၊ သိသရွေ့၊ မြစ်ကွေ့အထက်ဖျား၊ ဂင်္ဂါမြစ်ကမ်း နားမှာ၊ အာပေါကသိုဏ်း အမြဲပြုလျက်၊ ရေစီးဘာကို မပျက် ရှုလျက်၊ ကိလေသာ ကုန်ခမ်းမှုကို အားထုတ်ကြတယ်၊ ဒါသာသနာ ပ သမထရှတ်။

သူတို့၏ အမှတ်အသား၊ တရားရပြီလို့ အချက်ထားပုံမှာ၊ အထက်ဖျား အကွေ့ခေါ်ရှုမှု အခြေရတဲ့ ဥဒယဝေဋ္ဌ၏ မိန့်ခွန်း ကဘာလဲ၊ ငါက ကိလေသာတဏှာကုန်လျှင် မင်းတို့ထံလာ၍ မပြောနိုင်၊ ငါဝတ်ရုံဆင်မြန်းတဲ့ လျှော်တေသင်္ကန်း၊ ဒေါက်ခြာ၊ သပိတ် ပရိက္ခာရာ မရွေး၊ တောင်ဝှေးပါ-ရေစီးသို့ မျှောလိုက်မယ်။

မင်းတို့က ရေကသိုဏ်းရှုရင်း သတိပြုကြ၊ ဒီလိုငါ၏ အသုံး အဆောင်တွေ မျှောလာရင် မြန်မြန်ကူး၍ ဆယ်ကြလော့။ အပန်းမခံဘဲ ရဟန္တာအမြန်ဖြစ်ကြရမည်လို့ မိန့်ခွန်းထုတ်တယ်။ ဒါသာသနာ ပဿမထမှတ်။

ထိုရသေ့ကြီး ၃ ယောက်တို့က ဘယ်လိုကျင့်သလဲ၊တဏှာ ကုန်အောင် ဘယ်ပုံ လုပ်ကြသလဲ၊ ရေကိုမပြတ် ကြည့်တယ်၊ မျက်တောင်မခပ်ဘဲ ရှုတယ်၊ ရေစီးရာမှတပါး အခြားကိုအာရုံ မပြု တဏှာကုန်လျှင်၊ ဂင်္ဂါမြစ်ထဲသို့ဆင်းပြီး ရေစိမ်ကြတယ်၊ ချမ်းအားကြီးလို့ ကြက်သီးမွေးညင်းတွေ ထလာလျှင်၊ရဟန္တာ ထင်ပြန်၏၊ ဒီလိုမှ တဏှာမကုန်သေးလျှင် နေပူလှမ်းပြန်တယ်၊ ကိလေသာ ကြေးညှော်တို့ကို ရေစီးမှာ မျှောပါသွားအောင် အညစ်အကြေးတွေကို ဆေးလျှော်ကြဒါက တမျိုးဘဲ၊ တဏှာ ကိလေသာစိတ် အညစ်ကုန်ခမ်းအောင် ကျောနဲ့ရင်ကို နေပူ ရှိန်လှမ်းကြဒါက တမျိုးစသည်ဖြင့်၊ကိုယ်စိတ် ၂ နှစ်ဖြာ၊ပင်ပန်း စွာ ကျင့်ကြတဲ့အလုပ်ဟာ ဒါသာသနာ သမထမှတ်။

ပဥ္စဝဂ္ဂီ ငါးဦးရသေ့ ဘုရားမဖူးရလို့ တရားအထူးမရမှီ၊ ကာမသုလ္လိက ကာမချမ်းသာကို တရားထင်ခြင်း။ အတ္တ

ကိလမထ ခန္ဓာကိုယ်ပင်ပန်းခြင်းကို တရားအစစ်တင်ခြင်း၊ ဒီလို ဘာယ်စွန်း ညာစွန်း အစွန်း ၂ ဘက်ချိန်ခွင်ရှာ ထွက်ခြင်ရာ ထွက်ပြီး သူများတို့က ရှိခိုးခြင်း၊ အရိုအသေပြုခြင်း၊ မိမိတို့ ကိုယ်ကို ရဟန္တာဟုထင်မှတ်ကြခြင်း၊ အရိယာအလုပ်၊ ဘုရား အလုပ် ထင်မှတ်ခြင်း ရှိကြလို့ သစ်သီးစားခြင်း၊ ရေချိုး၊မီးလှူ ဒုတ်ခုန် ဆူးနှင်း လှင်တီးခေါင်ခေါင်ကွင်းပြင်ကြီး၌ ပက်သက် အိပ်ခြင်း၊ ကောင်းကင်ကို မျှော်ကြည့်လျက်အာကာသကသိုဏ်း တရားဖြင့် ကိလေသာ တဏှာ ကုန်အောင် အပင်ပန်း အနှမ်း နယ်ခံလျက် ကျင့်ကြံအားထုတ်အလုပ်လုပ်ကြဒါ ဒါသာသနာ် ပသမထမှတ်။

နခမည်ကျော် မောနေယျ၊ သူက ဘာကျင့်သလဲ၊တနေရာ တနေရာ၌ မဘ်တတ်ရပ်လျှင် တနာရီခန့် ၂ နာရီခန့်ထိုင်လျက် မျက်စိမှိတ်လျက် နေ့နိုင်သလောက် တနေရာ တနေရာမှာ နေပုံ တမျိုး၊ ကုန်းလျက်နေပုံ၊တနည်း သစ်ပင်ကို မှီလျက်၊ ၁ ရက် ၂ ရက်စသည်ဖြင့်၊ ဝါ ၇ ရက်တိုင်တိုင်သမာဓိ စတိုင်နဲ့ ကပ္ပိလ ခရိုင်မှာ အများလူတို့ အပေါ်၌ ( ဘုရားတဆူ ) ဟုနာမည် ကျော်အောင် ဘုရားပွင့်ပြီ၊ ဘုရားအစစ်ဟေ့၊ ဘုရားပါဘဲလို့ ပြောလေသမျှ မောနေယျ ရသေ့ပုရဗိုဇ်ကို အတွေ့လိုက်ပြီး ရှိခိုးကြ၊ ပူဇော်ကြ၊ ဆူဆူညံအောင်–ချီးမွမ်းသံ အမျိုးမျိုး၊ အံ့သြသံတိုးတိုးနဲ့၊ ထိုကျင့်ပုံကလဲ တနည်းတမျိုးဘဲယောဂီတို့။ စားဒါကသစ်သီး၊ အဝတ်အချီးစီးနေတဲ့ အခါနေ၊ တခါတလေ တော့ ခါးဝတ်သာရှိ၊ ခါးဝတ်မရှိလျှင် အပေါ်ထည်ကိုဝတ်၊ အသက်ဆောင်း ဒေါက်ချာကို ချွတ်တဲ့အခါချွတ် ငွတ်တဲ့

အခါစွတ်၊ အထွဋ်မှုနိ ဘုရားဂုဏ် သိစေဘို့၊ အနည်းနည်း အဖုံဖုံ၊ ဒီအခါက ကပ္ပိလ ခရိုင်နယ်မှာ၊ ဘယ်သူမှ ပြိုင်ဘွယ်မရှိအောင် တန်ခိုးကြီးတဲ့ ပြောလေကြ၊ ယောဂီတို့၊ မောနေယျယောဂီတို့ ဥပက ကလဲ တသီးပုဂ္ဂလ ပရိဗိုဇ်ဆိုရမယ်၊ မျိုးစုံရှိကြသည်။

အလင်းရောင် အာရုံကား - နေမင်းပေါ်ဘို့၊ ဘုရားဆို သော ဂုဏ်ဟိတ် ပုံနှိမိတ် တို့ကား၊ ဘုရားပေါ်စေဘို့ လက္ခဏာမှတ်၊ ဘုရားအစစ် ပွင့်ခါနီးလျှင် မောနေယျ ပုဂ္ဂိုလ်တယောက် ပေါ်လာစမြဲဟု ပိဋကတ် သုတ္တန် ကြော်ငြာထဲမှာ ပါသည်။

ယခုလဲ စဉ်းစားကြ။

ဒီမောနေယျ၏ အကျင့်အလုပ်ဟာလဲ၊ သာသနာပ သမထ မှတ်လိုက်၊ တော်သင့်ပြီ။

....x....

## သာသနာတွင်း သမထကိုရေးပြီ။

ကျမ်းဂန်ရှိ သမထ ၄၀-ကို **သာသနာတွင်း သမထ**ဟု သိကြ ရမည်၊ ရှုပ်မနေကြနဲ့၊ ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ အနုဿတိ ၁၀ ပါး၊ ဗြဟ္မာဝိဟာရတရား ၄-ပါး၊ အာဟာရ ပဋိကူလသညာ ၁ ပါး၊ စတုဓါတုဝဝတ္ထာန်း ၁ ပါး၊ အရူပတရား ၄-ပါး၊ ပေါင်းသမထ ၄၀-မှတ်။ ။ထိုသမထ ၄၀ တို့ကို၊ သူ့နေရာနဲ့သူ ဒီသာထကို အကြောင်းပြုလျှင်၊ ဒီအကျိုးတရား

စသည်ဖြင့်၊ ကာမာဝစရ ကမ္မဋ္ဌာန်း-ကာမ ၁၁ ဘုံ၌ အကျိုးပေါ်မည်ပေးမည်။ ရူပါဝါစရကမ္မဋ္ဌာန်းဆိုင်ရာ အကြောင်းပြုလျှင်၊ ဝါ-ဘာကယ်အပ္ပနာ သမာဓိရောက်လျှင် (အပ္ပနာဆိုဒါ သမာဓိတရားကိုယူ) ဒီကလဲ့၍မယူနဲ့၊ ဥပဒေတော်နဲ့ဆန့်ကျင်ဘက်ဖြစ်လျှင် သာသနာပသမထမှတ်လိုက်၊ အပ္ပနာအယူလွဲမယ်သတိထား၊ ဓမ္မရာဇာခေတ်၊ တရားမင်းမူတဲ့ခေတ်မှတ်။ တရားရှိတဲ့မင်းအုပ်စိုးမဲ့ခေတ်မှာ၊ တရားမရလျှင် မင်းမဖြစ်တဲ့ခေတ်မှတ်။

တရားမရှိတဲ့မင်း အုပ်စိုးလျှင်။

သတ္တဝါအပေါင်းတို့လဲ တရားလက်လွှတ်မည်။
ကပ် ၃ ပါးဆိုက်မည် မိုးခေါင်မည်။
ခရမ်းသီး ပိုးထိုးမည်မှတ်လေ။

ရူပသမာဓိအကြောင်းပြုလျှင်၊ ဆိုင်ရာရူပဘုံ့ဘို အကျိုးခံစံရမည်မှတ်။ အရူပ သမထ ကမ္မဋ္ဌာန်းကို အကြောင်းပြုလျှင်၊ အရူပဗြဟ္မာနာမ်ဘုံသက် သက်မှတ်။ ဘုရားပွင့်တဲ့ခေတ်သစ် နာမခေတ်နဲ့ လွဲပြီမှတ်လေ။ သိဘို့ကြပ်ဘယ်၊ အရူပဗြဟ္မာ နာမ်ဗြဟ္မာတို့ကို ရပ်ပြစ်ရှစ်ပါး အပါအဝင်မှတ်လေ အဋ္ဌက္ခမ ခေါ်သည်၊ ပါဠိသုံး သိဘို့ခက်သည်မှတ်။

ရပ်ပြစ်ရှစ်ပါးကို–အဋ္ဌက္ခမမှတ်။
ဗုဒ္ဓုပ္ပါဒ-ဘုရားပွင့်ဆဲကို နာဝမခဏမှတ်။

ကျမ်းဂန်၌ သမထ ၄၀ တို့၏ အကြောင်းအကျိုးကိုဆုံးဖြတ်ပြီးပြီ၊ ဆရာက အထူးဝေဘန်ပြီး ဟောဘို့ ရေးဘို့ မလိုတော့ပေ။

သမထယာနိက၊ ဝိပဿနာယာနိက ဟူ၍ တရားအားထုတ်နည်း ၂ မျိုးရှိရာ၊ သမထယာနိက ဆိုဒါက ယောဂီတို့၏ အလေ့စရိုက်ကို ဝါ ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ ဝိတက်စရိုက်၊ ဗုဒ္ဓိစရိုက်၊ သဒ္ဓါစရိုက် ဟု စရိုက် (၆)ပါးတို့ကို ထိုက်သလောက် ဝေဘန်၍၊ ဆရာတဆူ ပြုလုပ်သူက၊ အနုမာန မျက်ရမ်းဆပြီး၊ သင့်သလိုအားထုတ်စေခိုင်းရမည်။

သမထမှတဆင့် ဝိပဿနာဉာဏ်ကို ကူးပြောင်း၍ပေးရမည်။ဒီလို အမှန်ကျ အားထုတ်ခြင်းကို သမထယာနိက ဟုကျမ်းဂန် ဥပဒေ မှာပါတယ်၊ ဆရာ အရေးကြီးလှ၏။

ဘာကြောင့် သမထကို တကယ် လုံးပန်းသော တပည့်ယောဂီမှာ၊ နိမိတ်စွဲကိုပင် တရားရပြီ ထင်တတ်၏။ ဝိပဿနာ ဉာဏ်ဆင့်ပြန်ရင်လဲဖြစ်ပျက်မှာပင် တန့်ရပ်နေတတ်၏၊ ဖြစ်ပျက်ကလဲ ရုပ်နာမ် ဖြစ်ပျက် ဥဒယဗ္ဗယဉာဏ် အမှန်သို့ရောက်ခဲလှ၏ ဤသည်ကား သမထယာနိကယောဂီတို့ သတိချပ်ဘို့ပေတည်း။

.... ....... ........

ဝိပဿနာ ယာနိကဘာလဲ၊ ဝိပဿနာ သက်သက် သန့်သန့်ကို အားထုတ်ခြင်း၊ ရုပ် နာမ် ခန္ဓာစသည်တို့ကို မသိသိအောင် မမြင်မြင်အောင် အားထုတ်မှု ပေဘည်း။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ သုံးချက်ဘို့ကို တချက်စီ ဝေဘန် ပိုင်းခြားသော

ပညာစခမ်းပေဘည်း၊ ထိုပညာစခမ်းကို အားထုတ်သောယောဂီတို့သည် သပ္ပုရိသ ဆရာထံ၌ ရိုသေစွာ မာနလျှော့၍ နာယူမှတ်သားရခြင်း၊ ဆင်ခြင်ခြင်း၊မေးမြန်းခြင်းတို့ကို ထပ်ခါထပ်ခါ နှလုံးသွင်းကြရမည်မှတ်၊ နေရာမရွေးဘဲ တွေးကြံ စဉ်းစားနိုင်သည်မှတ်။

လောကီ အလုပ်ကိစ္စလုပ်ကိုင်ရင်းပင်၊ ရုပ်နာမ် တို့၏ လက္ခဏာကို စဉ်းစား နိုင်သည်၊ အချိန်အခါမရွေးရ၊ အဝတ်အထည်မရွေးရ အိမ်ထောင်ရှိမရှိမတွေးရဆင်ခြင်နိုင်သည်။

( ဝိပဿနာယျာနိက ယောဂီဘို့ အထူးသဘိပြုဘွယ်။ )

……… …………………

ဓါတ် အနတ္တ ကို အရိပ် အမြွက်မျှ သိလာလျှင် အယူလွဲ ငတ်၏။ ဘယ်လိုလဲခသဲ။

နဇီခခါ အသက်ခရှိဆိုပြီး၊ ကြက်သတ်ခြင်း အဋ္ဌကလာပ်ယူပြီး အရက်သောက်ခြင်း စသော သီလကို မထိမ်းသိမ်းတော့ပေ၊ ထိုသူတို့ကား အယူလွန်သော အတိဓါဝ ပုဂ္ဂိုလ်ဖြစ်သည်မှတ်ခလ၊ အခြား ယောဂီခရာင်တွေကို ဖယ်၊ ဆရာ၏ယောဂီရောင်သဲမှာပင် အရေခြုံတွေ အနည်းငယ်ရှိ၏၊ ဆုံးခလို့မရဘူး။

ဝိပဿနာ တရားကို လိုက်စားအားထုတ်ဆဲ၊ တွေးကြံဆဲ၌ သီလ, သမာဓိပါသည်မှတ်၊ ( သမထနဲ့သမာဓိ ) နာမည်မတူ သဘောတူ ယူဘတ်ခဲ၏၊ ကွဲခဲ၏၊ ဘောခဲ၏၊ ရေးခဲလှ၏၊ ဘွေး

ခဲလှ၏၊ သမထယာ့နိက ယောဂီတို့မှာ သမထခြား၊ ဝိပဿနာ တဆင့် အားထုတ်ကြရ၏၊ ဝိပဿနာယောဂီတို့ သမ္မာဒိဋ္ဌိမဂ္ဂင် သုတ္တနယ ဥာဏ်တွင် တရားစဉ်ပါဝင်ပုံမှာ၊ မပါဘဲမနေနိုင်ပုံမှာ မဂ္ဂင်( ၈ )ပါးကို တထစ်စီသုပ်ထုံး ဥပဒေမှာမရှိမှတ်၊ သမထ ယာ့နိကဌ် ဝိဘက်စိတ် ကင်းကွာခိုက်ကို သမာဓိမှတ်၊ ဥပစာရ သမာဓိမှတ်၊ အပ္ပနာသမာဓိလဲမှတ်၊စျာနသမာဓိလဲမှတ်။

ဝိပဿနာယာ့နိကဌ် ဥပစာရသမာဓိမှတ်၊ မဂ်ခဏဌ်အပ္ပနာ သမာဓိမှတ်၊ အနဲဆုံး ခဏိကသမာဓိမှတ်၊ သီလ သမာဓိ ပညာ တကိစ္စထဲ တချက်ထဲပါဝင်သည်မှတ်ကြ၊ ရုပ် နာမ် ၂ ပါးကို ဆင်ခြင်တိုင်း တွေးဘိုင်း သီလ သမာဓိ ပညာပါဝင်မြဲ မွေဘာ ပေတည်း။

မဂ္ဂင်ရှစ်ပါးဌ် သီလ သမာဓိ ပညာတပါတည်းမှတ်၊
ကမ္မဋ္ဌာန်း အားထုတ်သူတို့ ကမ္မဋ္ဌာန်း အမည်ဌ်သမထ
ကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်း ဟူ၍ ၂ မျိုး ၂ စား
ခွဲခြားထားသည်။ ကြိုက်နှစ် သက်ရာကို ကြိုးစားအား
ထုတ်ကြပါကုန်။
ပိုးကြိုးကုန်လျှင်—စောင်းတီးတတ်ပေ။
ရေပက်လျှင်=ရေပါပေစေ။
ပိုက်ဆံရှာလျှင် ရမှကြေနပ်
ခြံဝင်လျှင် နွားမပါရင်ခက်တယ်။
တရားအစစ်ရှာရင်၊ကျား မမရှိစေရ။
( သမထယာ့နိက ဝိပဿနာယာ့နိကခွဲပုံတော်ပြီ။ )

### သံပေါက် အကျဉ်းချုပ်။

ယောဂီ ဉာဏ်ရောက်၊ ရွှေရောင် ဘောက် မှတ်ကျောက် မင်္ဂလာ။

ရိုးသုတ်အလေး၊ ဉာဏ်နဲ့တွေး၊ ကိုယ်တွေးမင်္ဂလာ။
အနတ္တရောက်၊ အတ္တပျောက်၊ မှတ်ကျောက်မင်္ဂလာ။
ကုန်ကိုလဲလိုက်၊ အလေးတိုက်၊ မင်္ဂလိုက်မင်္ဂလာ။
ဗုဒ္ဓနေမင်း ပေါ်ထွက်လင်း၊ အောင်ခြင်းမင်္ဂလာ။
ဘုရားသိကြား သာသနာထား၊ ခွဲခြားမင်္ဂလာ။
(ဝိပဿနာမင်္ဂလာမှတ်ကျောက်ပြီးပြီ။)

................

# မင်္ဂလာ ခက်ဆစ် အဓိပ္ပါယ်

၁။ ဥပပတ္တိ၊ ကိုယ်ထင်ရှားဖြစ်ပေါ်ရခြင်း သိကြားမင်းကို ဆိုသည်၊ နတ်ပါဘဲ လူများကဲ့သို့ ပဋိသန္ဓေနေရာ၌ ရေကြည် ရေမြှုပ်ကာမစပါဘဲ၊ကာမဝစရ ကုသိုလ်ကံအဟုန် အရှိန်ကြောင့် နတ်ဗိမာန်ဘုံဝတီ၌ ပြည့်ပြည့် စုံစုံ တရိုန်တည်း ခံ့ဂံ့ရခြင်း သိကြားမင်းကိုယူ။ ဥပမာဆိုလျှင် ယခုလူ့ပြည်၌ မျက်မြင် ထင် ရှားဆင်းရဲသားဘဝက မြို့ပိုင်၊ နယ်ပိုင်၊ တိုင်းပိုင်၊ ပြည်ပိုင်ဖြစ်ကြ သော အစိုးရမင်းတို့ကဲ့သို့တည်း။

မမြင်ဘူးတာကိုသိလိုက၊ မြင်ဘူးတာနဲ့ နှိုင်းယှဉ်ကြ။

ဆင်းရဲသားဘဝက၊ ဝါ - ဘုရားထူးခံ အရှင်းမဟုတ်တဲ့ဘဝ က၊ အရိုအသေ ပေးထိုက်တဲ့သူ့လို ငါ့လိုလူစားက ကုသိုလ်ကံ အဟုန်အရှိန် ကြောင့် ရာထူးရာခံ ဘွဲ့ထူးဘွဲ့ခံနှင့် ချွေရံပေါ်များ ရွှေ—ငွေရတနာ၊ တိုက်တာ၊ မော်တော်ကား၊ အဖေါ်မယားနဲ့ လောကစည်းစိမ်ကို မော်ကြွား ပျော်ပါးနိုင်ကြကုန်သော၊ အရို အသေ အလေးပြုခံထိုက်သော အောက်တန်းဂုဏ်မှ အထက်တန်း ဂုဏ်သို့ မျက်တောင်တခပ် လျှပ်တပျက်၊ဖြုံးကနဲတက်၍ မင်း — အစိုးရ ဂေဇက်ကိုရခြင်း၊ မင်းဖြစ်ရခြင်းကိုလဲ မျက်မြင်ထင်ရှား လှသဖြင့်၊ ဥပပတ္တိခေါ်ထိုက်၏၊ ခေါ်ပါ၊ သိကြားမင်း ဥပပတ္တိ နတ်၊ လူမင်း လောကသမုတိနတ်မှတ်။

၂။ ဗြဟ္မာမင်းကိုလဲ ဥပပတ္တိပါဘဲ လူ့ပြည်က သမထ ရူပ စျာန်သမာဓိ၊ အရူပစျာန်သမာဓိ၊ မနောကံ စုတိကျကြွေခဲ့သော် ဖြုံးကနဲ ဗြဟ္မာပြည်ရောက်ကြသည်၊ ဥပဒေတော်၊ ဗြဟ္မာဆိုဒါ အမြင့်ဆုံး၊ အမြတ်ဆုံး၊ အမော်ဆုံး၊ အမောက်ဆုံး၊ လူမင်း၊ နတ်မင်းတို့၏ မကိုင်္ဂသရဖူ ကိုယ်ရောင်ကိုယ်ဝါ အရှိန် တလူလူ တို့နဲ့ ပြည့်စုံ၏။ လက်ညှိုးတချောင်း ထောင်လျှင် စကြာဝဠာ တသောင်း၊ အသင်းရောင်ပေါင်း ယှဉ်နော မရေတွက်နိုင်သော ဗြဟ္မာမင်းတို့၏ ကြက်သရေ တန်ခိုးရှိကြောင်း ကျမ်းဂန်၌ ဖေါ် ပြထားသည်။

(၁၄၊ ဒုတိယအကြိမ်)

## မတွေ့ဘူးဒါကို ကြားဘူးပါက တွေ့ဘူးတာနဲ့ တွေးကြည့်ကြ။

ဥပမာဆိုသော်။ ။ရှင်သာမဏေတို့နှင့် ရဟန်းတော်တို့၏ ဂုဏ်ကြက်သရေတို့နှင့် စာစကားမှုနဲ့ ပမာအလားတူလှ၏၊ ခဏ်တာကို မလိုက်နဲ့၊ လက်တွေ့ကိုသာလိုက်၊ ဥပမာနဲ့ ဥပမေယျ ဆိုက်မည်၊ တူပုံမှာ လူ့ဘဝ အောက်တန်းက၊ ဝါ - ၃၂ ကောဋ္ဌာသချင်းတူရာက။ ဝါ- မင်းနဲ့ ငါ အမြင့်တန်း မပေးဘဲ၊ သွားအတူ၊ လာအတူ၊ စားအတူ၊ နေအတူ၊ အိမ်ထောင် ပြုလဲတူ၊ မပြုလဲတူ၊ အပုတ်တုံးချင်းတူပါလျက်၊ ထိုကဲ့သို့လူတိုင်း ထဲက ဘဝမှ အဆင့်အတန်းနဲ့ အမြင့်လှမ်းပြီး သင်္ကန်းအရဟတ္တ ဓဇ - ခေါ် ရဟန္တာအရှင်မြတ်တို့၏ အလံတော်တံခွန်ဖြင့် လူမခေါ်ရ၊ ရှင်-သို့မဟုတ် ရဟန်း၊ အရှင်မြတ် အရှင်ကောင်း၊ ခေတ်သုံး ဖုန်းဖုန်း၊ လူမင်း နတ်မင်းတို့ထက် ဘုန်းတံခိုးကြီးလို့ ဘုန်းကြီး ဘုန်းတော်ကြီး၊ ဖုန်းဘုရား စသော ဂုဏ်ထူးဝိသေသကို ချက်ချင်းပြုံးကနဲရသွားကြသလို....

## ပြဟ္မာမင်းကြီးတို့ကို ဉာဏ်မြင် မျက်မြင်ဖြင့် ယုံကြည်စရာ စဉ်းစား ထိုက်ကြောင်း။

ချက်ခြင်း ကမ္ဘာ့အဆင့်အတန်းနဲ့ ဥပပတ္တိအမြင့်သို့ လှမ်းတက်ပုံ၊ အချို့ပြဟ္မာကား ရူပပြဟ္မာ၊ ရုပ်ပြောင်းပြဟ္မာဖြစ်၏။ အချို့ အရူပပြဟ္မာ-နာမ်ပြောင်းပြဟ္မာ နာမ်ပြဟ္မာ ပေတည်း။ အချို့ ရုပ်ပြောင်း နာမ်မပြောင်း၊ အချို့ နာမ်ပြောင်း၊ ရုပ်

မပြောင်း၊ အချို့မှာ ရုပ်နာမ် ၂ မျိုးပြောင်းသော ဗြဟ္မာဟူ၍ (ရုပ်နဲ့နာမ်) အမျိုးမျိုးခွဲခြားလျက် လောကီဂုဏ် ကြက်သရေ ရှိကြလေသည်။

ဗြဟ္မာပြည်မှာ၊ အရိယာ၊ အောက်ရွာဆင်းမရှိ။

အချို့ ဗြဟ္မာကား - ပုထုဇဉ်၊ အချို့ဗြဟ္မာကား အရိယာ မှတ်ကြရမည်၊ ရူပ-အရူပဘုံဘို့ဌ်ရှိကြသော ဗြဟ္မာတို့ဝယ်၊ အရိယာ ဗြဟ္မာတို့ကား အောက်ဖြစ်သောဘုံဌာနသို့ ပြန်၍မရောက် ကြပေ၊ အထက်အထက်ဘုံသို့သာ မြင့်တက်၍ တနည်း ၎င်းနေရာ ဘုံဌာနမှာပင် အောက် အရိယာဘဝမှ အထက်တန်း အရိယာဘဝ သို့ ဥပပတ္တိ အနေဖြင့် ကူးပြောင်း၍ ရုပ်နာချုပ်ငြိမ်း၊ကောနိစိမ်၊ အနုပါဒိသေသ-နိဗ္ဗာန်ရွှေပြည်သို့ ဝင်စံရကြလေ၏။

နိုင်းယှဉ်သော်။ယခုမျက်မြင် ရှင်ရဟန်းအဖြစ် သက်နိုးဝတ် တော်မူကြသော ဘုန်းတော်ကြီးများလဲ၊ လူဝတ်ရုပ်က သက်နိုး ဝတ်ရုပ်ထူး၊အသွင်ထူးသို့၊မျက်မြင် ကူးပြောင်းကြရသည်။အချို့ ရုပ်ပြောင်း၏၊အချို့နာမ်ပြောင်း၏၊ အချို့က ရုပ်ရော နာမ်ရော ပြောင်း၏။ အချို့လဲ နာမ်မပြောင်း ရုပ်မှာတော့ ပြောင်းကြ၏။ စဉ်းစား မင်္ဂလာတရား။

ယယ်စခါကာ မိဘများ ပြောသံကြားဘူးတယ်။ဘုန်းတော် ကြီ သလျှင်၊ သေတယ်မခေါ်ရ၊ ပျံတော်မူတယ် ခေါ် ရမယ်။ ဘယ်လို ပျံသလဲ မေးတော့၊ ဗြဟ္မာပြည်သို့ ပျံဒါ ပေါ့လို့ ပြောဘူးတဲ့၊ ရှေးပေါရာဏစကားနဲ့ဟပ်ကြည့် တယ်။စကားနောက် တရားပါတယ်။

ရုပ ၁၆-ဘုံတို့တွင်၊ အသညသတ်ပြဟ္မာကား နာမ်မရှိ ရုပ်ရောင် တန်ခိုးသက်သက်ပေတည်း။ သက်တန်းမှာ ပြဟ္မာဂဏန်း သင်္ချာနဲ့ တွက်သော် ကမ္ဘာပေါင်း ၅၀၀ ပုထုဇဉ် ပေတည်း။ အောက်ဘုံသို့ ရောက်လာမည် မလွဲမှတ်တော့။

သမထ သမာဓိ-ပြည့်စုံလို့၊ ပြဟ္မာဘုံ၌ ပြဟ္မာအစစ်ဖြစ်ပေမဲ့၊ ပစ္စန္တရာဇ် တိုင်းသားနဲ့မခြား၊ ရပ်ပြစ်ရှစ်ပါးခေါ် အရေခြုံ ပြဟ္မာပေတည်း။ (ဆရာနဲ့၊ စာတတ်တဲ့ယောဂီနဲ့ ကျမ်းပြုဆရာ၏ မျက်တောင်မွေးမှာ-စားသောက်မွေးဖွားနေကြတဲ့ - ပိုးသတ္တဝါ တွေ အရေခြုံသမာဓိ အစဉ်မကပ်သဖြင့်၊ အသညာသတ်ပြဟ္မာ ဖြစ်ဘူးခဲ့သည်မှာ၊ မရေတွက်နိုင်ပါ။

## ဒီလိုသိဒါမင်္ဂလာ အနိုယာ ဖြစ်မှ သိဒါ၊ မဟာမင်္ဂလာမှတ်။

သဒ္ဒါဝါသပြဟ္မာ ၅-ဘုံတို့၌၊ အနာဂါမ်နဲ့ ရဟန္တာဟု ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ပုဂ္ဂိုလ် ၂ မျိုးမှတ်။ အနာဂါမိမဂ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဟု ဓမ္မဓိဋ္ဌာန်အရ သုံးဓမ္မမှတ်။ ခက်တယ်၊ အနာဂါမိမဂ် ဉပါဒ်ဌီ၊ ဘင် စိတ္တက္ခဏတချက်၊ အရဟတ္တ မဂ်ဖြစ်တည်ပျက် စိတ်သက်တခုမှတ်။ ဒါ အဘိဓမ္မာ ဒါမှ မဟာ မင်္ဂလာ ဝိပဿနာမှတ် ယောဂီ။

အသက်ရှည်လျှင်၊ အသိဉာဏ်ပိုစေ။
ရှတ်လဲရှတ်၊ ဝဋ်လဲကျွတ်၊ အဓိပ္ပာယ်ကို
ဘာသာပြန် နားလယ်ပြီးမှရှတ်။

## ပင်ပန်းမှု ဒုက္ခစုံတို့က ကျွတ်မည်မှတ်
## သိခဲ့လျှ၏၊ တွေးခဲ့လျှ၏၊ ရေးခဲ့လျှ၏။

ရုပ်ပျောက်ဖြဟ္မာ။ ။နာမ် သက်သက်ရှိ အရူပဖြဟ္မာ ဝါ-နာမ်ဖြဟ္မာတို့မှာ၊ သံသရာပျက်ပြီ ဆိုသင့်၏။သံသရာစက် မလယ်တော့ မှတ်သင့်၏။ အဘယ်ကြောင့်ဆိုဘော်-ဘုရားစသော အရိယာတို့ ဉာဏ်ရောက်ရာသိလုံ၊ သံသရာစက် လယ်ပုံမှာ ခန္ဓာ ရုပ်နာမ်တို့၏ မပြတ်ဘလစပ် ဆက်စပ်ဖြစ်ချုပ် ငုတ်ပေါ် အကြောင်းအကျိုး အခွင့်လျော်သလို၊ ဉပါဒ်၊ ဌီ ဘင် အစဉ်အဆက် မပြတ်ခြင်းကို သံသရာဟု သိပိုင် ယုံကြည်ပြီး ဖြစ်ကြ၏။
(ဝိစိကိစ္ဆာမရှိ၊ ပဋိစ္စသမုပ္ပါဒ်ကို တသစ်ကျသိပြီးဖြစ်၏။)

....x....

## အထူးဉာဏ် ဝိပဿနာဖြင့်
## အရူပဖြဟ္မာ၏ နာမ်ကို ဝေဘန်၍
## ကြည့်ပြန်တယ်။

ဒိနာမ်သက်သက်ဆိုလျှင်၊ ရုပ်မပါဘဲ သံသရာခေါ်ရမယ်။ ရုပ်အဆက်ပြတ်၊နာမ်အဆက်မပြတ်။ နာမ်စိတ်ပြီးလျှင် နာမ်ဖြစ်ပေါ်မှုဆိုရမယ်၊နာမ်က သံသရာဆက်နေမှာပေါ့၊ရုပ်က သံသရာပြတ်ပြီပေါ့၊နာမ်ဝီထိ-စိတ်တွေချည်းဖြစ်ရမယ်၊ ဆက်ရမယ်၊ ရုပ်ဝီထိ မချသင့်၊ မထိုးသင့်၊ "ဝိညာဏ ပစ္စယာ နာမရူပံ"ဆိုသော ပဋိစ္စသမုပ္ပါဒ်နံပါတ် ၃-နဲ့ ၄-ဆက်မှုမရှိဘူးလား။

ခက်တယ် ခက်တာ အဘိဓမ္မာ။
အသိပို့ဒါ-မဟာမင်္ဂလာ ဝိပဿနာ။
မမို့တဲ့ပန်း-တုံးခုလို့ မလှမ်းနဲ့ ။
မြင်ခမ်းနဲ့သာ တွေးကြကုန်။
ကြားဘူးဒါကို မပင်ပန်းကြစေကုန်လင့်။

အရဟတ္တဓဇ။ ။အတ္တ-မှ ကင်းပြီးသော၊အနတ္တကို ပယ်တတ်တော်မူသော၊အတ္တသံသရာ ငါမပါတန်း၊အနတ္တစခမ်းကို စတုတ္ထတန်းဆင့်သို့ လှမ်းမြင့်ဆုတ်ယူတော်မူကြသော၊ အရဟ-ခေါ်၊ ဝါ-ရဟန္တာခေါ် အရှင်မြတ်တို့ ဝတ်ဆင်မြန်းကြသော အဝတ်သင်္ကန်းကို ဓဇမှတ်။ဓဇ-တံခွန်၊ ကိလေသာကင်းပြီး၊ အတွင်းမီးမရှိ၊ ပကတိဂုဏ်ရောင် တပြောင်ပြောင်ဟု၊ အမှောင်တိုက်ခွင်းအဝတ်မျိုးစုံတို့ကို တန်ခိုးဂုဏ်ဖြင့် ထွန်းလင်းစေခြင်းငှာ=

အဝေးကပင်၊ဖူးမျှော်မြင်၊အရှင်မြတ်‹ဟုမှတ်။
အများထက်လွန်၊ဂုဏ်ရောင်ချွန်၊ တံခွန်ဓဇမှတ်။
အပြင်ရောင်သိ၊တွင်းဂုဏ်ရှိ၊ မုနိသားဟုမှတ်
တံခွန်သဘွယ်၊ ဝေးမြင်လွယ်၊ ကိုးကွယ်သူတော်မြတ်။
ဓမ္မပုဂ္ဂလ၊ ဩတာသ၊ ဓဇ - အရောင်မှတ်။
ခန္ဓာကိုယ်ရောင်၊ ကိလေမှောင်၊ ပယ်ရှောင်သတ်မှုမြတ်။

လက်ညှိုးတချောင်းနဲ့ စကြာဝဠာ တိုက်တသောင်း........
အရောင်ပေါင်း ပြန့်နှံ့ ထင်ရှားသော ဗြဟ္မာတို့ကို၊ အလွယ်နဲ့

ယုံကြည်စဉ်းစားဘို့ရာမှာ၊ ဥပမာအားဖြင့်၊ သာသနာတော်ထမ်း၊ အရဟတ္တဓဇ သင်္ကန်းနှင့် ရှင်လန်းဖြူစင်စွာ၊ သီလ .... သမာဓိ - ပညာ၊ ဂုဏ်သိက္ခာ တို့နှင့် နှိုင်းယှဉ်၍ ဝေဘန်လေ။ သင်္ကန်းတော်၏ဂုဏ်ရောင် ရဟန်းမြတ်တပါးသည်၊ လူပေါင်းတသိန်း တသန်းတို့၌ပင် ဂုဏ်ရောင်တဝင်းဝင်း၊ နေမင်းကြီးသဘွယ်၊ တင့်တယ်စံပွါယ်တော်မူသကဲ့သို့....

ပြဟ္မာမင်းတို့၏ တကိုယ်လုံး တန်ခိုးကို မဆိုထားဘိ လက်ညှိုးတချောင်း၏ ဂုဏ်ရောင်သည် မဆုံးနိုင်သော ကြက်သရေဟု တွက်ယူရာ၏။

အရိယာပြဟ္မာတို့ကား အတွင်းအပြင် ၂ ဌာန ဂုဏ်ရောင်ရှိကြ၏။ ပုထုဇန် ပြဟ္မာတို့ကား အပြင်ဂုဏ်ရောင်တို့နဲ့ ခေတ္တခန့် စံစားကြ၏။ အရိယာပြဟ္မာတို့ကား အတန်းအဆင့် လှမ်းလျက်မြင့်ကြကုန်၏။ ပုထုဇန် ပြဟ္မာတို့ကား ဂုဏ်ရောင်အငှါး ခေတ္တသမား တွေ့မို့၊ တဖြေးဖြေး အောက်တန်းသို့ ရှောက်လှမ်းလျက် ပိုးလောက် - မှက် — ခြင် - ယင် - သန်း - ဂျပိုး - ပြိတ္တာမျိုးစသော အပါယ်မျိုးဖြစ်ကြရ၏။ လူမျိုးခေါ် သွေးစု - သွေးခဲ ရေကြည်ရေမြှုပ်အစ မစင်ဘင်ပုတ်ဘဝသို့ နစ်မွန်းကြရလေကုန်၏။ အရူပ စတုတိယာဟော်ဘ္တိအရ ဝိပဿနာမပါသော သမာဂီ၏ အမြွက်မျှ ရိပ်မိစေရန် သတိပေးလိုက်သည်။

## "အားရှိဘွယ်"

လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့ထက် မြတ်တော်မူသော ဗုဒ္ဓရာဇာ - ဘုရားမင်း။ လူရဟန်း၊ ရှင်ရဟန်း၊ ပစ္စေကဗုဒ္ဓါ ရဟန်းတို့ထက် မြတ်တော်မူသော မုနိန္ဒရာဇာ ရဟန်းတို့၏မင်း၊ ကုသိုလ်တရားအစုစု၊ ကာမ ရူပ၊ အရူပ တို့ထက် လွန်မြတ်သော - တို့မှ လွန်မြောက်သော - တို့က လွတ်သော - တို့၏ အကြောင်းအကျိုးကို၊ သိမြင်တော်မူသော အနုတ္တခေါ် အဘိဓမ္မာခေါ်၊ ပညာစခမ်းခေါ်၊ မဟာမင်္ဂလာ ဝိပဿနာတရားမင်း၊ ဓမ္မရာဇာ မဟာမင်္ဂလာ ၃၈ ဖြာတို့နှင့် ပြည့်စုံတော်မူသော၊ ၀ါ- ဖုဋ္ဌသာ ဂုဏ်တော်၊ မင်္ဂလာ ဂါထာတော်နှင့် ပြည့်စုံတော်မူသော ပရမတ္ထ သံဃာတော်အပေါင်းဖြစ်သော၊ သံဃရာဇာ ဘုရားမင်း၊ တရားမင်း၊ သံဃာမင်းဟူ၍....

# မင်းလေးပါးဆုံဘို့ ခေတ်အချိန်ရောက်ပြီမှတ်။

သာသနာမင်းလေးပါးဆုံကြလျှင်–
ဘာသာအငြင်းအခွေးစကားတွေ ကုန်မယ်။

....×....

## ပဏ္ဍိတသေဝနမဟုတ်ပါက - အမင်္ဂလာမှတ်။

လူမိုက်ကိုမှီဝဲသူ။ ။ဗာလသေဝနခေါ် - အမင်္ဂလာသမား တို့သည်၊ အကုသိုလ်ဒုစရိုက်၊ လောဘ၊ ဒေါသ၊ မောဟ မီး သုံးမျိုးတို့ကြောင့်၊ ပူရကြ၏၊ (လိုရင်းမှာ) သက္ကာယဒိဋ္ဌိကြောင့် ဝါ - ရုပ်နာမ် ၂ ပါး သဘာဝအနတ္တတရားကို မသိကြလို့၊ တနည်း – ယောကျ်ား, မိန်းမ, ပုဂ္ဂလ, အသက်, အကောင် အတယ်ကို စွဲမက်သော အယူကြောင့်၊ ဝါ- ဒိဋ္ဌာနုသယကြောင့်၊ တနည်း - ယောကျ်ား, မိန်းမ, အထင်မှားသဖြင့်၊ မင်္ဂလာတရား တို့တွင် (အရိယာသစ္စာနုဒဿနံ) ပုဒ်ကို မသိမမြင်နိုင်၊ လူမိုက် ကိုမှီဝဲသူသည်၊ ဝါ - ပဏ္ဍိတ တဆူ သပ္ပုရိသအမှန် နိဗ္ဗာန် လမ်းပြကို မမှီဝဲပါက၊ (နိဗ္ဗာန သစ္ဆိကရိယာ) ဆိုသော၊ ငြိမ်း ရာသုခစစ် မင်္ဂလာအဖြစ်ကို၊ ဘယ်ခါမှ၊ လက်ရောက်မျက်ရှု၊ မျက်မှောက် ပြုရတော့မည် မဟုတ်ချေ။ (ဒါနဥ္စ ဓမ္မစရိယာ)

စသော မင်္ဂလာ ဂုဏ်ပုဒ်တွေ၏ မျှော်လင့်ရော အပင်ပန်းခံမှုတို့ကား....

ဥပမာ။ ။ဘောကန်သူတို့နဲ့ နှိုင်းယှဉ်ပါ။ ဂိုးပေါက်မရောက် မဝင်သမျှ၊ ခဲလေသမျှ၊ သဲရေကျမှတ်။ ပဏ္ဍိတ သေဝန ပုဒ် အစ ပြဆိုခဲ့သော အာရတိ - ဝိရတိ - ပဋိဝိရတိ ခေါ် ဒုစရိုက် မဖြစ်အောင် ရှောင်ကြဉ်သမျှ (နိဗ္ဗာန သစ္ဆိကရိယာ) ဂုဏ်ပုဒ်သို့ ရောက်မှ တုန်လှုပ်မှု၊ ချောက်ခြားမှု၊ ရှုပ်သမျှမဝင်လာအောင် (ဖုဋ္ဌဿ-မင်္ဂလာ) အစစ ဥာဏ်မိ၍။ နကမ္ပတိ၊ တန်ခိုးမောက်ပြီး၊ အရဟတ္တမဂ်ဉာဏ် ဂိုးပေါက် သုညတ အနတ္တ ပညာစခမ်းသို့ ရောက်ကြအောင်....

သပ္ပုရိသဆရာစစ် ဆရာမှန် အမြန်ရှာကြတော့။
တွေ့မှ မင်္ဂလာပြည့်စုံကြမည်။

(မင်္ဂလာခက်ဆစ် အဂိပ္ပါယ် အမြွက်မျှပြီးပြီ)

မြတ်စွာဘုရား
တဏှာရန်သူ ခန္ဓာအိမ်ဆောက်သူ လက်သမားဆရာကို
အရဟတ္တမဂ်ဉာဏ်ကြီးဖြင့်၊ ဝါ—သဗ္ဗညုတ
ဉာဏ်လက်နက်ဖြင့်—ကြိမ်ဝါးလျက် ပယ်သတ်ပုံ

# တဏှာသတ်ဥဒါန်း။

အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ၊
ဂဟာကာရံ ဂဝေသန္တော၊ ဒုက္ခာ-ဇာတိ-ပုနပ္ပုနံ၊
ဂဟာကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ။
သဗ္ဗာတေ ဖါသုကာ ဘဂ္ဂါ၊ ပဟာကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရ ဂတံ စိတ္တံ၊ တဏှာနံ-ခယမဇ္ဈဂါ၊၊

လောကေ၊ ဖြစ်သမျှပျက်၊ ချစ်မက်မဝ၊ တဏှာစုံအကြိုက် အာရုံတွေ လိုက်စားကြတဲ့ ခန္ဓာကိုယ်လောကကြီး၌၊ ပုနပ္ပုနံ၊ လူ့ဘဝကြုံပြန်၊ အဖန်ဖန်တလဲလဲ၊ ဇာတိ၊ နာရင်းလဲအို၊ အိုရင်းလဲနာ၊ သေကြဒါကတလစပ်၊ ငိုပွဲသံဘယ်ခါမှမပြတ် အိုဝဲသံလှဲ့ပတ်ပြီး၊ က,ဇာတ်-ပြဇာတ်၊တပင်တိုင်၊စစ်ပြိုင်ခါ ဇာတ်ရုပ်သေးကဲ့သို့၊ သတ္တဝါမျိုးစုံ မွေးဖွားကြခြင်းသည်။

ဒုက္ခာ၊ မဟုတ်ထာ အမြင်မှားလျက်၊ အထင် အရှား၊ လှင်သား-ကြင်မယား ပျော်ခါ,ဖန်ဆင်းခါ၊ ၂-သင်းတွဲပြီး ခြေဘ်-အာရုံခံဆင်းရဲလှလေကုန်၏။ တသ္မာ၊ ထိုကဲ့သို့ထွေးလုံးနေစဉ်၊ ထိတ်လန့်ခါ သံဝေမြင်လျက်၊ သမ္မဇဉ်မျှော်-ဉာဏ်မြင်တွေ ပေါ်ခဲ့ရခြင်းကြောင့်။

ဂဝေသန္တော၊ အပင်ကိုစစ်း အမြင်ခြေမြမှာ ဘယ်ဌာနဆီ၊ ဘယ်တိုင်းပြည်က၊မည်သူမည်ဝါ၊ဘယ်လိုဟာဟု၊ ဖြစ်ပေါ်လာသမျှ အကျိုးတရား၊အကျိုးဖြစ်လာအကြောင်းကိုရှာ၊ အရင်းခံနေရာဌာန၊ စုံစမ်းခါ ဖွေရှာခဲ့ရတဲ့၊ငါ-ဘုရား ကိုယ်တော်မြတ်သည်။

ဂဟာကာရံ၊ လူ့ပုံနှတ်ပင်၊ ခွေးကြက်ပုံအစ၊ အထီးအမဟူသမျှ၊ကြိယာစုံ ဖန်ဆင်းပြုလျက်၊ သံသရာ့နှောင်အိမ်၊ ထွက်ပေါက်ကို မချိန်နိုင်အောင်၊ တပည့် များစွာ အသီးသီးတို့နှင့်၊ ဟောဒီ ခန္ဓာအိမ် ဆောက်လုပ်တတ်တဲ့ တဏှာယောကျ်ား၊ လက်သမားဆရာကြီးကို ဝါကာယဒသက၊ဘာဝဒသက၊ ဝတ္ထုဒသကဒသကသုံးလီ၊ရေကြည်ရေမြုတ်၊ လူဖြစ်အောင် အခြေလုပ်တတ်သဖြင့်၊ ကလာပ်သုံးသွယ် ရုပ်သုံးဆယ်တို၊မုန်းဘွယ်သွေးစု၊ သားတင်ဖုနှင့် ငါးခုခက်မှာ အဆင်းအင်္ဂါစုံအမှန်၊ အခြင်းအရာ ပုံသဏ္ဌာန်၊ ဟန်ပန်ဖွဲ့ထုပ်၊အညစ်ရှုံစရာ၊အနှင့်မပါအထုပ်၊ ချစ်ခင်စရာ၊စီမံပြုလုပ်တတ်တဲ့ တဏှာ ယောကျ်ားဆရာလက်သမားကို။

အနိဗ္ဗိသံ - အနိဗ္ဗိသန္တော၊ အနိဗ္ဗိသံ - အဝိန္ဒန္တော၊ အနိဗ္ဗိသံ-အလဘန္တော၊ ကမ္ဘာ့ကမ္ဘာ ဟိုသံသရာက၊ ဓမ္မတာအရှုပ်၊ ဆောက်လုပ်သူ တဏှာ စိတ်ယုတ်ဟု လက်ဆုပ်လက်ကိုင်ကန်၊ အယုတ်သဘာဝ မံာတ်အမှန်၊သဗ္ဗညုတ ဘုရားဉာဏ်ကို၊ ဝေဘန်ခါ အပြည့်အဝ၊ ဟိုတုံးက ငါမရသည်ဖြစ်၍။

အနေကဇာတိသံသာရံ၊ တဆယ့်ခြောက်ထွေ။ အသေချာကြာသမျှ၊ အနိယတ၊ ဒိပင်္ကရာအစ၊နိယတဗျ ဒိတ်အမှန်၊ဘုရားလောင်းဘွဲ့ထူးခံလျက်၊ နောက်အဆက်လေးသင်္ချေ ရှေးယခင်

ပဝေကရှိကိန်း၊ သင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတသိန်း၊ မတွေ့တွေ့
အောင် ကြိန်းခဲ့သမျှ ဘဝတွေ။မွေးသေလို့မဆုံး များလှသော
သံသရာကာလပတ်လုံး—

သန္ဓာဝိသ သံသရိံ-အပရာပရံ အနုဝိစာရိံ၊ ဇာတိ၏အခြေ
ကို၊ ငါသိအောင်ရှာဖွေလျက် ရှာရင်းလဲသော၊ ခန္ဓာအိမ် အခြေ
မကြဘဲ၊ သေခဲ့ရဒါ မသာကောင်အနန္တ၊ ဘဝကိုပေါင်း အ
လောင်းကောင်တွေ တမျိုးစီ လဲလဲပြီး၊ ဩဘ်-မြှောင်းလှဲ့ခါ
ကြည်လင်ခဲ့ရလေပြီ။

ဂဟကာရက၊ ဘဝတိုင်း ဘဝတိုင်း သတိရတဲ့အခါတိုင်း၊
ငါရှာနေကြတာကျာ၊ ဟဲ့-လက်သမားဆရာ၊ ဝါ-သံသရာထိုထို
ရှောက်လျက်၊ ခန္ဓာကို ဆောက်ဖျက်၊ အောက်အထက်စုံဆန်၊
ထွက်သက်ဝင်သက်နဲ့ နှစ်ကိုယ်တစိတ်ကြံလျက် သင်းချိုင်းခေါ်
မြေသုသာန်၌ ရုပ်နာမ်တွေ ခဏခဏပြောင်း၊ အသုဘဆိုဘဲ့မသာ
လောင်းကို၊ ခြောက်ဝိညာဏ် အာရုံမှာ ရောင်းရောင်းပြီး လူစွမ်း
ကောင်း ယောက်ျား ဟဲ့တကျာလက်သမား။

တံ မွေး-အို နာ-သေ အထွေထွေတွေ့ရဒါ နှင့်ကြောင့် နေရ
ပြန်လဲ ဒုက္ခလက္ခဏာ၊ သေရမြန်တော့လဲ မချိမဆန့် မသက်သာ
ပြန်ခါလှုန်ခါ သံသရာဆက်၊ ကာရွတ်ဘင်းပမာ ဆက်ကာလဲ နှင့်
ကြောင့်၊ အမှောင့်ပယောဂ ပူး သလို တွေ့ကြုံရ တကယ် ရူးကြ
လျက်၊ မြူးခါ မူးခါ ချစ် ညှာတာသနား-၄ လုံးတွေများဒါက
နင်၊ အဝိဇ္ဇာရှိသမျှ နိဝရဏခြောက်ဖြာ ရှိမ်းဆာယာ အလို
အလျောက် ကိုယ်ပျောက်အောင် နည်းချယ်လို့ မျက်လှဲ့ပြ။
ကြီးကျယ်စွာနယ်ချဲ့တဲ့။တကဲ့ယော ကျား၊ အသင်လက်သမားကို။

ပုနု။ ယခုခဏကာစ နောက်ဘဝတကြိမ်။ ဂေဟံ။ အရေးမလုပ် လောက်၊ သွေးပုတ်ကိုဆောက်တတ်တဲ့ ခန္ဓာအိမ်ကို ဝါ အရိုးစုံ အိမ်တိုင်ပြု။ အသားစုထရံကာ။ ဆံကေသာအမိုးလုပ် အကြောစုံ ချည်နှောင်တုတ်လျက်။ အရေထူအရေပါး အန္ဓဘွ အထင် မှားပြီး။ လင်မယားသမုတ်။ တင့်တယ်အောင်ဆေးရောင် သုတ် သကဲ့သို့။ အူ-အဆုပ်သွေးနဲ့ပြည်။ ချွဲသလိပ် ချွေးမျက်ရည်။ ဆီ ကြည်-သွား-နှပ် အသွဲ့ အဆီခဲ၊ ကျင်ငယ်၊ မဘွယ်မရာ အသုဘ၊ ကျင်ကြီးပါကောဋ္ဌာသ၊ ဒွတ္တိံသကြိယာ ရွှံစရာတကယ် ဖြစ် လာတဲ့ ဒီခန္ဓာအိမ်ကို။

နကာဟာသိ။ အကုသိုလ်နဲ့ ကုသိုလ် ၂ တန်ကြောင်းစိမံ ကင်း ပြတ်အောင် အရဟတ္တ မဂ်ဉာဏ် ဓါးသံလျက်နဲ့ ခုတ်ဖြတ်ခါ လက်သမားဆရာသေ ဆောက်လုပ်ဘို့ရာ ဘယ်ခါမှ မဖြစ်နိုင် တော့ပေ။ တေ-ကာမဂုဏ်မျိုးစုံ ရှစ်အာရုံမှန်သမျှ အားမရအောင် ခံစားအသင်တဏှာ လက်သမား၏၊

သဗ္ဗာဖါသုကာ-ကိုးယောက်သော ကိလေသာ နောက်လိုက် ပါ အဟူတကွ အလုံးစုံပညာသယ်ဟူသမျှကို -ဘဂ္ဂါ၊ ငါ့ဉာဏ် တော် တံခိုးလက်နက်ဖြင့် အစသေအောင် ချိုးဖျယ်အပ်ကုန်ပြီ။

ဂဟာကူဋံ - ဒုက္ခစုံ ကိုယ်လုံးစွတ် အဝိဇ္ဇာဆိုတဲ့ အိမ်အထွဋ် ကို။ ဝိသင်္ခတံ၊ ပျက်စီးအောင် ဖျက်ဆီးအပ်ခဲ့လေပြီ။ စိတ္တံ၊ ဆင်းရဲစုံကင်းပြတ် ငါဘုရား၏ စိတ်ဉာဏ်ဓါတ်သည်။ ဝိသင်္ခါရ ဂတံ၊ အသင်္ခတ အထက်စခမ်းသို့ တက်လှမ်းခါ ဝင်ရောက်ရ လေပြီ။

တဏှာနံ - တဏှာကိုစစ်တရာ့ရှစ်၊ ထောင်ဖြစ် ငါးရာ = ညွန့်ပေါင်းစုံ လက်သမားဆရာတို့၏။ ခယံ၊ ကုန်ငြိမ်းရာ အမသ အနုတ္တထက်သန် အရဟတ္တ မဂ်ဉာဏ်ကို။ အဇ္ဈဂါအဓိဂတော၊ ငါတကယ်ရလေပြီ၊ အဇ္ဈဂါဥဒါနေသိ၊ မစ္စုခန္ဓ ကိလေသနှင့် ဒေဝပုတ္တ သခ်ရမာရ် ပါယ်ချိုးခါ တွန်းလှန်လျက် ညွှဲ့ဦးယံ ပုဗ္ဗေ၊ မဇ္ဈိ မဒိဗ္ဗ။ ပဋိစ္စဒေသနာ မိုးသောက်ခါ အာရုံတက်၊ ကာမဂုဏ်အာသဝေါ စက်မှု၊ ခွါလျှော့ထွက်ခွါ တရားအစစ်ရပြီး၊ သြော်— ဥဒါန်းကြူးခါ ဘုရားဖြစ်ရလေတော့သတည်း။

မဂ္ဂသမ္ဘာရအဖွဲ့ သာသနာ့မုခအဖွဲ့
ဒီ ၂ ဖွဲ့ဝင် ဝိပဿနာယောဂီတို့ အယူရော့လျှင်
အယူလွန်လျှင်၊ အယူမှားလျှင်၊ အသိမှားလျှင်၊
အမှတ်မှားလျှင်၊ အပြောမှားလျှင်....

## ဆရာဦးမြတ်သိန်းထွန်းခေါင်း။

သားသွီးမကောင်း .... မိဘတို့၏ခေါင်း။
တကာ, တကာမ မကောင်း .... အရှင်တို့၏ခေါင်း။

တိုင်းသူပြည်သားတို့မကောင်း
ရှင်ဘုရင် အုပ်ချုပ်သူတို့ခေါင်း။

ဘုရားအလောင်းတော် ဇဝန ဟသ်ာမင်းသည်၊ သုဝဏ္ဏပဗ္ဗတ ရွှေတောင်၌ ရွှေဟင်္သာအပေါင်း ၈ သောင်းတို့ကို၊ နေ့ရောညဉ့်ပါ၊ ရုပ်တရား, နာမ်တရားများကို ဟောပြဆုံးမတော်မူသည်။ ဒေဝဒတ် ကျီးကန်းသည်၊ စားဖို့သည်တအိမ်၌ ကျီးကန်းတို့မွေ့တာ၊ အမဲသားတစ်ကို လူလစ်ပြီထင်၍၊ ဝင်ပြီး ထိုးဆိတ်လေသော်၊ စားဖိုသည် ထမင်းချက်အစေခံက ကျီးကန်းကို လက်ရဖမ်းမိ၏။

ငါးတစ်သာမြင် — သံညှပ်မမြင်။
နေရေးနဲ့ ငွေကြေးကိုသာမြင်။
ခွဲဆိုက်ပြီးသေဘေးမမြင်။

အမွေးတွေနှုတ်၊ အတောင်ကိုသာချန်ထားတယ်၊ အိုးချမ်းခွဲ ပွဲလုပ်ပြီး၊ လယ်ပင်းမှာကြိုးကွင်း တတ်ချီလျက်၊ ကျီးမှဲ့ကို ပုတီး ခွက်ဆွဲပြီး လွှတ်လိုက်တယ်။ ခုံဆွ-ခုံဆွနဲ့ တဖြေးဖြေးပြန်လိုက်၊ နားလိုက်နဲ့၊ ဘုရားလောင်းနေတဲ့ သုဝဏ္ဏပဗ္ဗတရွှေတောင်ခြေ ရင်းသို့ရောက်သော်၏။ ဟင်္သာငယ်များက ဘုရားလောင်းအား ပြောပြသဖြင့်၊ကောင်းစွာ အစာကျွေးမွေးပြီး ထားလိုက်ကြလို့ အမိန့်ချလိုက်၏။ အမွေးအတောင် စုံသင်သောအခါ၊ ရုပ်တရား- နာမ်တရားများကို ကြားနာစေရန်၊ ဒေဝဒတ်ကျီးကန်းကို ဟင်္သာ ငယ်များကခေါ်ကြ၏။ အရှင်းတရားမနာဘူး။ ကျီးကန်းက တွေးတယ်၊ ဒီဟင်္သာတွေဟာ ဒီရွှေတောင်ကိုမှီ၍ နေလို့သာ ရွှေရောင်တောက်တဲ့ အမွေးအတောင်ရှိကြတယ် ငါလဲဘဲ ဒီ တောင်မှာ တာရှည်နေလျှင် ရွှေကျီးဖြစ်မှာဘဲလို့ —

> အတွင်းဉာဏ် နာမ်ရုပ်တရားမြတ်ကို မနာယူပါဘဲ၊အပြင် ဂုဏ်ရောင်ကိုသာ နမူနာစံပြုကို မျှော်မှန်းတဲ့ ကျီးကန်းမဲ၊ ရွှေတောင်ဆိုတဲ့ထီးနန်းနဲ့ လွဲရမယ်အစစ်။

ကျီးကန်မဲ၏ စိတ်စွဲမာန်စောင်၊ အတွင်းက ဟန်ဆောင်ပုံ၊ အချောင်စားသောက်နေပုံ၊ တရားနာမသိုက်ပုံ ကို၊ သူ၏နေပုံ အကဲခပ်သဖြင့် အလောင်းတော်ကို လျှောက်ထားကြ၏။ အ လောင်းတော်က မဟာကရုဏာဘော်ဖြင့် ကျီးကန်းကိုဆုံးမပြီး၊

အမွေး အတောင် ပြည့်စုံသောအခါ သင့်တော်ရာသို့ လွတ်လိုက်လေ၏။ တနေ့သောအခါ - ညီတော်အာနန္ဒာအလောင်း၊ စိတ္တက ညီငယ်က၊ နောင်တော်ကိုလျှောက်တယ်။ လောကမှာ ခရီးအမြန်သွားနိုင်ဒါ၊ ဘယ်လိုသတ္တဝါမျိုးရှိပါသလဲ။

ဘုရားအလောင်းက ပြန်ပြောပုံ-

၁။ လူခရီးသွားဒါထက်၊
၂။ နွားလှည်း မြင်းလှည်းက မြန်တယ်။
၃။ ဒါထက်သင်္ဘော-ရထားသွားဒါက မြန်တယ်။
၄။ ဒါထက် လေယာဉ်ပျံကမြန်တယ်။
၅။ ဒါတွေထက် ကောင်းကင်က နေမင်းသွားဒါက သာ၍အမြန်ဆုံးလို့ ပြော၏။

စိတ္တက-ညီတော်က နေမင်းနဲ့ပြိုင်၍ ပြေးချင်တယ်လျှောက်၏ သက်မဲ့ဖြစ်တဲ့ နေမင်းနဲ့ သက်ရှိ ညီတော်ပြိုင်၍ပြေးသော်၊ ခေတ္တသာ ညီတော်က နိုင်မည် ကြေန်ရှုံးမယ်လို့ ပြောစကားကို နားမထောင်၊ ရဟန္တာအလောင်းတို့၏ ဂုဏ်သတ္တိအာဇာနည် မဟာသွေးနဲ့၊ နံနက်မိုးလင်း နေမင်းနဲ့ ပြိုင်၍ပြေးလာ၏။ ရှေ့ပုဗ္ဗဝိဒေဟကျွန်းက၊ နေဝန်းထွက်စ၊ အပြေးပြိုင်ကြသည်ကို သုဝဏ္ဏတောင်ရှိ ဟင်္သာပေါင်းရှစ်သောင်းတို့စုံညီစွာ အလောင်းတော်နှင့် တကွ မြင်ကြရ၏။ နံက် ၉-နာရီအချိန်ကြလျှင်၊ စိတ္တကဟင်္သာ

ပင်ပန်းဒါကို အစ်ကိုတော်မြင်သဖြင့်၊ အရှုံးမပေး ဘုရားသွေး ဟသ်ာမင်းက၊နေမင်းထံ ခပ်မြန်မြန်ပျံပြီးမှ၊ညီတော်ကိုအတောင် တဘက်က ညှပ်ပြီး ရွှေတောင်သို့ လာ၍ချတယ်၊ မိုက်ကြောင်း ဆိုးမဘယ်၊ ဒီအချိန်မှာ နေမင်း ရွှေတောင်တဲ့တဲ့သို့ မရောက် သေး၊ ဘုရားလောင်းမြန်ပုံသတိပြု၊ ညီတော်ကို ရေချိုး၊အစာ ကျွေးပြီး အနားခဖြကြတယ်။ ရှေ့ရွှေရှစ်သောင်း ဟသ်ာပေါင်း တို့က၊သောင်းသောင်းဖြဖြ၊ ချီးကျူး၏။ နေမင်းဝင်ခါနီး ညနေ ၅ နာရီအချိန်၊ အလောင်းဘော်က (ဟသ်ာများ) နေမဝင်မီ ငါလိုက်၍ပြေးမည်။ ငါမြန်ကြောင်းကိုထင်ရှားစေမည်။ နေမင်း ဆီသို့ ရောက်လျှင်၊ နေ၏တဲ့တဲ့က ငါ၏ ခန္ဓာကိုယ်ကိုပြလိုက်မည်။ ကြည့်၍နေနှင့်ကြ။ နေဝင်ပြီထင်ရမည်၊ ဒီလိုပြပြီးမှ ငါပြန်လာ မယ်။ မိန့်တော်မူပြီး နေမင်းသို့အမှီ ပျံသန်းခါ၊ ကြွခဲ့လေ၏။ မှီတယ် နေ၏ရှေ့က ကွယ်လျက်ပြ၏၊ နေဝင်ပြီလို့ ထင်ရ၏၊ ပြီးမှရွှေတောင်သို့ပြန်ရောက်၏။

အဲဒါ ဘုရားလောင်း တိရစ္ဆာန်ဘဝက တံခိုးမှတ်
ဘုရားဂုဏ်ကိုမဖျက်ရ၊ လောကီဝါဒမိစ္ဆာပါပတို့
လက်ငင်းဘေးကြီးစွာ မျက်မြင်တွေ့တတ်သည်။

မဟာမင်္ဂလာကသတိပေးသည်။

ဘုရားလောင်း ဘဝက ရုပ်နာမ်ကို သိသလားလို့၊ စောဒက မဝဇ်နဲ့၊ ဘဂ ိုင်း စူဠသောတာပန် ဉာဏ်လာက်ရှိမှတ်။

X....

## အရှင်သာရိပုတ္တရာအလောင်း ဖြဟ္မဒတ်မင်းကြီး တပြည်လုံး မှောင်လိုက် - လင်းလိုက်

မင်းကြီးနှင့်တကွ ဗာရာဏသီ တပြည်လုံး ဆူကြပုံ၊ မမြင်ဘူး ထူးကဲစွာကြုံ၊ နေ့ရာသီတပေါင်းလ ကောင်းကင်ကအကြောင်း ထူးလှချည့်ကလားလို့၊ မိုဃ်းအခါမဟုတ်၊ ဆောင်းရာသီဘိန် မြူတ်ပြီး၊ နေ့ရာသီတကယ်ဟုတ်သော်လဲ၊ ဘယ်သရုပ် - ဘယ် အတိတ်၊ အကြောင်းဟိတ်ဖြစ်ကြုံ၊ နိမိတ်ထူး လက်တွေ့မြင်ကြရ ပုံကို ...

> အမတ်ပေါင်းက - ဇာတ်ကြောင်းကို လျှောက်ထားလေ ၏။ ဗာရာဏသီပြည့်ရှင် ဘုရင်ထီးချုပ် နှလုံးတော်တုံ လှုပ်ပြီး....

ကောင်းကင်၏သရုပ်၊ အမှောင်နဲ့အလင်း၊ နေမင်းကိုမြင် လိုက်၊ မိုဃ်းမအုံ့ - နှင်းမပါဘဲ၊ နေမင်းပါကွယ်ပျောက်၊ လင်း ရောင်တွေပျောက်ပြီး၊ အမှောင်ဓါတ် ရောက်လာ၊ ညအခါပကာ တိ၊ ဘယ်သို့ ပုံဖြစ်ဘိသလဲ၊ ဘုရင်စဉ်းစားတယ်၊ တနာရီကားနေ့၊ တနာရီကား - ည၊ အမှောင်နဲ့ အလင်းဥာဏ်၊ စရင်း ရှင်းဘို့ရာ၊ ငှက်ပျော အုန်း ကန်တော့ပွဲနှင့်၊ နန်းကြမ်းပြင်သို့ ထွက်မြောက် တယ် - ဆိုပုံ။

> ငါသည် လူတို့၏နတ်၊ မူးမတ်တို့၏ ဘုရင်၊ နန်းစဉ်သမုတ်၊ ထီးနန်းကိုအုပ်ချုပ်နေဒ္ဒါဟာ၊ မင်းကျင့်တရား မညီလို့

လား၊ ငါးပါးသီလ မလုံလို့လား၊ သတ္တဝါခပ်သိမ်းတို့အား ကိုယ်ချင်းစာတရား၊ မေတ္တာ - ဂရုဏာပျက်ပြားလို့၊ အထက်သိကြားများဘဲ၊ တိတ်ထူး — နိမိတ်ထူးတွေနဲ့သတိများ ပေးလေရော့သလား၊ မှန်လှပါ၊ ငါသည်အင်္ဂသာဝက – ဆုကြီးပန် အထမြောက်ပြီး ရဟန္တာ၏ဉာဏ်ကို တကယ်ရရှိးမှန်ပါက၊ ယနေ့ထူးသမျှ မတွေ့ဘူးတဲ့ဖြစ်ပုံ။ စနစ်ကုန် သိချင်လှပါသဖြင့်၊ နတ်ဒေဝါကူညီမလို့၊ ထင်ရှားအောင်ပြတော်မူလှည့်ပါဘုရား။

လို့ ကန်တော့ပွဲနဲ့ ပင့်လျှောက်၊ ၅ - နာရီအချိန်၌၊ အလောင်းတော်နန်းပေါ်သို့ ကြွရောက်လာတယ်မှတ်၊ စာဘတ်တဲ့ယောဂီ စာရွက်ကိုဖြေးဖြေးလှန်၊ စာရွက်စုတ်မယ်၊ ဗြဟ္မဒတ်မင်းကြီးသည်၊ အလောင်းတော် ကောင်းကင်က တဖြေးဖြေးဝဲပြီးနန်းထဲသို့ ဝင်ခါနီး၌၊ မင်းကြီးက ၅ - နာရီကျော် ၆ နာရီခေါ်အချိန်၊ နေရှိန်ရောင်ပျောက်စ၊ ဘုရားလောင်း၏ ရွှေရောင်ကတောက်သဖြင့်၊ တပြည်လုံး မီးမထွန်းဖြစ်ဘဲ၊ အမှတ်မဲ့ မေ့လျော့ကြပြီး၊ နေ့အခါဘဲထင်ကြရ၏။

ကြွတော်မူပါ၊ ကြွတော်မူပါဟု - ရှိခိုးလျှက်၊ ဘယ်အမျိုးဘယ်ရာဇာ၊ ဘယ်လိုဟာမှန်းမသိ၊ ရှိခိုးကာ ပင့်လျှောက်လေ၏။ အလောင်းတော်လဲ ဘုရင်မင်းပင့်ရာ နန်းကြမ်းပြင်ဒေသ၊ ပျံဝဲကာကြွလာလေသော် (အတိုချုပ်) ရွှေတောင်မှာ နေကြောင်းနဲ့ ဟသ်ာပေါင်း ရှစ်သောင်းတို့ကို နေ့စဉ် တရားဟောကြောင်းပါ

ပြောပြပြီး၊ ယနေ့အတွက် ထူးဆန်းတဲ့အချက် နေမင်းနဲ့ ညီတော်တို့ ဇာတ်လမ်းကို ပြောပြ ရှင်းလင်းလေ၏။

ဗြဟ္မဒတ်မင်းကြီးက ဒီလိုအလွန်လျှင်မြန်စေ ပြေးစွမ်းနိုင်တဲ့ ညီတော်၏တံခိုး၊ နောင်တော်ဟင်္သာမင်းတို့၏ တံခိုးထူးကို အံ့သြစွာ ချီးကျူးတယ်။ သာဓုခေါ်တယ်။ ဒါ သာသနာပမှတ် ယောဂီတို့။

ကိုင်း ဒီနေရာ၊ အလောင်းတော်က မင်းကြီး၏၊ ဝါ—ရှင်ဘုရင်၏၊ တနည်း - အစိုးရ၏ မှတ်ချက်ကို ဇာတ်ကွက်ဖေါ်ပြီး၊ မင်းကြီး ကျွန်ုပ်တို့ညီနောင် နေအမှောင်ပျောက်အောင်၊ နေမင်းကို နိုင်အောင်ပျံတယ်။ အလွန်တရာမြန်တယ် - မှန်တယ်၊ နားထောင် နားထဲမှာထဲ့လိုက်စမ်း။

အသင်မင်းကြီး၏ ခန္ဓာ၌ ဉာဏ်ရှာလျှင် အဟုတ် ရုပ်နဲ့ နာမ်ချုပ်ဖြစ်၊ လက်ဖြစ်တတွက်၌ ရုပ်ကုဋေ ၅၀၀၀ ကျော်၊ နာမ်စိတ်စေတသိက်က တသိန်းမက၊ အင်မတန်ဖြစ်၊ အလွန်တရာမြန်၊ သေဘက်သုဿန်သို့ ရုပ်နာမ်ရထားတို့က ခဏစဉ်ရောက်အောင် ပို့နေဒါကို၊ အံ့သြစမ်းပါ။ ချီးကျူးမိရဲ့လား၊ အခု အကျွန်ုပ် ပြောင်ပြောင်ပြောပြပြီ၊ ဟောပြပြီ၊ ရေးပြပြီ၊ သတိထား၊ သိပဲလား၊ ငါပြည်ပိုင် အစိုးရ ငါတိုင်းပိုင်တဲ့ဘုရင်၊ စိတ်အထင် မကြီးနဲ့၊ သေဘေးသို့ နီးပြီ မင်းကြီးရဲ့-

ဟောပြပြီး အလောင်းတော် ရွှေဘောင်သို့ ပြန်တယ်။
မင်းကျင့်တရား ၁၀ ပါးစောင့်ထိန်းဘို့မှာခဲ့၏။

ဗြဟ္မဒတ်မင်းကြီးသဲ - တဲ့တဲ့ပြောမှ စောင်းပါးရိပ်ခြေသိပြီး၊ မှူးကြီးမတ်ရာ သေနာပတိ၊ တိုင်းသူပြည်သားတို့ အားလုံးသိစေရန်၊ စည်ဓမောင်းဖြင့် ကြွေးကြော်လျှက်၊ နေ့ညစဉ်-ရပ်နာမ် ဖြစ်ပျက်၊သညာသိမှတ်ချက်နဲ့ ၊မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ပြည်သူပြည်သားတို့အား သတိပေး ဆုံးမလေ၏။

တိုင်းပြည်၌ ဝပြော သာယာ စည်ကား၏၊ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲကြ၏။ကပ်သုံးပါး ကင်းလွတ်ကြ၏။ ဗြဟ္မဝိဟာရတရား စောင့်ထိန်းကြ၏။ ဘုရင်မင်းမြတ်လည်း မင်းကျင့်တရား ၁၀ ပါးတို့နှင့် ညီညွတ်စွာ တိုင်းပြည်အုပ်ချုပ်သဖြင့် မိုဃ်းသုံးပါးညီမျှ၍၊ စပါးဆန်ရေ၊ ရွှေငွေပေါများ၊သေသောအခါ၌၊ ဗြဟ္မာပြည်နတ်ပြည်သို့ရောက်လေကုန်၏။

အတုခိုးဘို့ ဇဝနဟသ်ာဂုဏ်ရည်
ညစဉ်ဘတ်တော့
မဟာမင်္ဂလာဝိပဿနာဒီပနီ

....+....

# ဇာဝနှပဟင်္သာမင်းသံပေါက်။

၁ ရွှေတောင်သေလာ၊ ရွှေဟင်္သာ၊ ပျော်ရာနိဗ္ဗာန်ဘုံ။
ရ ရွှေ ရှစ်သောင်း၊ ဟင်္သာပေါင်း၊ ညွှတ်မြှောင်းပူဇော်
ပုံ။

၂ နေ့စဉ်-ညစဉ်၊ တရားရှင်၊ သွန်သင်ဆုံးမပုံ။
ရုပ်နာမ်သချော်၊ ပျက်ကြောင်းသော၊ သိစေဟောပြဂုဏ်။

၃ ဒေဝဒတ်ကျီးဝယ်၊ ဒုက္ခသယ်၊ ကိုးကွယ်ရောက်ခါလှူ။
တရားကလွဲ၊ ကျီးကန်းမဲ့၊ မိုက်မြဲအလေ့ထုံ။

၄ ကျီးကန်မဲကောင်၊ မြတ်ရွှေတောင်၊ ရွှေရောင်ထင်ရပုံ။
ရွှေတောင်ကိုလွဲ၊ ကျီးကန်မဲ၊ နွားမြဲမီးသွေးပုံ။

၅ ယောဂီများစွာ၊ တရားရှာ၊ တောင်မှာနိဗ္ဗာန်ယုံ။
ရွှေဟင်္သာမှန်၊ မိုးပေါ်ပျံ၊ ဆောင်လျှ ထွန်းတောက်ပုံ။

၆ တိရစ္ဆာန်တောင်၊ တရားဆောင်၊ မြတ်ခေါင်ဗုဒ္ဓဂုဏ်။
နေမင်းပမာ၊ ရွှေဟင်္သာ၊ ရောင်ဝါဂုဏ်ပေါင်းစုံ။

၇ သစ်တပင်ကောင်း၊ ငှက်ရှစ်သောင်း၊ ခိုးအောင်းပျော်
ကြပုံ။
ဆွေတော်ရှစ်သောင်း၊ မျိုးတော်ပေါင်း၊ ဆုတောင်း
ပြည့်စုံကြုံ။

၈ ရှင်ဘုရင်ဆို၊ တရားလို၊ ငှက်ကိုရှိခိုးပုံ။
အရှင်မင်းမြတ်၊ ရုပ်နာမ်ခေတ်၊ ချုပ်ပြတ်သတိကြုံ။

၉ မင်းကျင့်တရား၊သတိထား၊ဆယ်ပါးပြည့်စုံကုန်။
သားသမီးမကောင်း၊ မိဘခေါင်း၊လူပေါင်း ချွတ်ယွင်းပုံ။

၁၀ နေမင်းသွားရာ၊ ငါ့ခန္ဓာ၊ ပျက်ထာမှန်လှပုံ။
ရှင်မြတ်သိန်းထွန်း၊ နေကိုညွှန်း၊ သေစွန်းမြင်ကြကုန်။

....×....

## အမတ်ကြီးဦးပေါ်ဦးသည် သေခါနီး၌မှာခဲ့ပုံ။

ငါသေလျှင် အလောင်းကောင်ကို ခေါင်းထဲသို့ သွင်းလျှင် ငါ၏ ညာဘက်လက်ကို ခေါင်းပြင်ဘက်သို့ ထုတ်၍ထားကြမှာ သဖြင့် အလောင်းကိုခေါင်းထဲသို့ သွင်း၍ ညာဘက်ကို ထုတ်လျက် လက်ဝါးကို ပြထားသည်။ ဘဝသျှင်မင်းတရားကြီးသည် အသုဘရှုရန် လာလျှင် ဆရာတော်အပေါင်းတို့ကို လျှောက်ထားသည်၊ ပညာရှိ အမတ်ကြီး ဦးပေါ်ဦး လက်ထုတ်ပြထားပုံကို ထွင်၍ခေါင် ဆရာတော်ဘုရားက ပြောရှိပြသည်။ ၎င်းလက်ဝါးသည် အသင်မင်းကြီးကို တရားရရှိစေရန် ဆုံးမခဲ့သည်ဟု ဟောပြတော်မူသဖြင့် ဘဝသျှင် မင်းတရားကြီးသည် လွန်စွာ သံဝေဂ

ရပြီး ဝိပဿနာ ဘာဝနာကို နေ့စဥ်ရက်ဆက် အားထုတ်တော်မူသည် ယောဂီတို့။

## ဦးပေါ်ဦးသံပေါက်အရကျက်။

ပေါ်ဦးလက်ဝါး၊ သတိထား၊ အများနှိုးဆော်စာ။
သဘောမြင်အောင်၊ ငါထွဋ်ခေါင်၊ ကြောက်အောင် ဟောခဲ့ရှာ။
ယောဂီများစွာ၊ နမူနာ၊ တူစွာမှတ်ဘို့ရာ။
လက်ဝါးပမာ၊ ငါ့မသာ ကယ်ရာမရပါ။
ရှင်တုံးအခါ၊ ချစ်ခင်ဒါ၊ အာရုံအငွေ့သာ။
ပင်ပန်းဟိုက်ခါ၊ ချွဲဆိုက်လာ၊ များစွာဒုက္ခရှာ။
ကြောက်စအောင် လန့်အောင်၊ မသာကောင်၊ ထွဋ်ခေါင် ဟောမိန့်စာ။
လက်ဝါးကိုမြင်၊ စိတ်မှရှင်၊ နေ့စဥ်ရှုရစ်ပါ။
စည်းစိမ်ခံမီး၊ အချည်းစီး၊ သေနီးနိမိတ်လာ။
လင်မီးမယား၊ သ္မီးသား၊ သေပြွားအပယ်ရွာ၊
ညှော်သယ်ချင်းချင်း၊ ပေါင်းဆုံရင်း ကွဲခြားခဏသာ၊
အော်ဟစ်ငိုသံ၊ ဆူဆူညံ၊ ထုံးစံလူတို့ရွာ။
ရှင်ဘုရင်အား၊ ထိုလက်ဝါး၊ ပေးပြောသတိသာ။

သူငွေးစည်းစိမ်၊ မင်းစည်းစိမ်၊ ရေတိမ်နစ်ရရှာ။
မင်းမိဖုရား၊ သတိထား၊ လက်ဝါးစည်းစိမ်သာ။
ဆားငံရေတွင်း၊ နွားတသင်း၊ သောက်ရင်းငတ်လျက်ရှာ။
ဓာတ်သဘောပင်၊ စည်းစိမ်ထင်၊ ဘုရင်မှားမည်သာ။
ပေါ်ဦးပုံဆောင်၊ ငါထွင့်ခေါင်၊ မြင်အောင်ဟောခဲ့ရှာ။
အမတ်ဂုဏ်ထူး၊ လွန်ကျော်ကြူး၊ ပေါ်ဦးနှုိးဆော်စာ။
ရှင်မြတ်သိန်းထွန်း၊ ဗလာညွန်း၊ သေစွန်းမြင်ဘို့ရှာ။

....x....

မိမိတို့မလုပ်နိုင်သောအလုပ်ကို လုပ်မည်ကြံလျှင်
စောစောကကြိုတင်သိစမ်းပါ။

....+....

# ပြည်တော်သာရမည်။

တိုင်းရေး ပြည်ရေး သာသနာတော်၏အရေး
သာယာဝပြော၍ နေရောင်လရောင်ပမာ စည်ကားမှုသာ
ပြည်တော်သာရမည် ပုဒ်ပြတ်မှတ်။
ဗုဒ္ဓရာဇာမင်း အမေးတော်။

ငါ၏ထံပါး မြဲခစား ပေါင်းများထင်ပေါ် အမတ်ကျော်တို့။

ဘုရား။

တလ ၃ ကြိမ်၊ မိုးဝတိ အချိန်သင့်ခါ ရွာပါစ။
ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ လင်းပါစ။
ပြည်တွင်းလူနေ၊ များဗိုလ်ခြေ၊ ဆန်ရေစပါး ပေါပါစ။
သူပုန်လူဆိုး၊ ဘေးရန်မျိုး၊ သူခိုးခါးပြ ငြိမ်းပါစ။

နန်းရင်းဝန်လျှောက်။

လောကသမုတိ၊ ဂုဏ်ထူးရှိ၊ ဓိပတိသခင်၊ မြတ်ဘုရင်ဘုရား။

## အမေးတော်။

နန်းရင်းစမုတ်၊ ဘွဲ့မည်ထုတ်၊ အမတ်ချုပ်ကြီးမှတ်တယ်ဗျား။

## မှန်ပါဘုရား။

## ပလ္လင်ဘွဲ့ တင်စေမင်းကြီး

မှန်ပါအရှင် တင်ပါသည်ဘုရား၊ မေးတော်မူသော စကားအရ၊ ဝသန္တကာလ၊ ခါသမယဝယ်၊ စလယ်အဆုံး၊ ချိန်းသံချုံးလျှက်၊ မိုးသုံးပါးမှန်ရောင်လျှံ ဝင်းဝါ၊ မဟာမင်္ဂလာဟုသာသနာအစ၊ မူရင်းပြ၍၊ ဝါဒမျိုးပေါင်း၊ အယူပြောင်းကြ၊ သောင်းသောင်းဆူညံ၊ ပြောဆိုသံကို၊ ပယ်လှန်ဖြုတ်ချ၊ မြတ်ဗုဒ္ဓ၏၊ ဥတ္တမ မင်္ဂလာ၊ ဝိပဿနာနှင့်၊ သာသနာလင်း၊ ဘာသာရင်းကြောင့်၊ ပြည်တွင်းသာယာ၊ ချမ်းသာပါခဲ့။

များစွာဗိုလ်ခြေ၊ ပိုင်ရွှေငွေနှင့်၊ ဆန်ရေစပါး၊ လွန်ပေါများ၍၊ စည်ကားမြည်ရွာ၊ ဝပြောပါ၏။

ရောဂါဘယ လွတ်ကင်းပလျက် မြေသူခိုး အမျိုးမျိုးနှင့် လူဆိုးသူပုန်၊ လုံးစုံဖြုံကိန်း၊ နှင်ထုတ်သိမ်း၍၊ ငြိမ်းသုခ၊ဖြစ်ရကြောင်းကို၊ မတ်ပေါင်းက ထပ်လောင်း၍ သံတော်ဦးတင်ဝံ့ပါရာဇမင်းတြား ကန်တော့ခံဘုရား။

နန်းရန်းအမတ်ကြီး တင်လျှောက်သည့် စကား၊ မမှန်မည်လား၊ မှန်မည်လား၊ ခြားနား၍တင်ဗျား။ တိမ်းရင်-စောင်းရင်၊ မတ်တော်မူကြပါအမတ်မင်းတို့ဗျား။

မှန်ပါ့ဘုရား၊ ဗျာဒိတ်တော်မြွက်အတိုင်းပါဘုရား။

သာဓု - သာဓု၊ မင်းကြီးတို့တင်သုံ၊ ရွှေနဘုံဆင်ရ၊ ဘဝဂ်ံ ကိစ္စ၊ သဘောတော်ကြပေပြီမင်းကြီး။

တောင်ထိပ်ကြာပေါက်၊ အနေ့ာက်နေထွက်၊
ကြက်ဥအရောင် တိမ်တောင်သဘွယ်၊ မင်းရေးကြွယ်၊
အံ့ဘွယ်ဂုဏ်ထူး လူတို့မူး။

---

# ယောဂီများ တရားပွဲ၌ သံပြိုင်ဆိုရန်

ဗုဒ္ဓရာဇာသံပေါက်။

သာသနာဝေါးထောင်၊ ထိန်ဝေပြောင်၊ နေရောင်မကလင်းပါစေ၊
ဗုဒ္ဓရာဇာ၊ စောင့်ရှောက်ခါ၊ အာဏာပြရှုံဆုံးမစေ။
ဓမ္မအာဏာ၊ စက် ၂ ဖြာ၊ ဖက်ခါယှဉ်တွဲ မြဲပါစေ။
သီလသမာ၊ မြတ်ပညာ၊ သိက္ခာသုံးဝ သိပိုင်စေ။
ဓမ္မစကြာ၊ မဂ်ဒေါ၊ ဟောစာညွှန်ပြ ဖွင့်ကြစေ။
ကိုယ်စိတ်ပင်ပန်း၊ ကာမလွှမ်း၊ ၂ လမ်းပယ်ချ လမ်းပြစေ။
မယုတ်မလွန်၊ ခန္ဓာဝန်၊ လမ်းညွှန်ဒိဋ္ဌိကွာကြစေ။

ပဉ္စဝဂ္ဂီ၊ မြတ်တောမှီ၊ သိင်္ဂီရွှေခွက်သိကြစေ။
မဂ္ဂင်ရှစ်တန်၊ တရားမှန်၊ နိဗ္ဗာန်ရောက်ကြောင်းဟောပြစေ။
ငါးရပ်ခန္ဓာ၊ လက္ခဏာ၊ ဉာဏ်မှာသိဘို့တွေးကြစေ။
အနတ္တသံ၊ ဆူဆူညံ၊ မင်္ဂဉာဏ်ရကြ ရသေ့တွေ။
ပရမတ်ဉာဏ်၊ မြတ်သံဃ၊ ဗုဒ္ဓဆည်းကပ်ဦးနှိမ်ချေ။
တရားမမြင်၊ ဘုရားရှင်၊ ဉာဏ်စဉ်မတွေ့မှားကြစေ။
တရားသိမြင်၊ ဘုရားရှင်၊ ခိုဝင်ဆီးကပ်မှီးကြစေ။
လူဝတ်ရဟန်း၊ ရှင်ရဟန်း၊ ၂ လမ်းသိကြအားထုတ်စေ။
အရိယာမှန်၊ မင်္ဂဖိုလ်ဉာဏ်၊ နိဗ္ဗာန်ရမှ အေးကြစေ။
သီပေါက်ခုခါ၊ သာသနာ၊ ကြုံလာတရားရကြစေ။
တရားသိပြီ၊ မြတ်ယောဂီ၊ ထိုဤဘဝ ပြတ်ကြစေ။
မြို့တိုင်းပြည်ရွာ၊ သာသနာ၊ ပမာနေလ လင်းပါစေ။
ယောဂီများစွာ၊ ပို့မေတ္တာ၊ မြန်စွာခဏ ပြန့်နှံ့စေ။

ညစဉ်အမြဲတန်းရွတ်ကြ ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ လူ့, နတ်, ဗြဟ္မာတို့ ချစ်ခင်ရှိသေမည်၊ ကြက်သရေတိုးမည်၊ တရားရမည်။

....+....

# အဝိဇ္ဇာသံပေါက်။

ဓါတ်ကိုလူထင်၊ မြူမစင်၊ ပူပင်ငါ့စိတ်မိုက်။
အာရုံတိုင်းပင်၊ လိုက်စားလျှင်၊ စွဲချင်ငါ့စိတ်မိုက်။
မြှောက်ခါပင့်ခါ၊ ချီးမွမ်းဒါ ကြိုက်ထာငါ့စိတ်မိုက်၊
ရွှေ ငွေ ဘဏ္ဍာ၊ များဥစ္စာ၊ မက်ထာငါ့စိတ်မိုက်။
သူဌေးဖြစ်ပြန်၊ စည်းစိမ်ခံ၊ ထက်သန်ငါ့စိတ်မိုက်။
လူ နတ်တန်တန်၊ ဖြစ်ချင်ပြန်၊ ဆုပန်ငါ့စိတ်မိုက်။
ဒုက္ခတွေ့တွေ့ မမြင်ချေ၊ ရူးလေငါ့စိတ်မိုက်။
ဘုရားပွင့်ခါ မသိပါ၊ လွဲရှာငါ့စိတ်မိုက်။
ထို့ကြောင့်များခါ၊ တရားရှာ၊ တကျာငါ့စိတ်မိုက်။
မိန်းမ့ယောကျ်ား၊ အထင်မှား၊ ငဲ့ငြားငါ့စိတ်မိုက်။
မြုပ်ခါ မျောခါ၊ သံသရာ၊ လယ်တာငါ့စိတ်မိုက်။
အများစကား၊ နားထောင်ငြား၊ အမှားငါ့စိတ်မိုက်။
အိုနာသေခါ မျက်မြင်သာ ကန်းတာငါ့စိတ်မိုက်။
ဆင်ကန်းတောတိုး၊ သဘောမျိုး၊ ကြိုက်ရာငါ့စိတ်မိုက်။
စိတ်ကြိုက်အာရုံ၊ ကာမဂုဏ်၊ ရေစုံငါ့စိတ်မိုက်။
အငွေ့နဲ့ရူး၊ စိတ်ဘီလူး၊ လွန်ကြူးငါ့စိတ်မိုက်၊
နိဗ္ဗာန်ဆိုတာ၊ မြို့ပြည်ရွာ၊ ထင်ဒါငါ့စိတ်မိုက်။
ခံစားဘို့ရာ၊ တောင့်တရှာ၊ မျှော်ဒါငါ့စိတ်မိုက်။
မယားအာရုံ၊ လင်အာရုံ။ ချိန်ကုန်ငါ့စိတ်မိုက်။
သပ္ပုရိသ၊ ဟောမရ၊ မောလှငါ့စိတ်မိုက်။

လူမဟုတ်ပါ ရုပ်နာမ်သာ ပျက်ထာသိတဲ့ဉာဏ်။
ဖြစ်ပြန်ပျက်ပြန် လောကဓံ၊ အမှန်သိတဲ့ဉာဏ်။
ဒုက္ခထိုထို၊ ခန္ဓာကိုယ်၊ အပိုသိတဲ့ဉာဏ်။
ငါကောင်သူကောင် မျက်လှဲ့ဆောင်၊ လွတ်အောင် သိတဲ့ဉာဏ်။
သုညဗလာ။ နှစ်မပါ၊ အကာသိတဲ့ဉာဏ်။
သွေးခဲသွေးစု၊ ဓါတ်အစု၊ ရှုမှုသိတဲ့ဉာဏ်။
သဘာဝသာ လက္ခဏာ။ ပရိညာသိတဲ့ဉာဏ်။
သစ္စကိစ္စ၊ မဂ်ကထ၊ ဆုံးဆသိတဲ့ဉာဏ်။
အဘိဓမ္မာ၊ နက်နဲစွာ၊ ခွဲခါသိတဲ့ဉာဏ်။
ဝိပဿနာ၊ မြတ်ပညာ၊ ဝိဇ္ဇာသိတဲ့ဉာဏ်။
ရတနာသုံးတန်၊ စစ်အမှန်၊ ကေန်သိတဲ့ဉာဏ်။
ဒိဋ္ဌိတဏှာ၊ ပယ်သတ်ခါ။ ရှေသိတဲ့ဉာဏ်။
ညီတော်အာနန်၊ မိန့်တော်သံ။ မှာရန်သိတဲ့ဉာဏ်။
ဝက္ကလိရဟန်း။ ဆုံးမခဏ်း။ မဂ်လမ်းသိတဲ့ဉာဏ်။
မသိသူကျော်၊ သိသူဖော်။ ဂုဏ်တော်သိတဲ့ဉာဏ်။
မေဃိယအား။ လမ်းဆုံးဟား။ တရားသိတဲ့ဉာဏ်။
မဂ်ဖိုနိဗ္ဗာန် ရှင်ပျော်စံ အမှန်သိတဲ့ဉာဏ်။
ဇာတိကင်းကွာ ရဟန္တာ ကျမ်းလာသိတဲ့ဉာဏ်။
ချီးမွမ်းမြှောက်ပြန်။ ကဲ့ရဲ့သံ။ သည်းခံနိုင်တဲ့ဉာဏ်။
ရှင်မြတ်သိန်းထွန်း။ နိဗ္ဗာန်ညွှန်း။ ပိုင်စွန်းသိတဲ့ဉာဏ်။

(၁၆၊ ဒုတိယအကြိမ်)

# ဝိဇ္ဇာစရဏ မဂ္ဂသမ္ဘာရအဖွဲ့

## စည်းမျဉ်း ဥပဒေသ အကျဉ်းချုပ်။

၁ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမည်။

၂ မေတ္တာသမထ အစဉ်ရှိရမည် နေ့စဉ်ပို့ရမည်။

၃ ဒါန-သီလ-ဘာဝနာ သုံးပါးလုံး နားလည်အားထုတ်ရမည်။

၄ သီလ-သမာဓိ-ပညာသိက္ခာသုံးပါး အမြဲပြည့်စုံရမည်။

၅ အယူမလွဲရ, မလျော့ရ, တရားမှန် မဖျိမ ကျရမည်။

၆ ၇-ခမ်းသရုပ်ကို အနဲဆုံးသညာသိ အားထုတ် လေ့လာရမည်။

၇ တလလျှင် ၄-ကြိမ်၊ ၂-ကြိမ်အဖွဲ့ အစည်း အဝေး ဆွေးနွေး ကြရမည်။

၈ ကျား, မ, ကြီး, ငယ်, မရွေး တရားဟောလျှင် ရိုသေစွာ နာကြရမည်။

၉ တရားဆွေးနွေးဝိုင်း၌ မာန်မာန လျော့၍ အချင်းချင်း အရိုအသေ ပေးရမည်။

၁၀ ဥက္ကဋ္ဌ-ဓမ္မကထိက ဆရာကို ရှိခိုးဦးချကြရမည်။

၁၁ တရားတော်၌ သဘာဝမကျသောနေရာရှိပါက အဖွဲ့မှာသာ တိုင်ကြားရမည်။

၁၂ အနန္တငါးပါး ပရိယတ်စာပေ ဥဒ္ဒိသာဇေတီ ရဟန်းတော်များကို ထိခိုက်မှုမရှိစေရ။

၁၃ ဝိဝါဒရှိပါက ရှေးပညာရှိကြီးများရေးသော ဒီပနီ စသော ကျမ်းတွေနဲ့ တိုက်ညှိရမည်။

၁၄။ ပိဋကတ်တတ်လျှင်-ကျမ်းဂန် ဥပဒေတော်နှင့် မှတ်ကျောက်တိုက်ရမည်။
၁၅ သပ္ပုရိသဆရာရေးသော ပညာဒီပနီ စသော ကျမ်းများ အဖွဲ့တိုင်း ရှိစေရမည်။
၁၆ အဖွဲ့ဝင်ယောဂီများမှတပါး၊ တရားနာ လာသောသူတို့အား တိုက်တွန်းအားပေးရမည်။
၁၇ အဖွဲ့၌ ဝိဇ္ဇာစရဏ မဂ္ဂသမ္ဘာရအဖွဲ့ဟု ထင်ရှားစွာ ဆိုင်းဘုတ် ဆွဲထားရမည်။
၁၈ ယောဂီထဲက တရားနှင့် ဆန့်ကျင်သော အယူရှိက ၃-ကြိမ်တိုင် ဆုံးမ မရလျှင် ပယ်ရမည်။
၁၉ အငယ်ဆုံး ၇-နှစ်ကစ၍ အဖွဲ့ဝင် ယောဂီအမှတ် ပြုစေရမည်။
၂၀ အစည်း အဝေး ဖွင့်ပွဲ၌ လက်ာ သံပေါက် ဥဒါန် စသည်ဖြင့် ရွတ်ဆိုရမည်။

**သာသနာနေမင်း လင်းပါစေသား။**

....×....

ပိုင် ဆရာရိုက်ပြီ၊ မဟာမင်္ဂလာ ဝိပဿနာဒီပနီ၊ အဘိုး တအုပ် ၅ - ကျပ်၊ စားမကုန်တဲ့ တရားအမြတ် - မှားခဲ့သမျှ ရင်ထုပြီး သံဝေဂဖြစ်ရမဲ့ ၅ - ကျပ်၊ သွားလေရာဆောင် ရန်ဘိုင်းအောင်တဲ့ ၅ - ကျပ်မှတ် - ဝယ်ကြ။

မည်သည့်ပုဂ္ဂိုလ်များထံ၌ တရားအားထုတ်မယ်၊ အားထုပ်ဆဲ- အားထုပ်ပြီး ယောဂီတို့အတွက် ပြည့်ဝင်ဆေးသဘွယ် အဘိုးတန် လက်နက်ကောင်း — လက်နက်မှန်၊ ပတ္တမြား ဆံကျိုး — အဘိုး ပြည့်တန်၊ လောကဓမ္မ ၂ - ဌာနချမ်းသာခွင့် အကျိုးထူး ခံစားခွင့် ဖြစ်နိုင်သော မဟာမင်္ဂလာ ဝိပဿနာဒီပနီမှတ် ပုတ်မှတ်။

မိမိတို့ မလွဲမရှောင်နိုင်သော အလုပ်ကို လုပ်မည်ကြံသျှင် မလုပ်မိက ကြိုတင်သိကြစမ်းပါ။

မူပိုင်ရှင်၊
ဦးဘရွှေ — ဒေါ်စန်းငွေ

ဖြန့်ချိရေးဌာန၊

ဦးထိန်ဝင်း — ဒေါ်တင်လှိုင်
အမှတ် - ၃၂၊ အနောက်အုတ်ကျင်း
ဂုံနီစက်ရုံလမ်း၊ သမိုင်းစာတိုက်၊
ရန်ကုန်မြို့။

# အမှားပြင်ဆင်ချက်။

| မှား | မှန် | စာမျက်နှာ | အကြောင်းရေ |
|---|---|---|---|
| ၁။ ကျေးဇူးကို မဆင်လျှင်။ | ကျေးဇူးကို မဆပ်လျှင်။ | ၃၄ | ၇ |
| ၂။ ကြွယ်ရဲ။ | ကိုင်ရဲ။ | ၃၄ | ၁၂ |
| ၃။ ဘယ်ကသူ။ | ဘယ်သူက။ | ၄၆ | ၁၈ |
| ၄။ ခန္တစ။ | ခန္တိစ။ | ၅၅ | ၁၁ |
| ၅။ သောတာပန် သဒဂါမ် ရဟန္တာ။ | သောတာပန် သဒါဂါမ် အနာဂါမ် ရဟန္တာ။ | ၅၇ | ၁၅ |
| ၆။ အတိုချုပ် ရှင်းလန်း။ | အတိုချုပ် ရှင်းတန်း။ | ၅၇ | ၁၇ |
| ၇။ မြူစင်ပြီး။ | ဖြူစင်ပြီး။ | ၅၈ | ၁ |
| ၈။ စကားတွေ့ မြော။ | စကားတွေ့ ပြော။ | ၆၁ | ၁ |
| ၉။ ဝရဇံ။ | ဝိရဇံ။ | ၇၇ | ၂၀ |
| ၁၀။ နိဝါဟပေါစ | နိဝါတောစ။ | ၇၉ | ၇ |
| ၁၁။ အကျိုးမဲ့ဖြစ်၊ | အကျိုးမဲ့မဖြစ်။ | ၁၄၁ | ၁၀ |
| ၁၂။ ယောတတ်တဲ့ | ဟောတတ်တဲ့။ | ၁၄၂ | ၁၄ |
| ၁၃။ မင်္ဂလာကို။ | မင်္ဂလာကို။ | ၁၄၅ | ၁၇ |

| | | | |
|---|---|---|---|
| ၁၄။ ထိုးကြဝန့် ရဲ့လား။ | ထိုးကြဝန့်ကြ ရဲ့လား။ | ၁၇၁ | ၇ |
| ၁၅။ သဘ္ဘတ်နဲ့။ | သဘ္ဘတ်အူနဲ့။ | ၁၉၃ | ၁၅ |
| ၁၆။ မှတ်ကျောက် ကောင်းကို တို့ကြ။ | မှတ်ကျောက် ကောင်းကို တိုက်ကြ။ | ၁၉၈ | ၂၃ |

....*....

ကျောဖုံး - ပြင်ဆင်ချက်။

၁။ နှာရိဒိုင်ခွက်-လူမျက်ခွက်တွင်း-စက်အူအသဲ-ဒိုင်ခွက်မျက်နှာ-ပယ်ဖျက်ခွါ-ဖက်ထာဘယ်မှာလဲ၊ (မှား)

၁။ နှာရိဒိုင်ခွက်-လူ့မျက်ခွက်-တွင်းစက်အူအသဲ-ဒိုင်ခွက်မျက်နှာ-ပယ်ဖျက်ခွါ-မက်ထာဘယ်မှာလဲ၊ (မှန်)